စိတ်ကူးချိုချိုအနုပညာ

# ကြပ်ကလေး

## တစ်သိုက် တစ်မြုံ တစ်ထွေး

ဟာသလုံးချင်း



ပြန်လည်ရိုက်နှိပ်ခြင်း

တာဝန်သိုက်တာဝန်မြဲတာစာရေး
မျက်နှာဖုံးဒီဇိုင်း ပေါက်ဒိုး၊ စာမျက်နှာ ၂၆၄ မျက်နှာ၊ = ၂ ဂရမ်၊ ၁၈ · ၅ စင်တီ

ထုတ်ဝေသူ - ဦးစန်နိုး စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅ သိမ်ဖြူလမ်း တာမွေ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းသာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၊ ပန်းဆိုးတန်းလမ်း ရန်ကုန်။
၂၀၁၆၊ ဒီဇင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၆ စာပေဗိမာန်ဆုရစာအုပ်ကြီးများ၊ အုပ်ရေ ၅၀၀

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

စိတ်ကူးချိုချိုစာအုပ်

▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪

# တစ်သိုက်တစ်မြုံ
# တစ်ထွေး

## ကြပ်ကလေး

ဟာသလုံးချင်း

ပြန်လည်ရိုက်နှိပ်ခြင်း။ ၂၀၁၆

## မာတိကာ


| | | |
|---|---|---|
| ၁။ | ကြောက်ပါသည်။ ထို့ကြောင့်... | ၁ |
| ၂။ | ပထမဆုံး ကာကွယ်ရေးသမား | ၁၈ |
| ၃။ | အမဲဖမ်းမယ် | ၃၉ |
| ၄။ | တီးစဉ်နှင့် မီးအထင် | ၅၆ |
| ၅။ | သေဖို့သာပြင် | ၇၆ |
| ၆။ | ဆေးရိုးသည်တွေ ပေါလှချည့်... | ၉၂ |
| ၇။ | ကြကာ ပန်းပါဘိ | ၁၁၀ |
| ၈။ | ဒါက နောက်တစ်မျိုး | ၁၂၇ |
| ၉။ | သူစိမ်းတစ်ဦးရောက်လာခြင်း | ၁၄၃ |
| ၁၀။ | သူစိမ်းနှစ်ဦး ခဏရောက်လာပြန်ခြင်း | ၁၆၉ |
| ၁၁။ | တခင်ဗျ ... တ ... တ ... | ၁၈၁ |
| ၁၂။ | ကင်း အထပ်ထပ် | ၁၉၇ |
| ၁၃။ | ဖြစ်ရပြန်ပြီ | ၂၁၆ |
| ၁၄။ | ရှုံချည် နပ်ချည် | ၂၂၆ |
| ၁၅။ | တစ်သိုက် တစ်မြုံ (သို့သော်) မတွေးတော့ပါ | ၂၅၃ |


♥

# ၁

## ကြောက်ပါသည်။ ထို့ကြောင့်...

ဒေါ်စန်းရှင်၏မျက်နှာကလေးမှာ ဆီးရွက်လောက်ငယ်နေသည်။

ဆီးရွက်သည် အဘယ်မျှလောက် ငယ်သနည်းဆိုသော် ဒေါ်စန်းရှင်၏ မျက်နှာလောက်ငယ်နေ၏။

ဤသို့ပင် ဒေါ်စန်းရှင်၏မျက်နှာနှင့် ဆီးရွက်တို့သည် အပြန်အလှန် ငယ်နေကြသည်။

"အခုမမိသေးဘဲ လွတ်နေတယ်ဆိုတဲ့ လူဆိုးဖိုးဂျမ်းပဲ။ ကိုမြတ်သာကို သတ်သွားတာ။ ဒီတော့ ... ငါ သိပ်ကြောက်နေတာပဲ"

ဒေါ်စန်းရှင်က စကားပြောရင်း စိုက်ကြည့်နေသော မူမူသွယ်သည် အသက်နှစ်ဆယ်ခန့်ရှိသော ဖြူဖြူဝဝကလေး ဖြစ်၏။

မူမူသွယ်သည် မျက်ခုံးကိုပင် လွန်၍ အထက်မျက်ခမ်းစပ်ဆီသို့ ကျူးကျော်ရောက်ရှိလာသော နဖူးမှ ဆံစများကို လက်ချောင်းကလေးဖြင့် ရွရွကလေး ဖယ်တင်လိုက်သည်။

"ဒီလိုဆိုလည်း မေမေရယ်၊ သမီးတို့ အိမ်ပြောင်းသွားကြရအောင်လေ။ ဒီအိမ်ကြီးကို ငှားထားလိုက်တာပေါ့"

သူ့မေမေက သဘောမတူသလို ခေါင်းကို ခါယမ်းလိုက်၏။

"အို ... ညည်းဖေဖေ အသက်ပျောက်သွားတဲ့အိမ်က ငါ ဘယ်ကိုမှ မသွားတော့ဘူး။ သေတာတောင် ဒီမှာပဲ သေမယ်"

လူကြီးတွေသည် အစွဲကလေးတစ်မျိုးစီ ရှိကြသည်။ ခင်မွန်းသည် သေသောအိမ်မှာပဲ သေချင်သည်။ ခင်မွန်းသည် မြုပ်နှံသော သင်္ချိုင်းမြေတွင် ပူးယှဉ်၍ အမြုပ်ခံချင်ကြသည်။

လူကြီးမဖြစ်သေးသောကြောင့် ဘာအစွဲကလေးမှ မရှိသော မှုမှုသွယ်ကမူ သွယ်တန်းသော မျက်ခုံးကလေးများပင် တွန့်လိမ်ကောက်ကွေးသွားအောင် စိတ်ရှုပ်သွားမိတော့သည်။

"ဒီလိုဆိုရင်လည်း မကြောက်နဲ့ပေါ့ မေမေရဲ့"

မှုမှုသွယ်က လမ်းနှစ်လမ်းတွင် တစ်လမ်းကို အတင်းရွေးခိုင်းခြင်းပင် ဖြစ်၏။ မှုမှုသွယ်၏ စိတ်ထားအတိုင်းပင် အိမ်ဖော်ကြီး မဠွမ်းပုံကလည်း ထားရှိ၏။

"ဟုတ်တာပေါ့ ... မကြီးရဲ့။ ကိုကိုကြီး ခေါင်းချခဲ့ရတဲ့ အိမ်မှာပဲ ..."

"ဟဲ့ ... ခေါင်းချတဲ့ အိမ်လို့ပြောပါ မဠွမ်းပုံရဲ့"

ဒေါ်အေးသာက မဠွမ်းပုံ၏ စကားကို ကြားဝင် ပြင်ဆင်ချက်ထုတ်လိုက်သည်။

"မထူးပါဘူး မမအေးသာရယ်၊ ဓားပြဖိုးဂျမ်းက ကိုကိုကြီးရဲ့ ခေါင်းကို သေနတ်လက်ကိုင်ကြီးနဲ့ ချလိုက်လို့ ကိုကိုကြီး ခေါင်းချသွားရတာပဲ မဟုတ်ဘူးလား"

ခင်မွန်းသည် သေဆုံးရပုံကို ပြန်လည်၍ သတိရချင်ပုံ မရသော ဒေါ်စန်းရှင်က ...

"အို ... ဒါတွေ ပြောမနေပါနဲ့တော့ မဠွမ်းပုံရယ်၊ ညည်းပြောချင်တာသာ ပြောစမ်းပါ"

"ညည်း ပြောမလို့ မဟုတ်ပါဘူး။ မူမူပြောတာ မှန်ကြောင်းကို ရိုးရိုး ပြောမလို့ပါ။ ဗိုးကျမ်းကို ကြောက်လွန်းအားကြီးရင်လည်း တခြားကို ပြောင်းပါ။ ကိုကိုကြီး ခေါင်းအချ ... အဲလေ ... ဒီအိမ်မှာပဲ ဆက်နေမယ်ဆိုရင်လည်း မကြောက်နဲ့ပေါ့"

"ညည်းတို့က မကြောက်နဲ့လို့ ပြောတာ လွယ်တာပေါ့။ ငါ့စိတ်ထဲကကြောက်တာ ဘာတတ်နိုင်မှာလဲ"

ဤတွင် ခပ်တွေတွေကလေး စဉ်းစားနေသော ဒေါ်စန်းရှင်၏ ယောက်မဖြစ်သူ ဒေါ်အေးသာက ဝင်ပြောလိုက်၏။

"အခု ကျွန်မတို့အိမ်မှာ ယောကျ်ားမရှိလို့ မမကြီးက ကြောက်နေတာပါ။ ဟုတ်တယ် မဟုတ်လား"

ဒေါ်စန်းရှင်က ခေါင်းကို ညိတ်ပြလိုက်၏။ ဒေါ်အေးသာက ဆက်ပြောသည်။

"တကယ်လို့ ယောကျ်ားသာရှိရင် မကြောက်နိုင်ဘူး"

ဤတွင် မဂွမ်းပုံက ရယ်မောလိုက်ပြီး ခေါင်းလေးတဆက်ဆက် ညိတ်၍ ဝင်ပြောလေ၏။

"ဒီတော့ မမအေးသာက ယောကျ်ား ယူလိုက်မယ်ဆိုပါတော့"

"တယ် ... ဒီကောင်မဟာ၊ ငါနောက်ထပ်အိမ်ထောင်မပြုတော့ဘူးဟဲ့"

"အောင်မယ် ... ကျွန်မတို့ဘက်မလှည့်ပါနဲ့၊ မူမူနဲ့ ကျွန်မတို့ဟာ အပျိုတွေချည်းပဲ။ ကျွန်မ အပျိုကြီး၊ မူမူက အပျိုလေး။ မမအေးသာ နောက်ထပ်အိမ်ထောင်မပြုချင်နေပေါ့၊ ကျွန်မတို့တော့ ပထမ အိမ်ထောင်ကို မပြုနိုင်ပါဘူးတော်..."

ဒေါ်အေးသာသည် သူနှင့် မဂွမ်းပုံတို့ နှစ်ယောက်အကြားတွင် ရှိသော လေထုကို ရတ်တရက် ကုတ်ချလိုက်၏။

"အို ... ငါပြောတာက ဘယ်သူမှ ယောကျ်ားယူဖို့မဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်ယောကျ်ားက ဘာစိတ်ကူးနဲ့ တက်လာမှာလဲ"

သူတို့နှစ်ယောက် အချီအချ ပြောနေစဉ် ဒေါ်စန်းရှင်က ဝင်၍...

"ဟုတ်တယ်၊ ဒီအိမ်မှာ ယောကျ်ားရယ်လို့ အားကိုးစရာရှိရင် ငါ ကြောက်တော့မှာ မဟုတ်ဘူး။ ဒီတော့ ခဏတစ်ဖြုတ် တစ်လတန် သည်၊ နှစ်လတန်သည် လာနေပေးမယ့် ယောကျ်ားတစ်ယောက်ယောက် ရှိရင်ကောင်းမှာပဲ"

မှုမှုသွယ်သည် စဉ်းစားသွားသလို ခပ်ငိုင်ငိုင်ဖြစ်သွားရာမှ

"အားထားနိုင်တဲ့ ယောကျ်ားတစ်ယောက်ယောက်တွေ့ရင် ခဏတစ်ဖြုတ်လာပြီး စောင့်ရှောက်ပေးဖို့ ပြောသေးတာပေါ့"

"အေးပေါ့ ... ခဏပါပဲ။ လူဆိုးတွေက အကုန်လွတ်သွားတာမှ မဟုတ်တာ။ ဖိုးဂျမ်းတစ်ယောက်တည်း လွတ်နေတာလို့ ရဲက ပြော တယ်။ သူ့ကိုလည်းလိုက်နေပါပြီ။ မကြာခင် မိမယ်ထင်တာပဲလို့ ပြော သွားတယ်။ ခဏတစ်ဖြုတ် လာစောင့်ရှောက်ပေးရင် ပြီးတာပါပဲ။ ဒီကြား ထဲတော့ သတိဝီရိယနဲ့ အိပ်ကြနေကြရမှာပဲ။ ငါပူတာက ဖိုးဂျမ်းဟာ ပစ္စည်းရမသွားဘဲနဲ့ သူ့လူတွေ မိလိုက်တာကို မကျေနပ်လို့ ငါ့ကိုလာ ပြန်သတ်မှာ ကြောက်တာပဲ"

မငွမ်းပုံသည် လုပ်စရာရှိသည်ကိုလုပ်ရန် စကားဝိုင်းမှထ၍ အောက်ထပ်သို့ ဆင်းသွားလေ၏။

အချိန်မှာ ည ခုနစ်နာရီခွဲခန့် ရှိနေပြီဖြစ်သည်။

မငွမ်းပုံ ထသွားသောအခါ မှုမှုသွယ်က ဒေါ်စန်းရှင်ကို ဆက် လက် နှစ်သိမ့်၏။

"ဒါလောက်လည်း ကြောက်မနေပါနဲ့ မေမေရယ်၊ စိတ်ကိုတင်း ပြီး ထားပါဦး။ သမီးလည်း ကြံစည်ပါဦးမယ်"

"ဒါပေါ့ မမကြီးရဲ့၊ ကျွန်မတို့လည်း ရှိပါသေးတယ်လေ"

ဒေါ်အေးသာကလည်း ဝင်ရောက်အားပေးပြီး စကားဝိုင်းမှ ထလိုက်၏။ မှုမှူသွယ်ကလည်း အိပ်ရာခင်းရန် ထလိုက်၏။

ထိုခဏတွင် အောက်ထပ်မှ...

"အောင်မလေး ... လာကြပါဦးတော်၊ အတင်းပဲ တွန်းနေတာပဲ" ဟု အော်လိုက်သော မငွမ်းပုံ၏အသံကို ကြားကြရလေ၏။

သုံးယောက်သားသည် ပထမသော် တစ်ယောက်မျက်နှာကို တစ်ယောက် မျက်လုံးကလေးများ အဝိုင်းသားနှင့် ကြည့်လိုက်မိကြ၏။

သုံးယောက်အနက်တွင် ထိုင်လျက်သားဖြစ်နေသူတစ်ယောက်တည်းသော ဒေါ်စန်းရှင်သည် တင်ပါးကို အပ်ချွန်ချွန်နှင့် ဆတ်ခနဲ ထိုးလိုက်သလို ဝုန်းခနဲ ခုန်၍ ထလိုက်မိတော့၏။

ထို့နောက်တွင်ကား သုံးယောက်သားသည် လေ့တ်နှိပ်လိုက်သော စက်ရုပ်များကဲ့သို့ အောက်ထပ်သို့ဆင်းရန် ပြိုင်တူပြေးသွားမိကြလေသည်။

လှေကားမှာ လူနှစ်ယောက် ဆင်းလောက်ရုံသာ ကျယ်ဝန်း၏။ လှေကားထိပ်သို့ ရောက်သောအခါ လူကြီးနှစ်ယောက်က ဘယ်တစ်ဖက်၊ ညာတစ်ဖက် အကပ်မိတွင် မှုမှူသွယ်က အလယ်မှ အတင်းဝင်တိုးမိသောအခါ သုံးယောက်သားမှာ လှေကားထိပ်ဝတွင် ပြွတ်ညှပ်၍ အတောင့်လိုက်ကြီး ဖြစ်သွားလေသည်။

တစ်ယောက်မှ အရှိန်ကို မလျှော့မိ။ ရှေ့လောကြီးကြီးနှင့် နင်းကန်၍သာ စွတ်တိုးနေလေရာ တစ်ဖက်မှ ဒေါ်စန်းရှင်မှာ...

"အမလေးတော် ... နံရိုးတွေတော့ ကျိုးတော့မှာပဲ"

ဟု အော်ညည်းမိသည့်နည်းတူ အခြား တစ်ဖက်မှ ဒေါ်အေးသာမှာလည်း...

"ဟဲ့ ... ဟဲ့ ... ငါ ညပ်နေပြီ။ ငါညပ်နေပြီ။ အည်း ... အည်း" နှင့် ညစ်အော်လိုက်မိလေ၏။

အလယ်မှ မူမူသွယ် ခမျာမှာလည်း စားသာလှသည်တော့ မဟုတ်ပါ။ သူက အတင်းတိုးလိုက်မိရာတွင် ဘေးနှစ်ဖက်မှ မပိန်လှသော အဘွားကြီးနှစ်ယောက်၏ ကိုယ်လုံးများသည် စပရိန်သံကြိုးခွေကို ဖိလိုက်ရသည့်နှယ် ... ပြန်ကန်၍ကြွတက်လာ မူမူသွယ်မှာလည်း မျက်လုံးကလေးများ အပြူးသားနှင့် "အဦ ... အဦ" နှင့် ကလေးကို အတင်းမုန့်ပေးနေသလို ဖြစ်နေရလေသည်။

"လာကြပါဦးလေ ... ဒီမှာ အတင်းပဲ တိုးနေတာပဲ"

အောက်ထပ်မှ မဂ္ဂမ်းပုံ၏အသံထပ်မံ၍ ပေါ်ထွက်လာပြန်ရာ အပေါ်ထပ်လှေကားမှ သုံးယောက်သားမှာ ဖိတိုးကြပြန်သည်နှင့် အမျှ တအည်းအည်း ... တအင်းအင်း ဖြစ်ကုန်ကြပြန်လေ၏။

ဒေါ်အေးသွယ်မှာ မူမူသွယ်နှင့် လှေကားလက်ရန်းထိပ်တိုင်နှင့် ညပ်နေ၏။

"ဟယ် ... သေးတွေ ရှီးတွေတော့ ပါကုန်တော့မှာပဲလေ"

ဤတွင်မှ မူမူသွယ်က အရှိန်လျှော့လိုက်မိ၏။ လူကြီးနှစ်ယောက်မှာ ယခုမှ ဆင်းသွားနိုင်ကြတော့သည်။ မူမူသွယ်ကလည်း သူတို့နှစ်ယောက်၏နောက်မှ အသာလိုက်၍ ဆင်းသွားရလေ၏။

မဂ္ဂမ်းပုံကိုလည်း ကြည့်ကြပါဦး။

အိမ်မကြီးနှင့် နောက်ဖေးမီးဖိုဆီသို့ ကူးသော စင်္ကြံသို့ထွက်သည့်တံခါးကို ပိတ်လိုက်ခြင်းဖြစ်သည်။ သို့သော် စောစောက ဒေါ်စန်းရှင်၏ ခြောက်စကားများကြောင့် ယနေ့ညအဖို့ မဂ္ဂမ်းပုံပင် ခြောက်သလိုလို ဖြစ်လာခဲ့မိသည်။ နမော်နမဲ့ ဖြစ်ရ၏။

တံခါးရွက်ကို ပိတ်လိုက်ရာတွင် ညနေစောင်းက ချထားမိသော

ဆန်ချိန်သည့် နို့ဆီခွက်ကို သူ မမြင်မိ။ ထို့ကြောင့် တံခါးရွက်သည် နို့ဆီခွက်လွတ်၏ ထိပ်ပိုင်းကို တိုက်မိလေရာ နို့ဆီခွက်သည် လဲသွားပြီး တံခါးအောက်ပေါင်နှင့် တံခါးရွက်အကြား ခေါင်းစင်းခံလိုက်သည်။

မဂ္ဂမ်းပုံက ကန့်လန့်ထိုးရန် တံခါးရွက်ကို အားကလေးနှင့် ဖိလိုက်သောအခါ တံခါးရွက်သည် ပြန်ကန်လာတော့၏။ ဤသည်ကိုပင် မဂ္ဂမ်းပုံက တစ်စုံတစ်ယောက်သည် အတွင်းသို့ အဓမ္မ ဝင်ရောက်ရန် တံခါးကို ပြန်တွန်းသည်ဟု ထင်သွား၏။

သူကတွန်းလေ တံခါးက ပြန်ကန်လေ ဖြစ်လာတော့သည်။

ထို့ကြောင့် တံခါးရွက်ကို ခြေကန်တွန်းနေရင်းက ကိုယ်များဆတ်ဆတ်တုန်ကာ အော်နေခြင်းဖြစ်သည်။

သူတို့နှစ်ယောက် အားလျော့သွားသောအခါ တံခါးသည် ပြန်၍ကန်၏။

ဤသို့ဖြင့် သူတို့နှစ်ယောက် တွန်းနေသည့်ကြားက တံခါးရွက်ကြီးသည် အတင်းအတင်း ကြွတက်နေတော့သည်။

ဤတွင် ဒေါ်အေးသာနှင့် ဒေါ်စန်းရှင်တို့သည် မရဲသော်လည်း ပြေးခဲ့စေ ... ဟူသော သဘောဖြင့် ရရာလက်နက်များကို ကောက်ကိုင်လိုက်ကြ၏။

ဒေါ်အေးသာသည် တံမြက်စည်းကြီးကို ပြောင်းပြန်ဆုပ်ကိုင်ထား၏။ ဒေါ်စန်းရှင်သည် ထွေးခံအလွတ်ကြီးကို ကိုင်မြှောက်ထားလိုက်၏။

လက်နက်ကိုင် အမျိုးသမီးကြီးနှစ်ဦးသည် ခြေဖျားထောက်၍ ရှခနဲ ရှခနဲ ရှေ့သို့ လှမ်းတက်လာကြသည်။ သူတို့၏ မျက်လုံးများသည် အနည်းငယ် ဟတတဖြစ်နေသော တံခါးရွက်ကြားဆီသို့ တည့်မတ်စွာ ချိန်ဆ၍ ချဉ်းကပ်လာကြသည်။

ဒေါ်အေးသာက တံမြက်စည်းကြီးကို ရှေ့က၊ ဒေါ်စန်းရှင်က

တွေးခံကြီးမြောက်၍ နောက်က။ ဤသို့ဖြင့် ကြွခနဲ၊ ရွခနဲ ခြေဖျား ထောက်၍ သတိကြီးစွာနှင့် လျှောက်လာကြသော အဘွားကြီးနှစ်ယောက် မှာ ဘဲလေးအက ကနေသလိုလို ထင်မှတ်ရသည်။

တံခါးကို ဖိ၍တွန်းထားရသော မဝွမ်းပုံနှင့် မူမူသွယ်တို့မှာလည်း ရင်ထဲတွင် မသက်သာလှ။ တဒိတ်ဒိတ်နှင့် ရင်ခုန်နေလျက်ကပင် ကြောက် ကြောက်နှင့် ဖိတွန်းနေကြရ၏။

အနားသို့ရောက်လာသည်နှင့်တစ်ပြိုင်နက် ဒေါ်အေးသာသည် တံမြက်စည်းကြီးကို တံခါးကြားထဲသို့ ထိုးသွင်းလိုက်ပြီးလျှင် အဖျား ဘက်က လက်ကြီးနှစ်ဖက်နှင့် ဆုပ်ကိုင်၍ မျက်စိများကို စုံပိတ်ကာ အပေါ်မှအောက် အောက်မှအပေါ်သို့ အကြိမ်ကြိမ်အဖန်ဖန် လျှင်မြန်စွာ လှုပ်ရှားလိုက်သည်။

သူတို့ ထင်မှတ်ထားသည့်အတိုင်း အပြင်တွင် လူသာရှိမည် ဆိုလျှင် ဒေါ်အေးသာ လုပ်ပုံနှင့်ကား တဖုန်းဖုန်း အရိုက်ခံနေရပေမည်။

သို့ရာတွင် အပြင်ဘက်မှ တစ်စုံတစ်ယောက်သော အခုအခံ ကို တံမြက်စည်းနှင့် မစမ်းမိလေရကား ဒေါ်အေးသာသည် ယမ်းခါ နေသော တံမြက်စည်းကြီးကို တစ်နေရာတည်းတွင်ပင် တန်းလန်းကြီး ရပ်ထားလိုက်၏။ မျက်စိများကိုလည်း ပိတ်ထားရာမှ ဖွင့်၍စူးစမ်း သလိုအသွင်နှင့် တံခါးကြားကလေး ဟနေသလောက် မြင်ရသော အပြင်ဘက်ဆီသို့ ပြူးကြည့်လိုက်၏။

ဤတွင် လှုပ်ရှားမှုရပ်ကာ လက်ကြီးများဆန့်၍ ရပ်လိုက်သော ဒေါ်အေးသာ၏ ပြုမူပုံကို စိတ်တိုင်းမကျသလိုနှင့် မူမူသွယ်သည် တံခါးရွက်ကို ဖိထားရာမှ ခွာလာခဲ့ပြီး ဒေါ်အေးသာ၏ လက်နှစ်ဖက်ကို စုံကိုင်လိုက်ကာ...

"လုပ်လေ ... ဒေါ်ဒေါ်ရဲ့။ ဘာကြောင်နေတာလဲ။ ချပါ..."

ဟု ပြောပြောဆိုဆို သူ့လက်က ဒေါ်အေးသာ၏ လက်များကို ကိုင်၍ အထက်အောက် လျင်မြန်စွာ လှုပ်ယမ်းလိုက်လေသည်။

"ဟဲ့ ... နေစမ်းပါဦး။ အပြင်မှာ ဘာမှမရှိဘူး ထင်တယ်"

အတင်းဆွဲလှုပ်နေသော မှုမှုသွယ်ကြောင့် ဒေါ်အေးသာ၏အသံ ထွက်လာလေသည်။

"ဟင် ... ထွက်ပြေးသွားပြီ ထင်တယ်"

မဌမ်းပုံကိုလည်း တံခါးရွက်ကို ယခုမှ ပိတ်ရသဖြင့် ကန့်လန့် ထိုးရင်း "ဘယ်သိပါ့မလဲ မမကြီးရဲ့။ အပြင်ဘက်က ဖိချည်း တွန်းနေ တယ် ထင်တာကိုး" ဟု ပြုံးဖြဲဖြဲနှင့် ပြောပြီး တံခါးကို ပိတ်ပြီးသွား လေတော့သည်။

အားလုံး တံခါးဆီမှ ကွေ့ထွက်လာကြရာတွင် ခြေလှမ်း ငါးလှမ်းပင် မလှမ်းရသေး "ဂေါက်ဂလွမ်"ဟုသော သတ္တုကပြောသော ဘာသာစကားသံမျိုးကို ကြားလိုက်ရပြီး...

"ဟယ် ... သောက်ပလုတ်တုတ်။ လုပ်ကြပါဦး"

ဟူသော ဒေါ်အေးသာ၏ အလန့်တကြားသံ ထွက်ပေါ်လာ သဖြင့် ရှေ့က ကော့ကော့ ... ကော့ကော့နှင့် ထွက်သွားသော ဒေါ်စန်းရှင် က ခုန်၍လှည့်လိုက်မိ၏။ မှုမှုသွယ်လည်း ချာခနဲလှည့်လိုက်ရ၏။

နောက်ကလိုက်လာသော မဌမ်းပုံလည်း ဒေါ်အေးသာကို မျက်လုံးများ ဝိုင်း၍ကြည့်မိသည်။

ဒေါ်အေးသာသည် ကြမ်းပေါ်သို့ ထိုင်ဆင်းသွားသည်။ သူ၏ လက်ယာခြေထောက်သည် စောစောက ဒေါ်စန်းရှင် ချထားခဲ့သော ထွေးခံအလွတ်ထဲသို့ အပြားလိုက် တည့်တည့်မတ်မတ် ဆင်းသွားသည်။

ထွေးခံသည် ဒေါ်အေးသာ၏ ခြေထောက်နှင့်တိုင်း၍ လုပ် ထားသလားဟု ထင်မှတ်ရသည်။

အားရပါးရဖို့၍ လှမ်းလိုက်သောခြေထောက်သည် ထွေးခံကို ရွပ်မိလေသောအခါ တော်တော်နှင့် ပြန်ထုတ်၍မရချေ။

"ဟဲ့ ... ကောင်မတွေ ကြည့်ကောင်းလို့ ကြည့်နေကြသလား ဟဲ့ ..."

ဒေါ်အေးသာသည် သူ့အားသူကိုး၍ ခြေတစ်ဖက်မြှောက်ကာ အတင်း ဆွဲချုတ်နေပါသော်လည်း သူ့ခြေထောက်ကိုမှ သစွာခံ့ပါလေသော ထွေးခံကြီးသည် ကျွတ်ထွက်မလာ။

မှုမှုသွယ်နှင့် မဝှမ်းပုံတို့သည် မျက်ရည်ထွက်အောင် ဝိုင်းရယ်မိကြလေ၏။

"ကဲ ... ရယ်ဦး ... ရယ်ဦးဟယ်"

စိတ်ထန်လာသော ဒေါ်အေးသာသည် ဒေါနှင့်မောနှင့် ထ၍ တစ်လှမ်းနှစ်လှမ်း လှမ်းလိုက်ကာ မဝှမ်းပုံ၏ခေါင်းကို ခေါက်၏။ သို့ရာတွင် ခြေတစ်ဖက်က ထွေးခံကြီးစွပ်ပြီး လှမ်းရခြင်းဖြစ်သဖြင့် ယော့နင်းယော့နင်း ဖြစ်နေလေရာ မဝှမ်းပုံမှာ လက်ကလေးနှင့် သူ့ခေါင်းကို ကာကွယ်ရင်းက ဆက်၍ ရယ်မိပြန်လေသည်။

"ဟယ် ... လုပ်ပေးလိုက်ကြပါလေ"

ဒေါ်စန်းရှင်ပင် စပ်ဖြဲဖြဲ ဖြစ်လာရာက လူကြီးပီပီ ဝင်ပြော လိုက်မှ မှုမှုသွယ်က ဒေါ်အေးသာနားသို့ ကပ်သွား၍ ခြေတစ်ဖက်ကို အတင်း ဆွဲမလိုက်၏။

ဘာမပြော ညာမပြောနှင့် ရုတ်တရက် ခြေထောက်တစ်ဖက် အဆွဲခံလိုက်ရသည်ဖြစ်သောကြောင့် ဒေါ်အေးသာမှာ ဟန်ချက်ပျက် သွားကာ "အယ်...သေပေါ့...သေပေါ့"ဟု နှုတ်မှ မြည်တမ်းရင်း မဝှမ်းပုံ ကို ပစ်ဖက်လိုက်ရာ အမှတ်တမဲ့ဖြစ်သွားသော မဝှမ်းပုံမှာ ယိုင်သွားပြီး နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်၏။ မဝှမ်းပုံကို တွယ်ဖက်လိုက်

သော ဒေါ်အေးသာမှာလည်း ခြေတစ်ပေါင်ကျိုးခုန်၍ ဖော်ဖော် ... ဖော်ဖော်နှင့် ပါသွားလေ၏။

ခြေထောက်မှ ထွေးခံကို ချွတ်ပေးရန်လုပ်နေသော မှုမှုသွယ်မှာလည်း ရွေ့လျားသွားသော ဒေါ်အေးသာ၏နောက်သို့ ဆောင့်ကြောင့်ထိုင်လျက်ကပင် လိုက်ပါသွားရသောကြောင့် ကြက်မလေး လမ်းလျှောက်သလို ဖြစ်သွားလေ၏။

သူတို့ အရှိန်သေသွားမှ မှုမှုသွယ်လည်း ခြေထောက်မှ ထွေးခံကို ချွတ်ပေးခြင်းအမှုကို အောင်မြင်စွာ ပြုလုပ်နိုင်လေတော့သည်။

ဤအဖြစ်အပျက်များဖြစ်ပြီး၍ နာရီဝက်ကျော်ကျော်ခန့် ကြာပြီးသောအခါတွင်ကား အသီးသီး ကိုယ့်အိပ်ရာထဲ ကိုယ်ရောက် ကုန်ကြပြီ ဖြစ်၏။

အပေါ်ထပ်တွင် အိပ်ခန်းနှစ်ခန်းရှိရာ ဒေါ်စန်းရှင်နှင့် သမီး မှုမှုသွယ်တို့က တစ်ခန်းတွင်အိပ်၍ ကျန်တစ်ခန်းတွင် ဒေါ်အေးသာ အိပ်လေသည်။

မဥ္စမ်းပုံကား အောက်ထပ်ရှိ အခန်းတစ်ခန်းထဲတွင် အိပ်၏။ ဒေါ်စန်းရှင်သည် နဖူးပေါ်လက်တင်၍ စဉ်းစားနေသည်။ အိပ်၍မပျော်နိုင်သေး။

သူ့အိမ်ကို လာရောက် စားပြတိုက်သော လူဆိုးများအနက် ခင်ပွန်းသည် ဦးမြတ်သာကို သတ်သူမှာ ဖမ်း၍မမိသေးသည်ကို တွေး၍ ကြောက်နေသည့် စိတ်ကတစ်ဖက်၊ တစ်ပတ်ကျော်ကျော် ဆယ်ရက်မျှ လောက်ကမှ သူနှင့်ခွဲခွာ၍ သေရွာမြန်းခဲ့ရရှာသော ခင်ပွန်းသည်အတွက် ဝမ်းနည်းတသသည်ကတစ်ဖက်နှင့် စိတ်တွေထွေပြားနေသည်။

အခြား ခုတင်တစ်လုံးပေါ်ရှိ သမီးဖြစ်သူ မှုမှုသွယ်သည်လည်း အိပ်၍မပျော်နိုင်သေးပါ။

သူ့မိခင်၏ ကြောက်စိတ်ပြေပျောက်စေရန် အိမ်တွင် ခေါ်ထား သင့်သူများကို စိတ်ကူးရသရွေ့ တွေးတောနေမိသည်။

*ကိုဘတုတ်...။*

သူသည် နှုတ်ခမ်းမွေး ရေးတေးတေးနှင့် ဖြစ်၏။ သို့သော် နားရွက်နှစ်ဖက်မှာ အဆမတန် ကားနေပြီးလျှင် မျက်နှာမှာ ဖောသွတ်သွတ်နှင့် ဖြစ်၏။ ပုံပန်းမှာ တက္ကသိုလ်ကျောင်းသားနှင့်မတူ၊ တက္ကသိုလ်ကျောင်းသား အမှန်ဖြစ်သော်လည်း မှောင်ခိုကုန်သည်နှင့် တူနေသည်။ ဤကြားထဲတွင် မျက်လုံးများက ပြူးကြောင်ကြောင် ဖြစ်နေသေးသည်။ ဤသို့ ကျက်သရေမရှိသော မျက်ခွက်ကြီးကို အိမ်ပေါ် ခေါ်တင်ထားရမည်မှာ ဝန်လေးစရာဖြစ်သည်။ ဒါတွေကိုထားပါဦး။ ကိုဘတုတ်သည် အလွန်နောက်ပိုးသန်သူဖြစ်သည်။ သူ့ကိုအားကိုးရမလားဟု ခေါ်ထားမှ မိမိကို အနှောင့်အယှက်ပေးနေတော့မည်။

***"ကိုသန်းဆောင်..."***

သူသည် လူချောလူလှ မဟုတ်သော်လည်း ခံ့ညား၏။ ကြွနိုင်ပေါ်လွင်သော မေးရိုး၊ နက်မှောင်ထူထပ်သော မျက်ခုံးနှင့် မြန်မာ့သမိုင်းထဲမှ စစ်သူကြီးတစ်ယောက်အသွင်ကို ဆောင်နိုင်သည်။ သူသည်လည်း မိမိနှင့် ကျောင်းနေဖက် တက္ကသိုလ်ကျောင်းသားဖြစ်၏။ တည်ကြည်ပုံရ၏။ အေးဆေး၏။ သဘောကောင်း၏။ သို့သော် ရုပ်ရည်နှင့် စိတ်သဘောသည် တစ်ခါတစ်ရံ လွဲလွန်းလှသည်။ သူသည် တစ်ခါက ဖားငယ်ကိုမြင်၍လည်း ခုန်ခဲ့သည်ကို မြင်ခဲ့ဖူးသည်။ ဖားကိုကြောက်တတ်သူအား ဖိုးဂျမ်းကို ရင်ဆိုင်ရန် ခေါ်ထား၍ ဖြစ်ပါမည်လော...။ ပယ်ဦးအုံ...။

***"ကိုသာအေး..."***

သူသည် အရပ်မြင့်သည့် ကျောင်းသားဖြစ်၏။ ပိန်ရှည်ကြီး ဖြစ်သည်။ မိမိနှင့်လည်း ခင်မင်၏။ သူ့မျက်နှာမှာ အလွန် အလုပ်

နွဲသည်။ သူငယ်နာရောဂါဟုပင် ဆိုရချေတော့မည်။ နှုတ်ခမ်းသည် တစ်ချက်တစ်ချက် တဆတ်ဆတ်တုန်၍ လက်ဝဲဘက်သို့ ရွဲ့လိုက်လျှင် လက်ဝဲဘက်မျက်စိ ပိတ်သွား၏။ ချက်ချင်းပင် ပါးစပ်ရော မျက်စိပါ နေရာမှန်သို့ ပြန်ရောက်သောအခါ မျက်စကို နှစ်ချက်တိတိ ပစ်ပြ လိုက်ပြီး မေးကိုရှေ့သို့ နှစ်ကြိမ်ဆင့်၍ ထိုးတတ်၏။ ဤသို့သော အတွဲလိုက်မျက်နှာ အမူအရာကို သုံးမိနစ်လျှင် တစ်ကြိမ်ကျပြုလုပ် တတ်သည်။ သူ့ကို အိမ်ဦးခေါ်၍ထားရလျှင် ကြာသော် ဤအိမ်သား ဆေးဦးသည် မျက်စိမှိတ်ပြ သူကမှိတ်ပြ၊ ပါးစပ်ရွဲ့သူကရွဲ့၊ မျက်စပစ် သူကပစ်၊မေးထိုးသူကထိုးနှင့် ခေါင်းပိုင်းဆိုင်ရာ လုပ်ငန်းတွေရောယောင် ပြီး လုပ်မိကုန်ကြပေရော့မည်။ ဒါကိုလည်း သည်းခံနိုင်စွမ်းရှိပါသည် ဆိုဦး။ ကိုသာအေးသည် အရက်သောက်တတ်သည်ဟု သတင်းကြား ရသည်။ ပယ်ဦးအံ့...။

*"ကိုကျော်အောင်မိုး..."*

အရုပ်မလှသော်လည်း ကြောက်မက်ဖွယ် ရုပ်မျိုးတော့ဖြင့် မဟုတ်။ အရပ်မမြင့်လှသော်လည်း လူပုထဲကလည်းမဟုတ်၊ သူ့ရဲ့ ဘောကြောင်သည် မကြောင်သည်ကတော့ဖြင့် မသိ။ ကျောင်းတွင် စာတော်သည်။ သို့သော် စကားပြောလျှင် တော်တော့်ကို ထစ်သည်။ မိုးဂျမ်းနှင့်များ ရင်ဆိုင်တွေ့လိုက်လျှင် "ခင်...ခင်...ခင်...ဗျား...ဗျား... ဗျား...သေ...သေ...သေ...သွား...သွား...မယ်...မ...မ...မယ်...နေ...နေ... နော်...အော်...အော်"နှင့် ရဲရင့်စွာ ကြိမ်းဝါးလိုက်စဉ်တွင်ပင် ခွပ်ခနဲ အသံနှင့်အတူ မြေယိုင်လဲကျသွားမည့်သူ ဖြစ်ပေမည်။ *ပယ်ပါလေဦး။*

*ကိုနီထွေး....။*

နာမည်နှင့်လိုက်အောင်ပင် အသားကလေးမှာ နီထွေးနေ၏။ ကျောင်းဆောင်တွင် နေသူဖြစ်၍ မိဘဆွေမျိုးများနှင့် ဝေးသည်။

ယခုကဲ့သို့ တက္ကသိုလ် ကျောင်းပိတ်ထားစဉ် အိမ်တွင်ခေါ်ထားရန်ကိစ္စမှာဖြစ်နိုင်သည်။ သို့ရာတွင် သူ့အကြောင်းကို မှုမှုသွယ်ကောင်းကောင်းကြားသိရဖူးသည်။ သူကား ဘာသာရေးကို အလွန်ကိုင်းရှိုင်းသည်။ လူပုံပန်းမှာလည်း မင်းသားကလေးလို နုနယ်သိမ်မွေ့၏။ ကျောင်းဆောင်တွင်ပင် တရားထိုင်တတ်၏။ သည်းခံခြင်းတရားကို ကိုယ်တိုင်လည်းကျင့်သုံး၏။ သူတစ်ပါးကိုလည်း အဟောသန်၏။ ဖိုးဂျမ်းနှင့် ရင်ဆိုင်ရလျှင် "ကိုယ့်လူ ... ကောဓအတွဲ နစာနတိ ... အမျက် ဒေါသဟူသည် အကျိုးအကြောင်းကို မဆင်ခြင်တတ်ပါ ... ခန္တီမရမ်တာပေါ ... လို့ ရှင်တော်ဘုရား ဟောကြားတော်မူခဲ့တယ်မဟုတ်လား။ သည်းခံခြင်းသည် အမြတ်ဆုံးအကျင့်ပဲ" ဟု တရားဟောပြီးလျှင် မဏိကွမ်းစားသော ကိုယ်တော်လေးအဖြစ်သို့ရောက်ရရှာပေမည်။

လူမိုက်သည် မိုက်တုန်းမိုက်ဆဲတွင် ဆေးမရှိချေ။ သို့ဖြစ်သည်နှင့်အညီ ... ပယ်သည်။

*ကိုခင်မောင်ဆွေ ...*။

သူကား မှုမှုသွယ်နှင့် ဘာသာရပ်တူ အသိတစ်ယောက်သာမဟုတ်ချေ။ ခင်အေးမြင့်က မိတ်ဆက်ပေး၍သာ သိကျွမ်းခဲ့သူ ဖြစ်သည်။ သို့သော် သူသည် ယောကျ်ားပီသသူ ဖြစ်၏။ ဉပဓိရုပ် ကောင်းသည်။ တစ်ခါက ခင်အေးမြင့်ကားနှင့် လိုက်လာခဲ့စဉ် သူတို့ အိမ်နားတွင် ကားပျက်၍ သူ၏အိမ်သို့ မှုမှုသွယ် ရောက်ခဲ့ဖူးသည်။ ခင်မောင်ဆွေတွင် မိဘမရှိ။ ငွေကြေးတောင့်တင်းသော အဒေါ်၊ ဦးလေးတို့နှင့် နေသည်။ သူ့အိမ်သားတွေ ဖော်ရွေကြသလိုပင် သူသည်လည်း သူတစ်ပါးကိုကူညီတတ်သူ ဖြစ်၏။ သူ့ကို အားကိုးလောက်သည်ဟု ထင်၏။ ထို့ကြောင့် သူ့ကို အကူအညီတောင်းကြည့်မည်ဟု မှုမှုသွယ်က စိတ်ထဲတွင် ဆုံးဖြတ်လိုက်တော့သည်။

ပြဿနာတစ်ရပ် ဖြေရှင်းသွားပြီဖြစ်၍ ငယ်ရွယ်သူ မူမူသွယ်မှာ နှင်ခြိုက်စွာပင် အိပ်မောကျသွားလေ၏။

တစ်ဖက်ခန်းမှ ဒေါ်အေးသာသည် ဟိုလူးဒီလွန့်ဖြစ်နေရာက ဘစ်ခုံတစ်ခုကို တွေးမိသလိုနှင့် ထ၍ မီးဖွင့်လိုက်သည်။ ထို့နောက် စာရွက်အလွတ်တစ်ရွက်ကို ရှာဖွေယူပြီး လက်လှမ်းမီရာ ခဲတံတိုကလေးနှင့် စာတစ်စောင်ကို ကောက်ရေးလေတော့သည်။

ကျော်ဦး...

နင့်အမေ ငါနေတဲ့လိပ်စာကို သိတယ်။ သူ့ကို မေးပြီး ငါ့ဆီ မြန်မြန် လာခဲ့စမ်း။ အရေးကြီးတဲ့ ကိစ္စရှိလို့ အလုပ်က ခွင့်နှစ်လလောက်ယူပြီးလာခဲ့။

ဒေါ်အေးသာ

မညီမညာနှင့် ဆင်တစ်လုံး မြင်းတစ်လုံး ရေးထားသော သူ့စာလေးကို သူပြန်ပြီး ပီတိဖြစ်သလို တစ်ချက်ပြုံးလိုက်ကာ စာရွက်ကလေးကို ခေါက်လိုက်ပြီး စားပွဲခုံကလေးပေါ်တွင်ပင် တင်လိုက်၏။ ထို့နောက် မီးပိတ်၍ အိပ်ချလိုက်လေသည်။

အောက်ထပ်တွင် တစ်ယောက်တည်းအိပ်ရာ မဂ္ဂမ်းပုံသည်လည်း ရုတ်တရက် အိပ်မပျော်။ ဟိုစဉ်းစား သည်စဉ်းစားနှင့် လုပ်နေရာက ရုတ်ချည်း ကြောက်ရွံ့လာသလို မျက်နှာကို လက်ဝါးနှင့် အုပ်လိုက်၏။ သို့သော် ချက်ချင်းပင် ပြန်ဖွင့်လိုက်ပြန်သည်။ မီးကိုဖွင့်လိုက်ကာ သူ့အခန်းတံခါးကို ကြည့်၏။ ပိတ်ထားလျက်ပင်ရှိသည်။

တံခါးဆီမှ ခြေဖျားထောက်၍ ခပ်သုတ်သုတ် ပြေးလာပြီး ခုတင်ပေါ်သို့ ဒိုင်ဗင်ထိုးတက်လိုက်သည်။ ခုတင်ပေါ်တွင်မှောက်လျက်

သားကြီး ဖြစ်နေ၏။

ကျောထဲက စိမ့်သွားသလို ဆတ်ခနဲတွန့်သွားပြီး ပက်လက် လှန်လိုက်ပြန်သည်။ မီးမပိတ်မိသေး။ ချက်ချင်း ပြန်ထ၍ မီးပိတ်လိုက် ပြီးသော် ခပ်သုတ်သုတ် ပြန်လာကာ ခုတင်ပေါ်သို့ ဒိုင်ဗင်ထိုး တက်လိုက် ပြန်၏။ အရှိန်လွန်သွားကာ စောင်ရော၊ ခေါင်းအုံးပါ ထွေးလုံးရစ်ပတ် ဖြစ်ပြီး ခုတင်တစ်ဖက်မှ ကျော်၍ကျသွားသည်။

ခုတင်ပေါ်သို့ အလုအယက် ပြန်တက်လိုက်ပြန်၏။ လက် ထဲတွင်ရှိသော စောင်စကိုကိုင်၍ အောက်သို့ကျနေသော စောင်စများကို ရေငင်သလို လျှင်မြန်စွာ ဆွဲယူ လှဲချလိုက်၏။ ခေါင်းအုံးမရှိသဖြင့် ဦးခေါင်းမှာ ခုတင်ကြမ်းနှင့် "ဗွမ်"ခနဲ အရှိန်ပြင်းစွာ ဆောင့်မိသည်။

ပြန်ထ၍ ကြမ်းပေါ်ကျနေသော ခေါင်းအုံးကို လျှင်မြန်စွာ လက်နှင့်စမ်းသည်။ အိမ်မြှောင်တစ်ကောင်၏ ခါးလယ်ကို စမ်းမိသဖြင့် အိမ်မြှောင်သည် "စွီ..."ဟုအော်ကာ ထွက်ပြေးသွားလေ၏။ သူလည်း "အစ်..."ခနဲ နှုတ်မှမြည်ကာ လက်ကိုရုပ်လိုက်မိ၏။

တစ်ဖန် လက်ကို ကြမ်းနှင့် တစ်ထွာကျော်လောက် မှန်းဆွာ၍ ငှေ့ယမ်းလိုက်သည်။ ခေါင်းအုံးကြီးကို စမ်းအမိမှာ ဆတ်ခနဲ ဆွဲတင် လိုက်ပြီး နေရာတကျ ထားလိုက်သည်။

ပက်လက်လှန်အိပ်လိုက်ပြီး စောင်ကို ခေါင်းအထိ ဆွဲ၍ ခြုံ လိုက်သည်။ အရှိန်များသဖြင့် စောင်သည် အပေါ်သို့များများ တက်သွား လေရာ ခြေထောက်နှစ်ချောင်းစလုံး ထွက်လာလေ၏။

လျှင်မြန်စွာပင် မဝှမ်းပုံ၏ ခြေနှစ်ဖက်မှာ စောင်ကို အတင်း ဆွဲချလေရာ ပက်လက်လှန်၍ စက်ဘီးနင်းနေသလို ဖြစ်နေလေသည်။

ခြေထောက်တွင် စောင်စကိုမှ၍ ဆွဲလိုက်သောအခါ ခေါင်းပိုင်း သည် ဘွားခနဲ ပေါ်ထွက်လာပြန်တော့သည်။

မတတ်နိုင်တော့ချေ။

ခုတင်ခြေရင်းဘက်တွင် မတ်တတ်ကြီး ရပ်လိုက်သည်။ လက်နှစ်ဖက်က စောင်ကိုကျောဘက်က တွဲရရွဲချ၍ ကိုင်ထား၏။ သူ့လက်နှစ်ဖက်မှာ စောင်၏အဖျား ကိုင်ထားပြီး စောင်၏အဖျားပိုင်းမှာ သူ၏နောက်ဇေ့နားတွင် ရှိသည်။

သူ့စိတ်ကူးကား ... ဤအခြေအနေမှ သူ့အိပ်ရာပေါ်မှောက်ချလိုက်လျှင် စောင်သည် သူ့တစ်ကိုယ်လုံးကို လွှမ်းခြုံပြီးသားဖြစ်အောင် စီစဉ်နေခြင်း ဖြစ်လေသည်။

စိတ်တိုင်းကျ အခြေအနေသို့ရောက်သည်နှင့် တစ်ပြိုင်နက်အရှိန်နှင့်ထိုး၍ မှောက်ချ၍ ဖင်ဘူးတောင်းထောင်လိုက်သည်။ စောင်စကို ကိုင်ထားသော လက်နှစ်ဖက်မှာ နားရွက်များနားတွင် ရှိ၏။

ခေါင်းလုံလျှင် စိတ်လုံသည်ဖြစ်၍ ဖင်ဘူးတောင်းထောင်လျက် အိပ်ပျော်သွားရလေတော့သည်။

■

# ၂

## ပထမဆုံး ကာကွယ်ရေးသမား

"နေပါဦး ... မွှေးမွှေးအမေ နာမည်က ဘယ်သူ..."

"ဒေါ်စန်းရှင်လို့ ခေါ်ပါတယ်"

ခင်မောင်ဆွေ၏အမေးကို မွှေးမွှေးသွယ်က သွက်သွက်လက်လက်ပင် ဖြေကြားလိုက်သည်။ သို့ဖြစ်သည့်တိုင်အောင် ခင်မောင်ဆွေကမူ ရှုပ်ထွေးနေသေး၏။

"ဒါဖြင့် ဒေါ်အေးသာဆိုတာက ဘာလဲ"

"ဒေါ်အေးသာဆိုတာ လူဖြစ်မှာပေါ့ကွ"

အနားတွင်ထိုင်နေသော ခင်မောင်ဆွေ၏ဦးလေး ဦးအောင်ထွန်းက စိတ်မရှည်သလို ကြားဖြတ်ဝင်ပြောလိုက်ရာ မွှေးမွှေးသွယ်နှင့် ခင်အေးမြင့်တို့သည် ခစ်ခနဲ ရယ်လိုက်မိကြလေ၏။

ခင်မောင်ဆွေ၏အဒေါ် ဒေါ်သန်းသန်းက ခင်ပွန်းသည်အား မျက်စောင်းကြီးတစ်ချက် ထိုးလိုက်ရင်း...

"ဩော် ... ဒေါ်အေးသာဆိုမှ လူမှန်းတော့ ရှင်ပြောမှလားလို့"

"ငါပြောမှ သူ လူဖြစ်လာတာတော့ မဟုတ်ဘူးပေါ့။ သူ့ဘာသာသူ အစကတည်းက လူဖြစ်နေတာပေါ့ဟ"

"မဟုတ်ပါဘူး ဦးလေးရဲ့၊ ကျွန်တော် မေးတာက ဒေါ်အေးသာဆိုတာ မှုမှုနဲ့ ဘာတော်သလဲလို့ မေးတာပါ"

ဤတွင် မှုမှုသွယ်က ဝင်ဖြေကြားလိုက်လေသည်။

"အဒေါ် တော်ပါတယ်လေ"

ခင်မောင်ဆွေ မေးသမျှလည်း မှုမှုသွယ်က ဖြေ၏။ မှုမှု သွယ် ဖြေသမျှကိုလည်း ခင်မောင်ဆွေက ရှင်းပုံမရ၊ ခင်မောင်ဆွေ မရှင်းသမျှလည်း ခင်မောင်ဆွေ့ အဒေါ်ယောကျ်ား ဦးအောင်ထွန်းက ဝင်ရှင်းလေသည်။

"အဒေါ်ဆိုတာ ဦးလေးရဲ့ မိန်းမလား"

"ဟကောင် ... ရ၊ အဒေါ်ဆိုမှ ဦးလေးရဲ့ မိန်းမပေါ့ကွ။ မင်းက ဦးလေးရဲ့အမေ မှတ်သလား။ ဦးလေးရဲ့အမေဟာ အဘွားလေးတော်တယ်ကွ။ ဒါက အဖေညီအစ်ကို၊ အမေ မောင်နှမဝမ်းကွဲတွေကိုပြောတာ။ ဦးလေးအရင်းဆိုရင် အဘွားအရင်းပဲ တော်တယ်။ အဲ ... မွေးစားအမေဆိုရင်တော့ မွေးစားအဘွား တော်မှာပေါ့"

"တော်စမ်းပါ၊ ရှင် ဝင်မရှုပ်စမ်းပါနဲ့"

မှုမှုသွယ်က ပြုံး၍ ပြန်ဖြေလိုက်သည်။

"အဒေါ်ဆိုပေမဲ့ ဦးလေးရဲ့ မိန်းမတော့ မဟုတ်ဘူး"

ဦးအောင်ထွန်း မျက်လုံးပြူးသွားရတော့သည်။

"ဟေ ... ဟုတ်လား၊ ဒါပေမဲ့ ဦးလေးရဲ့ ယောကျ်ားကတော့ မဖြစ်ရဘူးနော်။ ဒေါ်အေးသာဆိုတာ မိန်းမနာမည်ပဲ"

"တော် ... ဝင်ရှုပ်ပြန်ပလား"

ဦးအောင်ထွန်းကုပ်သွား၏။ ဤတွင်မှ ဘာတစ်ခွန်းမှ ဝင်မပြောဘဲ တစပ်ပြုံးပြုံးဖြစ်နေသော ခင်အေးမြင့်က ဝင်ပြောသည်။

"ဒေါ်အေးသာဆိုတာ မူမူ့အမေရဲ့ ယောက်မ၊ မူမူ့ ဦးလေးဆုံးသွားမှ မူမူတို့နဲ့ လာနေတာ"

ခင်မောင်ဆွေသည် တစ်နေရာသို့ငေး၍ စဉ်းစားနေသည်။ မူမူသွယ်သည် ခင်မောင်ဆွေ၏မျက်နှာကို အကဲခတ်သလို ကြည့်ရင်းက...

"ဘယ်လိုလဲ ကိုခင်မောင်ဆွေ၊ ကူညီမယ် မဟုတ်လား"

ဟု သွေးတိုးစမ်းသလို မေးလိုက်၏။ ခင်မောင်ဆွေကား ဘာကိုမျှ ပြန်မဖြေဘဲ သက်ပြင်းကို နှာခေါင်းမှ မှုတ်ထုတ်လိုက်၏။ ဤသည်ကို ဦးအောင်ထွန်းက စိတ်မရှည်နိုင်ချေ။

"ဟေ့ကောင် ... ဒီသူငယ်မက အကူအညီ လာတောင်းတာကို မင်းက ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ် ထုတ်နိုင်းတယ်မှတ်လို့ တရှူးရှူး တရှဲရှဲ လုပ်နေရသလားကွ ... ဟေ"

ခင်မောင်ဆွေသည် ဦးအောင်ထွန်းကို မကြည့်ဘဲ မူမူသွယ်ကိုသာ လှမ်းကြည့်လိုက်ပြီး...

"ကိုယ်က အိပ်ရာပြောင်းအိပ်ရရင် အိပ်မပျော်တတ်ဘူး"

"အို ... ပိုကောင်းတာပေါ့ ရှင်၊ မေမေက သိပ်ကြောက်နေတာ။ ဒီတော့ ညဘက်မှာ နိုးနိုးကြားကြားဖြစ်နေတော့ ပိုကောင်းတာပေါ့"

"မူမူက ကိုယ့်ဘက်ကကိုယ် စဉ်းစားနေတာကိုး။ ညည အိပ်မပျော်ရင်ကြာတော့ ဘယ်လို ဖြစ်လာမလဲ"

"ဘယ်လို ဖြစ်လာရမှာလဲကွ၊ နေ့ဘက်မှာ အိပ်ငိုက်ငိုက်လာတာပေါ့"

ဦးအောင်ထွန်းက ဝင်ရှုပ်သည်ကို ဘယ်လိုမှ မကြိုက်သော ဒေါ်သန်းသန်းသည် သူ့ခင်ပွန်းကို ထပ်မံ၍ မျက်စောင်းထိုးလိုက်ပြီး ဝင်ပြောလိုက်လေ၏။

"ဒါကတော့ ခင်မောင်ဆွေရယ် ... တစ်ရက်၊ နှစ်ရက်ပေါ့။ သူတို့မှာ အားကိုးအားထားမရှိလို့ လာပြီး အကူအညီတောင်းတာ ကူညီသင့်ပါတယ်။ နောက်ပြီး ကြာတာမှ မဟုတ်ဘဲ။ တစ်လတာန်သည် နှစ်လတာန်သည်ပဲ ဥစ္စာ"

"ဟုတ်ပါတယ် ကိုခင်မောင်ဆွေ၊ သိပ်မကြာပါဘူး"

"တစ်လ၊ နှစ်လကြာရင် မင်းအမေကမကြောက်တော့ဘူးတဲ့လား"

"ဒီလိုတော့ မဟုတ်ဘူး။ ဗိုးဂျမ်းကို မိချင်လည်း မိသွားမှာပေါ့။ ဒါမှမဟုတ် တစ်မျိုးစီစဉ်သေးတာပေါ့။ ကူညီပါ ကိုခင်မောင်ဆွေရယ်... မူမူက လူတိုင်းလည်း မခေါ်ပါဘူး။ ကိုခင်မောင်ဆွေလို မျိုးရိုးဇာတိကောင်းတဲ့ လူမျိုးမှ ခေါ်တာပါ"

ဒေါ်သန်းသန်း၏ မျက်နှာမှာ ဝင်းထိန်သွားလေတော့သည်။

"ဟုတ်တာပေါ့ မူမူရဲ့၊ ဒေါ်ဒေါ်တို့ဘက်က မျိုးရိုးသိပ်ကောင်းတာ။ ဒေါ်ဒေါ့်မိဘများဆိုရင် ပရိက္ခရာတွေရောင်းတယ်။ လုပ်ကိုင်စားတာတောင် ကုသိုလ်ကောင်းမှုနဲ့ နီးစပ်တာကိုပဲ လုပ်တာ"

ဒေါ်သန်းသန်း၏ စကားအဆုံးတွင် ဦးအောင်ထွန်းသည် လှုပ်လှုပ်ရှားရှား ဖြစ်သွားရလေတော့သည်။

"အောင်မာ ... ငါ့ဘက်က မျိုးရိုး သာပြီး ကောင်းသေးတယ်။ ငါ့အဘိုးက ဘုရားထုတာ ... ဟ"

"အောင်မယ် ... ဘုရားထုတာနဲ့ ဘာဆိုင်သလဲ။ ရှင့်အဘိုးက ဘုရားကိုတောင် ရောင်းစားတာ"

"ဟင် ... မင်းမိဘတွေကရော သင်္ကန်းတွေကို တစ်မွှံစိမ့် အလှကြည့်နေသလား။ ရောင်းစားတာပဲ မဟုတ်လား"

"အို ... ဘာပြောပြော၊ ကျွန်မရဲ့ မျိုးရိုးက ပိုကောင်းတယ်"

"တို့ မျိုးရိုးကလည်း သူခိုး၊ ဓားပြတွေ မဟုတ်ပါဘူး။ တို့က ပိုကောင်းတယ်"

"ကိုအောင်ထွန်း ... ရှင် ... တော်နော်"

"သန်းသန်း ... မင်း ... တော်"

အခြေအနေ တင်းမာလာပြီဖြစ်သဖြင့် မူမူသွယ်က ဝင်တောင်းပန်ရလေသည်။

"တော်ကြပါတော့ ... ဦးတို့ ဒေါ်ဒေါ်တို့ရယ်...။ နှစ်ဦးနှစ်ဖက်လုံးက မျိုးရိုးကောင်းကြလို့သာ ကိုခင်မောင်ဆွေကို မူမူတို့က အားထားရတာပေါ့"

ခင်အေးမြင့်ကလည်း "ဟုတ်ပါတယ်၊ ကဲ ... ကိုခင်မောင်ဆွေ၊ ရှင့်အဆုံးအဖြတ်ကို အမိန့်ရှိပါဦး"ဟု ဝင်၍ စကားဖြတ်လိုက်သဖြင့် အားလုံး၏ အာရုံမှာ ခင်မောင်ဆွေဆီ ရောက်လာလေတော့၏။

"ကဲ ... ကောင်းပြီလေ၊ ကူညီရတာပေါ့။ ကိုယ့်ဝါသနာကို တော့ သည်းခံနိုင်ရမယ်နော်"

"ကိုခင်မောင်ဆွေက ဘာဝါသနာပါလို့လဲ"

"စာဖတ် ဝါသနာပါတယ်"

"အို ... ဒါ ဘာသည်းမခံနိုင်စရာရှိမှာလဲ။ စာကို အော်အော်ပြီး ဖတ်တတ်လို့လား"

"မဟုတ်ပါဘူးလေ၊ တိုးတိုးပဲ ဖတ်တာပဲ။ ဝါသနာက ဒါ တစ်ခုတည်းမှ မဟုတ်တာ"

"နောက်ထပ် ဘာများ ဝါသနာပါသေးသလဲ"

"ဟ ... ဒီကောင်လေး၊ တစ်ပတ်တစ်ခါ မှန်မှန်သောက်တယ်"

မူမူသွယ်နှင့် ခင်မောင်ဆွေတို့သည် မျက်လုံးကလေး ဝိုင်း၍ ဦးအောင်ထွန်းကို ကြည့်လိုက်၏။ ကာယကံရှင် ခင်မောင်ဆွေကပင် မျက်လုံးပြူး၍ ကြည့်မိသည်။ ဒေါ်သန်းသန်းမှာ လှုပ်ရှားသွား၏။

"ရှင် ... ဘာတွေ လျှောက်ပြောနေတာလဲ။ ကျုပ်တို့ ဘယ်တုန်းက သောက်သလဲ"

"ဘာလဲ၊ စနေနေ့တိုင်း သောက်တာ မင်း မမြင်ဘူးလား"

"ဘာ သောက်သလဲ"

"ဝမ်းနုတ်ဆေး"

ခင်မောင်ဆွေသည် ယခုမှ ပြုံးမိသည်။ မူမူသွယ်နှင့် ခင်အေးမြင့်တို့လည်း စိတ်အေးသွားကာ ရယ်လိုက်ကြ၏။

"ဝမ်းနုတ်ဆေး သောက်တာများ ဦးရယ်၊ သည်းမခံနိုင်စရာ ဘာရှိသလဲ"

"ဟ ... ဝမ်းနုတ်ဆေးစားပြီး သူ့ဘာသာသူ နေရင်တော့ ကောင်းတာပေါ့"

"ဟင် ... ကိုခင်မောင်ဆွေက ဝမ်းနုတ်ဆေးစားပြီးရင် နောက်နေ့ကျ ဝမ်းတွေသွားတာပေါ့"

"အို ... ဝမ်းနုတ်ဆေးစားတာ ဝမ်းသွားမှာပေါ့ ဦးရဲ့"

"အေး ... ဝမ်းနုတ်ဆေး မစားဘဲတောင် အိမ်သာတစ်ခါတက်ရင် နာရီဝက်လောက်ကြာတာ။ ဝမ်းနုတ်ဆေးစားရင် အဲဒီထဲက သူမထွက်တော့ဘူး။ ကျန်တဲ့လူတွေက ရှုံ့မဲ့ခံပေတော့ပဲ"

"ရှင် ... တော်တော် မဟုတ်တာတွေ ပြောတယ်"

ဒေါ်သန်းသန်းက ဝင်ကြိမ်းလိုက်စဉ် မိန်းကလေးများ ဝိုင်းရယ်လိုက်ကြလေ၏။ ခင်မောင်ဆွေပင် ပြုံးစိစိ ဖြစ်သွားပြီးမှ...

"ကိုယ့်ဝါသနာတစ်ခုက ဂီတ ... ဂီတ"

ဟု ပြောလိုက်ရာ ခင်အေးမြင့်က ကပျာကသီ ဝင်ထောက်လိုက်သည်။

"ဩော် ... ဂီတပဒေသာစာအုပ် ဖတ်တာလား။ အေးနဲ့

ဝါသနာချင်း တူတာပေါ့။ အေးလည်း သိပ်ကြိုက်တယ်"

"ဘယ်က ဟုတ်ရမလဲ၊ မယ်ဒလင် တီးတယ်"

"ဪ..."

ခင်အေးမြင့်က သူ့စိတ်ကူးနှင့်မတူ၍ ငြိမ်သွား၏။ မှုမှုသွယ်ကမူ ပြုံးရွှင်လာသည်။

"ကောင်းတာပေါ့၊ မယ်ဒလင်သံကလေးနဲ့ဆိုတော့ အိမ်သာယာတာပေါ့။ မေမေလည်း စိတ်ပြောင်းသွားနိုင်တာပေါ့။ ဂီတဟာ လူ့ရဲ့စိတ်ကို ဆွဲဆောင်တယ်လေ"

"ဟုတ်တာပေါ့တူမရဲ့ ဦးတို့ငယ်ငယ်က မသာနောက် တကောက်ကောက် လိုက်ခဲ့တာတွေ မှတ်မိသေးတယ်။ ဟိုတုန်းက မသာက ရှေ့ဆိုင်း နောက်ဆိုင်းနဲ့ကို ချတာ..."

ဒေါ်သန်းသန်း လက်မြှောက်သွားလေပြီ။ မျက်စောင်းပင် မထိုးတော့ဘဲ ဆေးလိပ်သာ မီးညှိသောက်လိုက်တော့၏။ သူ့တူ ခင်မောင်ဆွေလည်း လှည့်၍ပင် မကြည့်တော့ဘဲ...

"ကောင်းပြီလေ၊ ကိုယ် လာနေပါ့မယ် စိတ်ချ၊ ညနေကျရင် ပစ္စည်းပစ္စယလေးနဲ့ ကိုယ် လာခဲ့မယ်"

"ကျေးဇူးပါပဲ ရှင်"

**ဤအချိန်ဝယ်...။**

မဂွမ်းပုံသည် ခြံဝမှထွက်၍ တစ်ဖက်ခြံသို့ လှမ်းမျှော်ကြည့်လိုက်သည်။

ကပ်လျက်ခြံဝတွင် လူငယ်တစ်ယောက်သည် ဘောင်းဘီရှည် ဝတ်ထားပြီး ခြံဝမှ မြက်များကို ရှင်းလင်းနေ၏။ သူ့ကို ကျောခိုင်း၍ မြက်များကို ခါးကုန်းပြီး ပေါက်ပြားဖြင့် ပေါက်နေသည်။

မဂွမ်းပုံသည် လူရွယ်၏ နောက်ဘက်ဆီသို့ချဉ်းကပ်သွားရင်း

က "ကိုစောလွင်"ဟု ခေါ်လိုက်ပြီး လှည့်ကြည့်မည်ထင်သည့် ခြံဝဘက်သို့ ကွေ့သွားလိုက်သည်။

ကိုစောလွင်သည် သူ ထင်သည့်အတိုင်း လက်ယာရစ် လှည့်မကြည့်ဘဲ လမ်းမဘက်မှ လက်ဝဲရစ်ကြည့်ရင်း ရပ်လိုက်ရာ မငွမ်းပုံမှာ သူ့ကျောဘက်သို့ရောက်နေ၍ မမြင်ချေ။

"ဩော် ... ဒီမှာ ကိုစောလွင်"

မငွမ်းပုံသည် ပြောပြောဆိုဆို သူ့ရှေ့ဘက်သို့ လျှောက်လိုက်၏။ သို့သော် သူကလည်း ငြိမ်ငြိမ်မနေဘဲ လက်ယာရစ် ပြန်လှည့်လိုက်ရာ သွားလမ်းချင်း ချော်သွားပြီး မငွမ်းပုံကို ကျောပေးလျက်သားဖြစ်သွားပြန်လေတော့သည်။

ဤတစ်ချိတွင် မငွမ်းပုံသည် ဘာသံမှ မပေးတော့ဘဲ ကိုစောလွင်၏ လက်ဝဲဘက်ဘေးတွင် ဝင်ပြီး ယှဉ်ရပ်လိုက်၏။ တစ်ချိန်တည်းမှာပင် ကိုစောလွင်သည် လက်ယာရစ် လှည့်လိုက်ပြန်ရာ ကျောပေးလျက်ပင်ဖြစ်နေပြန်တော့သည်။ ဤအတိုင်းဆိုလျှင် မငွမ်းပုံသည် ကိုစောလွင်နှင့် မျက်နှာချင်းဆိုင်ရာမရောက်ဘဲ ကျောဘက်သို့ချည်း ပြေးပြေးကပ်နေသလို ဖြစ်နေတော့၏။

"ဟယ် ... ဒုက္ခပါပဲ"

ပြောပြောဆိုဆိုနှင့် မငွမ်းပုံသည် နောက်မှနေ၍ ကိုစောလွင်ကို ပခုံးနှစ်ဖက်က ဆွဲလှည့်လိုက်၏။ ကိုစောလွင်သည် အရှိန်နှင့် ချာခနဲလည်သွားလေရာ သူ့လက်ထဲက ပေါက်ပြားကြီးလည်း ယမ်းသွားပြီး မငွမ်းပုံ၏ခေါင်းကို ပစ်ရိုက်မိလေရာ "သေပါပြီတော့"ဟူသော အသံနှင့်အတူ မငွမ်းပုံသည် ရှုံ့မဲ့၍ ထိုင်ကျသွားလေတော့သည်။

ထိုခဏ၌ လမ်းမပေါ်က လျှောက်လာသော လူတစ်ယောက်သည် လျှောက်လာစဉ်က အမှုမဲ့ အမှတ်မဲ့ ဟန်မျိုးရှိသော်လည်း မငွမ်းပုံ

၏အဖြစ်ကို မြင်လိုက်ရသောအခါတွင် တင်ပါးကို ဆေးလိပ်မီးနှင့် ထိုးလိုက်သကဲ့သို့ ဆတ်ခနဲဖြစ်သွားကာ ပြေးကပ်လာလေ၏။

ကိုစောလွင်မှာ ထိုင်ကျသွားသော မဂွမ်းပုံကို ကူညီရန် လက်ထဲက ပေါက်ပြားကြီးကို ပစ်ချလိုက်ပြီး ထိုင်ရန် ပြင်လိုက်သည်။ သို့သော် သူ့အနားသို့ လူတစ်ယောက်က လျင်မြန်စွာ ဝင်လာသည်ကို ရိပ်ခနဲ မြင်လိုက်သဖြင့် မထိုင်တော့ဘဲ ထိုလူကို ရင်ဆိုင်လိုက်၏။

ပြေးလာသောသူသည် အနားရောက်၍ ရပ်လိုက်၏။ ကိုစောလွင်နှင့် မျက်နှာချင်းဆိုင် ဖြစ်နေသည်။ သူတို့နှစ်ယောက်အကြား မြေကြီးပေါ်တွင် အလျားလိုက်လဲနေသော ပေါက်ပြားကြီးရှိ၏။

"တကတဲ့ဗျာ...လင်မယားချင်း ရန်ဖြစ်တာ ဒါလောက်ပဲဆုံးမရသလားဗျ။ လက်လွန်ခြေလွန် ဖြစ်ကုန်မှာပေါ့"

ကိုစောလွင်သည် ထိုသူ၏စကားကို သည်းညည်းမခံနိုင်သော်လည်း ဘာပြန်ပြောရမှန်း မသိသလို ကြောင်သွား၏။ သို့သော် မြေကြီးပေါ်ထိုင်၍ ဝမ်းရစ်နေသလိုဖြစ်နေသော မဂွမ်းပုံမှာ ကြောင်မနေနိုင်ချေ။

"အို ... ဘာတွေ လာပြောနေတာလဲ။ လင်မယား မဟုတ်ဘူးရှင့်၊ ကျုပ်က အပျို ... အပျို"

"ဩော် ... ဒါဖြင့်ရင် သည်းခံပါ ခင်ဗျာ။ လက်စသတ်တော့ အပျိုကြီးကိုး"

"အဟာတ် ... ဟား ... ဟား"

လာရောက်စပ်စုမိသူသည် မဂွမ်းပုံ၏စကားကြောင့် အော်ရယ်လိုက်မိရာ မဂွမ်းပုံသည် ဖြုန်းခနဲ မတ်တတ်ရပ်၍ ရှုတင်းတင်း မျက်နှာချင်းဆိုင်လိုက်လေသော် ကိုစပ်စု မျက်နှာကို ကမန်းကတန်း အရှိန်သတ်လိုက်ရလေ၏။

မပြေလည်သေးပါချေ။ မဂွမ်းပုံသည် ရုတ်တရက် ခါးထောက်

လိုက်လေ၏။ မိမိ၏လုပ်ပုံ မှားသွားပြီကိုသိသော ကိုစပ်စုသည် ရှုပ်ရှုပ်ယှက်ယှက်ဖြစ်နေသော လက်နှစ်ဖက်အနက် တစ်ဖက်ကို ပုတ်ချလိုက်လေ၏။ ကိုစပ်စုသည် အချိန်တိုတောင်းစွာနှင့် အောင်မြင်စွာ နှစ်သိမ့်နိုင်ရန် ကျန်လက်တစ်ဖက်ကိုပါ ရုပ်လိုက်ပြီး မဥ္စမ်းပုံ၏ ဒေါသအိုးပေါက်ကွဲထွက်မလာမီ ချော့ရန် ကြိုးစား၏။ ထို့ကြောင့် မဥ္စမ်းပုံနှင့်ပို၍ နီးလာစေရန် ခြေတစ်လှမ်းကို ကတိုက်ကရိုက် လှမ်းလိုက်၏။

***အသွားမတော်သော တစ်လှမ်းဟု ဆိုရပေတော့မည်။***

သူ့ခြေလှမ်းသည် ရိုးတံက လဲနေသော်လည်း သူက ထောင်လျက်ကြီးဖြစ်နေသော ပေါက်ပြားကြီးကိုမှ တက်နင်းမိတော့လေရာ လှေတ်နှိပ်လိုက်သလို လက်ကိုင်ရိုးတံကြီးသည် ထောင်တက်လာပြီး လက်ကိုင်စွန်းမှ ရင်ဝကို ပစ်ဆောင့်လေတော့၏။

"အို ... အမေရေ ... အည်း ... အည်း ... အင်"

ကိုစပ်စုမှာ ရှေ့သို့ ဆက်လက်၍ ချဉ်းကပ်ရန် မကြိုးစားနိုင်ရှာတော့ဘဲ သူ့ရင်ဝဆီသို့ လက်နှစ်ဖက်နှင့်ဖိ၍ ထိုင်သွားရလေတော့၏။

ကိုစောလွှင်မှာကား ယနေ့အဖို့ သူ့ရှေ့တွင် လူတစ်ယောက်ပြီးတစ်ယောက် စိုက်နှိပ်၍ ထိုင်ထိုင်ကျနေသည်ကို မြင်ခဲ့ရသဖြင့် အရေထူသွားလေရော့သလား မသိ။ ခပ်တည်တည်နှင့်ပင် ရပ်ကြည့်နေမိတော့သည်။

မဥ္စမ်းပုံမှာ မိန်းမသားဖြစ်ရသည့်အထဲ အမျိုးကြီးလည်း ဖြစ်သဖြင့် သနားစိတ် ချက်ချင်းဝင်လာကာ ဒေါသတွေ ပြေသွားပြီး...

"ဒီပေါက်ပြားကြီးကိုက ရှုပ်တာ"

ဟု ပြောပြောဆိုဆိုနှင့် ပေါက်ပြားကြီးကို ဆတ်ခနဲ ကောက်ယူလျက် ဘေးသို့ ဆောင့်ပစ်လိုက်လေ၏။ ကြိုဟ်မွှေသော ပေါက်ပြားကြီးသည် ထောင်လျက်သား အနေအထားနှင့် ကိုစောလွှင်၏ ခြေဖမိုး

ပေါ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ကျရောက်သွားသည်။

"အို ... ရှူး ... ရှူး ... အာလာ ... အာလာ ... လာ"

ကိုစောလွင်သည် သူ့ခြေထောက်ကလေးကို လက်နှစ်ဖက်နှင့် မြှောက်ကိုင်ရင်း ခုန်ဆွခုန်ဆွ ဖြစ်နေလေ၏။

မဥ္စမ်းပုံ၏ အာရုံမှာ ကိုစပ်စုဆီမှ ကိုစောလွင်ဆီသို့ရောက်သွား ပြီဖြစ်သောကြောင့် ချာခနဲလှည့်၍ "ဟင် ... တော်တော် နာသွားသလား" ဟုဆိုကာ လက်နှစ်ဖက်နှင့် ကိုစောလွင်၏ နာသွားသော ခြေထောက် ကို ဆွဲယူလိုက်၏။ ရုတ်တရက် ဆွဲယူလိုက်သဖြင့် ကိုစောလွင်မှာ ဟန်ချက်တိမ်းသွားပြီးလျှင် ကော့လန်လန်ကြီးဖြစ်သွားရကား ဆွဲမိဆွဲရာ အနားက ငုတ်တုတ်ကလေးထိုင်နေသော ကိုစပ်စု၏ ဆံပင်များကို ဆုပ်ဆွဲပြီး ကိုယ်ကိုဟန်လိုက်ရတော့၏။

ကိုစောလွင်ကတော့ လဲမကျတော့ဘဲ တည်ငြိမ်သွား၏။ သို့သော် ကိုစပ်စုမှာမှာ မသက်သာရှာပါ။ လက်နှစ်ဖက်ဖြင့် ခေါင်းကို ကိုင်ကာ "အာ ... အာ"ဟု အော်ပြီး ဦးရေတင်းခြင်း သက်သာအောင် ကုန်းကွကွ အနေအထားကို ပြုလိုက်ရ၏။ ထိုအနေအထားမှ တစ်ဆင့် တဖြည်းဖြည်း ထယူရလေ၏။

ယခုအချိန်တွင် မဥ္စမ်းပုံက ခြေထောက်ကို လွှတ်လိုက်ပြီးဖြစ် သဖြင့် ကိုစောလွင်မှာ လူတန်းစေ့ ခြေနှစ်ဖက်နှင့် စုံရပ်နိုင်ပြီဖြစ်၍ ဆံပင် ကို ဆုပ်ဆွဲထားသောလက်ကို လွှတ်တော့သည်။

"တော်ပြီဗျာ ... နောက်ကို လင်မယား၊ အဲလေ ... လူတွေ ရန်ဖြစ်ရင် မဖျဉ်တော့ဘူး"

ကိုစောလွင်သည် ကိုစပ်စု၏စကားကြောင့်ပြုံးမိ၏။ သို့သော် ချက်ချင်းပင် နှုတ်မှ ဖွင့်ထုတ်၍ တောင်းပန်ရတော့သည်။

"စိတ်မဆိုးပါနဲ့နောင်ကြီးရယ်၊ နောင်ကြီးရဲ့စေတနာကို လေးစား

ပါတယ်။ အမှန်က ကျွန်တော်တို့ဟာ အိမ်နီးချင်းတွေပါ။ မတော်တဆ ခိုက်မိတာပါ။ ရန်ဖြစ်နေကြတာ မဟုတ်ပါဘူး"

"ဪ ... ဒီလိုကိုး၊ ကျွန်တော်လည်း လက်လွန်ခြေလွန် ဖြစ်မှာစိုးလို့ လာဖျဉ်တာပါ"

ကိုစောလွင်သည် မဂွမ်းပုံဘက် ချာခနဲလှည့်ပြီး...

"ဒါထက် ခင်ဗျားက ဘာကိစ္စနဲ့ ကျွန်တော့်ဆီ လာတာလဲ"

ဟု ကောက်ကာငင်ကာမေးလိုက်ရာ မမျှော်လင့်သောကိစ္စများ ဖြစ်ကုန်သဖြင့် မဂွမ်းပုံသည် လာရင်းကိစ္စကို မေ့သွားလေ၏။

"ဟောတော့..."

သူက သူ့ကိစ္စကိုမေ့နေ၍ အလန့်တကြား ရွတ်ဆိုမြည်တမ်းလိုက်ရာ ကိုစပ်စုမှာ မျက်လုံးပြူးသွားလေတော့သည်။

"ဗျာ ... ဘာဖြစ်ပြန်ပလဲ၊ ဗိုက်ထဲက အောင့်လာပြန်ပလား"

"အို ... မဟုတ်ပါဘူးလေ၊ ကျုပ် ကိစ္စကို မေ့သွားပြီ။ ဟို ဟာလေ ... ဟိုဟာ..."

ကိုစပ်စုမှာ တကယ့်ကိုစပ်စု၏။ တကယ်ဆိုလျှင် သူနေစရာ မလို၊ ထွက်သွားလျှင် ပြီးပြတ်၏။

"စဉ်းစားပါလေ ... ကျွန်တော်တို့လည်း ကူပြီး စဉ်းစားပေးပါ့ မယ်"

"ဟိုဟာလေ ... ပို့တာ ... ပို့တာ..."

"ပို့တာဆိုရင် အသုဘ ဖြစ်မှာပေါ့"

"အို ... ကြက်ဖန်ဖန်၊ ဟိုဟာလေ ... အဝေးကြီးလို့ လှမ်းပြော တာလေ"

"ဟာ ... ဒါဆိုရင် လျက်ဆားရောင်းတဲ့ အော်လံဖြစ်မှာပေါ့"

"အို ... မဟုတ်ပါဘူးလေ၊ ကြေးနန်းကြိုးရိုက်တာလေ"

"ဟာ ... တယ်လီဖုန်းလိုင်းက ကြေးနန်းကြိုးတွေ မဖြုတ်နဲ့နော်။ ထောင်ကျမယ်"

ဤတွင် ကိုစောလွင်က သဘောပေါက်သွားပါပြီ။

"ကြေးနန်း ရိုက်ချင်လို့လား"

မဌမ်းပုံ၏ မျက်နှာမှာ ဝင်းကြည်သွားတော့သည်။

"ဟာ ... ဟုတ်တယ်၊ ကိုကို့ဆီ ကြေးနန်းရိုက်ချင်တယ်။ မမကြီးက ကြောက်တယ်ဆိုလို့ အဖော်လာနေဖို့ ကြေးနန်းရိုက်ခေါ်တာ"

"ခင်ဗျားအစ်ကိုက ဘာလုပ်တာလဲ"

"မှဆိုးအလုပ်ပါပဲ။ ဝါသနာပါလို့ တောလိုက်နေတာပါ"

"ဒါဖြင့်လည်း အိမ်ထဲခဏလိုက်ခဲ့လေ။ လက်တွေ ဘာတွေ ဆေးပြီး ကျွန်တော် စာနဲ့ ရေးယူသွားမယ်။ ကြေးနန်းသွား ရိုက်ပေးပါ့မယ်"

ညနေဘက်သို့ရောက်သောအခါ ခင်မောင်ဆွေသည် သူ၏ကတိအတိုင်း အဝတ်အစားထုပ်နှင့် မယ်ဒလင်ကြီးကိုင်ကာရောက်ရှိလာတော့သည်။ သူ့ကို အောက်ထပ်အခန်းအပြင်ဘက်တွင် သံခုတင်နှင့် နေရာပေးထားလေရာ သူ့ပစ္စည်းများကို သံခုတင်နားတွင် နေရာချထားလိုက်သည်။

မူမူသွယ်နှင့် ဒေါ်အေးသာတို့က ဝိုင်းဝန်းနေရာချထားပေး၏။

ညဦးဘက်ရောက်သောအခါ မူမူသွယ်က ဧည့်ခန်းကုလားထိုင်တစ်လုံးတွင် မဂ္ဂဇင်းတစ်စောင်ကို ဖတ်နေ၏။ မဌမ်းပုံသည် မူမူသွယ်၏အနီး ကြမ်းပေါ်တွင် အဝတ်စုတ်များ ချုပ်နေသည်။ သူတို့နှင့် မလှမ်းမကမ်း သံခုတင်ပေါ်တွင်ကား ခင်မောင်ဆွေသည် ခြေချထိုင်လျက် မယ်ဒလင် တီးလိုက်လေသည်။

ထိုအချိန်တွင် ဒေါ်အေးသာသည် အပေါ်ထပ်တွင် ဒေါ်စန်းရှင်နှင့် စကားပြောနေသည်။

အောက်ထပ်က မယ်ဒလင်သံ ထွက်လာသောအခါ ဒေါ်အေး

သာသည် ပျာပျာသလဲ ပြောလိုက်၏။

"ဟော ... ကြားလား ... မမကြီး"

ဒေါ်စန်းရှင်မှာ ပြူးတူးပြဲတဲ ဖြစ်သွားမိလေသည်။

"ဟင် ... ဘာလဲ၊ သေနတ်သံလား"

"မဟုတ်ပါဘူး မမကြီးရဲ့၊ ဟိုဟာ ... ခေါက်တာပါ"

"ဘာခေါက်တာလဲ၊ တံခါးခေါက်သံလား"

"မဟုတ်ပါဘူးလေ၊ မမကြီးကလည်း တစ်ဆိတ်ရှိ ကြောက်နေတာပဲ။ အောက်ထပ်က ဗျပ်စောင်းလား ... ဘာလား ... အဲဒါကြီး ခေါက်နေတာ။ မမကြီး မကြားဘူးလား"

"သြော် ... ဒါများ ညည်းက အလန့်တကြားနဲ့ကိုး။ မှုမှု သူငယ်ချင်းဖြစ်မှာပေါ့"

"ဟုတ်တယ်လေ ... ဒီသူငယ်ပေါ့"

"အဲဒါ ဘာဖြစ်သလဲ။ သူ ဝါသနာပါလို့ တီးနေတာပေါ့"

ဒေါ်စန်းရှင်က ဘာမှမဖြစ်သလို ပြောသော်လည်း ဒေါ်အေးသာ ကမူ ကျေနပ်စေချင်ပုံမရ။

"နားငြီးတာပေါ့ မမကြီးရဲ့၊ တစ်နေ့ကိစ္စလည်း မဟုတ်ဘူး။ နေ့စဉ်နေ့တိုင်း လုပ်နေမှာ"

"ဘာဖြစ်သလဲ မအေးသာရဲ့။ အိမ်လည်း သာယာတယ်။ နိုးနိုး ကြားကြားလည်း ရှိတာပေါ့"

"မမကြီးတို့က သမီး သဘောကျရင် ပြီးရောနဲ့ တူပါတယ်။ ဘုရားအာရုံပြုဖို့ ခက်တာပေါ့"

"အိုကွယ် ... သူလည်း တစ်ညလုံးတော့ တီးနေမှာမှ မဟုတ်ပါဘူးလေ။ နောက်ပြီး သိပ်ပြီး ဆူညံတာမှလည်း မဟုတ်တာ။ ဘုရားအာရုံပြုလို့ ရပါတယ်။ သူက အောက်ထပ်မှာပဲဥစ္စာ"

"အင်း ... မမကြီးတို့က ခက်တာပဲ။ ကာလသားသမီးတွေက သိပ်လည်ပတ်တာ။ တော်တော်ကြာ မူမူနဲ့ စိတ်ချရပါ့မလား"

ဒေါ်စန်းရှင်သည် ဒေါ်အေးသာ၏စကားကို ကြားသောအခါ ပြုံးလိုက်မိတော့သည်။

"အို ... ငါ့သမီးက လိမ္မာပြီးသားပါ"

"အောင်မာ ... ဒီအရေးမျိုးမှာတော့ လိမ္မာတယ် မရှိဘူးနော်"

"ကိစ္စမရှိပါဘူးကွယ်၊ သမီး ကျေနပ်ရင် ငါက ကျေနပ်ပြီးသားပါ။ သူ့ခမျာကလည်း လာကူညီတာပဲဟာ။ ဒီလောက် ဝါသနာမျိုးတော့ သည်းခံရမှာပေါ့"

"ကောင်းပါပြီ မမကြီးရယ်၊ နောက်တော့သာ သမီးက ယောက်မ မြင်းစီး ထွက်မှာစိုးလို့ သတိပေးရတာပါ"

"အို ... သမီးက ငါ့ကို ဖွင့်မပြောဘဲတော့ ဘယ်တော့မှ မျက်နှာအိုးမည်းသုတ်မှာ မဟုတ်ဘူးလေ"

ဒေါ်အေးသာမှာ လက်လျှော့လိုက်ရတော့သည်။ လေသံပျော့သွားသည်။

"နီးစပ်သွားရင် ကြောက်ရတယ်လို့ ပြောတာပါ"

"ဒါကတော့ မအေးသာ၊ ဒီအိမ်မှာ မိန်းမလေးယောက်ရှိတယ်။ နီးစပ်တိုင်း ကြောက်ရမယ်ဆိုရင် တခြားလူတွေကိုပါ စိတ်ပူနေရမှာပေါ့"

ဒေါ်အေးသာသည် ဆတ်ခနဲ တွန့်သွားတော့သည်။

"အောင်မယ် ... ကျွန်မတို့တော့ မပါဘူးနော်။ ဒီကောင်ဆိုမြင်ကတည်းက မျက်စိထဲမှာ ကိုးလို့ကန့်လန့်ဖြစ်နေတာ။ အနီးစပ်ကို မခံနိုင်ဘူး"

ဒေါ်စန်းရှင်သည် ဘာမှပြန်မပြောဘဲ ရယ်၍သာ ကြည့်နေသဖြင့် ဒေါ်အေးသာသည် တပ်ခေါက်၍ ပြန်ဆင်းလာခဲ့လေသည်။

"မအေးသာ အောက်ရောက်ရင် မငွမ်းကို လွှတ်လိုက်စမ်းပါ။ ခြေသလုံး အကြောတက်လို့"

"ဟုတ်ကဲ့ ... မမကြီး"

ဒေါ်အေးသာ အောက်ရောက်သောအခါ မငွမ်းပုံ အပေါ်ထပ်သို့ တက်သွားရလေတော့သည်။

မှုမှုသွယ်ကား စာဖတ်မပျက်။

ခင်မောင်ဆွေကလည်း မယ်ဒလင်တီးမပျက်။

သူတို့ကို အကဲခတ်လိုက်သော ဒေါ်အေးသာသည် ခါးကြီးထောက်ရင်း ခေါင်းငုံ့တီးနေသော ခင်မောင်ဆွေ၏အနားသို့ ချဉ်းကပ်လာခဲ့သည်။ သူ ချဉ်းကပ်လာသည့်တိုင်အောင် သူ့တီးလုံးထဲတွင် သူစိတ်ဝင်စားနေသော ခင်မောင်ဆွေမှာ ဘာကိုမှသတိမထားမိ။ ဒေါ်အေးသာသည်ကိုလည်း မသိ။ ထို့ကြောင့် ဒေါ်အေးသာ သွားလိုကလည်း သွားစေဟု သဘောထားပေလိမ့်မည်။

ဒေါ်အေးသာသည် မဲ့ရွဲ့လိုက်၏။ မလှသည့်အထဲတွင် မဲ့ပြသည်ဖြစ်သော်လည်း သူ့ကိုမော့မကြည့်သော ခင်မောင်ဆွေမှာ လိပ်ပြာငြိမ မသွားချေ။

ခပ်လှမ်းလှမ်းမှ စာဖတ်နေသော မှုမှုသွယ်ကမူ ဒေါ်အေးသာ ခါးထောက်၍ ချဉ်းကပ်လာသည်ဖြစ်သောကြောင့် တစေ့တစောင်း အကဲခတ်နေလေသည်။

သူ၏မဲ့ရွဲ့နေသော မျက်နှာကြီးကို ဘယ်လိုမှ မရှုစားလေသောအခါ ဒေါ်အေးသာသည် စိတ်မရှည်သဖြင့် အသံထွက်လာလေတော့သည်။

"မင်းမလည်း တစ်ချိန်လုံး တီးနေတာပဲကိုး"

ဤတွင်မှ ခင်မောင်ဆွေသည် မော့ကြည့်လိုက်၏။ ထို့နောက် သူ့မျက်နှာမှာ ကြည်လင်ရွှင်ပျသွားတော့သည်။

"ဩော် ... ဟုတ်ကဲ့ ... ဒေါ်ဒေါ်က အကမှ ကြိုက်တယ် ထင်တယ်။ တီးလိုက်၊ ကလိုက် လုပ်ရတာ တယ်မလွယ်လှဘူးလေ"

"တော်ပါ ... မျက်စိနောက်မှာပေါ့"

မှုမှုသွယ်သည် ကဗျာကသီ ချဉ်းကပ်လာပြီး ခင်မောင်ဆွေသို့ ပြုံးပြုံးကလေးကြည့်ရင်း...

"ဩော် ... ဒေါ်ဒေါ်က အဆိုပါ ဆိုချင်တာပါ ကိုခင်မောင်ဆွေရဲ့"ဟု စကားကို ဝင်ပါလိုက်၏။

"ဩော် ... ဒါကတော့ ဖြစ်တယ်" "ချစ်ရသည့်က အသက်ထက်ဆုံး ... ပျူပျူငှာငှာ ... မေတ္တာရည်ညွှန်း"

ခင်မောင်ဆွေသည် တီးရင်းက အသံဝါကြီး အော်ဆိုလိုက်ရာ ဒေါ်အေးသာမှာ မျက်နှာကြီး ရှုံ့မဲ့ရင်း နောက်သို့ ယိုင်သွားလေ၏။ မှုမှုသွယ်က ဒေါ်အေးသာကို ပြုံးရွှင်စွာ ကြည့်ရင်းက...

"အစားအစာများကို စားလို့ကောင်းရင် တိုင်မှီစားရတယ် မဟုတ်လား။ လဲကျသွားမှာစိုးလို့ အခုလည်း ဒေါ်ဒေါ်ဟာ တိုင်မှီပြီး နားထောင်ဖို့ ကောင်းတယ်။ တစ်ခါတည်း ယိုင်သွားတော့တာပဲနော်"

"ထိုးလဲမကျသွားတာပဲ ကံကောင်းတာပေါ့တော်။ မောင်ရင် နောက်တစ်ပုဒ်ထပ်ဆိုရင် ကျုပ်တော့ ကြမ်းပေါ်မှာ ခွေလဲသွားတော့မယ်"

"ဩော် ... ဒါကတော့ ဝါသနာမို့ပါ ဒေါ်ဒေါ်"

"ဘာ ... ဘာပြောတယ်၊ ကျုပ် ကြမ်းပေါ် ခွေအိပ်တာ ဝါသနာပါရအောင် ခွေးမှ မဟုတ်တာ"

"အို...မဟုတ်ပါဘူး။ ကျွန်တော်ပြောတာက ဂီတဟာ ကျွန်တော့် ဝါသနာပါလို့ ပြောတာပါ။ သူများတွေ မကြိုက်ပေမဲ့ ကျွန်တော့်ဘာသာ ပျော်နေတာလို့ ပြောတာပါ"

"ဩော် ... အင်း ... မင်းကတော့ နားယဉ်နေပြီ ဆိုပါတော့လေ"

ဤတွင် မူမူသွယ်က ကြားဝင် ပြန်ပြောလေ၏။

"ဒါပေါ့ ... ဒေါ်ဒေါ်ရဲ့၊ ဒေါ်ဒေါ်တို့လည်း များများနားထောင်ရင် နားမြန်မြန် ယဉ်တာပေါ့။ ထိုင် နားထောင်လေ"

မူမူသွယ်သည် ပြောပြောဆိုဆိုနှင့် နီးရာကုလားထိုင်တစ်လုံးကို ခပ်သွက်သွက်ကလေး ယူရွှေ့လာလေ၏။

"နေပါစေတော် ... နားမယဉ်ကလေး စိတ်ချမ်းချမ်းသာသာ နေပါရစေ။ ကျုပ် ဘုရား အာရုံပြုရဦးမယ်"

ဒေါ်အေးသာသည် သွယ်ဝိုက်သောနည်းဖြင့် ခင်မောင်ဆွေ၏ ဂီတဝါသနာကို တိုက်ခိုက်နေခြင်း ဖြစ်သည်။ မူမူသွယ်က ဒါကိုသိ၍ သွယ်ဝိုက်သောနည်းဖြင့်ပင် ခင်မောင်ဆွေ မသိအောင် ဖုံးဖိနေ၏။ ခင်မောင်ဆွေကမူ မသွယ်မဝိုက်ပင် မသိချေ။

"ဪ ... ဟုတ်ကဲ့၊ ဒေါ်ဒေါ် ဘုရားအာရုံပြုကောင်းအောင် သူ့မခြားနားကို ဆိုပြီး တီးပေးပါမယ်"

"ဟုတ်တာပေါ့ ဒေါ်ဒေါ်ရဲ့ ... မူမူ ရပါတယ်။ ကဲ ... ကိုခင်မောင်ဆွေ တီး၊ မူမူ ဆိုမယ်"

တဒေါင်ဒေါင် တဒင်ဒင်နှင့် ခင်မောင်ဆွေ ခေါက်လိုက်စဉ်မှာပင် ဒေါ်အေးသာသည် ချာခနဲလှည့်၍ ဆောင့်အောင့်ထွက်လိုက်၏။ သူ၏ထဘီစကြီးနောက်ဘက်သည် ကြမ်းပေါ်တွင် တံမြက်လှည်းရာ ရောက်အောင်ရှိနေပေရာ စောစောက မူမူသွယ်ရွှေ့ထားသော ကုလားထိုင်၏ ခြေထောက်တစ်ဖက်သည် ထဘီစကို ဖိထားမိ၏။ ဒေါ်အေးသာသည် ဆောင့် ... ဆောင့် ... နှင့် လှမ်းထွက်သွားလေသော် ခါးဝတ်သည် ဆောင့်ဆွဲခြင်းခံရ၍ ပြေကျ၏။

"ဟဲ့ ... ရွှေတိဂုံကြီး"

ပြောပြောဆိုဆိုဖြင့် ထဘီစကို လက်နှစ်ဖက်ဖြင့် ဖမ်းမိသဖြင့်

သာ ဖော်တော့သည်။

"ဘာဖြစ်လို့ ငါ့ထဘီကို ဆွဲချွတ်ရတာလဲ"

"အို ... ဒေါ်ဒေါ်ကလည်း ကြံကြံဖန်ဖန်၊ ဪ ... ကုလားထိုင်ခြေထောက်နဲ့ ဖိနေတာကိုး"

မှုမှုသွယ် ပြန်ဖြေရင်း ထဘီစကို ငုံ့ကြည့်မိရာက ကုလားထိုင်ခြေထောက်နှင့် ဖိနေသည်ကို သတိပြုမိ၍ ကိုယ်ကို ကြွလိုက်၏။ ဒေါ်အေးသာမှာ ဖွတ်ရန်းနေသည်ဖြစ်ရာ မှုမှုသွယ်က ကိုယ်ကိုဖော့လိုက်သည်နှင့် တစ်ပြိုင်နက် ကုလားထိုင်မှာ ကျွီခနဲ ခဏမျှရွေ့သွားပြီး ထဘီစလွတ်ထွက်သွားလေတော့သည်။

သို့ဖြစ်လေရာ ဒေါ်အေးသာမှာ အရှိန်နှင့် နောက်သို့ လန်တန်တန်ဖြစ်ကာ ဟိုထိုးသည်ထိုးလည်း ဖြစ်သွား၏။ လက်တစ်ဖက်က ခါးမှထဘီကို ဖိကိုင်ထား၍ ကျန်သောလက်တစ်ဖက် လေထဲတွင် ဇွေ့ယမ်းသွားကာ ကားရားကားရားနှင့်လည်း ဖြစ်သွားလေ၏။

အပေါ်ထပ်မှနေ၍ မဂ္ဂမ်းပုံရှေ့က ဆင်းလာသော ဒေါ်စန်းရှင်သည် ဒေါ်အေးသာကို မြင်သောအခါ မျက်စိနောက်သွားဟန်နှင့်...

"ဟယ် ... မအေးသာကလည်း မကြီးမငယ်နဲ့ ကြည့်လို့လည်း မကောင်းဘူး။ က မနေစမ်းပါနဲ့"

ဟု ဘာမသိ ညာမသိ ဖွတ်ပြောလိုက်လေ၏။

ဒေါ်အေးသာသည် ကိုယ်ရှိန်ကို သတ်မိသောအခါ ဒေါ်စန်းရှင်ကို ဘာမှပြန်မပြောတော့ဘဲ ခင်မောင်ဆွေနှင့် မှုမှုသွယ်တို့ကိုသာ မျက်စောင်း ဖောဖောသီသီ ထိုးလိုက်ပြီး ဆောင့်ဆောင့်နှင့် အပေါ်ထပ်သို့ တက်သွားလေတော့၏။

ဒေါ်စန်းရှင်သည် မှုမှုသွယ် ဖယ်ပေးထားသော ကုလားထိုင်တွင် ဝင်ထိုင်ရင်း...

"မောင်ရင်က ပျော်ပျော်နေတတ်တယ်ထင်တယ်။ နေသာသလို သာနေပါ။ ဘာမှအားမနာနဲ့။ ခုလိုလာစောင့်ရှောက်ပေးတာ ကျေးဇူးတင်လှပါပြီကွယ်"

ဟု အားပေးစကား ပြောလိုက်၏။

ဒေါ်စန်းရှင်၏စကားကို တစ်စွန်းတစ်စ ကြားလိုက်ရသော ဒေါ်အေးသာသည် သူ့အခန်းထဲသို့ရောက်အောင် ခပ်သုတ်သုတ်သွားလေသည်။ အပေါ်ထပ်ရှိ သူ့အခန်းသို့ ရောက်သောအခါ မီးဖွင့်လိုက်၍ ခဲတံနှင့် ကော်ပီစာရွက်တွင် စာတစ်စောင် ကောက်ရေး လိုက်လေတော့သည်။

ကျော်ဦး...

မြန်မြန်လာမှ ဖြစ်မယ်။ နင် ... မိန်းမလည်း ရမယ်။ အမွေပစ္စည်းတွေလည်း အများကြီးရမယ်။ မြန်မြန်လာမှ ငါ့အကြံအောင်မှာ။ ခွင့်ယူပြီးသာ မြန်မြန်လာခဲ့ပေ့။ အလုပ်က ခွင့်ယူလို့ မရရင် ထွက်သာ ထွက်လာခဲ့တော့။ ကြာရင် လူဦးသွားလိမ့်မယ်။ လူဦးသွားရင်တော့ နင့်နာမည်ကို ကျော်ဦး မမှည့်နဲ့တော့။ (ကျော်နောက်ကျပဲ မှည့်လိုက်တော့...။)

ဒေါ်အေးသာ

စာကို တစ်ခေါက်ပြန်ဖတ်နေစဉ် အပြင်ဘက်မှ ခြေသံများ ကြားရသဖြင့် စာရွက်ကို စားပွဲပေါ်တွင်ချခဲ့ကာ ခုတင်ပေါ် ပြေးလှဲလိုက်၏။

အပြင်ဘက်မှ ဒေါ်စန်းရှင်၏အသံ ထွက်လာသည်။

"မအေးသာ ... မအိပ်သေးဘူးလား"

"ဟုတ်ကဲ့ ... အိပ်ပျော်နေပါပြီ"

"ဘယ့်နှယ် ... အိပ်ပျော်တဲ့လူက စကားပြန်ပြောသလား"

"ဩော် ... စောစောက မေ့မေ့ ... မေ့မေ့နဲ့ ထိုင်နေတာ။ အဲလေ ... မေ့မေ့ ... မေ့မေ့ဖြစ်နေတာ မမကြီးအသံကြောင့်..."

"ဒါဖြင့်လည်း မီးပိတ်အိပ်။ ကဲ ... သမီးတို့လည်း အိပ်ကြစို့"

ဒေါ်အေးသာလည်း တစ်ယောက်တည်း ကြိတ်ပြုံးမိပြီး မီးကို ထ၍ ပိတ်လိုက်လေသည်။

■

# ၃

## အမဲဖမ်းမယ်

*တိမ်တွေသည် စိမ်းလိုက် နီလိုက် ပြာလိုက် ဝါလိုက်နှင့် မဖြစ်။ ဂျူန်ရုပ်၊ နဂါးရုပ် စသည်ဖြင့် ဘာရုပ်မှလည်း ဖြစ်မနေ။ ရိုးရိုးပင် အပြာရောင်ခံ ကောင်းကင်ပြင်တွင် တိမ်ဖြူတောင်ကြီးများသည် ကြွက်နားရွက်မှိုလိုဖြစ်နေသော တစ်ညနေခင်း ဖြစ်၏။*

ခြံပေါက်ဝနားတွင် ခင်မောင်ဆွေသည် ပက်လက်ကုလားထိုင်ကလေးချ၍ စာဖတ်နေ၏။

ထိုအခိုက်တွင် အသက်ငါးဆယ်ခန့် လူကြီးတစ်ဦးနှင့် အသက်ဆယ့်ရှစ်နှစ်ခန့် ကလေးမတစ်ဦးတို့ ရောက်လာကြလေ၏။

လူကြီးသည် ထောင်ထောင်မောင်းမောင်းနှင့် ရှပ်အင်္ကျီကြယ်သီးဖြုတ်၍ ဟနေသော ရင်ဘတ်ပေါ်တွင် ဆေးမင်ကြောင်များ ထိုးထား၏။ နှုတ်ခမ်းမွေးကြီးလည်း ကားကားရားရားနှင့် ပါးစပ်မှ ဆေးတံကောက်ကြီးကို ကိုက်ထားသည်။

မိန်းမပျိုလေးကား တောသူကလေးမှန်း ကြည့်လိုက်ရုံနှင့် သိရသည့်တိုင်အောင် အသားညိုညို တစ်တစ်ရစ်ရစ်နှင့် ချောမောလှပသူဖြစ်သည်။

သူတို့နှစ်ယောက်သည် အထုပ်အပိုးများဆွဲ၍ ခရီးသည်များ၏ အသွင်သဏ္ဍာန်ကို ဆောင်လျက်ရှိကြ၏။

သူတို့က မြိပေါက်ဝသို့လာရပ်သောအခါတွင် ခင်မောင်ဆွေသည် ပြုံးတုံးပြုံတဲနှင့် ဆတ်ခနဲ မတ်တတ်ရပ်ကာ ရင်ဆိုင်လိုက်လေသည်။ သူက ဘာတစ်ခွန်းမှ စတင်၍မပြောမီ ဆေးတံကောက်ကြီးကို ကိုက်ထားသော အဘိုးကြီး၏ နှုတ်မှ စကားသံများ ထွက်ပေါ်လာကြလေ၏။

"မင်းက ဘာပူးအူး ပဲအဲဖစ်အ ဒါဒဲ အုန်းတွအေး"

ခင်မောင်ဆွေသည် ဘာတစ်ခွန်းမှ နားမလည်ချေ။ လက်က ဆတ်ခနဲ အဘိုးကြီး၏ ဆေးတံကောက်ကြီးကို ဆွဲဖြုတ်မည်ဟုပြု၍ လှမ်းကိုင်လိုက်ရာ အဘိုးကြီးက လက်တစ်ဖက်ဖြင့် သူ့လက်ကို ပုတ်ချလိုက်သဖြင့် ခင်မောင်ဆွေမှာ "အ ... လာ ... လာ ..." ဟု အော်၍ လက်ဖျားခါသွားလေ၏။

နောက်မှ စိတ်မရှည်ဟန်နှင့် အဘိုးကြီး၏မျက်နှာကို ကြည့်ရင်း...

"ဦးလေးက ဒါကြီးဖြုတ်ပြီး စကားပြောမှ ကျွန်တော် နားလည်တော့မှာပါ။ စောစောက ဦးလေးပြောလိုက်တာ ဘာစကားမှန်း တောင် မသိဘူး။ ဦးလေးတို့ဟာ စနေဂြိုဟ်က ဧည့်သည်တွေလား"

ခင်မောင်ဆွေ၏ စကားအဆုံးတွင် အဘိုးကြီးသည် ပါးစပ်က ဆေးတံကြီးကို အူယားဖားယား ချွတ်လိုက်ပြီး...

"စနေဂြိုဟ်က ဧည့်သည်တွေမဟုတ်ဘူး။ သံဓေါင်နဲ့ ရာဟုက လူယောင်ဆောင်လာတာကွ။ မှတ် ... မှတ်ကရော..."

ခင်မောင်ဆွေသည် စပ်ဖြဲဖြဲ ဖြစ်သွားရကာ...

"ဒါထက် ဦးလေး စောစောက ပြောလိုက်တာ ဘာတဲ့တုန်း"

"ဩော် ... မင်းက ငါတို့ကိုမြင်တော့ ဖုတ်ပြိတ္တာကြီးတွေကို မြင်သလို ပြူးတူးပြဲတဲဖြစ်လို့ မင်းက ဘာပြူးတူးပြဲတဲ ဖြစ်ရတာတဲ့ တုံးကွ ... ဟ ... လို့ မေးတာ"

"ဩော်..."

"မအော်နိုင်ဘူးကွာ၊ငါမောလာတယ်။ ဘာလဲ၊ မင်းက နားလေး သလား"

"ကြားပါတယ်ဗျာ ... မအော်ပါနဲ့၊ ကြားပါတယ်။ ဒါထက် ဦးနာမည်က ဖိုးဂျမ်း မဟုတ်ဘူးနော်"

"ဘယ်ကလာ ဟုတ်ရမလဲ။ ငါ့နာမည်က မောင်ခွေးကွ"

"ဩော် ... ဦးခွေးကွတဲ့လား"

"မကွဘူးဟေ့ ... သူလို ငါလိုပဲ။ မောင်ခွေး ... မောင်ခွေး"

"ဩော် ... ဟုတ်ကဲ့ ... ဖိုးဂျမ်းနဲ့ ဘာတော်သလဲ"

"တကယ် ဘာမှမတော်ဘူးနော်" "ဘယ်က ဖိုးဂျမ်းကို မင်း ပြောနေတာလဲ။ ငါ မသိဘူး"

"ဩော် ... သိတောင် မသိပါဘူးဆို။ မတော်ဘူးကွ၊ ဘာလဲ ဖိုးဂျမ်းက ငါ့ကို သူ့ကြီးတော်နဲ့ နေရာချချင်တယ်လို့ မင်းကို ပြောထား လို့လား"

အနားက အမျိုးသမီးငယ်သည် ခစ်ခနဲ ရယ်လိုက်သလိုပင် ခင်မောင်ဆွေကလည်း ပြုံးစနဲ့နဲ့ ဖြစ်သွားလေ၏။

"ပြောမထားပါဘူး။ ဒီအိမ်က ဖိုးဂျမ်းနဲ့ပတ်သက်ရင် လက်မခံ ဘူးခင်ဗျ။ ဒါထက် ဦးလေးတို့က ဘာကိစ္စရှိပါသလဲ"

"ကိစ္စကတော့ ... ဌမ်းပုံ ... ဌမ်းပုံ ... ရှိသလား"

"ဗျာ ... ဝွမ်းကပ်ကို မေးသလား။ အိမ်ထဲမှာတော့ရှိချင် ရှိမှာပေါ့။ ဒီလို ရာသီဥတုမှာတော့ ထုတ်သုံးမယ် မထင်ပါဘူး"

"ဟော့ ... မင်း ဘာတွေ ပြောနေတာလဲ။ မင်း ဒီအိမ်သားလား"

"ဒီအိမ်သားတော့ မဟုတ်ပါဘူး။ ဒီအိမ်ကိုရောက်တာ လေးငါးရက် ရှိပါပြီ"

"ဒါဖြင့် အထဲမှာ ဝွမ်းပုံကို မင်း တွေ့ရမှာပါ"

ခင်မောင်ဆွေသည် တွေဝေသွား၏။ တစ်အိမ်လုံးက "မဝွမ်း" ဟု ခေါ်သူသည် "မဝွမ်းပုံ" ဖြစ်ကြောင်း သူ မသိထားချေ။

"ခေါင်းအုံးတွေ၊ မွေ့ရာတွေ ဖောက်ထုတ်ထားရင် လမ်းပုံလည်း ပုံပဲရမှာပေါ့။ ဝွမ်းက မှို့လိုမဟုတ်ဘူး။ တော်တော်ရှားတယ်။ ဈေးကြီးတယ်ဗျ။ ဘယ်သူမှ အပုံကြီးနဲ့ ထားမှာမဟုတ်ပါဘူးလေ"

အဘိုးကြီး၏စိတ်သည် စတင်၍ တိုလာလေပြီ။

"ဟေ့ကောင် ... မင်းက ငါ့ကို ဘာမှတ်သလဲ"

"ဗျာ.. ဘာမှ မမှတ်ပါဘူး ခင်ဗျာ။ ကျွန်တော်က တေးတာတွေ၊ မှတ်တာတွေ ဝါသနာမပါပါဘူး"

"ဟေ့ကောင် ... တိတ်၊ မင်း ငါ့ကို နောက်ရွှတ်ရွှတ် လုပ်မနေနဲ့။ ငါဟာ မုဆိုးကွ ... မုဆိုး"

"ဗျာ ... ဦးလေးစကား မှားပြီထင်တယ်။ မုဆိုးဖိုလို့ ပြောပါခင်ဗျာ။ မုဆိုးဖိုဆိုတာ မှန်ပါတယ်"

အဘိုးကြီးသည် ခင်မောင်ဆွေ၏ ငယ်ထိပ်ကို ခေါင်းခနဲခေါက်လိုက်တော့ရာ ခင်မောင်ဆွေမှာ ထိပ်ပုသွား၍ လက်နှင့် ပွတ်မိ၏။

"ဦးလေးက ဘာလို့ ထိပ်ခေါက်ရတာလဲဗျ"

"မင်းက ဘာလို့ ဘုတွေပြောသလဲ"

"ဦးလေးရဲ့ စကားအသွားအလာဟာ ဒီလို ပြန်ဖြေမှ သင့်လျော်မှာကိုး ခင်ဗျ"

"မင်းရဲ့ ခေါင်းအနေအထားဟာလည်း ဒီလိုခေါက်မှ အဆင်ပြေတာကိုးကွ"

ဤတွင် အနားက မိန်းကလေးသည် အဘိုးကြီးဘက် တစ်ချက်လှည့်ကြည့်လိုက်ပြီး စကားပြောလိုက်၏။

"အို ... ဖေဖေကလည်း လက်လွန်ခြေလွန် ဖြစ်ကုန်ပါ့မယ်။ လာပါ ... အထဲ သွားမေးရအောင်။ သူက ဒီအိမ်က ဒရိုင်ဘာလားမှ မသိတာ"

"အလယ်လယ်..."

ခင်မောင်ဆွေသည် နှုတ်မှ ညည်းညည်းညူညူနှင့်ပင် ခြံဝင်းထဲသို့ဝင်ရန် ကြိုးစားလိုက်သော ကလေးမရှေ့မှ ထုပ်ဆီးတိုးသလို လက်ကြီးနှစ်ဖက်ဆန့်၍ ကာလိုက်ရင်း...

"အမယ် ... အမယ် ... ဒီလိုလုပ်လို့ ဘာရမလဲ။ ကိစ္စကို ပြေလည်အောင်ပြောမှ ဝင်ရမှာပေါ့"

ဤတွင် အဘိုးကြီးက ဝင်ပြောပြန်လေ၏။

"ဟေ့ ... မှာလို့ လာတာကွ။ ဘာပြောရမှာလဲ"

ပြောပြောဆိုဆို အဘိုးကြီးက ဝင်ရန်ပြင်လိုက်ရာ ခင်မောင်ဆွေသည် လက်ကြီးနှစ်ဖက်ဆန့်ရင်းက ဘေးတိုက်ကြီး ပြေးလာလေ၏။ ထိုအခိုက်တွင် တစ်ဖက်က မိန်းကလေးက ခြေလှမ်းပြင်လိုက်ရာ ခင်မောင်ဆွေမှာ ကားရားကားရားနှင့် ရောက်လာပြန်လေ၏။

တကယ့်ကို ထုပ်ဆီးတိုးနေသည်နှင့် တူနေတော့သည်။

ခင်မောင်ဆွေ ဤမှာဘက်သို့အရောက်တွင် အဘိုးကြီးသည် ခွတ်ခနဲ တစ်ဖက်မှ လျင်မြန်စွာ ဝင်သွားလေတော့ရာ ခြံတွင်းသို့ရောက်

သွားလေ၏။ ခင်မောင်ဆွေသည် အဘိုးကြီး၏ နောက်မှ အတင်းပြေးလိုက်၍ အဘိုးကြီး၏လက်တစ်ဖက်ကို သူ့လက်နှစ်ဖက်နှင့် အတင်းစုံကန်၍ ဆွဲထားလိုက်လေ၏။

သို့သော် အဘိုးကြီးက ထောင်ထောင်မောင်းမောင်းနှင့် ဗလကောင်း၏။ ခင်မောင်ဆွေ၏ ဗလမှာ အဘိုးကြီးနှင့်စာလျှင် ဆင်နှင့်ဆိတ်လောက် ဖြစ်နေသည်။

ထို့ကြောင့် အဘိုးကြီးက ဖွတ်အတင်း ဝင်လေတော့ရာ ခင်မောင်ဆွေမှာ မြေကြီးကို စုံကန်ရင်းက တရွတ်တိုက် ရှေ့ပါနေရလေတော့သည်။

"မဝင်ရဘူးလေ...၊ ဦးလေး ... ပြန်ထွက်"

ခင်မောင်ဆွေက နှုတ်မှမြည်တမ်း၍ အတင်းဆွဲနေသော်လည်း အပြောသမားမဟုတ်ဘဲ အလုပ်သမားဖြစ်သော အဘိုးကြီးသည် ဖွတ်တိုးသွားလေတော့ရာ အပြင်းအထန် ကန့်ကွက်နေသော ခင်မောင်ဆွေမှာ ကန့်ကွက်လျက်ကပင် ရှိုးခနဲ ... ရှိုးခနဲ ... မြေတွင် ချော်၍ ပါသွားနေလေတော့သည်။

*ဤတွင် မိန်းကလေးက ရေနစ်သူကို ဝါးကူ၍ ထိုးလိုက်ပြန်၏။*

ကြီးကြီးကျယ်ကျယ်လုပ်၍ အဘိုးကြီးကို ဆွဲခေါ်နေသော်လည်း မာန်ကြီးသည့် ခါချဉ်ကောင် တောင်ကိုဖြို၍ မရသလို ကန့်လန့်ကန့်လန့်ပါသွားရသည့်အထဲတွင် ကောင်မလေးက အထုပ်တွေ ချထားခဲ့ပြီး ခင်မောင်ဆွေကို လက်နှစ်ဖက်နှင့် နောက်ကနေ စုံတွန်းလိုက်လေတော့သည်။

အဘိုးကြီးက ရှေ့က မားမားမတ်မတ်သွား၊ အလယ်က ခင်မောင်ဆွေက ကုန်းကုန်းကြီးနှင့် ယက်ကန် .... ယက်ကန်ပါသွား။

နောက်က ကလေးမက အရှိန်နှင့်တွန်းပေး ... နှင့် သုံးယောက်သားမှာ အဝေးမှကြည့်လျှင် ထမင်းလုံးတစ်လုံးကို ပုရွက်ဆိတ်နှစ်ကောင် ချီနေသလို အသွင်ကိုဆောင်နေလေတော့သည်။

ထိုခဏတွင် အိမ်တွင်းမှ ဒေါ်စန်းရှင်သည် ထွက်လာပြီး ဆင်ဝင်အစပ်ဘက်နားက ပန်းအိုးကို လာကြည့်လေ၏။ သို့ရာတွင် ထိုသို့ ပန်းအိုးကိုအကြည့်၌ ဝင်းဝဆီမှ အတွင်းဘက်ဆီသို့ တရွေ့ရွေ့နှင့် ရှုန်းရင်းယက်ရင်း ဖြစ်နေသည်များကို ရိပ်ခနဲ မြင်လိုက်မိသည်။ သို့ကြောင့် သဲသဲကွဲကွဲ ဖြစ်စေခြင်းငှာ တစ်ဖန်ထပ်၍ မော့ကြည့်လိုက်လေ၏။

သူ မြင်ရသည့် ရုတ်ရုတ်ရက်ရက် မြင်ကွင်းကြောင့် ရင်တွင်းဘွင် ဒိတ်ခနဲဖြစ်သွားပြီး ရင်ဘတ်ကို လက်ဝဲလက်ကလေးနှင့် ဖိလိုက်မိသည်။

"ဘုရား ... ဘုရား၊ ဘယ့်နှာတွေ ဖြစ်ကုန်ပါလိမ့်"

အတွင်းဘက် ဖိနပ်ချွတ်တွင် တံမြက်စည်းလှဲနေသော ဒေါ်အေးသာသည် ဒေါ်စန်းရှင်၏စကားကြောင့် တံမြက်စည်းကြီးကို ကိုင်ရင်းက ဒေါ်စန်းရှင်အနားသို့ ပြေးဆင်းလာခဲ့လေသည်။

"ဘာလဲ ... မမကြီး၊ တီကောင်တွေ တွေ့နေသလား"

"ဘယ်က တီကောင်လဲဟဲ့..."

"မြေကြီးထဲက တီကောင်ပေါ့ မမကြီးရဲ့"

"တယ် ... ဒီကောင်မဟာ။ ဟိုမှာ ... ခင်မောင်ဆွေ ဘာဖြစ်နေသလဲ မသိဘူး။ သွား ... မြန်မြန် သွားပြီးကူလိုက်စမ်း။ ငါအသည်းထိတ်သွားတာ"

ပန်းအိုးဆီကိုသာ မကြည့်နေသော ဒေါ်အေးသာသည် သူ့သခင်မစကားကြောင့် ဒေါ်စန်းရှင်ကြည့်ရာသို့ လိုက်ကြည့်ပြီးသော်

ထိတ်ထိတ်ပျာပျာ ဖြစ်သွားကာ တံမြက်စည်းကြီးကို ဖော်ကကို စတင်၍ ကတော့မည်ကဲ့သို့ပြုလိုက်၏။ ထို့နောက်မှ သူယောင်ယောင် ပေါင်ပေါင် ဖြစ်နေသည်ကို ပြန်ကြည့်မိပြီး "ရော ... မကြီး၊ ဒါကို ယူထား၊ ကျွန်မ သွားပြီးကူလိုက်ဦးမယ်"ဟု ပြောကာ တံမြက်စည်းကြီးကို ဒေါ်စန်းရှင် ဘက်သို့ အတင်းထိုးပေးလိုက်၏။

တံမြက်စည်းသည် နတ်မြားတံမြက်စည်းဟုခေါ်သည့် မတ်တတ် လှည်းရသော တံမြက်စည်း ဖြစ်၏။ လှမ်းပေးသောလက်က ကိုင်ထား သည့်နေရာမှ အဖျားပိုင်းနားက ဖြစ်၏။ ထို့ကြောင့် လှည့်မကြည့်ဘဲ အတင်းထိုးပေးလိုက်သောအခါ တံမြက်စည်းမှ တံမြက်ဆန်များသည် ဒေါ်စန်းရှင်၏မျက်နှာကို ပွတ်သီးပွတ်သတ်နှင့် ချစ်စနိုးဟန်နှင့် နှံ့ကြလေ သော်...

"ဟယ်...သောက်ကောင်မ...ဖွတ်...ဖွီး...ဟတ်...ဟတ်... ချီး"

ဟူသော အသံမျိုးစုံတို့သည် ဒေါ်စန်းရှင်ထံမှ ထွက်ပေါ် လာခဲ့လေ၏။ လျင်မြန်စွာပင် ဒေါ်စန်းရှင်က တံမြက်စည်းကြီးကို လက်နှင့်ဆွဲယူ၍ မြေကြီးပေါ်သို့ ဆောင့်အောင့်ပစ်ချလိုက်လေတော့ သည်။

ဘာကိုမှ လှည့်မကြည့်တော့သော ဒေါ်အေးသာသည် လက် ထဲက တံမြက်စည်းကြီး လွှတ်သွားသည်နှင့် တစ်ပြိုင်နက်။

**ရုန်းကန်ယက်တွန်းဖြစ်နေသော သုံးယောက်တန်းဆီသို့ ပြေး သွားလေ၏။**

သူ ပြေးသွားပြီး ဘယ်လို ကူညီသည်ကို ကြည့်ပါဦး။

ဒေါ်အေးသာသည် နောက်ဆုံးသို့သွား၍ မိန်းကလေး၏ နောက်ကျောကို လက်နှစ်ဖက်နှင့်ကိုင်ကာ တွန်းပေးလိုက်လေ၏။

ခင်မောင်ဆွေမှာ နဂိုကမှ ဦးဒွေးကိုပင် တစ်ယောက်ချင်း မဆွဲနိုင်

သည့်ကြားက ဦးခွေး၏သမီးက နောက်ကတွန်းသည့်အခါ ပိုမို၍လျင်မြန်စွာ ရွေ့ပါလာရဆဲတွင် ယခုတစ်ဖန် ဒေါ်အေးသာက နောက်ဆုံးက ကူညီတွန်းပေးသောအခါ လူတန်းကြီးမှာ ဒေါ်စန်းရှင်၏ ရှေ့သို့အမြန်ဆုံးသောနည်းဖြင့် ရောက်လာရလေတော့၏။

ဦးခွေးသည် ဒေါ်စန်းရှင်ကို မြင်သောအခါ စုံရပ်လိုက်၏။ သူနှင့် မျက်နှာချင်းဆိုင်နေရသော ဒေါ်စန်းရှင်သည် ဦးခွေး၏မျက်နှာကိုလွန်မင်းစွာ ကြောက်ရွံ့ဟန်နှင့် မျက်လုံးများ ပြူး၍ ကြည့်လိုက်၏။

ဦးခွေးဘက်က ကြည့်ပါဦး။

ခြံဝရောက်ရောက်ချင်းပင် ခင်မောင်ဆွေက ပြူးပြဲပြ၏။ မကျေမနပ် ဖြစ်ခဲ့ရသည်။ သို့ဖြင့် ရှန်းရင်းကန်ရင်းဖြင့် အိမ်ပေါက်ဝရောက်ခဲ့ရပြန်တော့လည်း အိမ်ပေါက်ဝမှ အဒေါ်ကြီးတစ်ဦးက ဆီးကြို၍ မျက်လုံးများ ပြူးပြဲပြန်သည်။ *အပြူးဂေဟာကိုများ ရောက်လာရောသလားဟု တွေးမိမည်ဆိုက တွေးမိစရာပင် ဖြစ်၏။*

"မကြောက်ပါနဲ့၊ ဒီဟာ အိမ်ပါပဲနော်"

"ဟုတ် ... ဟုတ် ... ဟုတ်တယ် ... ဒီဟာ အိမ်ပေါ့"

"မျက်စိ၊ နား၊ နားရွက်၊ နှုတ်ခမ်း၊ ပါးစပ် ဆေးရုံတော့ မဟုတ်ပါဘူးနော်"

ဤတွင် နောက်ဘက်နားက ခင်မောင်ဆွေက ဘေးသို့ထွက်ခဲ့ပြီး ဦးခွေးနှင့် ယှဉ်ရပ်လိုက်သည်။

"ဦးလေးက ဆေးရုံကို သွားချင်တာလား"

"မင်း အသာနေစမ်းပါ။ ဒီအိမ်လူတွေက မျက်လုံးတွေ ထပ်ပြူးကြလို့ မေးရတာပါ"

ဒေါ်စန်းရှင်သည် ဦးခွေးကို လက်ညှိုးနှင့်ထိုးရင်း...

"ရှင် ... ရှင်..."

ဒေါ်စန်းရှင်မှာ ကြောက်လွန်း၍ အသံတွေ နစ်ဝင်နေသည်။ ဦးခွေးသည် ရုတ်တရက် မျက်နှာဝင်းကြည်သွား၏။

"ဩော် ... ဟုတ်ကဲ့ ... ဖိုးချမ်း"

ဦးခွေး၏စကားမဆုံးမီ ဒေါ်စန်းရှင်မှာ "အောင်မယ်လေး"ဟု အော်၍ မေ့လဲကျသွားလေရာ ဒေါ်အေးသာမှာ ပြေးလာပြီး နောက်ဘက်မှ ဆီး၍ ပွေ့ယူလိုက်ရ၏။

"လုပ်ကြပါဦး ... နာ ... နာ ... မမကြီး ... မမကြီး"

ခင်မောင်ဆွေမှာလည်း ပျာပျာသလဲပင် အိမ်ထဲဝင်ရန် ဖိနပ်ချွတ်ဆီသို့ ပြေးတက်သွားပြီး တစ်ဖန် စိတ်ကူးတစ်မျိုးပေါက်ကာ ချက်ချင်း ပြန်ကွေ့ဆင်းလာလေ၏။ ထိုနောက် ဦးခွေးဆီသို့ "ခင်ဗျား ဘာလို့ ဒုက္ခပေးရတာလဲဗျ"ဟု ရန်ပြုတော့မည့်ဟန်နှင့် ပြေးဝင်လိုက်ရာ ဦးခွေးက ရင်ဘတ်ကို ဆီးတွန်းလိုက်ရုံနှင့်ခင်မောင်ဆွေမှာ အားမတန်၍ မြေကြီးပေါ် ဖင်ထိုင်လျက်ကျသွားလေ၏။

ဦးခွေးသည် ခင်မောင်ဆွေကို ဂရုမထားတော့ဘဲ သူ့ကြောင့် မေ့မျောသွားရသော ဒေါ်စန်းရှင်ကို ပြုစုရန် လှည့်လိုက်၏။

"လုပ်ကြပါဦး ... ကြည့်မနေကြနဲ့လေ"

ဒေါ်အေးသာက အလန့်တကြား ထပ်အော်လိုက်ရာ ဦးခွေးသည် ဘာမပြော ညာမပြောနဲ့ လုပ်မိလုပ်ရာ ဒေါ်စန်းရှင်၏ ခြေနှစ်ဖက်ကို ကောက်မလိုက်သောကြောင့် ဒေါ်စန်းရှင်၏ ကိုယ်အလေးချိန်မှာ ဦးခေါင်းဆီဘက် ထိုးဆင်းသွားတော့၏။ ဦးခေါင်းပိုင်းက ဖေးရုံဖေးထားသော ဒေါ်အေးသာမှာ မနိုင်တော့ဘဲ မြေကြီးပေါ်သို့ ထိုင်လျက်ကျ၏။ ဒေါ်စန်းရှင်က သူ့အပေါ်တွင် ကျနေသည်။

စောစောက ကြောင်၍ ရပ်ကြည့်နေသော မိန်းမပျိုလေးမှာ ဒေါ်အေးသာတို့ကို ကူညီရန် စိတ်ကူးဝင်လာပြီဖြစ်၍ သူ့အမေကို ပတ်၍

ပြေးသွားလိုက်၏။ သို့သော် မြေကြီးပေါ်၌ ထိုင်လျက်ကျနေသော ခင်မောင်ဆွေ၏အမြင်တွင် ရန်ပြုရန်သွားသည်ဟု ထင်သွားရကား မိန်းမပျိုကလေး သူ့ခြေထောက်နားကအဖြတ် ခြေထိုးခံလိုက်၏။

ကလေးမသည် ခေါက်ခနဲ ပစ်ကျလေတော့သည်။ သို့သော် သူကျပုံမှာ ခင်မောင်ဆွေ၏ ပေါင်ပေါ်သို့ဒူးထောက်ကျပြီး လက်တစ်ဖက်က ခင်မောင်ဆွေ၏နောက်သို့ လန်တန်တန်ဖြစ်နေသော ဗိုက်ပေါ်သို့ အရှိန်နှင့်ထောက်မိလေရာ ခင်မောင်ဆွေမှာ "အင့်" ခနဲ မြည်ပြီး မြေကြီးပေါ်တွင် ပက်လက်ဆန့်ဆန့်ကြီး ဖြစ်နေလေတော့သည်။

ထိုအချိန်တွင် အိမ်တွင်းမှထွက်လာသော မှုမှူးသွယ်မှာ ထွက်လာစက အေးအေးဆေးဆေးဖြစ်သော်လည်း ထိုမြင်ကွင်းကို မြင်လိုက်သောအခါ ထိတ်ထိတ်ပျာပျာ ဖြစ်သွားရတော့သည်။

*"ဖြစ်မည်ဆိုကလည်း ဖြစ်စရာပင်..."*

*"ရှုပါဦးလော့"*

ဒေါ်အေးသာသည် မြေကြီးပေါ်တွင် ထိုင်လျက်သားဖြစ်နေသည်။ သူ့ရင်ခွင်ထဲတွင် မိခင်ဒေါ်စန်းရှင်သည် မျက်စိကြီးပိတ်နေ၏။ ဤသည်ကို နှုတ်ခမ်းမွေးနှင့် အဘိုးကြီးတစ်ယောက်က ခြေနှစ်ဖက်က ဆွဲ၍မထားသည်။ နံဘေးနားတွင် ခင်မောင်ဆွေသည် မြေကြီးပေါ်တွင် အဆန့်သားဖြစ်နေစဉ် မိန်းမပျိုတစ်ယောက်သည် ခင်မောင်ဆွေကို ကန့်လန့်ဖြတ်၍ ဒူးနှင့်ထောက်ထားသည့်ပြင် မထနိုင်အောင် ဗိုက်ကို ဖိထားသည်။

*ဤမြင်ကွင်းမျိုးမှ မျက်စိမနောက်လျှင် ဘယ်မြင်ကွင်းမျိုးသည် မျက်စိနောက်စရာ ဖြစ်ပါချေအံ့နည်း။*

"အောင်မယ်လေး ... လုပ်ကြပါဦး"

မှုမှူးသွယ်သည် အလန့်တကြား အော်လိုက်၏။

သူ၏ အော်သံကြောင့် ဦးခွေးနှင့် သူ၏သမီးတို့မှာ အသံလာရာဆီသို့ လှည့်ကြည့်ပြီး မှင်တက်မိနေကြသည်။

ဒေါ်စန်းရှင်မှာ ရုတ်တရက် သတိရလာခိုက်မှာ သမီး၏အော်သံကို ကြားလိုက်သောအခါ ဘာကိုမှ မစဉ်းစားနိုင်ဘဲ အတင်းထရန် ကြိုးစားလိုက်သည်။ သို့သော် သူ့ခြေထောက်ကြီးနှစ်ဖက်ကို ဦးခွေးက အတင်းမထားသဖြင့် မထနိုင်ဘဲ မြေကြီးပေါ်တွင် လက်နှစ်ဖက်နောက်ပြန်ထောက်ကာ ကော့လန်လန်ကြီး ဖြစ်နေလေ၏။

"လွှတ် ... ငါ့ကို ခြေထောက်လွှတ်"

မိန်းမပျိုသည် ဗိုက်ပေါ်ထောက်ထားသော လက်ကိုသာလျှော့၍ပေးလိုက်သည်မဟုတ်။ တစ်ကိုယ်လုံးပင်ဖယ်ပေး၍ မတ်တတ်ထရပ်လေသည်။

ထိုအခိုက်တွင် အိမ်ဘေးဘက်ဆီမှ ပတ်၍ မဂ္ဂမ်းပုံ ခပ်သုတ်သုတ် ရောက်လာလေ၏။ ပန်းကန်များကို ဆေးကြောရင်းက ထွက်လာဟန်ရှိသည်။ အဘယ်ကြောင့်ဆိုသော် သူ့လက်ထဲတွင် ရေဖုတ်အဝတ်ကြီးတန်းလန်းနှင့် ဖြစ်နေသောကြောင့်တည်း။

ဗရုတ်သုတ်ခဖြစ်နေသော မြင်ကွင်းကို မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် ရင်ထဲတွင်ပူသွားကာ လုပ်မိလုပ်ရာ လက်ထဲမှ အဝတ်ရေစိုကြီးနှင့် တအားလွှဲ၍ ပစ်လိုက်လေ၏။ ရေစိုအဝတ်ကြီးသည် အရပ်ပုသော မိန်းကလေး၏ ဦးခေါင်းထက်ဆီမှ ဗိုးခနဲ ကျော်ဖြတ်ကာ အရပ်မြင့်သော ဦးခွေး၏မျက်နှာဆီသို့ တည့်တည့်မတ်မတ် "ဗတ်"ခနဲ ပြေးကပ်လေတော့ရာ...

"ဟယ် ... နင့်အမေကလွှားတဲ့မှ ... ကျော်ရှောဟဲ့..."

ဟု ဦးခွေးသည် လွှတ်ခနဲ မြည်တမ်းလိုက်ပြီးလျှင် လက်ထဲတွင် မြတ်နိုးစွာ ဆုပ်ကိုင်ထားသော ဒေါ်စန်းရှင်၏ ခြေထောက်ကြီး

နှစ်ဖက်ကို ဘုတ်ခနဲ လွှတ်ချလိုက်လေ၏။ ခြေထောက်ကို လွှတ်ချလိုက်ရသဖြင့် အားသွားပြီဖြစ်သော လက်ကြီးများနှင့် မျက်နှာကို အုပ်၍ သစ္စာနဲ့နေသော ရေစိုအဝတ်ကြီးကို အတင်းဆွဲခွာရလေတော့သည်။

မငွမ်းပုံသည် သူတူမဖြစ်သူ ဦးဒွေး၏သမီးကို ကောင်းစွာ မမှတ်မိတော့သဖြင့် မသိချေ။ သို့သော် သူ ရေဖတ်အဝတ်ဖြင့် ပစ်လိုက်သူကို သူသေချာစွာ ကြည့်နေရာ မျက်နှာကြီးပေါ်လာသည်နှင့် တစ်ပြိုင်နက်...

"ဟင် ... ကိုရင်ပါလား"

ဟု လွှတ်ခနဲ အော်လိုက်မိတော့သည်။

သူစိမ်းများရောက်လာသဖြင့် စိတ်ရှုပ်တွေးနေကြရသော ဒေါ်အေးသာ၊ ဒေါ်စန်းရှင်နှင့် ခင်မောင်ဆွေတို့မှာ မငွမ်းပုံ၏စကားကြောင့် နောက်ထပ် ကိုရင်တစ်ပါး ကြွလာပြန်ပြီထင်ကာ အပေါက်တကြား ဝင်းဝဆီသို့ လှည့်ကြည့်လေ၏။ ထိုနောက်မှ ဘာမှ မတွေ့သဖြင့် မငွမ်းပုံကို လှည့်ကြည့်ကြပြန်သည်။

မငွမ်းပုံက သူတို့နားသို့ ရောက်လာချိန်တွင် ခင်မောင်ဆွေသည်လည်းကောင်း၊ ဒေါ်စန်းရှင်သည်လည်းကောင်း မတ်တတ် ရပ်မိကြပြီ ဖြစ်၏။ ခင်မောင်ဆွေက မငွမ်းပုံကို မေးလိုက်သည်။

"ဘယ်မှာလဲကို ကိုရင်က"

"ဒီမှာပေါ့"

မငွမ်းပုံက ဦးဒွေးကို လက်ဖြင့်ညွှန်ပြသဖြင့် ခင်မောင်ဆွေက ဦးဒွေးကို လှည့်ကြည့်ပြီး တစ်ဖန် ငွမ်းပုံကို ပြန်လှည့် ပြော ပြန်သည်။

"ဒီနွတ်ခမ်းမွေးကြီးနဲ့ဟာ ကိုရင်ဖြစ်နိုင်ပါ့မလား မငွမ်းရဲ့။ ဘကယ်ဆိုရင် ဘုန်းကြီးလူထွက်ဆိုတာက ဖြစ်နိုင်သေးတာပေါ့။ ဒါပေမဲ့ သူကပြောတော့ သူ မုဆိုးဖိုဆို"

ဤစကားကို ဦးဒွေးက မခံနိုင်သဖြင့် ဆတ်ဆတ်ခါသွား၏။

"ဘယ်က မှဆိုးဖိုလဲကွ။ ငါ့မိန်းမက ငါနဲ့ကွဲသွားတာ။ ငါ့အလုပ်က မှဆိုးလို့ ပြောတာပဲ"

မငွမ်းပုံသည် သူတို့ကို ဘာမျှမပြောတော့ဘဲ ဒေါ်စန်းရှင်နားသို့သာ ချဉ်းကပ်ပြီး...

"မမကြီးရဲ့ ဒါ ကျွန်မရဲ့ အစ်ကိုလေ။ မမကြီးက ကြောက်တယ်ဆိုလို့ အဖော်ရအောင် ခေါ်လိုက်ရတာ။ ဟိုဥစ္စာလေ ... ဟိုမှာ... အဲ ... သံကြိုးရိုက်ခေါ်ရတာ။ ဟိုဘက်ခြံက ကိုစောလွင်ကို သွားရိုက်နှိုင်းရတယ်"

ဟု ရှင်းပြရင်း မိတ်ဆက်ပေးလိုက်ရာမှ ဒေါ်စန်းရှင်မှာ မျက်နှာရွှင်ကြည်သွားလေတော့၏။

"ဪ ... ဒီလိုဆိုရင် ကောင်းပါလေရဲ့။ လာ ... အိမ်ထဲဝင်ရအောင်။ အိမ်ထဲကျမှ အကျိုးအကြောင်း ပြောရတာပေါ့"

အားလုံး အိမ်ထဲရောက်၍ ဧည့်ခန်းတွင် ထိုင်မိကြလေသည်။

"နေပါဦး၊ စောစောက ဘာတွေ ဖြစ်ကုန်ပါလိမ့်။ ဪ... သတိရပြီ။ ငါ့မျက်နှာကို မအေးသာက တံမြက်စည်းနဲ့လှည်းတယ်"

"အို ... မမကြီးလည်း ကြဲကြဲဖန်ဖန် တံမြက်စည်းကို လှမ်းပေးတာပေါ့"

သူတို့နှစ်ယောက် ရှင်းသွားသော်လည်း မိန်းမပျိုလေးမှာ မျက်မှောင်ကုတ်သွား၏။

"စောစောက ဒီအစ်ကိုက ကျွန်မကို ခြေထောက်နဲ့ ကလန့်တယ်"

"ဟယ် ... ငါရှင်းပြပါ့မယ်၊ နင်တို့ကို ငါက မိတ်ဆွေလို့ မထင်သေးတဲ့အခါကိုး။ ဒီတော့ နင်က ဒေါ်ဒေါ်တို့ဆီကို ဘာဖြစ်လို့ အူယားဖားယား ထ ပြေးရတာလဲ"

"ဩော် ... ဟို ... ကြီးတော်ကြီး မေ့လဲတာကို ကူပြီး ပြုစုပေးမလို့ပေါ့"

"ဟင် ... ဟုတ်လား၊ ငါက မသိပါဘူး။ ဟိုက အဒေါ်ကြီးကို နင်က ပါးသွားရိုက်မယ် မှတ်လို့ တားဆီးလိုက်တာပါ"

ခင်မောင်ထွေးက ဒေါ်အေးသာကို လက်ညှိုးညွှန်၍ ပြောလိုက်ရာ ဒေါ်အေးသာမှာ ဆွေ့ဆွေ့ခုန်သွားလေ၏။

"အောင်မယ် ... ဘာဆိုင်လို့ သူက ငါ့ကို ပါးရိုက်ရမှာလဲ။ သူနဲ့ ငါနဲ့ ရည်းစားလုဖက်မှ မဟုတ်တာ။ မင်းစကားကို ကြည့်ပြောနော်"

"သူနဲ့သာ ရည်းစားလုရင် အဒေါ်ရှုံးမှာပေါ့"

"ခင်မောင်ထွေး ... နင် ... တော်နော်"

ဒေါ်အေးသာ၏ စကားအဆုံးတွင် ဒေါ်စန်းရှင်က စကားကို ဝင်၍ ဖြတ်လိုက်သဖြင့် "တော်ကြစမ်းပါလေ၊ ခုလို အိမ်မှာလူတွေများသာတာ ကောင်းတာပေါ့။ လုံခြုံမှုရှိတယ်။ ဒါထက် ရှင်က စောစောက ဘာဖြစ်လို့ ဖိုးဂျမ်းလို့ ပြောရတာတုံး"ဟု ဦးထွေးကို မေးလိုက်၏။

"ဩော် ... ဒီသူငယ်ကလည်း ဖိုးဂျမ်းလား၊ ဖိုးဂျမ်းရဲ့ အမျိုးသားနဲ့ တမေးတည်း မေးနေတော့ အစ်မကြီးကလည်း ကျွန်တော့်ကို ဖိုးဂျမ်းလို့ မှတ်သွားမှာစိုးလို့ ဖိုးဂျမ်း မဟုတ်ပါဘူးလို့ ပြောမလို့ပါ။ အစ်မကြီးက အတက်မြန်သွားတာနဲ့ ပြောမဖိလိုက်တာပါ။ နောက်ကို တက်မယ်ကြံရင် စဉ်းစဉ်းစားစား လုပ်ပေါ့"

ဦးထွေး၏အကြံပေးချက်ကို ခင်မောင်ထွေး ကြားရသောအခါ...

"ဩော် ... ဟုတ်ကဲ့၊ ဒေါ်ဒေါ်က နောက်ကို တက်မယ်ကြံရင် ဦးလေးကို လာလာမေးပြီး တက်သင့်မှ တက်ပါမယ်တဲ့ဗျာ"

ဟု ပြောလိုက်ရာ ဦးထွေးတစ်ယောက်သာ နှုတ်ခမ်းမွေးထောင်သွားသည်။ အားလုံးကတော့ ဝိုင်း၍ ရယ်လိုက်ကြ၏။

"မဟုတ်ပါဘူးကွ၊ ငါက အရမ်းမကြောက်သင့်ဘူးလို့ ပြောတာပါ။ ဒါထက် အစ်မကြီးတို့က ဒီဖိုးဂျမ်းကို ဘာဖြစ်လို့ ကြောက်ရတာလဲ"

"ဪ ... ကျွန်မ ရှင်းပြပါ့မယ်။ လွန်ခဲ့တဲ့ အရက်နှစ်ဆယ်လောက်တုန်းက ဒီအိမ်မှာ ဓားပြတိုက်ခံရတယ်"

"ဟုတ်လား၊ ဓားပြတွေက ဘယ်သူတွေတုံး"

ဦးဒွေးက ဖြတ်မေးသည်ကို ခင်မောင်ဆွေက ဖြတ်ဖြေ၏။

"ဟုတ်ကဲ့ ... ဓားပြတွေက မှတ်ပုံတင် မေ့ကျန်ခဲ့လို့ သေသေချာချာ ဖြေမသွားနိုင်ခဲ့ဘူး ခင်ဗျာ"

"ဟောကောင် ... ငါက ဓားပြတွေမိလို့ ဘယ်သူဘယ်ဝါတွေလဲလို့ မေးတာပါကွ။ ဓားပြတိုက်ရင် မှတ်ပုံတင်ပြ မတိုက်ဘူးဆိုတာ ငါသိတယ်"

ဒေါ်စန်းရှင်က သူ့စကားကို ပြန်ဆက်ပြန်လေသည်။

"ဓားပြတွေက အသိထဲက မဟုတ်ကြပါဘူး။ ငါးယောက်မှာ လေးယောက်မိတယ်။ ဖိုးဂျမ်းဆိုတာက ခေါင်းဆောင်၊ သူ့ကို မမိသေးဘူး။ ရဲဘက်က လိုက်နေတုန်းပဲလေ။ သူက ကျွန်မရဲ့ခင်ပွန်း ဦးမြတ်သာကို သတ်သွားတာပါ။ ကျွန်မတို့က အော်ကြလို့ ပစ္စည်းတွေ ရမသွားဘဲ ထွက်ပြေးသွားကြရတယ်။ အဲဒါကြောင့် ဖိုးဂျမ်းက လက်စားချေမှာ ကြောက်နေရတာပေါ့"

ဦးဒွေးသည် ခေါင်းကလေးကို ဟဆတ်ဆတ် ညိတ်ရင်း တစ်ချက်ပြုံးလိုက်လေရာ အနားမှ သူ့ကိုကြည့်နေသော ခင်မောင်ဆွေမှာ လှုပ်လှုပ်ရွရွ ဖြစ်သွားလေတော့သည်။

"ဒီမှာ ဦးလေးရဲ့၊ အခု ဒေါ်ဒေါ် ပြောနေတဲ့အထဲမှာ စိတ်ချမ်းသာစရာစကား တစ်ခွန်းမှ မပါဘူး။ သတိထားမိရဲ့လား ခင်ဗျ"

"အေးလေကွာ ... ငါ မြန်မာစကား နားလည်ပါတယ်"

"ဒါဖြင့် ဒါလောက် စိတ်မချမ်းသာစရာတွေ ဖြစ်နေတာကို ဦးလေးက ဘာကိုသဘောကျပြီး ပြုံးစိစိဖြစ်သွားရတာလဲ။ အဲဒီဆိုင် ဦးလေးနဲ့ကွဲသွားတဲ့ မိန်းမဟာ ဦးလေးဆီ ပြန်လာမယ်လို့ ထင်လို့လား"

"တယ်လေ ... ဒီကောင်ဟာ ... ဒီမိန်းမကို ငါက ပြတ်ပါပြီကွ။ ဟောဒီ ငါ့သမီးလေး မခင်မြင့်ကို မွေးမြူရင်းနဲ့ပဲ ငါရေးသက်ပန်နေသွားတော့မယ်။ ငါ သူ့ကိုလည်း မလွမ်းတော့ပါဘူး။ ငါ ပြုံးတာက ဟောဒီက အစ်မကြီး ကြောက်တယ်လို့ ဆိုလို့ပါ"

"ကြောက်တယ်ဆိုတာကရော ရယ်စရာလားဗျ။ လူပြက်ပျက် နေတာမှ မဟုတ်တာ"

"မဟုတ်ပါဘူးကွ၊ ငါဟာ မုဆိုး။ တောထဲက ကျားတွေ၊ ဆင်တွေကိုတောင် ဒူးလေးနဲ့ ရင်ဆိုင်လာတာ။ ဖိုးဂျမ်းလိုကောင်မျိုးတော့ မမှုလို့ ပြုံးမိတာပါ။ ဒီမှာ အစ်မကြီး ဘာမှအားမငယ်နဲ့။ ကျွန်တော် စောင့်ရှောက်ပါမယ်။ နက်ဖြန်ကို ဒူးလေးလုပ်မယ်။ ဖိုးဂျမ်းပဲလာလာ၊ ဖိုးပျော့ပဲလာလာ၊ ဘာမှ မခံနိုင်ရဘူး။ အမဲ ဖမ်းပြမယ်။ အမဲဖမ်းပြမယ်"

ဦးထွေးသည် အောင်မြင်လှသော အသံကြီးနှင့် ကြုံးဝါးလိုက်၏။ ခင်မောင်ဆွေကမူ လေသံပျော့ကလေးနှင့်သာ ဝင်ထောက်လိုက်သည်။

"အမဲတော့ မဖမ်းပါနဲ့ ခင်ဗျာ၊ ဒီအိမ်က ကလေးမှမရှိတာ။ ကျိုးကန်းသားပဲ ဘယ်သူမှ စားမယ်မထင်ပါဘူး"

■

# ၄

## တီးစဉ်နှင့် မီးအထင်

*ညဥ့်သည် တိတ်ဆိတ်နေသည်။*

ညဥ့် ခုနစ်နာရီသည် မြို့ထဲတွင် စည်ကားဆဲဖြစ်၍ မိုးချုပ်မှန်းပင် မသိသာသေးသော အချိန်ဖြစ်၏။

သို့သော် ဒေါ်စန်းရှင်တို့နေသော ဆင်ခြေဖုံးရပ်ကွက်တွင်ကား တိတ်ဆိတ်လျက်၊ ပြိုးပြိုးပြက် တလက်လက်နှင့် မျက်စပစ်နေသော ကြယ်မှုန်ကြယ်ပွင့်ကလေးများ၏ အောက်ဝယ် ခြံကျယ်ကြီးများသည် ငြိမ်သက်နေကြပြီး သဘာဝ၏ညဥ့်အလှကို အရသာ ခံနေရသလို ထင်မှတ်ရ၏။

တစ်ချက်တစ်ချက်တွင် ဦးတည်ချက်မမှန်သော လေရူး လေပြင်းကလေး ဝှေ့ယမ်းလိုက်သည့်အခါများတွင်သာ ထိုးထိုးထောင်ထောင်ဖြစ်နေသော သစ်ပင်ကြီးများသည် အသက်ဝင်လာ သလိုလို ဟိုသည်ယိမ်းခါသွားကြ၏။ ထိုသို့သော လေရူးကလေးထဲတွင် သင်းထုံထုံကလေး ပါလာသော ညဥ့်ဘက်တွင် မွှေးရနံ့ပေးတတ်သည့် ပန်းနံ့ကလေးများ

သည့် ဂရုပြုမည့်သူမရှိသဖြင့် လေထဲတွင် အလဟဿ ပျံ့ပြယ်သွားရသည်။

နက်ပြာရောင်ပေါ်တွင် စိန်မှုန့်ပက်ထားသည့် မိုးကောင်းကင်ကြီးကို နောက်ခံပြုလျက် ဒေါ်စန်းရှင်တို့၏တိုက်ကြီးသည် ငြိမ်သက်စွာ ရပ်တည်နေ၏။ အပေါ်ထပ်မှ မှန်ပြတင်းအချို့နှင့် အောက်ထပ်မှ မှန်ပြတင်းအချို့သည် အထဲမှမီးရောင်ကြောင့် လှပစွာ အထင်းသားပေါ်လွင်နေသည်။ မည်းမှောင်သော လေးထောင့်တုံးကြီးပေါ်တွင် အလင်းရောင်လေး ထောင့်ပြားများ ကပ်ထားဘိ၏သို့ ထင်ရှားလှသည်။

ခဏတော့ တိတ်ဆိတ်မြဲ တိတ်ဆိတ်နေသည်။

သို့သော် မကြာမီပင် မယ်ဒလင်ခတ်သံ တစ်ချက်နှစ်ချက် ထွက်ပေါ်လာပြီးသည့်နောက်တွင် မိန်းကလေးတစ်ဦး၏ သာယာလှသော သီချင်းသံသည် ညဥ့်ယံ၏အလှတစ်ကွက်ကို တပြုံးပြက်ပြက် ထောက်လိုက်စေသည်။

*"မေတ္တာရှင်မှာ၊ အစဉ်သာပျိုး ... သူ့ကိုတွေ့ရင် မျက်စောင်းထိုးလို့၊ကြည့်ရသည်တိတ်တမိုး၊အိမ်ကိုလာရင်သူ့ဟန်သွင်မှုရာခပ်ရိုးရိုး၊ အဖေနဲ့ အမေရဲ့ မေတ္တာမိုးက သူ့အပေါ် ရွာသွန်းဖြိုး... ဒါကိုအခွင့်ကောင်း ချစ်ကြောင်းများနဲ့ ချစ်ပင်သူကချိုး..."*

အိမ်၏အောက်ထပ် ဧည့်ခန်းထဲတွင် ဖြစ်သည်။

ကုလားထိုင်တစ်လုံးတွင် ခင်မောင်ဆွေသည် ခြေထောက်နှစ်ဖက်စလုံး တင်ထိုင်နေပြီး မယ်ဒလင်ကို တီးနေသည်။ သူနှင့်ဘေးချင်းကပ်လျက် ကုလားထိုင်တွင် မှုမှုသွယ်သည် သီချင်းစာအုပ်ကိုကိုင်၍ သီချင်းဆိုနေ၏။ မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဒူးလေးကြီးကို ဟိုဘက်က ကြည့်လိုက်၊ သည်ဘက်က ကြည့်လိုက်နှင့် လုပ်နေသော

မုဆိုးကြီး ဦးဒွေးသည် တစ်ချက်တစ်ချက် မယ်ဒလင်တီးနေသည်ကို ကြည့်လိုက်ရင်း ပီတိဖြစ်နေသည်။

*"မေတ္တာရင်မှာ၊အစဉ်သာပျိုး... သူ့ကိုတွေ့ရင် မျက်စောင်း ထိုးလို့၊ ကြည့်ရသည် တိတ်တခိုး..."*

မူမူသွယ်၏အသံသည် အဆိုကျော်ကြီးတွေလောက်တော့ မကောင်းလှ။ သို့သော် သီချင်းကိုတော့ ဆိုနိုင်လောက်အောင် နာပျော်ဖွယ်ရှိပါသည်။ အထူးသဖြင့်ကား တိတ်ဆိတ်နေသော ပတ်ဝန်းကျင်တွင် ရှားပါးလှသော မိန်းမပျို၏သီချင်းသံဖြစ်နေသောကြောင့် ပို၍သာယာနာပျော်ဖွယ် ကောင်းနေပေသည်။

အပေါ်ထပ်တွင်ကား ဒေါ်စန်းရှင်သည် ခုတင်ပေါ်၌ ခေါင်းအုံးကို ခုတင်ပေါင်တွင်မှီထားပြီ။ ထိုခေါင်းအုံးပေါ်တွင် ကိုယ်ကို တစ်ဝက်ထောင်၍ မှီထိုင်နေပြီး ခြေကိုဆင်းထားသည်။ သူ၏ ဆင်းထားသော ခြေထောက်များကို ဒေါ်အေးသာက နှိပ်နယ်ပေးနေသည်။

လက်ဖြင့် နှိပ်နယ်ပေးနေသော ဒေါ်အေးသာသည် လက်ကသာ အငြိမ်မနေသည်မဟုတ်၊ ခြေထောက်ကိုရော ခေါင်းကိုပါ မည်သို့မျှ နှိပ်နယ်ခြင်း ပြုလုပ်မနေသော သူ၏ ပါးစပ်ကလည်း အခြောက်တိုက် အငြိမ်မနေပါချေ။

အငြိမ်မနေ၍ စကားသံသည် တိုက်ရိုက် ထွက်ပေါ်လာသည် မဟုတ်သေး။ ပထမတွင် နှုတ်ခမ်းများသည် စေ့၍ အောက်သို့ရွဲ့သွား။ မရှေးမနှောင်းပင် အောက်နှုတ်ခမ်းသည် ရှေ့သို့ ပြူထွက်လာ၏။ ထို့နောက် အောက်ထပ်ဆီမှ လွင့်ပါးလာသော သီချင်းသံကို မျက်စောင်းထိုးလိုက်သည်။

*"လက်ခံလိုက်ရင် သူ့သဘောတွင် အညာလွယ်သည် ထင်မှာစိုး၊ ငြင်းပယ်ပြန်ရင် သူ့ခမျာတွင် သနားစရာအမှန်ပင် မျက်နှာ*

*ညို၊ ချစ်လည်းခက်ခက် မုန်းလည်းခက်ခက် ရှက်ရှက်နဲ့သာ ခေါင်းကလေးငုံ့ကာ မေ့မှာမရေရာ အဖြေရှာတွေ့ နီး ... နီး"*

စင်စစ်ကား ဒေါ်အေးသာ၏ မျက်စောင်းသည် လေကိုထိုး၍ မရှသဖြင့် သီချင်းသံ၏ သာယာမှုသည် မပျောက်ပျက်။ ဒေါ်အေးသာ၏ မျက်နှာကြီးသာ ရုပ်ပျက်ဆင်းပျက် ဖြစ်လာသည်။

ဒေါ်စန်းရှင်က သူ့မျက်နှာကို ကြည့်နေသည် မဟုတ်သော ကြောင့် ဘာတွေ ဖြစ်ပျက်နေသည်ကို မမြင်မိချေ။ မျက်နှာကြက်ဆီမှ အိမ်နံရံဆီသို့ ခပ်သုတ်သုတ်ကလေး ပြေးဆင်းလာသော အိမ်မြှောင် ကလေးကိုသာ ကြည့်နေမိလေသည်။

"မမကြီးက ဒီလိုပဲ ကြည့်နေတော့မှာလား"

"ဟဲ့ ... မအေးသာရဲ့၊ ငါက ကြည့်မနေလို့ ထရုံကို တွယ်တက် ရမလား။ သူ့ဘာသာသူ ပိုးကောင်ဖမ်းတာပဲ"

"အို ... မမကြီးက ဘာတွေ လျှောက်ပြောနေတာလဲ"

"ဟို ... အိမ်မြှောင်ကို ပြောတာပေါ့ဟဲ့။ ငါ ဒါကိုပဲကြည့်နေ တာပဲ"

"အိမ်မြှောင်ကို ပြောနေတာ မဟုတ်ပါဘူးလေ။ အောက် ထပ်က ဟာတွေကို ပြောနေတာဥစ္စာ"

"ဟဲ့ ... အောက်ထပ်က ဟာတွေက ဘာဖြစ်နေကြလို့လဲ။ သူတို့ဟာ လူတွေပဲဟာ။ ပိုးကောင်တွေ၊ ဘာတွေ ဖမ်းစားပါ့မလားလို့"

"သြော် ... မမကြီးရဲ့၊ ခက်နေပြန်ပါပြီ။ ပိုးကောင်ဖမ်းစားရင် ကောင်းသေးတာပေါ့။ ခုတော့ လူကို ဖမ်းစားမှာ မမကြီးရဲ့။ ကျွန်မက ခုမှကို ကိုယ့်တူမလေးအရင်းလို သံယောဇဉ် တွယ်နေမိလို့ ပြောရတာ။ ခုမှ ကို ဖမ်းစားလိမ့်မယ်"

"ဘယ်သူကလဲ ဦးဒွေးကလား၊ ကြံကြံဖန်ဖန် မအေးသာရယ်"

ဒေါ်အေးသာသည် စိတ်တော်တော်ပျက်သွားသည့်နယ် သက်ပြင်းကို ဆောင့်ကြီးအောင့်ကြီးနှင့် ချလိုက်လေသည်။

"ဘယ်က ဦးနှောက်ရမှာလဲ၊ ဒီအဘိုးကြီးကို စိတ်ကူးထဲတောင် မထည့်ဘူး"

"နို့ ... ဒါဖြင့် ညည်းက ဘယ်သူ့ကို စိတ်ကူးထဲထည့်နေတာလဲ"

"အလိုတော် ... မလုပ်ပါနဲ့ မမကြီးရယ်။ ကျွန်မ ဘယ်သူ့ကိုမှ စိတ်ကူးထဲမှာ ထည့်မနေပါဘူး။ ခင်မောင်ဆွေက မှုမှုကို စိတ်ကူးထဲ ထည့်နေမှာ စိုးရိမ်တယ် မမကြီးရဲ့"

ဒေါ်စန်းရှင်သည် ခဏတော့တွေဝေသွားလေသည်။ ထို့နောက်မှ စကားကို စဉ်းစဉ်းစားစား ပြောလိုက်၏။

"သူ့မျာလည်း တို့က ခေါ်လို့ လာပြီး ကူညီနေရှာတာပဲကွယ်"

"ဟာ ... တခေါင်ခေါင်၊ တဒင်ဒင်နဲ့ သိပ်နားငြီးတာ"

"ဟဲ...တိတ်ဆိတ်နေတာ သာပြီး ကြောက်စရာကောင်းတယ်။ ခုလို ဆူဆူညံညံ ပျော်ပျော်ရွှင်ရွှင်ဖြစ်နေရင် ဖိုးဂျမ်းဟာ ရတ်တရက် ဒုက္ခပေးဝံ့မှာ မဟုတ်ဘူး။ ဒါက ကောင်းပါတယ်"

"ဒါပေမဲ့ ... မမကြီးရဲ့ ဒါမျိုးဆိုရင် နီးစပ်ရင် မကောင်းဘူး"

"မအေးသာ ... ဒီညညည်း ဘာတွေလာပြောနေသလဲ မသိဘူး။ ဒီမယ်ဒလင်ကြီးနဲ့ နီးစပ်လို့ ဘာဖြစ်ရမှာလဲဟဲ့။ တီးချင်ရုံရှိတော့မပေါ့"

ဒေါ်အေးသာသည် မျက်လုံးကြီးများပြူး၍ သက်ပြင်းကို ဆောင့်ကြီးအောင့်ကြီးနှင့် ချလိုက်ပြန်လေ၏။

"ဒီဥစ္စာကြီးနဲ့ နီးစပ်တာ ပြောတာမဟုတ်ဘူး။ ဒီကောင်နဲ့ နီးစပ်မှာကို ပြောတာ။ ဒီကောင် နောက်ရွှတ်ရွှတ်နဲ့"

"ငါတော့မထင်ပါဘူးဟယ်၊ သူကြည့်ရတာ မှုမှုကို တကယ်ကို မောင်လို နှမလို သဘောထားပုံရပါတယ်။ မှုမှုကလည်း သူ့ကို ဆက်ဆံ

ဘာ အရိုးခံသက်သက်ပဲလို့ ငါ အကဲခတ်မိပါတယ်"

"အဲဒါပေါ့ သားသမီးယုံ စုံလုံးကန်းဆိုတာ မိဘတွေဟာ သားသမီးတွေကို ယုံစားသလောက် သားသမီးတွေက မထောက်ထားဘဲ တစ်ပတ်လှည့်ကြတယ်။ ဒီခင်မောင်ဆွေဆိုတဲ့ကောင်ကို ပြန်ပို့လိုက်ပါ မကြိုးရယ်။ ဦးဒွေးတို့လည်း ရောက်လာပြီပဲ"

"အို ... လူများလေ ကောင်းလေပဲ။ အဆုံးစကားပြောမယ် မအေးသာ၊ ခင်မောင်ဆွေနဲ့ ငါ့သမီး ချစ်ခင်စုံမက်သွားရင်လည်း ငါသဘောမတူစရာ မရှိပါဘူးလို့ ထင်တာပဲလေ။ ဒါလည်းစကား အဖြစ်ပြောရတာပါ"

ဒေါ်အေးသာသည် အောက်နှုတ်ခမ်းကြီးကို ထော်လိုက်လေသည်။ ဘာမျှတော့ ထပ်မပြောတော့ချေ။ သူ့ရင်ထဲက အကျိတ်အခဲကတော့ ကျေသေးပုံ မရပေ။

ထိုအခိုက်တွင် မငွမ်းပုံနှင့် မခင်မြင့်တို့သည် အပေါ်ထပ်သို့ တက်၍ သူတို့နားသို့ရောက်လာလေ၏။ ဒေါ်အေးသာသည် မခင်မြင့်ကို မြင်လျှင်မြင်ချင်းပင် ကောက်ကာငင်ကာ မေးလိုက်၏။

"ဟဲ့ ... မခင်မြင့်၊ ညည်း အဖေကော"

"အဖေ ... တီးတဲ့ဆီမှာ နားထောင်နေတယ်"

"အောင်မယ် ... ဒီအရွယ်ကြီးနဲ့များ၊ လူကြီး ဘုရားအာရုံပြုသာ့မယ်"

"ဒါဖြင့် မတီးနဲ့တော့လို့ သွားပြောလိုက်ရမလား"

"ဒီလိုတော့ သွားမပြောနဲ့လေ၊ ဟိုကိုယ်တော် စိတ်ကောက်သွားမှာ ကြောက်ရသေးတယ်။ ဒီတော့ ညည်းအဖေကို ပရိယာယ်နဲ့ တစ်နေရာကို ခေါ်ထုတ်သွားပြီး တီးဝိုင်းရပ်အောင် လှည့်ပတ်ပြောခိုင်းလိုက်"

ဒေါ်အေးသာ၏ စကားဆုံးသောအခါ ဒေါ်စန်းရှင်က "ညည်းကလည်း ဖွတ်ပဲကိုး။ တီးချင်တီးကြပါစေလေ။ အစောကြီးရှိသေးတာ" ဟု ပြောလိုက်၏။

ဒေါ်အေးသာသည် ဘာမှမပြောဘဲ ခြေသလုံးတစ်ဖက်ကိုသာ သဲသဲမဲမဲ ဖိနှိပ်နေ၏။ မဂ္ဂမ်းပုံက တစ်ဖက်က ခြေသလုံးကို ဝင်နှိပ်ပေးသည်။

*"စားစားသွားသွား... နားနားနေနေ...အိပ်စက်လေတိုင်းမေ့ကမ္ဘာမှာ သူ့သာ အမှန်ကြီးစိုး၊ ငိုရရယ်ရ လွမ်းဆွေးရနဲ့ချစ်ရသည်မှာ သူ့အပေါ်တစ်မျိုး..."*

တီတ်သွားနိုး ... တီတ်သွားနိုးနှင့် နားစွင့်နေသော်လည်း သီချင်းသံသည် တိတ်မသွားသည့်အပြင် အရှိန်ရလာ၍ ပို၍ပင် ကျယ်ပြီး နားထောင်ကောင်းလာသည်။

ဒေါ်အေးသာသည် ဆောင့်ကြီးအောင့်ကြီးနှင့် သက်ပြင်းကို ချလိုက်လေ၏။ ဒီညအဖို့တော့ သက်ပြင်းမျော မသက်သာရှာချေ။

"ဒီကောင်မလေးလည်း ဘယ်သွား သေနေတယ် မသိပါဘူး"

ဒေါ်အေးသာ၏ လွှတ်ခနဲ ပြောလိုက်သံကို ကြားရသော မဂ္ဂမ်းပုံက အံ့အားသင့်သလို ဝင်မေးလိုက်၏။

"ဟင် ... ဘာဖြစ်လို့လဲ၊ မခင်မြင့်က အောက်ဆင်းပြီး အဆိပ်သွားသောက်မယ် ပြောသွားလို့လား"

"တယ် ... ဒီကောင်မက ငါ ခေါက်လိုက်ပြန်မိရှောမယ်"

အောက်ထပ်မှ သီချင်းသံသည် မူလသီချင်းသံနှင့်မတူဘဲ နောက်ဆုံးအပုဒ်ကို တစ်ခေါက်ပြန်ကျော့နေသည်။

*"စားစားသွားသွား...နားနား နေနေ...အိပ်စက်လေတိုင်း မေ့ ကမ္ဘာမှာ သူ့သာ အမှန်ကြီးစိုး"*

မယ်ဒလင်သံနှင့် သီချင်းသံတို့သာ မကာတော့ချေ။ ဘေးက
ဝိုင်း၍ စည်းလိုက်သော လက်ခုပ်သံများပါ ပါလာလေသည်။

ဒေါ်အေးသာသည် ဆောင့်ကြီးအောင့်ကြီးနှင့် ထ၍ အောက်
ထပ်သို့ ဆင်းလာခဲ့လေ၏။

***"ပိုရ ရယ်ရ လွမ်းဆွေးရနဲ့ဖြစ်ရသည်က ... မသက်သာ၊
ရှက်စရာလား...ခက်တာလား...ဝေခွဲမရ ပိုလို့ဆိုး..."***

ဦးဒွေးနှင့် မခင်မြင့် ဘေးကထိုင်၍ ပျော်ရွှင်ကြည်နူးစွာ လက်ခုပ်
ဝိုင်း၍ တီးနေကြလေသည်။

ဒေါ်အေးသာ၏ ရင်ထဲဝယ် ယမ်းအိုးကြီးပေါက်သကဲ့သို့ ဒေါသ
အိုးကြီး ပေါက်ကွဲ၏။ သို့သော် ကြီးကျယ်သော အသံကြီးကားထွက်
မလာပါ။

နောက်ဖေးဘက်ဆီသို့ဝင်သွား၍ မီးကိုဖွင့်လိုက်၏။ ထို့နောက်
သုပျာယာခတ်နေသည်။ ဆေး၍ မှောက်ထားသော အိုးများကို လှောက်
ခွဲ၏။ တစ်ဖန် ပြန်ထားပြန်၏။

ပါးစပ်မှလည်း အသံမထွက်ဘဲ ပွစိပွစိနှင့် ဆိတ်ကပဲကို စား
သည့်နှယ် တရှုရှု ဖြစ်နေသည်။

တစ်ဖန် တစ်နေရာသို့ လျှောက်သွားပြန်၏။ မျက်စိကလည်း
ကြီးကန်းတောင်းမှောက် ဟိုဟိုသည်သည် လျှောက်ကြည့်နေ၏။

လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး လက်
ဘနှစ်ဖက် တစ်လှည့်စီ လေကိုထောင်းနေသည်။

ဒေါ်အေးသာကို ယခုအချိန်တွင် ဘေးကကြည့်နေလျှင် အရူး
ကိုကြည့်ရသလို ဖြစ်နေပေလိမ့်မည်။ ***ဒေါသထွက်နေသူသည် ခဏမျှ
ရူးနေသည် မဟုတ်ပါလော။***

အပြင်ဘက်ဆီမှ သာယာသောသီချင်းသံ ဝေ့လာလေလေ...

သူ့ရင်ထဲမှ ဒေါသယမ်းအိုးသည် ဟုန်းခနဲ ထထကွဲလေဖြစ်၏။ လူမှာလည်း ဟိုလျှောက်သည်လျှောက်နှင့် ဂိတပိုင်းကို ဘယ်လိုအနှောင့်အယှက်ပေးရပါလိမ့်ဟူသော အကြံဖြင့် များယားတော်နေသည်။

မျက်စိက ငရုတ်ဆုံဆီသို့ ရောက်သွား၏။

ဖြစ်နိုင်လျှင် ခင်မောင်ဆွေကို မယ်ဒလင်ကလေးဖက်ထားစေလျက် ယင်းငရုတ်ဆုံထဲတွင် ကွေးရရွေးကလေး ထိုင်ခိုင်းပြီး စိတ်ရှိလက်ရှိ ထုထောင်းပစ်လိုက်ချင်သည်။ ငရုတ်သီးနှင့်ပေါင်း၍ ကြက်သွန်အထောင်းခံရသည်။ ခင်မောင်ဆွေကား ငရုတ်သီးနှင့်ပေါင်းမည့်ကောင်တော့ မဟုတ်။ ထို့ကြောင့် အထောင်းခံရကိန်း မရှိချေ။

သူ့မျက်စိများသည် ပျာပျာသလဲနှင့် မီးဖိုချောင်ထဲရှိ ပစ္စည်းတစ်ခုဆီမှ တစ်ခုသို့ လျင်မြန်စွာ လျှောက်နေသည်။

ငရုတ်ဆုံ၊ငရုတ်ကျည်ပွေ့၊ အိုးတိုက်ဖွဲပြာပုံး၊နံရံတွင် ထောင်ထားသော အုန်းတံမြက်စည်း၊ စင်မြင့်ပေါ်မှ အိုးများ၊ သံစွန်းပေါက်၊ နံရံပေါ်က သံတွင်ချိတ်နေသော ဆန်ကာအသေးအကြီးများ၊ ထမင်းပွဲအုပ်ဆောင်းကြီး၊ နံရံထိပ်ပိုင်းနှင့် သွတ်မိုးကို ဆက်သွယ်နေသော ပိုးအိမ်နှင့် ကျပ်ခိုးများ။

မျက်လုံးတို့သည် ရုတ်တရက် မီးဖိုခန်းထောင့်ဆီသို့ရောက်သွားပြန်လေ၏။

အဝတ်ရိုက်လျှော်သည့် တုတ်ချောင်းကြီး။

ခြေထောက်များက ပြေးသွား၍ လက်များက တုတ်ချောင်းကြီးကို ဆွဲယူလိုက်လေသည်။ အနီးတွင်ပင် တည်ငြိမ်စွာ ရပ်လျက်ရှိသော ရေသံစည်ကို ဘာမပြော၊ညာမပြောနှင့်အငြိုးကြီးစွာ ထုနက်လိုက်လေ၏။

"ဒေါင် ... ဒေါင် ... ဒေါင် ... ဒေါင်"

အားရပါးရ ထုနှက်ပြီးသော် အိမ်ပေါ်သို့ ပြန်တက်သွားလေ တော့သည်။

သူကသာ ဒေါ်ကြီးမောကြီးနှင့် သံစည်ကို တော်တော်ကလေး ထုနှက်လိုက်သော်လည်း အိမ်ရှေ့က ဂီတဝိုင်းက သတိပင်မပြုမိချေ။ ပျော်ရွှင်ဆူညံမြဲ ဖြစ်၏။

ဂီတဝိုင်းပင် မဟုတ်ပေ။ အပေါ်ထပ်က မှေးမှေးမှေးမှေး ဖြစ်နေသော ဒေါ်စန်းရှင်ပင် မကြားမိ။ နိုပ်ပေးနေသော မဂ္ဂမ်းပုံပင် အငိုက် ပျောက်ချေ။ ဒေါ်အေးသာသည် သူ့အခန်းထဲသို့ စွတ်ဝင်သွားတော့သည်။

ဆူညံနေသော ဂီတဝိုင်းက ဘာမှမကြားရသော်လည်း အပြင် ဘက်က တိတ်ဆိတ်နေသော ပတ်ဝန်းကျင်တွင်ကား ဂီတသံထွက်ပေါ် နေသော်လည်း သံစည်ခေါက်သံသည်လည်း သီးခြား ဆူညံစွာပျံ့နှံ့ သွားခဲ့လေသည်။

ခြံနီးချင်းဖြစ်သော အိမ်များမှ မီးတို့သည် ဖြုတ်ခနဲ ဖြုတ်ခနဲ ထွန်းလင်းကြပြီးလျှင် တစ်ခြံမှ လူတစ်ယောက်၊ နှစ်ယောက် စသည်တို့ သည် လမ်းပေါ်သို့ ထွက်လာကြလေရာ ဒေါ်စန်းရှင်၏ခြံပေါက်ဝသို့ ရောက်သောအခါ လူမှာ လေးငါးယောက်ပင် ဖြစ်နေလေပြီ။

"မီးလောင်တယ် ထင်တယ်"

ကိုစောလွင် ပြောလိုက်၏။

"သီချင်းသံတွေလည်း ကြားရပါလား"

"သီချင်းသံ ကြားရတာနဲ့ ဘာဆိုင်သလဲ။ နောက်ဖေးဘက်က လောင်လို့ သံချောင်းခေါက်တာ ဖြစ်မှာပေါ့။ ဝင်ပြီး ကူညီကြရအောင်။ ဘီးဝိုင်းက မသိလို့ဖြစ်မှာပေါ့"

ကိုစောလွင်က ခေါင်းဆောင်၍ လူအုပ်မှာ ခြံထဲသို့ ခပ်သုတ် သုတ် ဝင်ရောက်သွားကြလေတော့သည်။

အတွင်းဘက်က ဂီတဝိုင်းကား သာယာမြ သာယာလျက်ပင် ရှိ၏။

ခင်မောင်ဆွေက မယ်ဒလင်တီးမြ၊ မူမူသွယ်က သီချင်းဆိုမြနှင့် ဦးဒွေးတို့ သားအဖက လက်ခုပ်တီးမြ ဖြစ်နေလေသည်။

"ဒုန်း ... ဒုန်း ... ဒုန်း ... ဖွင့်ပါ ... တံခါး မြန်မြန်ဖွင့်ပါ"

တံခါးဆီမှ တံခါးရွက်ကို ထုသံများနှင့် အော်ဟစ်ပြီး တံခါးအဖွင့်ခိုင်းသံများ ထွက်ပေါ်လေတော့၏။

ဂီတဝိုင်းသည် မီးခဲရေထဲကျသွားသည့်နှယ် ရှဲခနဲတိတ်သွားလေသည်။

ခင်မောင်ဆွေနှင့် ဦးဒွေးတို့သည်လည်းကောင်း၊ မူမူသွယ်နှင့် မခင်မြင့်တို့သည်လည်းကောင်း တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်၍ အမြင်ချင်း ဖလှယ်နေကြလေတော့သည်။

"ဒုန်း ... ဒုန်း ... ဖွင့်ပါဗျို့"

ဦးဒွေးသည် အနီးက ဒူးလေးကြီးကို ဆွဲယူလိုက်၏။ ခင်မောင်ဆွေသည် မယ်ဒလင် လက်နှိပ်ကွက်များရှိရာ ရိုးတံမှကိုင်ပြီး ကုလားထိုင်တစ်ခု၏ အနောက်တွင် နေရာယူလိုက်သည်။ မခင်မြင့်သည် အလယ်က စားပွဲဝိုင်းကလေး၏နောက်၌ ထိုင်ချလိုက်သည်။ မူမူသွယ်ကား ဦးဒွေး၏နောက်မှ ခါးကိုဆွဲ၍ ကွယ်ထား၏။

"သမီး ... တံခါးဖွင့်လိုက်၊ ဝင်ဝင်လာချင်း ဆော်ထည့်လိုက်မယ်။ ဖိုးဂျမ်းသော ... ဖိုးပျော့သော ... ငါ့ဒူးလေးက မရွေးဘူးကွ"

ပြောပြောဆိုဆိုနှင့် ဦးဒွေးသည် ဒူးထောက်၍ ချိန်ထား၏။ မူမူသွယ်သည် သူ့နောက်မှ လိုက်ထိုင်လိုက်ပြီး မကြည့်ရဲသဖြင့် မျက်နှာကို ဦးဒွေး၏ ကျောနှင့်ကွယ်ထား၏။ အသားများလည်း တဆတ်ဆတ် တုန်နေသည်။

အပေါ်ထပ်မှ ဒေါ်စိန်းရှင်၊ ဒေါ်အေးသာနှင့် မဌွမ်းပုံတို့မှာ အောက်က ဆူဆူညံညံကြား၍ ဆင်းလာမည်ပြုပြီးမှ ကြောက်လန့်၍ လှေကားထိပ်တွင် ထိုင်နေကြသည်။ မဌွမ်းပုံမှာ လုပ်မိလုပ်ရာ ခေါင်းအုံး ကြီးနှစ်လုံးကို ဆင့်၍ရွက်ထားလေသည်။

မခင်မြင့်သည် ဖခင်၏သတ္တိသွေးပါသူဖြစ်သဖြင့် ခပ်တင်းတင်း ...င်းတံခါးဆီသို့သွားကာ တံခါးကိုဖွင့်လိုက်ပြီး လျင်မြန်စွာပင် နောက်သို့ ...နဲ့ဆုတ်လိုက်လေ၏။

တံခါးပွင့်သွားသည်နှင့် တစ်ပြိုင်နက် ကိုစောလွင်မှာ စွတ်ခနဲ ...ရှေ့ဦးစွာ တန်းဝင်လာလေရာ ဦးဒွေး၏ဒူးလေးမှ ညှို့သည် ဆတ်ခနဲ ...သွားလေ၏။

မြားကလေးတစ်စင်းသည် ဒူးလေးဆီမှ ရှီခနဲ မျဉ်းဖြောင့် ...အတိုင်း ပျံသန်းလာကာ ကိုစောလွင်၏ လည်ကုပ်နားမှ ကပ်ဖြတ်ကာ ...အင်္ကျီအတွင်းဘက်ဆီမှ ကော်လာနားကပ်အောက်ကာ တံခါးရွက်ကို ...ရှိန်ပြင်းစွာ ဒေါက်ခနဲမှန်၍ စိုက်လေ၏။

ရှေ့လောကြီးနေသော ကိုစောလွင်မှာ လည်ကုပ်ကနေ တစ်စုံ ...တစ်ယောက်က ဆောင့်ဆွဲလိုက်သလိုဖြစ်သွားပြီး ကော့လန်လန် ဖြစ်သွား ...လေတော့၏။

"ဟော ... လူ ... လွှတ်လေဗျာ၊ ဘာလုပ် နောက်ကနေပြီး ...သွားရလဲဗျ"

ပါးစပ်မှ တဖွဖွအော်ရင်း ရုန်းကန်နေသော်လည်း ကော့လန်မြ ...ကော့လန်နေလေသည်။ အတင်းနင်းကန် ရုန်းသောအခါ လျှာများပင် ...ထွက်ချင်သယောင်ယောင် ဖြစ်လာလေ၏။

ထိုအခိုက်တွင် သူ့နောက်က ကပ်လျက်လိုက်လာသော လူတစ် ...ယောက်က ရှပ်အင်္ကျီကုပ်ပိုးကိုဖြတ်၍ တံခါးရွက်တွင်စိုက်နေသော

မြားတံကို ဆွဲနုတ်မည်ဟု ရုတ်တရက်လက်လှမ်းလိုက်စဉ်တွင်...

ခင်မောင်ဆွေသည် မယ်ဒလင်ကြီးကိုမြှောက်၍ လွှားခနဲ ကုလားထိုင်နောက်ကွယ်မှ ခုန်ထွက်လာကာ ထိုလူ၏လက်ကို မယ်ဒလင်နှင့် ရိုက်လိုက်၏။

"အလယ်လယ် ... နာသဗျို့"

ထိုသူမှာ အော်၍ လက်ကို ရုပ်လိုက်၏။ ထိုသူ၏နောက်မှ သုံးလေးယောက်မှာ ခင်မောင်ဆွေ ခုန်ထွက်လိုက်ကတည်းက နောက်သို့ ရှုခနဲ ယို့သွားလေသည်။ ထိုနောက်တွင်မှ တစ်ယောက်က မယ်ဒလင်နှင့် လက်ကို အရိုက်ခံရသူကို လက်တို့ပြီးလျှင်...

"ကိုမြခုန်း ... ပြန်လစ်ကြစို့ဗျာ။ သူ့ဘာသာသူ တစ်အိမ်လုံးပဲ ပြာကျပြာကျ လစ်ကြစို့ဗျို့။ ဘယ့်နှာလဲ မသိဘူး။ ဒူးလေးနဲ့လည်းပစ်တယ်။ လူတွေက ကုလားထိုင်နောက်ကလည်း ခုန်ခုန်ထွက်လာကြတယ်"

ဟု ပြောလိုက်၏။ သို့သော် သူ၏အကြံမအောင်မြင်နိုင်တော့။ အဘယ်ကြောင့်ဆိုသော် ဦးဒွေး၏ အောင်မြင်သော အသံကြီးကပေါ် ထွက်လာခဲ့လေသည်။

"ဘယ်လစ်ကြမလို့လဲ၊ အားလုံး အသက်ပျောက်သွားချင်သလား"

ဦးဒွေး၏ကြိမ်းသံကြောင့် အားလုံး ငြိမ်သွားကြလေ၏။ မျက်လုံးများကလည်း မျက်တောင်မခတ်ဘဲ ဦးဒွေး၏လက်ထဲမှ မောင်းတင်ထားသော ဒူးလေးကြီးကို မမိုတ်မသုန် ကြည့်နေကြသည်။ ဦးဒွေး၏လက်ကိုလည်း နတ်မြတ်နတ်ကောင်းတို့ စောင့်ရှောက်နေပါစေဟု လည်း ကြိတ်၍ဆုတောင်းနေမိကြလေသည်။

"ဘာရပ်နေကြတာလဲ"

ဦးခွေးကပင် ကြိမ်းလိုက်ရာ လူတွေမှာ ကိုစောလွင်မှအပ အားလုံး ငုတ်တုတ်ကလေးတွေ ထိုင်သွားကြလေ၏။

"အောင်မယ် ... ဘယ်သူက အဲဒီမှာ ထိုင်ခိုင်းသလဲ"

အားလုံးမှာ မျက်စိသူငယ်ကလေးများနှင့် ကုန်းကုန်းကွကွ ပြန်ထကြရလေ၏။

"အားလုံး ဝင်ခဲ့၊ အထဲကို..."

ဦးခွေးက ဟောက်သံနှင့် အမိန့်ပေးလိုက်၏။

အားလုံးသည် ကိုစောလွင်မှအပ ကုပ်ကုပ်နှင့် ဝင်လာကြလေတော့သည်။ ချိန်ထားသော ဒူးလေးကြိုးကိုကား မျက်စိမလွှဲပံ့။

"ထွက်ကြ..."

အားလုံး အံ့အားသင့်သွားကြ၏။ သို့သော် အာဘောမဖီဆန်ကြချေ။ ဖြောင့်တန်းသောမြားတံကို ကြောက်ကြ၏။ အသာကလေး ပြန်ထွက်ရန် လှည့်လိုက်ကြစဉ်...

"ဒါက ဘယ်သွားကြမလို့လဲ။ ကျုပ် စကားမှားသွားတယ်။ ထိုင်ကြလို့ ပြောတာ"

အားလုံး ပြန်လှည့်လာကြရပြန်လေ၏။ တရားခံကလေးများသဖွယ် ကြမ်းပေါ်တွင် ငုတ်တုတ်ကလေးတွေ ထိုင်လိုက်ကြလေသည်။

"အောင်မယ် ... ကြမ်းပေါ်မှာ ဘယ်သူက ထိုင်ခိုင်းသလဲ။ ကုလားထိုင်ပေါ် တက်ထိုင်ကြ၊ ကျုပ်စိတ်တွေ တိုလာပြီနော်"

ဦးခွေး၏စကားသံအဆုံးတွင် လူလေးငါးယောက်သည် နီးရာကုလားထိုင်တစ်လုံးကို စုပြုံ၍ ဝိုင်းထိုင်ကြလေတော့ရာ နှစ်ယောက်မှာ ကျဉ်းကျဉ်းကျပ်ကျပ် ထိုင်မိကြပြီ။ နှစ်ယောက်မှာ လက်တန်းပေါ်တွင် ဘစ်ဖက်တစ်ချက်စီ ထိုင်မိ၏။ တစ်ယောက်မှာ နောက်မှီပေါ်တွင် လှုပ်တုတ်လှုပ်တုတ်နှင့် ထိုင်မိသည်။ ယိမ်းထိုး ... ယိမ်းထိုးနေသဖြင့်

ကိုယ်ကို ထိန်းနေရသဖြင့် လှုပ်တုတ်လှုပ်တုတ်ဖြစ်နေရခြင်း ဖြစ်လေသည်။ လက်ဝဲဘက် လက်တန်းပေါ်မှလူမှာ နောက်ပြန်ကြီးဖြစ်နေသဖြင့် ဦးဒွေးက အကြည့်တွင် သူ့ဘာသာသူ ကပျာကယာ ပြန်လှည့်၍ ဖြစ်နေသဖြင့် အရှေ့ဘက် မျက်နှာမူကာ ပြန်ထိုင်လိုက်ရသည်။

ကုလားထိုင်တစ်လုံးတည်းတွင် အုပ်စုဓာတ်ပုံရိုက်မည့်ကဲ့သို့ ပြွတ်သိပ်ထိုင်နေကြခြင်း ဖြစ်လေသည်။

"ဟိုကောင်က ဖိုးချမ်းလား၊ ဘာဖြစ်လို့ မဝင်လာတာလဲ။ ငါ ပစ်လိုက်ရမလားကွ။ ဟေ..."

ကိုစောလွင်မှာ မျက်ကလဲဆန်ပျာ ဖြစ်သွားလေတော့သည်။

"ဟာ ... မလုပ်ပါနဲ့ဗျ။ ကျွန်တော်က ဘယ်လိုလုပ်လာရမလဲ။ ကုပ်ကို အတင်းဆွဲထားတယ်"

"ဘယ်သူက ဆွဲရမှာလဲကွ"

ကိုစောလွင်သည် အသာ နောက်သို့ လှည့်လိုက်လေ၏။

"အောင်မယ်လေး ... မြားကြီးဟာ ... ကျွန်တော် ကံကောင်းလို့ မသေတာပါကလားဗျို့။ အောင်မလေး ... လေး"

ကိုစောလွင်၏ အထိတ်တလန့်ပြောသံကို ကြားသောအခါ ကြားဖူးသောအသံ ဖြစ်သဖြင့် ဦးဒွေး၏ နောက်ကွယ်တွင် ကွယ်နေသော မှုမှုသွယ်သည် အသာ ခေါင်းကလေးပြူ၍ ကြည့်လိုက်သည်။

"ဟာ ... ကိုစောလွင်ပါကလား"

မှုမှုသွယ်က ကိုစောလွင်ဟု ပြောလိုက်သဖြင့် လေ့ကားဦး ဆီမှ မဂ္ဂမ်းပုံသည် အတင်းတိုး၍ဆင်းလာလေရာ သူရွက်ထားသော ခေါင်းအုံးကြီးနှစ်လုံးအနက် တစ်လုံးမှာလွင့်၍ ဦးဒွေး၏လက်ထဲမှ ဒူးလေးကြီးပေါ်သို့ တည့်တည့်ဖတ်ခနဲ ကျလေတော့သည်။ ဒူးလေးကြီးမှာ ခေါင်းအုံးနှင့်အတူ ကြမ်းပေါ်သို့ ဝုန်းဒိုင်းနှင့် လွတ်ကျသွားလေ၏။

ဤကား အခွင့်ကောင်းဖြစ်သည်ဟု တညီတညွတ်တည်း ကန့်ကွက်သူမရှိ ဆုံးဖြတ်ကြသဖြင့် ကုလားထိုင်တွင် ထိုင်နေကြသော သူငါးယောက်မှာ ထပြေးရန် ပြင်လိုက်ကြလေ၏။ သို့သော် ကုလားထိုင်ထဲတွင် နှစ်ယောက်ထိုင်မိကြသူတို့မှာ ညပ်နေကြသဖြင့် ထ၍ မရကြချေ။ အနည်းငယ် ကြွလာပြီး ဖင်ထိုင်လျက် ပြန်ကျသွားကြ သည်။ ထို့ကြောင့်ပင် "တို့ကို ပစ်မထားကြပါနဲ့ကွ"ဟုဆိုကာ နီးရာ လက်တန်းပေါ်မှ ဆင်းပြေးသော လူတစ်ယောက်ဆီကို ခါးဆွဲထားလိုက်ကြ၏။

အဆွဲခံလိုက်ရသော လူနှစ်ယောက်အနက် တစ်ယောက်က သည်း သူ့အနားက ဖြတ်ပြေးသော နောက်မှီပေါ်မှလူကို လှမ်းဆွဲ လိုက်၏။ သို့သော် အတင်းရုန်းပြေးကြသည်ဖြစ်ရာ ကြမ်းပေါ်သို့ ခွေချမိသောလူမှာ သုံးယောက်ရှိသဖြင့် သုံးယောက်အင်အားဖြစ်ရကား သူနှစ်ယောက် ပြူးထိုင်နေသော ကုလားထိုင်ကြီးမှာ ချောမွတ်သော ကြမ်းပြင်တွင် ရှီး ... ရှီး ... နှင့် တရွတ်တိုက်ပါသွားလေ၏။

"အောင်မယ် ... ပြေးတယ်ပေါ့လေ။ သေကုန်ချင်ပြီထင်တယ်"

ဦးခွေး၏ အသံဝါကြီး ပေါ်ထွက်လာသဖြင့် လူငါးယောက်မှာ ကုလားထိုင်ရွေ့၍ ရောက်နေရာတွင် ဝရုန်း ... ဝရုန်းနှင့် ကိုယ့်နေရာကိုယ် ပြန်ယူ၍ ငြိမ်သက်စွာ ထိုင်လိုက်လေသည်။ နောက်မှီ ပေါ်ကလူသာ ရှုပ်တုတ်လှုပ်တုတ် ဖြစ်နေသည်။

ဤတွင်မှ ဦးခွေးမှာ သူ့လက်ထဲက ချိန်ထားသောပစ္စည်းကို ကြည့်မိ၏။ အူးယားဖားယား ကောက်ယူရခြင်းဖြစ်ရာ သူ့လက်ထဲမှ ဒူးလေးမဟုတ်၊ ခေါင်းအုံးကြီးနှင့် ချိန်ထားမိလျက်သား ဖြစ်နေသည်ကို သတိပြုမိမှ ကပျာကယာ ပစ်ချလိုက်ကာ ဒူးလေးကို ပြန်ကောက်၍ မြားတံတင်ကာ ချိန်လိုက်ရလေသည်။

"ကိုရင် ... ဘယ်လိုလုပ်လိုက်တာလဲ။ ဟိုဟာ ကိုစောလွင် တော့"

"ဟင် ... ဗိုးချမ်း မဟုတ်ဘူးလား"

"ဘယ်က ဟုတ်ရမှာလဲ။ ဒါဟာ ကိုရင့်ဆီကို သံကြိုးရိုက် ပေးတဲ့ ကိုစောလွင်၊ ဟိုဘက်ခြံက..."

"ဟာ ... မှားကုန်ပါပေါ့လေ"

ဤတွင်မှ အပေါ်ထပ်က အဒေါ်ကြီးများလည်း ဆင်းလာ ဝံ့ကြလေ၏။ ဒေါ်စန်းရှင်မှာ ခြိမ်းချင်းများကို မှတ်မိသဖြင့်...

"အို ... မောင်ရင်တို့ပါလား၊ ကုလားထိုင်တွေ အများကြီးပဲဟာ။ တစ်လုံးတည်းမှ စုပြုံထိုင်ကြသလားလို့"

ကုလားထိုင်ပေါ်မှ လူများလည်း ဤတွင်မှ စပ်ဖြဲဖြဲဖြစ်ကုန်ကာ နီးရာကုလားထိုင်များတွင် ဝင်ထိုင်ကြရန် ဆင်းလျှောက်လာကြလေ၏။

ဦးခွေးမှာ သူ့မြားတံကို သူပင် ပြန်နုတ်၍ တော်တော်နှင့် မရ ချေ။ တံခါးရွက်ကြီးကို ခြေနှင့်ကန်၍ အားတင်း၍ နုတ်လိုက်မှ ရုတ်တရက် ကျွတ်ထွက်သွားလေတော့ရာ ဦးခွေးမှာ အရှိန်နှင့် ချာလပတ် လည်၍ ထွက်သွားလေတော့၏။ ဤသို့ လည်ထွက်သွားရာတွင် သူ့ဘာသာသူ လည်ထွက်သွားလျှင် အရေး ဘာမျှမကြီး။ ယခုတော့ ကုလားထိုင်လွတ်တစ်ခုတွင် ထိုင်နေသူ ကိုမြအုန်း၏ ဝမ်းဗိုက်ကို မြားတံနှင့် ဝင်တိုးမိလေတော့ရာ ကိုမြအုန်းမှာ "သေပါ ပြီဗျ"ဟု အော်၍ ကြမ်းပေါ်တွင် ပက်လက်ကြီး လန်ကျနေလေတော့ သည်။

မိန်းကလေးများသည် သနားတတ်၊ အားငယ်တတ်ကြသူများ ပီပီ ကြမ်းပေါ်တွင် ပက်လက်ဆန့်ဆန့်ကြီး ဖြစ်နေသူနားသို့ ပြေးလာ ကြလေ၏။

မခင်မြင့်က "ဒုက္ခပါပဲ၊ သေပလား မသိဘူး"ဟု ပြောပြော

ညီဆိုနှင့် ကိုမြအုန်း၏ဘေးတွင် ဝင်ထိုင်လိုက်လေသည်။ မငွမ်းပုံမှာ အနားတွင် လာရပ်ပြီး အရှိန်ရပ်သွားပြီးဖြစ်သော ဦးခွေးကို မော့ကြည့်လိုက်၏။

"ကိုရင်တော့ လူသတ်မှု ဖြစ်တော့မှာပဲ၊ ဒုက္ခပါပဲ"

မငွမ်းပုံက ညည်းညည်းညူညူ ပြောလိုက်သောအခါ ဦးခွေးသည် သူ့လက်ထဲမှ မြားတံကြီးကို သူ ငုံ့ကြည့်လိုက်လေသည်။

"ဟဲ့ ... ဘာဆိုင်လို့ ဒုက္ခဖြစ်ရမှာလဲ။ သူ့ဗိုက်ကိုဝင်တိုး မိတာ မြားဦးနဲ့မှ မဟုတ်တာ။ အမြီးပိုင်းနဲ့ တိုးမိတာပဲဟာ"

ဦးခွေး၏ စကားဆုံးသောအခါ ကြမ်းပေါ်တွင် ဆန့်ဆန့်ကြီး ဖြစ်နေသော ကိုမြအုန်းသည် ဝမ်းသာအယ်လဲ ထထိုင်လိုက်လေ၏။

"ဟင် ... ဟုတ်လား၊ ဒါဖြင့် ကျွန်တော် မသေဘူးပေါ့"

ဤတွင် မယ်ဒလင်ကြီးကိုင်လျက်ပင် ရှိသေးသော ခင်မောင်ဆွေက ဝင်၍ ဖြတ်ပြောလိုက်လေသည်။

"မသေဘူး ... မသေဘူး၊ ခင်ဗျား အစက ပြန်ပြီးမွေးလာပြီ"

ခင်မောင်ဆွေ၏ စကားကြောင့် ဘေးလူများ ပိုင်းရယ်လိုက်ကြကာ ကုလားထိုင်များတွင် ဝင်ထိုင်လိုက်ကြလေ၏။ အိမ်သားများကား အချို့က ထိုင်၍ အချို့မှာ ရပ်နေကြလေသည်။

ဒေါ်စန်းရှင်က ဧည့်သည်အုပ်ကြီးကို ယခုမှ အံ့သြသလို ကြည့်လိုက်လေ၏။

"အခုဟာ ... လာလည်ကြတာလား"

ဤတွင် ဘယ်သူမှ မဖြေခင် ကိုမြအုန်းက သွက်လက်စွာ ဖြေကြားလိုက်၏။

"မဟုတ်ပါဘူး ခင်ဗျာ"

"ဒါဖြင့် ဘာလာလုပ်ကြတာလဲ"

"မယ်ဒလင်နဲ့ အရိုက်ခံချင်လို့ လာတာပါ"

ကိုမြအုန်း၏စကားကြောင့် ဒေါ်စန်းရှင်မှာ ကြောင်တက်တက် ဖြစ်သွားစဉ် ခင်မောင်ဆွေက ဝင်ပြောလိုက်၏။

"စိတ်မရှိကြပါနဲ့ဗျာ၊ ကျွန်တော်တို့က လူဆိုးဖိုးဂျမ်းတို့ ဒုက္ခလာပေးပြန်ပြီ မှတ်လို့ပါ။ ဒီက ဦးလေးကလည်း ဟို ... ကိုစောလွင်ကို မြွေးနဲ့ပစ်တာလည်း ဖိုးဂျမ်း မှတ်လို့ပါ"

သူ့ရှင်းပြမှ ဧည့်သည်များ ရှင်းလင်းသွားကြသည်။ သို့တိုင်အောင် ဒေါ်စန်းရှင်၏အမြင်တွင် ရှုပ်ထွေးနေသည်မှာ ကျန်နေသေး၏။

"ဒီက အိမ်သားတွေက ဖိုးဂျမ်းနဲ့ သူ့လူစုလို့ မှတ်ကြတာထား ပါဦး။ မောင်ရင်တို့က ဘာဖြစ်လို့ ဒီအချိန်ကြီးကျမှ စုပြုံပြီးရောက်လာကြ တာလဲ"

ဤတွင် ဧည့်သည်များသည် တစ်ယောက်မျက်နှာ တစ်ယောက် လှည့်ကြည့်ကြလေသည်။ ထိုအခိုက် ဦးခွေးက ဝင်ပြော၏။

"ဩော် ... သူတို့က ကျီစားချင်ကြလို့ ထင်ပါရဲ့ အစ်မကြီးရယ်"

ကိုစောလွင်သည် ပြုံးလိုက်ပြီး ပြန်ပြောလိုက်သည်။

"မဟုတ်ပါဘူးလေ၊ ဒီအိမ်က နောက်ဖေးဘက်ဆီက သံချောင်း ခေါက်သံကြားလို့ မီးလောင်နေတယ်မှတ်လို့ ပြေးလာတာပါ"

ဤတစ်ချီတွင်ကား အိမ်သားများက တစ်ယောက်မျက်နှာ တစ်ယောက် လှည့်ကြည့်ကြရသော အလှည့်ဖြစ်ပေ၏။ တရားခံဖြစ် သော ဒေါ်အေးသာက ချက်ချင်း ပြန်ပြောလိုက်လေသည်။

"သံချောင်းခေါက်တာ မဟုတ်ပါဘူးလေ။ သံပုံးတီး ... သံပုံး တီးတာ"

ကိုစောလွင် မျက်လုံးပြူးသွားတော့သည်။

"ဟာ ... ဒေါ်ဒေါ်တို့က ဒီအယူအဆတွေ ရှိကြတုန်းပဲလား။

ဒါတွေဟာ လွဲမှားတဲ့ ဖွဲ့လမ်းချက်တွေပါ။ ကူးစက်ရောဂါတွေဖြစ်ရင် သံပုံးတီးလို့ မပျောက်ဘူး။ ကူးစက်ဆေးရုံကို ချက်ချင်းပို့ရတယ် ခင်ဗျ။ အခု ဘာဖြစ်လို့လဲ၊ ဒေါ်ဒေါ်စန်း ဝမ်းတွေသွားနေသလား"

ဒေါ်အေးသာမှာ ဆတ်ခနဲ တွန့်သွားသည်။

"ဟယ် ... ဖွဟ ... ကြုံကြုံဖန်ဖန် မင်းသာ ပလိပ်ရောဂါဖြစ်ချင် ဖြစ်ပါ။ ငါတော့ ကာလဝမ်း မဖြစ်ပါစေနဲ့။ သူတို့က အိမ်ရှေ့မှာ တီးဝိုင်း လုပ်ကြလို့ ငါကလည်း အားကျမခံ နောက်ဖေးမှာ တီးဝိုင်းလုပ်တာပါ"

ကြားရသူများ ဝိုင်းရယ်လိုက်ကြသည်။ ထို့နောက်တွင် အိမ်သားများက ကူညီချင်သည့်စိတ်ထားကို ကျေးဇူးတင်စကားပြော၍ ဧည့်သည်များကလည်း ထ၍ပြန်ကြလေ၏။

ဧည့်သည်များ ပြန်ကုန်ကြမှ ခင်မောင်ဆွေက "ဒေါ်ဒေါ်က ကျွန်တော်တို့ တီးမှုတ်တာ အားကျရင်လည်း နောက်တစ်ခါကျတော့ ဝင်ပြီး ကပေါ့" ဟု ပြောလိုက်ရာ ဒေါ်အေးသာသည် အောက်နှုတ်ခမ်းကြီး ထော်လိုက်ပြီးလျှင် မေးကိုဆတ်၍ နှစ်ချက်၊ သုံးချက်လောက်ရှေ့သို့ တိုးလိုက်လေတော့သည်။

■

# ၅

## သေဖို့သာပြင်

"ဟော့ ... ခင်မောင်ဆွေ၊ မင်းက ဝင်းဝမှာ ကင်းဝပ်၊ ငါက ဒီဆင်ဝင်နားက စောင့်မယ်"

ဒူးလေးကြီးတကားကားနှင့် ဦးဒွေးက တာဝန်ချမှတ်ပေးနေ၏။

"နေ့ခင်းကြောင်တောင်ကြီးမှာတော့ ဖိုးဂျမ်းဟာ လာဝံ့မယ် မထင်ပါဘူး"

"အေး ... လာချင်မှ လာမှာ၊ ဒါပေမဲ့ တို့ကို ဒီအိမ်မှာ ခေါ်ထားတာက စောင့်ရှောက်ဖို့ မဟုတ်လား။ ဒီတော့ တို့က တာဝန်ကျေရမှာပေါ့ကွာ။ နောက်ပြီး ဖိုးဂျမ်းက ဒီအိမ်မှာ တို့လို ယောကျ်ားတွေရောက်နေတာ သိချင်မှ သိမှာပေါ့ကွ"

ဤနေရာတွင် ဦးဒွေး၏စကားကို ခင်မောင်ဆွေက သဘောတူညီသလို ခေါင်းကို ဆတ်ခနဲ တစ်ချက်ညိတ်လိုက်လေသည်။

"ဟုတ်တယ်၊ သူတို့ လာတိုက်တုန်းက ဒီအိမ်မှာ မိန်းမသား တွေချည်းပဲကိုး"

"အေးပေါ့ကွ၊ သတိဆိုတာ ပိုတယ်မရှိပါဘူးလေ။ ကိုင်း … သွားတော့"

ခင်မောင်ဆွေလည်း သူ တာဝန်ကျရာ ဝင်းဝဘက်ဆီသို့ ထွက်လာခဲ့လေ၏။ နေ့ခင်းကြီးဖြစ်သဖြင့် နေကျဲကျဲတောက်ပူနေသည် ဖြစ်ရာ ဝင်းဝတွင် ကုလားထိုင်နှင့်ထိုင်၍ မဖြစ်ချေ။ ဖိုးဂျမ်းနှင့် မတွေ့ဘဲ နှာစေးချောင်းဆိုးနှင့်သာ တွေ့ရပေလိမ့်မည်။

ထို့ကြောင့် ခြံဝနှင့်မနီးမဝေးရှိ သစ်ပင်ရိပ်တစ်ခုတွင် ကုလား ထိုင်နှင့် ထိုင်၍ စာဖတ်ရန် ပြင်လိုက်၏။

စာမဖတ်မီ ခြံထဲဝန်းကျင်ကို မျက်စိကစားလိုက်သည်။

ပန်းချုံပင်နှင့်တကွ သစ်ပင်များသည် ဝါဝင်းတောက်ပသော နေရောင်ခြည်အောက်တွင် အစွမ်းကုန် ထင်လင်းနေကြသည်။ ပန်းခြံ နှင့် ပန်းပင်ထိပ်ဖျားကလေးများတွင် ပြိုးပြိုးပြောက်ပြောက် ပွင့်ကား နေကြသော ပန်းပွင့်ကလေးများသည် ဝါတချို့၊ ညိုတစ်လီ၊ နီတစ်မျိုးနှင့် ရှိုးနိုင်အောင် လှပနေသည်။

တစ်ချက်တစ်ချက် ဖွေ့ယမ်းလိုက်သော လေပြည်ကလေး၏ အနွဲ့တွင် ခပ်သွဲ့သွဲ့ကလေး ယိမ်းကစားနေကြ၏။

စိမ်းလန်းသော မြက်ခင်းပြင်သည် နေဝါရောင်အောက်တွင် လှင်လှင်ကလေး တောက်ပြောင်နေ၏။ မြက်ခင်းပြင်၏ အချို့နေရာများတွင် သစ်ပင်ပန်းပင်တို့၏အရိပ်များ ကျရောက်နေလေရာ အေးမြသော အတွေ့ ကို ရင်ထဲဝယ်ခံစားရပြီး မြက်ခင်းပြင်ကိုလည်း အစိမ်းရင့်နှင့် အစိမ်းနု ရောင်များဖြင့် ကန့်၍ကန့်၍ ချယ်မှုန်းထားသယောင် ထင်မြင်ရသည်။

ရှည်လျားသော စက္ကူပန်းချုံမှ အခက်အလက်ကြီးအချို့သည်

မြက်ခင်းပြင်၌ ထိလုလု ချဉ်းကပ်နေပြီး လေအဝှေ့တွင် ဟိုဟိုသည်သည် ယိမ်းထိုးနေလေရာ သစ်ကုလားအုတ်သည် မြက်ခင်းပြင်ပေါ်သို့ကျသွားသောအစာကို ရှာဖွေနေသည့်နှယ် စဉ်းစားဖွယ်ပင် ဖြစ်လေ၏။

ခင်မောင်ဆွေသည် စာကိုမဖတ်နိုင်သေးဘဲ သဘာဝ၏အလှအပဝယ် စိတ်ဝင်စား၍ ငေးငိုင်သွားမိသည်။

*သဘာဝသည် အစဉ် လှပနေသည်။*

*လူ့အဖွဲ့အစည်း၊လူ့အသိုင်းအဝိုင်းသည်လည်း တစ်ဦးကိုတစ်ဦး အန္တရာယ်မပြုဘဲ ချစ်ချစ်ခင်ခင် နေကြမည်ဆိုလျှင် ထောက်ကူဖြည့်စွက်ရာရောက်ပေလိမ့်မည်။ ဖိုးဂျမ်းကဲ့သို့သောလူအချို့သည် အဘယ်ကြောင့် သဘာဝ၏အလှကိုဖျက်ဆီးချင်ရပါသနည်း။*

*ဤသို့ဆိုးသွမ်းမနေဘဲ သောကကင်းသော လူ့အဖွဲ့အစည်းကို ဝိုင်းဝန်းတည်ဆောက်ကြမည်ဆိုလျှင် အဘယ်မျှကောင်းပါလေအံ့နည်း။*

*ယခုတော့...*

*ဖိုးဂျမ်းသည် ဓားမြှောင်ကြီးကို ကိုင်၍လာလေမည်လား။*

*ခြောက်လုံးပြူး သေနတ်ကိုကိုင်၍ လာလေမည်လော။*

*လက်ပစ်ဗုံးကို ကိုင်၍လာလေမည်လော။*

ဦးမြဟ်သာ၏ နောက်သို့လိုက်ရန် မည်သူကို ထပ်၍ ပို့ဆောင်ပါလေဦးမည်လဲ။

ဖိုးဂျမ်းကို မမြင်ဖူးသော်လည်း သူ၏စရိုက်ကြောင့် သူ့နာမည်ကို ကြားရခြင်းကပင်လျှင် ရွံစရာ၊ မုန်းစရာ ဖြစ်နေသည်။

ခင်မောင်ဆွေသည် သက်ပြင်းကို ချလိုက်ကာ ဘာမျှမတတ်နိုင်သလို လက်ထဲမှစာအုပ်ကို ကောက်ဖွင့်၍ ဖတ်လိုက်လေ၏။

ခြံဝတွင် လူတစ်ယောက်သည် ယောင်ပေယောင်ပေနှင့်ရောက်လာ၏။

ဘောင်းဘီရှည်ကိုဝတ်ထားသည်။ လက်က ခရီးသွားလက်ဆွဲအိတ်ကြီးကို ဆွဲထား၏။ အင်္ကျီအနီလက်ရှည်ကြီးကို ဝတ်ထားသည်။ အသက်နှစ်ဆယ်ကျော်ခန့် လူရွယ်တစ်ဦး ဖြစ်၏။ အရပ်သိပ်မမြင့်လှသော်လည်း ပိန်ပိန်ပါးပါးဖြစ်သဖြင့် အရပ်မြင့်သယောင်ယောင်ထင်ရ၏။

ထိုသူသည် လက်ဆွဲအိတ်ကြီးကို ဆွဲပြီး ဖြောင့်ဖြောင့်တန်းတန်းဝင်မလာ။ အိမ်ကြီးဆီ မျှော်ကြည့်လိုက်ပြီး တွန့်ဆုတ် ... တွန့်ဆုတ်နှင့်ဝင်လာ၏။

သူ ခြံဝက ဝင်လာကတည်းက အရိပ်ထဲမှ အကဲခတ်နေသော ခင်မောင်ဆွေက မြင်၏။ မြင်၍ အရိပ်အကဲကို ကြည့်နေသည်။ ကြည့်လေလေ သင်္ကာမကင်းစရာ ဖြစ်လာသည်။

ထိုင်ရာမှ အသာထလိုက်ပြီး ဖတ်လက်စ စာအုပ်ကို ကုလားထိုင်ပေါ်မှောက်၍ တင်ထားလိုက်ကာ အုတ်ခဲကျိုးကို လှမ်း၍ ကောက်လိုက်၏။

ထို့နောက် ပန်းချုံကလေးများကိုခိုကာ ထိုသူနှင့် မနီးမဝေးနောက်ကွယ်ဘက် ရောက်အောင်လာခဲ့၏။

လူရွယ်ကား ခြေစုံရပ်၍ အိမ်ကြီးဆီသို့ မျှော်ကြည့်လိုက်သည်။

ခင်မောင်ဆွေသည် သူ၏အနောက်ဘက်ယွန်းယွန်းဆီမှ ချုံဖုတ်နောက်မှ ဆန့်ဆန့်ရပ်လိုက်၏။ ပန်းချုံသည် သူ၏ရင်ခေါင်းအောက် ရှိသည်။

ဤနေရာကနေ၍ ဤပုံစံအတိုင်း ရပ်နေသည့် သူ၏နောက်စေ့သည် အုတ်ခဲကျိုးနှင့်ထုရန် အကောင်းဆုံးသော အနေအထားတွင် ရှိလေ

တော့သည်။

ခေါ်ရင်ဂျိုကုလားများ အားယူသကဲ့သို့ လျှာကြီးကို နှုတ်ခမ်းတွင် တစ်လိုက်ပြီးလျှင် ခင်မောင်ဆွေသည် အုတ်နီခဲကျိုးကို အားရပါးရ မြှောက်လွှဲလိုက်လေသည်။

ထိုခဏတွင် သူ့ကို ကျောပေးနေသော လူရွယ်သည် ဆတ်ခနဲ ကုန်းလိုက်၏။ သူ့ဖိနပ်ထဲတွင် ကျောက်ခဲလေးဝင်နေပုံရ၏။ ဖိနပ်ကို ချွတ်၍ ခါလိုက်ပြီးမှ ပြန်စီးလိုက်လေသည်။

ထိုသူက ကုန်းလိုက်သဖြင့် ခင်မောင်ဆွေသည် လက်ကိုပြန်ချ ထားလိုက်သည်။ တစ်ဖန် ထိုသူ ပြန်၍ မတ်လိုက်သောအခါ အုတ်နီခဲ ကျိုးနှင့်တကွသော လက်ကိုမြှောက်လိုက်ပြန်လေ၏။

ဆတ်ဆတ်နှင့် ရှေ့သို့ နှစ်လှမ်းခန့် လျှောက်သွားပြန်လေရာ ပစ်၍မရ ဖြစ်ရပြန်လေသည်။ တော်တော်ဝေးဝေး ရောက်သွားလျှင် မိမိ တာဝန် ပေါ့ရာရောက်တော့မည်။ ထိုသူကို အိမ်ဝသို့မရောက်ခင် တားဆီး ရပေမည်။

လူရွယ်သည် ခြေစုံရပ်၍ အိမ်ကြီးဆီသို့ မျှော်ကြည့်ပြန်၏။ ခင်မောင်ဆွေသည် လျှာကြီးကို တစ်လိုက်ပြန်ကာ လက်ကိုလွှဲမြှောက် လိုက်ပြန်၏။ သို့သော် သူ ရုတ်တရက် အံ့အားသင့်သွားမိ၏။

ထိုသူသည် ချာခနဲလှည့်၍ ခြံဝဆီသို့ သုတ်သုတ် သုတ်သုတ် နှင့် ပြန်ကွေ့ထွက်လာတော့ရာ ခင်မောင်ဆွေသည် လက်ကို ပြန်ချရရုံ တွင်မက ကိုယ်ခန္ဓာကိုပါ ကိုင်းပြီး ပန်းချုံနှင့်ကွယ်လိုက်ရလေတော့ သည်။

ဂဏှာမငြိမ်လေသော ထိုသူသည် ခြံဝသို့ ထွက်သွား၏။

ခင်မောင်ဆွေ ခေါင်းကြီးသွားသည်။ ဦးခွေး၏ ပြစ်တင် မောင်းမဲ နေသော မျက်နှာကြီးကိုလည်း မြင်ယောင်လာသည်။

သူ၏တာဝန်သည် ခြံဝဒ္ဓရှိ၏။ ခြံထဲသို့ လူစိမ်းတစ်ယောက် ဝင်လာပြီး မိမိက မတားဆီနိုင်မီ ပြန်ထွက်သွားသည်။ ထိုသူသည် မည်သူမည်ဝါမှန်းကိုပင် မသိလိုက်ရချေ။ မဖြစ်ထိုက်ပါချေ။ ထို့ကြောင့် ထိုလူကို လက်မလွှတ်မှ ဖြစ်မည်။ ဖိုးဂျမ်းမဟုတ်ဘူးဆိုသည့်တိုင်အောင် အနည်းဆုံး ထိုသူသည် မည်သူမည်ဝါ ဖြစ်သည်။ မည်သည့်ကိစ္စနှင့် လာရောက်သည်ကိုတော့ သူ သိရမည်။

ရုတ်တရက် ပျာလောင်စွာနှင့်ပင် ထိုသူ၏နောက်သို့ ထလိုက်သည်။

လူရွယ်သည်အမှန်တွင် အပြီးအပိုင် ထွက်သွားသည်မဟုတ်။ ခြံဝသို့ရောက်သောအခါ ခြံတိုင်တွင် ကပ်ထားသောနံပါတ်ကို ပြန်ကြည့်ခြင်းသာ ဖြစ်သည်။ သူ့ကြည့်ရသည်မှာ အိမ်များမှာ ကြောက်ဟန်ရှိသဖြင့် ဤအိမ်သို့ တစ်ခါမျှ မရောက်ခဲ့ဖူးကြောင်းကို သိနိုင်၏။

ခြံဝမှ နံပါတ်ကိုကြည့်၍ သေချာသည်နှင့်တစ်ပြိုင်နက် ချာခနဲ ပြန်လှည့်၍ ဝင်လိုက်သည်။

ထိုအချိန်တွင် ထိုသူတော့ အပြီးအပိုင်ထွက်ပြေးလေပြီဟူသော မှန်းဆချက်ဖြင့် ပုဏ္ဏရိက်ပင်တန်းကလေးကို လွှားခနဲခုန်ကျော်၍ ထွက်ပြေးလာသော ခင်မောင်ဆွေနှင့် မျှော်လင့်ဘဲ ပက်ပင်းရင်ဆိုင် တိုးမိကြလေရာ သူက ခြေစုံရပ်လိုက်ရသည့်နည်းတူ အရှိန်နှင့် ခင်မောင်ဆွေကလည်း ကမန်းကတန်း အရှိန်သတ်လိုက်ရ သဖြင့် သူတို့နှစ်ယောက်မှာ ကယ်ခြေညာလှမ်း၍ နမ်းမိတော့မည်ကဲ့သို့ နီးနီး ဖြစ်သွားကြလေတော့သည်။

ထိုသူ၏ မျက်နှာများသည် ပြူးတူးပြဲတဲဖြစ်နေသော ခင်မောင်ဆွေ၏အကြည့်ကိုလွှဲ၍ အောက်သို့ကြည့်လိုက်ရာ ပါးစပ်များပင် ပြဲသွားအောင် အံ့အားလည်းသင့်၏။ ကြောက်ရွံ့သွားပုံလည်းရ၏။ ချက်ချင်း

ပင် ဝိုင်းစက်သော မျက်လုံးများနှင့် ခင်မောင်ဆွေကို ကြည့်လိုက်မိပြန်သည်။

ခင်မောင်ဆွေသည် မောနေ၏။

ထိုသူသည် ကြောက်နေ၏။

ထို့ကြောင့် သူတို့နှစ်ယောက်နှုတ်များမှ ထွက်ပေါ်လာသော အသံများကို နားထောင်မည်ဆိုလျှင်...

"ဟောဟဲ ... ဟောဟဲ ... ဟောဟဲ ... ဟောဟဲ"

"ဂတ်ဂတ် ... ဂတ်ဂတ် ... ဂတ်ဂတ် ... ဂတ်ဂတ်"

ပထမအသံသည် အတွင်းမှလေများကို အပြင်သို့ မှုတ်ထုတ်နေသော ခင်မောင်ဆွေ၏ မောဟိုက်သံဖြစ်ပြီး ဒုတိယအသံမှာ ကြောက်ဒူးတုန်နေသော လူရှယ်၏ သွားရိုက်သံဖြစ်လေသည်။

စကားကို ခင်မောင်ဆွေက စ၍ပြောနိုင်၏။

"ခင်ဗျား ..."

"ဟုတ် ... ကဲ့ ..."

"ခင်ဗျား ... ဘယ်သူလဲ"

"ဟုတ် ... ကဲ့ ..."

"ဘာဖြစ်နေတာလဲ"

အသက်ရှူဖြန့်သွားသော ခင်မောင်ဆွေက မေးလိုက်သည်။

"ကြောက်နေတယ်"

"အခုမှ ဘာဖြစ်လို့ ကြောက်ရတာလဲ"

"ခင်ဗျား ... ဖိုးဂျမ်း မဟုတ်ဘူးလား"

"မဟုတ်ပါဘူး"

"ဟုတ်မှာပါလေ"

"ဩော် ... မဟုတ်ပါဘူး ဆိုနေမှ"

"ဒါဖြင့် ဖိုးဂျမ်းရဲ့အမျိုး"

"အာ ... မဟုတ်ပါဘူးလေ"

"ဘာပြောပြော ခင်ဗျား မဟုတ်ပါဘူးချည်းပဲ ပြောတာပဲ"

"နို့ ... ခင်ဗျားပြောနေတာတွေ တစ်ခုမှမဟုတ်တာဘဲ။ ခင်ဗျား ပြောနေတဲ့ ဖမ်းဂျိုး"

"ဖိုးဂျမ်းပါဗျ ..."

"အဲ ... ဖိုးဂျမ်းဆိုတာ ဘယ်သူလဲ"

ခင်မောင်ဆွေသည် ရုတ်တရက် ဘာပြန်ပြောရမှန်း မသိရအောင် ဖြစ်သွားသည်။ ပြီးမှ တုံးတိတိပင် ပြန်ဖြေလိုက်၏။

"မသိဘူး"

"အို ... မသိဘဲ ဘာဖြစ်လို့ မေးနေရတာလဲ"

"မသိလို့ မေးရတာပေါ့ဗျ၊ မသိရင်မေးလို့ ဆိုတယ်မဟုတ်လား"

"ဘယ်သူက ဆိုတာလဲ"

"ရှေးလူကြီးတွေကပေါ့"

"ဘယ်သူ့ကို ပြောပြတာလဲ"

"အို ... ခင်ဗျား မမေးနဲ့၊ မေးရမှာက ကျုပ် အလုပ်ဗျ"

"ဒါဖြင့်လည်း မေးလေ"

ခင်မောင်ဆွေက စကားကြောရှည်နေသဖြင့် ရုတ်တရက် ဘာ မေးရမှန်းမသိ ဖြစ်သွားပြန်သည်။ လက်ထဲမှ အုတ်နီခဲကျိုးကြီးကို ဆောင့် အောင့်၍ ပစ်ချလိုက်၏။ သူ့ကို ငေးစိုက်ကြည့်နေသော လူရှုပ်မှာလည်း ဒေါင်ပေါင်၍ အားကျမခံ လက်ထဲက ဆွဲထားသော လက်ဆွဲအိတ် ကြီးကို ဆောင့်အောင့်၍ ပစ်ချလိုက်မိလေ၏။ ထို့နောက် မှ ချက်ချင်းပင် သတိရ၍ ပြန်ကောက်လိုက်ရသည်။

"ခင်ဗျားနာမည် ဘယ်သူလဲ"

"ကျော်ဦး"

"ဒါပဲလား"

"ဒါပဲပေါ့ဗျ ...၊ နာမည်ပဲဟာ ရှည်ရှည်ရွတ်ပြမှ ဖြစ်မယ်ဆိုရင် လည်း လိပ်စာပါ ရွတ်ပြမှ ဖြစ်တော့မှာပေါ့။ ရွတ်ရမလား"

"နေပါစေတော့ ...၊ ခင်ဗျား ဒီအိမ်ကို ဘာလာလုပ်သလဲ"

"ဘာမှ လာမလုပ်ရသေးပါလား၊ အခု ဝင်မယ်ကြံသေးတာ"

"ဘာကိစ္စနဲ့ လာသလဲလို့ မေးတာဗျ"

"အော်ဒါက မှာထားလို့ပေါ့"

"အော်ဒါ မှာထားတယ်ဆိုတော့ ခင်ဗျားက ဘာချုပ်သလဲ၊ အင်္ကျီလား၊ ဖိနပ်လား"

လူရွယ်မှာ ရယ်ချင်သလိုလို ဖြစ်သွား၏။

ခင်မောင်ဆွေသည် အုတ်နီခဲကို ပြန်ကောက်၍ ပြောလိုက်၏။

"မျက်နှာပိုးသတ်လိုက်ပါ"

ကျော်ဦးသည် ချက်ချင်း ပြန်တည်သွား၏။ ခင်မောင်ဆွေကို သိပ်ကြောက်ပုံမရ။ အုတ်နီခဲကို ကြောက်ပုံရ၏။ ထို့နောက် စောစောက ခင်မောင်ဆွေ၏ အမေးကို ပြန်ဖြေလိုက်လေသည်။

"အော်ဒါ မှာထားတာ ပြောတာမဟုတ်ဘူး။ ဩော် ... ဩော် ဒီနေရာမှာ နည်းနည်းပိုပြီး အသံက မဆွဲလိုက်မိလို့ပေါ့။ တကယ်ဆိုရင် ဩော် ... ဩော်"

"တိတ် ... ဒါ သီချင်းဆိုပြိုင်ပွဲ ကျင်းပနေတာ မဟုတ်ဘူး"

"ကျွန်တော်ကလည်း သီချင်းဆိုနေတာ မဟုတ်ပါဘူးလေ။ ဩော် ... ဒါက မှာထားလို့ လာတာလို့ စောစောက ကျွန်တော်ပြောတာကို အခု ပြန်ဖြေနေတာ"

"ဘယ်က မှာထားတာလဲ"

"ကျွန်တော့် ကြီးတော်က မှာထားတယ်။ ကျွန်တော်ဟာ သူ့တူ"

"ခင်ဗျား ... ဒေါ်စန်းရှင်ရဲ့ တူလား"

"မဟုတ်ဘူး၊ ဒေါ်စန်းရှင်ဆိုတာ ကျွန်တော့် အဒေါ်မဟုတ်ဘူး"

"ခင်ဗျားရဲ့ အဒေါ်မဟုတ်ရင် ဘာဖြစ်လို့ သူ့တူလို့ ပြောရသလဲ"

"ဒေါ်စန်းရှင်ရဲ့ တူလို့မှ ကျွန်တော် မပြောတာ"

"အင်း ... ဒေါ်စန်းရှင်ရဲ့ တူလို့တော့ မပြောဘူးပေါ့။ ခင်ဗျားဟာ သူ့တူဆို၊ ဒီအိမ်မှာ ဒေါ်သူ့ဆိုတာတော့ မရှိဘူး"

ကျော်ဦးသည် ရယ်ရန် ပြင်လိုက်၏။ ခင်မောင်ဆွေသည် အုတ်နီခဲကို ခါးလောက်ဆီသို့ပင့်တင်၍ လက်နှစ်ဖက်နှင့်ကိုင်လိုက်သည်။

ကျော်ဦးသည် အုတ်နီခဲကို တစ်ချက်ကြည့်လိုက်ပြီး ခင်မောင်ဆွေ၏ မျက်နှာကို ပြန်ကြည့်လိုက်သည်။ သူ၏ မျက်နှာကို ပြန်ကြည့်လိုက်သည်။ သူ၏ မျက်နှာမှာ သိမ်ဆင်းပြီးခါစ ဒုလ္လဘရဟန်းမျိုး အသွင်ကို ဆောင်နေလေတော့သည်။

"ကျွန်တော့်အဒေါ်က ဒေါ်အေးသာ၊ ကြီးတော် ဒေါ်အေးသာ"

"ဩော်..."

"ကြီး ... တော် ... ဒေါ် ... အေးသာ"

"ဘာဖြစ်လို့ နင်းကန် ဟစ်တာလဲ"

"နို့ ... ဩော် ... ဆို"

"ကဲ ... စကားမများနဲ့တော့၊ ဝင်ချည်။ အိမ်ဝနားရောက်ရင် အသံပြုသွား၊ ခင်ဗျား အူကြောင်ကြောင် လုပ်ပုံမျိုးနဲ့ဆိုရင် နံပါတ်နှစ်ကင်းနဲ့ တွေ့သွားမယ်"

ကျော်ဦးသည် အတွင်းသို့ လှမ်းမည်ပြုပြီးမှ ခင်မောင်ဆွေ၏ စကားကြောင့် ဆတ်ခနဲတွန့်သွားကာ အသာငဲ့ကြည့်ပြီး ပြန်မေးလိုက်၏။

"ဒီအိမ်မှာ ဘာစိတ်ကူးနဲ့ ကင်းတွေကို မွေးထားရသလဲဗျ။ ထုံးစံအတိုင်းဆိုရင် ခွေးသာ မွေးတတ်ကြတာပါဗျ"

"အင်း ... ခင်ဗျား မိန်းမနဲ့ကျမှ ခွေးပဲမွေးခိုင်း မွေးခိုင်း၊ မျောက်ပဲ မွေးခိုင်း မွေးခိုင်း၊ ခုတော့ စကားမရှည်နဲ့ ဝင်သွားချည်"

ကျော်ဦးလည်း ဖက်ကလေးတစ်ချက် ပုလိုက်ကာ စိုက်စိုက် စိုက်စိုက်နှင့် ဝင်သွားလေသည်။ ခင်မောင်ဆွေသည် သူ၏အရိပ် အာဝါသသို့ ပြန်၍ စာအုပ်ဖတ်ရန် ထိုင်လိုက်လေသည်။

ကျော်ဦးသည် အိမ်ဝန်းရောက်သည့်တိုင်အောင် လူရိပ် လူခြည်မတွေ့သဖြင့် စုံရပ်လိုက်ကာ ဆန့်လိုက်၊ ယို့လိုက်နှင့် အပေါက် များ၊ အခန်းဆီးများကြားမှ လူရိပ်လူခြည်ကို ရှာဖွေလှေလာလိုက်သည်။

"ခွေးမသား ... သေဖို့သာပြင်"

အောင်မြင်လှသော အသံဝါကြီးနှင့်အတူ ဆင်ဝင်တိုင်နားရှိ ပန်းအိုးများ စီထားသောနောက်မှ လွှားခနဲ ခုန်ကျော်၍ ရုတ်တရက် ထွက်လာသော ဦးခွေးကို သူမမျှော်လင့်ဘဲ ရင်ဆိုင်လိုက်ရလေတော့ သည်။

လက်ထဲတွင်လည်း ဒူးလေးကြီးကိုကိုင်ကာ သူ၏ရင်ဝဆီသို့ တည့်မတ်စွာ ချိန်ရွယ်ထားလေသည်။

အုတ်နီခဲထက်ကြီးသော အန္တရာယ်ကြီးနှင့် ရင်ဆိုင်လိုက်ရသော ဤအချိတွင် ကျော်ဦးမှာ "ဂစ်" ခနဲသာ တစ်ချက် အသံထွက်လိုက်နိုင်ပြီး မြေကြီးပေါ်သို့ ပျော့ခွေကျသွားလေတော့သည်။

ဖိုးဂျမ်းကနေ ဖိုးပျော့အဖြစ်သို့ တစ်မုဟုတ်ချင်း ပြောင်းလဲသွား လိမ့်မည်ဟု ဘယ်လိုမှ မျှော်လင့်မထားသော ဦးခွေးသည်လည်း ဒူးလေး ကြီးကို ကိုင်ထားလျက်က မြေပေါ်သို့ ပျော့ခွေကျသွားသော ကျော်ဦးကို သူ့ထိုက်နှင့် သူ့ကံဟူ၍ ကြောင်တောင်ကြည့်နေမိတော့သည်။

ဤအချိန်တွင် တံမြက်စည်းကလေးကိုင်၍ ထွက်လာသော ဒေါ်အေးသာမှာ ထွက်လာစဉ်က နာမည်နှင့်လိုက်အောင် အေးအေးသာသာပင်ဖြစ်သော်လည်း ဆင်ဝင်အောက်အစပ်နားတွင် ဂုန်နီကြိုးစကလေးများ ပစ်ချထားသကဲ့သို့ ခွေပျော့ပျော့လေးဖြစ်နေသော ကျော်ဦးကို မြင်လေသောအခါ၌ လက်ထဲမှ တံမြက်စည်းလေးကို ပစ်ချထားခဲ့ကာ "အောင်မလေးတော့" ဟု အော်၍ ကျော်ဦးဆီသို့ ပြေးလာလေ၏။

ဒေါ်အေးသာ၏ အော်သံကြောင့် ဒေါ်စန်းရှင်နှင့် မခင်မြင့်တို့သည် ပြေးထွက်လာကြလေသည်။

ဒေါ်အေးသာသည် ပျော့ခွေနေသော ကျော်ဦး၏အနားမှ ဆွဲလိုက်ကာ ဦးခွေးကို ရန်တွေ့လေတော့၏။

"ရှင် ... ဘယ့်နှယ်လုပ်လိုက်တာလဲ။ ဒါဟာ ကျုပ်တူ"

"ပြုတ်တူလား ဘာလားတော့ မသိဘူး"

"ကျုပ်တူ ရှင့်၊ ကျုပ်တူ ... ရှင့်ကို လူသတ်မှုနဲ့ တရားစွဲမယ်"

"အောင်မယ် ... ဘာဆိုင်လို့ စွဲရမှာလဲ"

"ကျုပ်တူမို့ ကျုပ် ဆိုင်လို့ တရားစွဲရမှာပေါ့"

သူတို့နှစ်ယောက် အချီအချပြောဆိုနေကြစဉ် မခင်မြင့်ကလည်း ကြားမှဝင်၍ သူ့အဖေကို ပြောလိုက်သည်။

"အဖေကလည်း ပစ်သတ်မိရင် ပစ်သတ်မိပါတယ်လို့ ဝန်ခံလိုက်[illegible]သလဲ"

ဦးခွေး၏ နှုတ်ခမ်းမွေးကြီးများ ထောင်သွားလေ၏။

"အောင်မယ် ... ငါမှ မပစ်ရသေးတာ ဘာဖြစ်လို့ ဝန်ခံရမှာလဲ။ ခင်ဗျားကလည်း ဖအေအရင်းကို ထောင်ချနေပြန်ပြီ။ ဒူးလေးနဲ့ပစ်ရင် ဒဏ်ရာ ရမှာပေါ့။ ရှာများလည်း ရှာကြည့်ကြစမ်းပါဦး"

ဦးခွေး၏စကားကို ဒေါ်အေးသာက ကျေနပ်ပုံ လုံးဝမပြချေ။

ဦးခွေးကိုင်ထားသော ဒူးလေးကြီး၏ ထိပ်ဦးကိုပြ၍...

"ဒီဥစ္စာကြီးနဲ့ ရင်ဝကို ထိုးလိုက်ရင်လည်း ဒီလိုပဲဖြစ်မှာပေါ့။ ဘာမှမလုပ်ရင် ကျော်ဦးဟာ မြေကြီးပေါ်မှာ မောမောနဲ့ လှဲအိပ်တာလို့ ဆိုချင်သပေါ့လေ ..."

"သူ ... ဘိန်းမျိုလာသလားမှ မသိတာ။ နှိုးပြီး မေးကြည့်ပါဦး"

ဒေါ်အေးသာနှင့် မခင်မြင့်တို့သည် တစ်ဖက်တစ်ချက်စီက ဝင်ထိုင်လိုက်၍ ကျော်ဦး၏အခြေအနေကို လေ့လာကြ၏။

ဒေါ်စန်းရှင်သည် ရင်ဖိုသလို မျက်လုံးများအဝိုင်းသားနှင့် ဦးခွေးကို ကြည့်လိုက်သည်။

"သူ ဘယ်လိုဖြစ်ပြီး လဲကျသွားတာလဲ"

ဦးခွေးသည် လက်ထဲမှ ဒူးလေးကြီးကို မြေကြီးပေါ်ချထားလိုက်ကာ ခြေနှစ်ဖက်ကိုခွင်၍ ဒူးချင်းဆိုင်လိုက်ပြီး မျက်လုံးကလေးလည်းကာ မေးမိုတ်ထားလျက် ပျော့ခွေပြီး မြေပေါ်ဒူးထောက်ကျသွားလေသည်။

"အို ... ဦးခွေးကလည်း ဘာဖြစ်ရတာလဲ"

"သူ ဘယ်လိုဖြစ်သွားသလဲဆို၊ ကျွန်တော်က သူ့ဖြစ်ပုံမျိုး ပြန်လုပ်ပြတာလေ"

"မဟုတ်ပါဘူးလေ၊ သူ ဘာဖြစ်လို့ ဒီလို လဲကျသွားတာလဲ"

"အဲဒါတော့ မပြောတတ်ဘူး၊ ကျွန်တော့်ကို မြင်မြင်ချင်း လဲကျသွားတာပဲ အစ်မကြီးရဲ့၊ သူ နှုတ်ခမ်းမွေးကို မမြင်ဖူးဘူးထင်တယ်"

"ဟော ... သတိရလာပြီ"

မခင်မြင့်၏အသံကြောင့် သူတို့သည် ကျော်ဦးဆီသို့လှမ်းကြည့်လိုက်ကြသည်။

ကျော်ဦးသည် မျက်လုံးဖွင့်ကြည့်ကြည့်ချင်း မခင်မြင့်ကို မြင်၍

ဘလိုက်သည်။ နောက်မှ တစ်ဖက်သို့ လှည့်ကြည့်ရာ ဒေါ်အေးသာကို မြင်လေသည်။

"အောင်မယ်လေး ... ဒေါ်ကြီးရဲ့ ... ကယ်ပါဦး"

ဒေါ်အေးသာ၏ လည်ပင်းကိုဖက်၍ ဝမ်းနည်းပက်လက်ပြော လိုက်လေသည်။ ဒေါ်အေးသာကလည်း သူ့တူကို ပြန်ဖက်ကာ...

"ကျော်ဦး ... ဘယ်လိုဖြစ်သလဲ၊ ငါ့ကို ပြန်ပြန်ပြောစမ်းပါ"

"ဒီအိမ်ထဲဝင်လာကတည်းက လူတွေ ကျွန်တော့်ကိုသေ ကြောင်း ကြံကြတယ်။ စောစောကလည်း ခြံဝကလူက အုတ်နီခဲနဲ့ ထုမလို့"

အားလုံးသည် ဦးခွေးကို မော့ကြည့်လိုက်ကြ၏။ ဦးခွေးက ဘာမှမပြောဘဲ လက်ခေါက် မှုတ်လိုက်သည်။ ချက်ချင်းလိုလိုပင် ခင်မောင်ဆွေ ရောက်လာလေ၏။

"ဟောဗျ ... ဒီလူက ဘယ်လိုဖြစ်လို့ မြေကြီးထဲ ခြေဆင်း ထိုင်နေရတာလဲ။ ပက်လက်ကုလားထိုင် ရှာမတွေ့ဘူးလား"

ခင်မောင်ဆွေ၏ အမေးကို ဒေါ်အေးသာကသာ ဒေါနှင့် ပြန်ဖြေ သည်။

"မင်းတို့တွေက ငါ့တူကို သေကြောင်းကြံကြတယ်၊ ငါမခံဘူး။ ဘာရားစွဲမယ်"

ခင်မောင်ဆွေမှာ ဒေါ်အေးသာ၏စကားကြောင့် တော်တော် ဘလေး အံ့အားသင့်သွားရလေတော့သည်။

"ဗျာ ... သူ့ကို သေကြောင်းကြံတယ်လို့ စွပ်စွဲရအောင် သူ စီးလာတဲ့ရထားကို ကျွန်တော်တို့က မိုင်းထောင်သလား။ သူစီးတဲ့ ဘသော်ကိုရော ခရီးသည်ယောင်ဆောင်ပြီး လုသလား။ ကြံကြံဖန်ဖန် ဘ ဒေါ်ရာ ..."

"ခင်ဗျား အုတ်နီခဲကြီးနဲ့လေ"

ကျော်ဦးက ဝင်ပြော၏။

"ကျုပ် အုတ်နီခဲကိုင်တာ ဘာဆိုင်သလဲဗျ၊ ခင်ဗျားရဲ့မျက်မှောက်မှာ အုတ်နီခဲကို မကိုင်ရဘူးလို့ အက်ဥပဒေရှိသလား"

"ခင်ဗျား ကျွန်တော့်ကို ထုမလို့ပေါ့ဗျ"

ဦးခွေးက ဤနေရာတွင် ကြားဖြတ် ပြောပြန်၏။

"ဒါက မင်း သက်သက် တို့ကိုစွပ်စွဲတာ။ အသရေဖျက်မှုနဲ့ တရားစွဲမယ်။ ဟိုကောင်က ခြေထောက်စူးလို့ အုတ်ခဲမီးဖုတ်မလို့ ကိုင်တာ ဖြစ်ချင်ဖြစ်မှာပေါ့ကွ"

"ဟင် ... ဒါဖြင့် ခင်ဗျားကြီးက ခွေးမသား သေဖို့ပြင်လို့ ဘာဖြစ်လို့ အော်တာလဲ"

"ဟ ... ဒါက ငါက ခွေးမသားကို ပြောတာပဲ။ မင်းက ခွေးမသားလားကွ။ ဘာ နာစရာရှိလဲ"

ဤတွင် ဒေါ်စန်းရှင်က ဝင်ပြောလိုက်၏။

"ဒီမှာ ... မောင် ... မောင်ကျော်ဦးရယ် ... စိတ်မရှိပါနဲ့။ ဒေါ်ဒေါ် ရိပ်မိပါပြီ။ ဒီက ဦးခွေးနဲ့ မောင်ခင်မောင်ဆွေတို့က လာစောင့်ရှောက်နေတာပါ။ ဖိုးဂျမ်းရန်ကိုကြောက်လို့။ ဒါတွေ အထဲရောက်တော့ ပြောပြပါ့မယ်။ မင့်မှာ ဒဏ်ရာမရှိဘူး မဟုတ်လား"

"ဒဏ်ရာတော့ မရှိပါဘူး။ လန့်ပြီး မေ့သွားတာပဲ"

ထိုအခါ၌ "ဘာဖြစ်တာလဲ မေမေ" ဟူသော အသံထွက်ပေါ်လာ၍ ကျော်ဦးက အသံလာရာသို့ လှမ်းကြည့်လိုက်၏။

မူမူသွယ်သည် အိမ်ပေါက်ဝတွင် လှပစွာ ရပ်နေလေသည်။ ကျော်ဦးက သွက်လက်စွာ ပြောလိုက်၏။

"စိတ်မဆိုးပါဘူး ဒေါ်ဒေါ်၊ ကဲ ... အထဲသွားကြစို့"

ဦးထွေးနှင့် ခင်မောင်ဆွေတို့သည် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်ကြသည်။

■

*လူ့အဖွဲ့အစည်း၊ လူ့အသိုင်းအဝိုင်းသည်လည်း တစ်ဦးကိုတစ်ဦး အန္တရာယ်မပြုဘဲ ချစ်ချစ်ခင်ခင် နေကြမည်ဆိုလျှင် သောက်ကူဖြည့်စွက်ရာရောက်ပေလိမ့်မည်။ သောကကင်းသော လူ့အဖွဲ့အစည်းကို ဝိုင်းဝန်းတည်ဆောက်ကြမည်ဆိုလျှင် အဘယ်မျှကောင်းပါလေအံ့နည်း။*

# ၆

## ဆေးရိုးသည်တွေ ပေါလှချည့်. . .

*ယနေ့ နေ့လယ်ခင်းသည် မနေ့ကကဲ့သို့ပင် သာယာနေသည်။*

ဒေါ်အေးသာ၏ အိပ်ခန်း ပြတင်းပေါက်မှ ကြည့်လျှင် ခြံဝင်းထဲတစ်နေရာကို တွေ့မြင်နိုင်လေသည်။

ဒေါ်အေးသာသည် ခုတင်ပေါ် ခြေတွဲလောင်းချ၍ ထိုင်နေသည်။ သူ့အနားတွင် ကုလားထိုင်ဟောင်းတစ်လုံးရှိ၏။ သို့သော် ကျော်ဦးသည် ကုလားထိုင်ပေါ်တွင် ထိုင်၍မနေချေ။ ပြတင်းပေါက် နားတွင်ရပ်လျက် ခြံထဲသို့ အပေါ်မှ ဆီး၍ကြည့်နေသည်။

ခြံစည်းရိုးနားကပ်၍ ဦးဒွေးသည် ဒူးလေးကြီး ထမ်း၍ လျှောက်သွားသည်ကို မြင်လိုက်ရသည်။

"ဖိုးဂျမ်းက ဒီလို နေ့ခင်းကြောင်တောင်ကြီး လာမတဲ့လား"

ကျော်ဦးက သူ့အဒေါ်ကို ကျောပေးရင်းကပင် စကားပြောလိုက်၏။

"လာချင်မှတော့ လာမှာပေါ့။ ဒါပေမဲ့ မမကြီး စိတ်ချမ်းသာအောင် လုပ်နေကြတာပေါ့လေ။ လောကမှာ ပိုက်ဆံမျက်နှာသိပ်ကြီးတာပဲ။ မမကြီးက ပိုက်ဆံရှိတယ် မဟုတ်လား။ ဒီတော့ ... လာပြီးမျက်နှာလိုအားရ လုပ်ကြတာပေါ့"

ကျော်ဦးက လှည့်၍ ဒေါ်အေးသာကို ကြည့်လိုက်လေသည်။

"စောစောက မြို့ထဲကို ထွက်သွားတဲ့လူက ဘယ်သူ..."

"ခင်မောင်ဆွေ ... တဲ့"

"သူက ဒေါ်စန်းရှင်နဲ့ ဘာတော်သလဲ"

"ဘာမှမတော်ဘူး၊ မူမူ့သွယ်ရဲ့ သူငယ်ချင်းတဲ့။ တက္ကသိုလ်ကျောင်းသားဟဲ့။ ငါက သူ့ကို စိတ်မချဘူး"

"ဘာဖြစ်လို့လဲ၊ သူက လက်ဆော့တတ်သလား"

"မဟုတ်ပါဘူးလေ၊ သူနဲ့ မူမူနဲ့ ချစ်ခင်သွားမှာ ငါ သိပ်ကြောက်တာ။ ဒါကြောင့် နင့်ကို အတန်တန်မှာတာ"

"အို ... သူတို့ချင်း ချစ်ကြိုက်ရင်လည်း ယူပစေပေါ့"

"အောင်မယ် ... နင် တယ်အ ပါကလား။ ဒီနား လာစမ်း"

ဒေါ်အေးသာက ခေါ်လိုက်သဖြင့် ကျော်ဦးသည် ပြတင်းပေါက်ဆီ ခွာခဲ့၍ ခုတင်နားက ကုလားထိုင်တွင် ထိုင်လိုက်၏။ ဒေါ်အေးသာက တိုးသဲ့သဲ့သာ အသံနှင့် ပြောလိုက်လေသည်။

"ငါ့မှာ အကြံတစ်ခုရှိတယ်"

"ကြံတစ်ချောင်းရှိတယ်လို့ ပြောစမ်းပါ ကြီးတော်ရဲ့၊ ကြံပဲ စားရလို့ ရှိရဦးမလား"

"တယ် ... ဒီသေနာကောင်ဟာ ... အကြံ ... အကြံ"

"ဘာအကျန်လဲ၊ ထမင်းလား၊ ဟင်းလား၊ ဘာလုပ်ဖို့လဲ"

ဒေါ်အေးသာက စိတ်မရှည်တော့သဖြင့် ထိပ်ကို ဒေါက်ခနဲ ခေါက်လိုက်ရာ "အလယ်လယ်" ဟု အော်၍ ကျော်ဦးမှာ ဇက်ပုသွားလေ၏။

"ဘာဖြစ်လို့ ခေါက်ရတာလဲ ကြီးဒေါ်ရဲ့"

"နင် အသုံးမကျလို့ပေါ့၊ ငါ့မှာ အကြံတစ်ခုရှိတယ်။ ဒီအိမ်ကြီးနဲ့ ပစ္စည်းတွေကို ငါတို့ရမယ့်အကြံပဲ"

ကျော်ဦးမှာ ကြီးကျယ်သောအကြံကြောင့် မျက်မှောင်ကုတ်သွားမိလေ၏။

"ဘယ်လိုလုပ်မှာလဲ၊ စာချုပ်တွေ ခိုးမလို့လား"

"ဘယ်က ဟုတ်ရမှာလဲ။ မမကြီးမှာ ဒီသမီးလေးတစ်ယောက်တည်းရှိတယ်။ ဒီတော့ ..."

"ဪ ... သိပြီ၊ အခု တစ်ယောက်တည်းရှိနေလို့ နောက်ကို နှစ်ယောက်ဖြစ်အောင် နောက်ထပ် သမီးတစ်ယောက် မွေးစားနိုင်းမယ် ဆိုပါတော့..."

ဒေါ်အေးသာသည် နှုတ်ခမ်းကို တစ်ချက် ကိုက်လိုက်ပြီးမှ ...

"နင် ... တော်တော်တုံး၊ ကောင်မလေးကို ရတဲ့လူဟာ အမွေပစ္စည်းအားလုံးကို ရမှာပဲ။ ဒါကြောင့် နင့်ကို ငါမှာတာ။ နင်နဲ့ မှုမှုသာ အကြောင်းပါရင် တို့တစ်သက် ထိုင်စားရတော့မှာ"

ကျော်ဦးသည် ငေးငိုင်တွေးတောသွား၏။ ပြီးမှ တောက်တစ်ချက်ခေါက်လိုက်၏။

"တောက် ... ဟိုကောင်က ရှိသေးတယ်"

"အေးပေါ့ဟဲ့ စိန်ကောင်း ကျောက်ကောင်း ရောင်းဝယ်ရာ ဆေးရိုးသည်က ကန့်လန့်ကန့်လန့်ဆိုတာလို။ ဒီ ခင်မောင်ဆွေကြောင့်

ကျက်နေတာပေါ့။ နင်က ဒီကောင်ကို ပြိုင်ပြီးပိုးရမှာ။ ငါကလည်းတတ်နိုင်သလောက် မမကြီးနဲ့ ခင်မောင်ဆွေနဲ့ကွဲအောင် ခြေထိုးပေးတာပဲ"

ဒေါ်အေးသာ၏စကားကို ကြားရသောအခါ ကျော်ဦး၏မျက်နှာမှာ ပျော်ရွှင်သွားသလို ဝင်းထိန်သွားလေသည်။

"ဩော် ... လက်စသတ်တော့ ဒီကောင်က ဒေါ်စန်းရှင်နဲ့ဖြစ်နေတာကိုး"

"ဟယ် ... ကြံကြံဖန်ဖန် နင် ဘာတွေလျှောက်ပြောနေတာတုံး"

"နို့ ... ကြီးတော်က ဒီကောင်နဲ့ ဒေါ်စန်းရှင်နဲ့ကွဲအောင်လုပ်နေတယ်ဆို"

"မမကြီးက သူ့ကို မျက်နှာသာ မပေးချင်အောင်၊ သူ့ကို လက်ခံသွားချင်အောင် ငါက ကြိုးစားနေတယ်လို့ ပြောတာဟဲ့။ ကောင်မလေးနဲ့ သူ့အကြားတော့ ခြေထိုးလို့မရဘူး။ သူတို့က သူငယ်ချင်းတွေ ဖြစ်နေတယ်။ ဒီကြားထဲ ဟို ... မကြီးမငယ် နှုတ်ခမ်းမွေးနဲ့ သေနာကြီးက ဒီကောင်နဲ့ သိပ်လုံးနေတယ်"

"ဒါပေမဲ့ သူကသာ သေနာဖြစ်နိုင်တယ်။ သူ့သမီးကတော့ ဆိုးလှပါကလား။ တောသူလေးသာ ဆိုတယ်၊ တယ်ဖြောင့်တာပဲ"

"ဟင်းနော် ... နင် စိတ်နဲ့တောင် မပြစ်မှားနဲ့။ နင် ပြစ်မှားရမှာ မှုမှုသွယ်။ ဒီတောသူမ မိခင်မြင့် မဟုတ်ဘူး"

"သိပါတယ်လေ၊ မခင်မြင့်ဟာ ချစ်စရာကောင်းပေမဲ့ ပစ္စည်းမရှိဘူး။ မှုမှုက ချစ်စရာကောင်းတယ်၊ ပစ္စည်းကလည်း ချစ်စရာကောင်းတယ်။ စိန်လိုက်၊ ကျွန်တော် ရအောင်ပိုးပြမယ်။ ခုလို ဒေါ်စန်းရှင်မှာ သားကိုးရာမဲ့နေတဲ့ အချိန်ဆိုတော့ ပိုကောင်းတာပေါ့။ ရာသက်ပန်သခင့်ရှောက်ဖို့ လူလိုနေတာပေါ့။ ဟဲ ... ဟဲ"

"အင်း ... တဟဲဟဲနဲ့။ တော်တော်ကြာ နွားပြာကြီးအောက်သွား

မရှိတုန်း မှုမှုသွယ်ဆီကို သွားပြီး အာလာပသလ္လာပ သွားပြောချည်ပါလား"

"ကောင်းပါပြီ ခင်ဗျာ"

ကျော်ဦးသည် ကုလားထိုင်မှထ၍ အောက်သို့ ဆင်းလာလေ၏။

အောက်ထပ် လှေကားရင်းတွင် တံမြက်စည်းလှည်းနေသော မဂွမ်းပုံကို တွေ့ရလေသည်။ မဂွမ်းပုံက သူ့ကို တစ်ချက်ကြည့်၍ ပြုံးလိုက်လေသည်။ ကျော်ဦးကလည်း ပြန်၍ ပြုံးရင်း "ကောင်မလေးကော" ဟု မေးလိုက်လေ၏။

"နောက်ဖေးမှာလေ"

ကျော်ဦးလည်း ခပ်သုတ်သုတ်ပင် နောက်ဖေးဘက်ဆီ ဝင်သွားပြီး ချက်ချင်းပင် ပြန်ထွက်လာလေ၏။

"ဘယ်မှာ ရှိရမှာလဲဗျ"

"ဩော် ... အစုပဲ ပန်းကန်ဆေးတာ တွေ့ခဲ့သေးတယ်"

"ဟာ ... ပန်းကန်ဆေးနေတာ မခင်မြင့်ပဲ"

"အင်းလေ ... မခင်မြင့်ကိုပဲ ပြောတဲ့ဥစ္စာ။ မခင်မြင့်က ကောင်မလေးမဟုတ်လို့ ယောကျ်ား အရင့်အမာကြီးလား"

"ခင်ဗျား ... တော်တော် ရှော်တယ်"

"ဟာ ... လျှော်တာတော့ မပြောနဲ့။ မခင်မြင့်ရောက်မလာခင်ကဆိုရင် တစ်အိမ်လုံးမှာ တစ်ယောက်တည်း လျှော်တာ။ ဆယ့်ငါးရက်တစ်ခါလောက် ခြင်ထောင်တွေ၊ အိပ်ရာခင်းတွေတောင်ပါသေးတယ်"

ကျော်ဦးသည် စိတ်တိုင်းမကျသည့်အမူ မျက်နှာကြီးကို ရှုံ့မဲ့ပြလိုက်၏။ မဂွမ်းပုံမှာ ကျော်ဦး၏မျက်နှာကို မြင်သောအခါ ပျာပျာသလဲ ဖြစ်သွားမိလေတော့သည်။

"ဘာဖြစ်တာလဲ၊ ဝမ်းထဲက ရစ်သလား"

"မရစ်သေးဘူးဗျို့ ...၊ ခုမှ ရစ်မလို့ ကြံတုန်းပဲ"

"ဒါဖြင့် အဲဒီ ဝမ်းနုတ်ဆေးဟာ ကနဦးကပဲ ဖြစ်ရမယ်"

"တော်စမ်းပါဗျာ ...၊ ကျွန်တော် သိချင်တာက မူမူသွယ် ဘယ်မှာလဲလို့ မေးချင်တာ"

"ဘာလုပ်ချင်လို့လဲ"

"ဩော် ... စကားပြောချင်လို့ပေါ့ဗျ"

"အရေးကြီးတဲ့ စကားလား"

"ဘယ်က အရေးကြီးရမှာလဲ၊ ဒီလို ... စကားလေး ဖြည်းလေး ပြောချင်တာပေါ့"

"သိပါဘူးလေ၊ ရှင့်ကြည့်ရတာ ရေးကြီးသုတ်ပျာ ဖြစ်နေလို့"

"အရေးကြီးတယ်ဆိုရင်ကော ... ခင်ဗျားက ဘာလုပ်ပေးမလို့လဲ"

"ရှင့်တင်းပါးကို ဒီကြက်မွေးနဲ့ ရိုက်ပေးလိုက်မှာပေါ့။ ဒီတော့ ရှင် လန့်ဖျပ်ပြီး ထွက်ပြေးတော့ မြန်မြန်ရောက်တာပေါ့ ရှင့်"

ကျော်ဦးသည် မျက်နှာကြီး ရှုံ့မဲ့လိုက်ပြန်၏။

"ဟော ... ဒီတစ်ခါတော့ တကယ် ရစ်ပြီထင်တယ်။ ရှင်... မူမူသွယ်ဆီ အရင်မသွားသေးဘဲ အိမ်သာကို အရင်သွားတာ ပိုမှန်မယ် ထင်တယ်"

"အို ... မမှန်ရင်လည်း နေပါစေလေ၊ မူမူသွယ် ဘယ်မှာ ရှိသလဲသာ သိရင် ပြောစမ်းပါ"

"ခြံထဲကို ဆင်းသွားတာ တွေ့လိုက်တယ်"

ကျော်ဦးသည် မငွမ်းပုံကို ဘာမှဆက်မပြောတော့ဘဲ သူ သိလိုရာ သိခဲ့ပြီးဖြစ်သည့်အလျောက် ခြံထဲဘက်ဆီသို့ ခပ်မြန်မြန် ဆင်းလာခဲ့လေတော့သည်။

သူ ဓေးဓေး မရှာရချေ။

မှုမှုသွယ်သည် နှင်းဆီပန်းချုံတစ်ခုတွင် ပန်းပင်ကြည့်နေသည်ကို မြင်ရလေတော့သည်။ ခြံစည်းရိုးနားမှ ကုက္ကိုပင်ကြီးအရိပ်သည် နေရာအတော်များများကို လွှမ်းမိုးထားလေရာ ပန်းချုံနှင့်တကွ မှုမှုသွယ်မှာ အရိပ်အာဝါသအောက်တွင် အေးချမ်းစွာ ရှိနေလေသည်။

သူ့နေရာက ကြည့်လိုက်လျှင် ကျောပေးထားသော မှုမှုသွယ်၊ မှုမှုသွယ်၏ရှေ့တွင် ပန်းချုံ၊ ပန်းချုံနှင့် ခပ်လှမ်းလှမ်းတွင် ခြံစည်းရိုးနှင့် ကုက္ကိုပင်။ တစ်ဖြောင့်တည်း ဖြစ်နေသည်။

အရိပ်လိုချင်လျှင် နေပူက စောင့်ကောင်းစောင့်ရမည်ဖြစ်သော်လည်း ယခု ကျော်ဦးအလိုရှိသည်မှာ အရိပ်မဟုတ်ချေ။ မှုမှုသွယ်ကိုသာ အလိုရှိနေခြင်းဖြစ်၏။ ထို့ကြောင့် နေပူထဲကစောင့်လျှင် နာစေးပြီး အပူရုပ်နိုင်၏။ နေပူထဲကစောင့်နေ၍တော့ မဖြစ်ချေ။ နေပူမှဖြတ်၍ မှုမှုသွယ်ရှိရာ နေရိပ်သို့ ခပ်သွက်သွက်ကလေး လျှောက်သွားလိုက်လေသည်။

"ဟဲလို ..."

မှုမှုသွယ်က လှည့်မကြည့်။

"အဟမ်း"

မကြည့်သည့်အပြင် ခါးကလေးကိုင်း၍ပင် ချုံကြားထဲ လက်တစ်ဖက် နှိုက်လိုက်လေသည်။

"ဩော် ... ဟုတ်ကဲ့ ..."

မှုမှုသွယ်က လှည့်မကြည့်၊ ကိုယ်ကိုတော့ ပြန်မတ်လိုက်သည်။

သေးသိမ်သော ခါးကလေးနှင့် စွင့်ကားသောတင်ပါးကလေးများမှာ တစ်နေ့လုံးကြည့်သော်မှ ကြည့်ဝစရာမရှိ။ သို့သော် ကျော်ဦးသည် စကတ်ချုပ်ရန် လာခြင်းမဟုတ်။ စကားပြောဆိုရန်သာ လာခြင်းဖြစ်ပေရာ မှုမှုသွယ်၏ ခါးနှင့်တင်ကို ကြည့်နေ၍မပြီးချေ။

"ဒီမှာ ... မူမူ"

ဤတွင်မှ မူမူသွယ်သည် ချာခနဲလှည့်ကြည့်လိုက်လေသည်။

"ဪ ... ကိုကျော်ဦးပါလား"

"ဟုတ်ကဲ့ ... ကျွန်တော်ခေါ်နေတာ ကြာပါပြီလေ"

"ဟုတ်လား ... မသိပါဘူး၊ မူမူက ဒီနားမှာ ကိုကျော်ဦး လာပြီး ဘယ်လီဖုန်း စကားပြောလေ့ကျင့်နေတယ် မှတ်လို့"

"သေပါတော့ဗျာ ..."

ထို့နောက် စကားစတို့သည် တသောင်းသောင်းနှင့် ပြတ်ကုန်၏။ သို့သော် ကြာကြာ မပြတ်နိုင်ချေ။ ကျော်ဦးကပင် အစတင်းပြန်ဆက်ရ၏။

"ကျွန်တော် ဒီအိမ်ကို ဘာဖြစ်လို့ရောက်လာသလဲ သိလား"

"သိတာပေါ့၊ ဒေါ်ဒေါ်ခေါ်လို့ ရောက်လာတာပေါ့"

"ကြီးတော်ခေါ်လို့ရောက်လာတာတော့ ဟုတ်တာပေါ့။ ဒါပေမဲ့ ည်ရွယ်ချက်ကတော့ လူဆိုးဖိုးဂျမ်းရန်က မူမူ့ကို စောင့်ရှောက်ဖို့ ရောက်ခဲ့ရတာပါ"

"မူမူကမှ ဖိုးဂျမ်းကို ကြောက်လှတာ မဟုတ်ဘဲ၊ မူမူ့ကို စောင့်ရှောက်ဖို့ မလိုပါဘူး။ မေမေ့ကိုသာ စောင့်ရှောက်ဖို့ပါ။ မေမေက ကြောက်တာ"

စကားဦးလွှဲသွား၏။ သို့သော် ကျော်ဦးသည် အားမပျက်သေး။

"မှန်တာပေါ့၊ ဒေါ်ဒေါ်ကို စောင့်ရှောက်ရမှာပဲ။ ဒါပေမဲ့ ဒီကို ကျွန်တော် လာပြီး စောင့်ရှောက်တာ မျက်နှာတစ်ခုပဲ ထောက်လို့ပါ။ အဲဒါ ဘယ်သူ့မျက်နှာလဲသိလား"

"သိတာပေါ့ကွ ...၊ မင်းကြီးတော်ကြီး မျက်နှာပေါ့ ..."

နောက်ဆုံးပြောလိုက်သော ယောကျ်ားသံကြီးမှာ မူမူသွယ်၏

အသံတော့မဟုတ်နိုင်။ ထို့ကြောင့် ကျော်ဦးမှာ ပါးစပ်ပြဲသွားသည်အထိ အံ့အားသင့်သွား၏။

သူမသိ၊ မမြင်လို့သာ ရှိရမည်။ ပန်းခြံ၏တစ်ဖက်တွင် ဦးဒွေး သည် ခြံစည်းရိုးဘက်သို့ မျက်နှာမူ၍ ထိုင်နေခဲ့၏။ စောစောက ဘာ တစ်ခွန်းမှ ဝင်မပြောဘဲ ယခုမှ ပြောပြောဆိုဆိုနှင့် မတ်တတ် ရပ်လိုက် လေသည်။ ထို့နောက် ပန်းချုံကို ကွေ့ပတ်လျှောက်ရင်း ရပ်လိုက်ရာ သုံးဦးသားမှာ ဗိုခနောက်ဆိုင် ဖြစ်သွားကြလေသည်။

အမှန်စင်စစ်တွင် ကျော်ဦးသည် မှုမှုသွယ်ကို မျက်နှာလိုအားရ နှင့် ချစ်စကိုဖော်ထုတ်ရန် ကြံစည်နေခြင်းသာဖြစ်လေရာ ယခုကဲ့သို့ ဦးဒွေးက ရောက်ရှိနေရာတွင် အကြံအစည်သည် သဲထဲရေသွန်ဖြစ်ရ တော့မည့်အသွင်ကို ဆောင်နေ၏။

"ငါပြောတာ မဟုတ်ဖူးလား"

"ဟုတ်ပါတယ်လေ ... ကြီးတော်မျက်နှာကို ထောက်လို့လာ ရတာပဲ။ ဒါပေမဲ့ ဒီရောက်တော့ မှုမှုကို တွေ့လိုက်ရတယ်ဆိုရင်ပဲ ကျွန်တော့် စိတ်တွေ ပြောင်းသွားတယ်"

"ငါ သိပြီ၊ မင်း စိတ်ပြောင်းသွားတာ မှုမှုက လှတာကိုး"

"ဟုတ်တာပေါ့၊ ကျွန်တော် စတွေ့လိုက်ကတည်းက ဒါလောက် လှတဲ့ မိန်းကလေး မတွေ့ဖူးသေးဘူး"

"အေး ... မှုမှုကလှတော့ မင်းစိတ်တွေ ပြောင်းကုန်တယ်။ ယောကျ်ားစင်စစ်က မှုမှုလိုလှတဲ့ မိန်းကလေး ဖြစ်သွားချင်တယ်ဆိုပါ တော့ ..."

မှုမှုသွယ်သည် ဦးဒွေး၏စကားကို ကြားလိုက်သောအခါ ခစ်ခနဲ ရယ်လိုက်မိလေ၏။

စောစောက ဦးဒွေး၏စကားများသည် မိမိအတွက် မီးလောင်

လေပင့်ရာရောက်သည်ဟု ယူဆမိသော ကျော်ဦးမှာ အားရပါးရ ပြော လာပြီးမှ နိဂုံးတွင် တလွဲကြီး ဖြစ်သွားရသောအခါ မျက်နှာကြီး ရှုံ့မဲ့ သွားမိ၏။

"မျက်နှာကို အဲဒီလို ရှုံ့မထားနဲ့ကွ။ မျက်နှာဟာ မျက်နှာနဲ့ မတူဘူး ဖြစ်လာတယ်"

ကျော်ဦးသည် ဦးဒွေးကို အရောမဝင်လိုတော့ပေ။ မူမူသွယ် ၏ပြုံးစနဲ့နဲ့နှင့် အလှနယ်ချဲ့နေသော မျက်နှာကလေးကိုသာ ပြန်လည် ငေးမောကြည့်လိုက်လေ၏။

"တကယ်ပါ မူမူ၊ ကျွန်တော်ဟာ မူမူ့ကိုမြင်တော့ ဆုံးဖြတ် လိုက်ပါပြီ။ ဒီလူဆိုး ဖိုးဂျမ်းရဲ့ရန်ကို အသက်ပေးပြီး ကာကွယ်သွားတော့ မယ် လို့ ဆုံးဖြတ်လိုက်ပါပြီ"

ကျော်ဦးက အရောမဝင်ချင်သော်လည်း ဦးဒွေးကမူ အတင်း ဘိုက်၍ အရောဝင်ပါတော့သည်။ အလိုက်မသိလေစွ။

"ဘယ်လို အသက်ပေးမှာလဲကွ ... ဟေ။ ငါနဲ့တွေ့တုန်းကလို ... ခံစနဲ့မြည်ပြီး အသက်ပေးသွားတော့မှာလား။

ကျော်ဦးမှာ ဆတ်ဆတ်ခါသွားတော့သည်။

"အဲဒီတုန်းက ကျွန်တော် မဆုံးဖြတ်ရသေးဘူးဗျ။ ခုတော့ ဆုံးဖြတ်ပြီးပြီ။ ဖိုးဂျမ်းတစ်ယောက် မပြောနဲ့ ဆယ်ယောက်လာခဲ့"

"ဆယ်ယောက်လာခဲ့၊ ဆယ်ခါတိတိ တက်ပြေးမယ် ဆိုပါတော့"

"ဦးလေးက ကျွန်တော့်ကို အထင်မသေးပါနဲ့လေ။ ကျွန်တော့် ... ကြောင်လက်သည်းလိုပဲဗျ"

"သြော် ... အညောင်းဆန့်လိုက်မှ မင့်သတ္တိကြီးက ထွက်ထွက် ... ဆိုပါတော့"

ရင်ကိုသာဖွင့်၍ အသည်းထဲမှ ခံစားချက်ကို ခေါက်ချ၍ရမည်

ဆိုလျှင် ကျော်ဦး၏အသည်းထဲမှ ဦးဒွေးကို ရည်ညွှန်းသည့် အမြင်ကတ် တုံးကြီး ဒေါက်ခနဲ ကျလာလိမ့်မည် ထင်ရ၏။ ***"အချိန်ရှိခိုက်လုံ့လ စိုက်"*** ဟူသည်နှင့်အညီ အချိန်ကလေးရခိုက် စကားလေးတစ်လုံး၊ နှစ်လုံး အပိုင်သွင်းလိုက်မည်ဟု အားခဲထားမှ ဦးဒွေးကြီးနှင့်လာတွေ့နေရသည်။

***စိန်ကောင်းကျောက်ကောင်း ရောင်းဝယ်ရာဆေးရိုးသည်က ကန့်လန့်ကန့်လန့် ဖြစ်လှသည်။***

"ဦးလေး ဆေးရိုးရောင်းဖူးတယ် ထင်တယ်"

"ထပ်ထရီ ... အမဲဖျက်တုန်းက အမဲရိုးတွေတောင် အလကား ပေးပစ်တာကွ။ မင်း ဆေးရိုးတွေ ငါ ဘာလုပ်ရမှာတုံး"

အင်္ဂလိပ် ဝေါဟာရ တစ်ရပ်က ***"တိမ်မည်းညိုများတွင် ငွေရောင်အနားကွပ် ရှိတတ်ပါသည်"*** ဟု ဆိုထား၏။ ***မည်းမှောင်သော အချိန်ထဲတွင် ကံကောင်းခြင်း ရောင်ခြည်ကလေးများ လက်တတ်ပေသေးသည်။***

***"အမေရေ ..."***

အားလုံး လှည့်ကြည့်လိုက်ရာ မခင်မြင့်ကို တွေ့ရလေသည်။

"အမေ၊ ရုပ်ရှင်လိုက်ပြမယ်ဆို။ ဒီရောက်မှ ရုပ်ရှင် တစ်ခါမှ မကြည့်ရသေးဘူး။ လာပါ မေမေရဲ့ ရုပ်ရှင်လိုက်ပြပါ"

ကျော်ဦး၏မျက်နှာမှာ မှော်လင့်ချက်ရောင်ခြည်ဦး ကွန့်မြူး လာလေတော့သည်။ ***မခင်မြင့်သည် သူ့မျက်စိထဲတွင် အလွန်လှပသော ပန်းဝတ်မှုံ နတ်သမီးကလေး ဖြစ်နေသည်။*** ကျက်သရေကို ဆောင့်ရှောက်သော လက္ခမီ နတ်မိမယ်ဟုလည်း ဟိန္ဒူတွေး တွေးနိုင်ပါ သေးသည်။

"ဟုတ်တာပေါ့ ဦးလေးရဲ့။ ရန်ကုန်ရောက်လို့မှ ရုပ်ရှင်ကား သစ် ကြည့်မသွားရရင် ဘယ်ဖြစ်ပါ့မလဲ။ လိုက်ပို့လိုက်ပါ"

ဦးခွေးမှာ ဆုတ်ဆိုင်းဆိုင်း ဖြစ်နေသည်။

"ခင်မောင်ဆွေကလည်း မရှိဘူး။ ငါ တာဝန်ပျက်ကွက်ရာ ကျလိမ့်မယ်။ ခင်မောင်ဆွေမရှိရင် ငါက တာဝန်ယူ စောင့်ရှောက်မှာ"

"ကိစ္စမရှိပါဘူး ဦးလေးရယ်၊ ကျွန်တော် တစ်ယောက်လုံးရှိ တာပဲ"

"ဟ ... တို့ စောင့်ကြည့်ရမှာက ဖိုးဂျမ်းကိုကွ။ သူနာတင်ကားကို စောင့်နေရမှာ မဟုတ်ဘူး။ မင်းက ဘယ်လို ထင်လို့လဲ။ ဖိုးဂျမ်းမှာ နာပုလင်းပါလို့ မင်းတက်ရင် ဖိုးဂျမ်းက နာနပ်ပေးမယ် ထင်နေလို့လား"

ကျော်ဦးသည် မျက်လုံးများကို ပြူးသွားပြီး အံကြိတ်လိုက် မိ၏။

"မူမူကတော့ ဖိုးဂျမ်း ပြန်လာမယ် မထင်ပါဘူး။ ပြန်လာရင် တောင် နေ့ခင်းကြောင်တောင်တော့ လာမယ်မထင်ပါဘူး။ ရဲက သူ့ကို လက်လွှတ်ထားတာမှ မဟုတ်ဘဲ။ ခုလောက်ဆို သူ့နောက်က အနံ့ခံပြီး လိုက်နေရောပေါ့"

မူမူသွယ်က ဝင်ပြောလိုက်မှ ဦးခွေးသည် တွန့်ဆုတ် တွန့်ဆုတ် နှင့် မခင်မြင့်၏နောက်သို့ ဒူးလေးကြီးဆွဲရင်း လိုက်ပါသွားလေတော့၏။

"လာ ... မူမူ၊ အရိပ်ထဲ သွားထိုင်စကားပြောရအောင်"

မူမူသွယ်ကလည်း ခပ်အေးအေးပင် ကျော်ဦးနောက်လိုက်သွား ပြီး အရိပ်ထဲသို့ ဝင်လိုက်၏။ မူမူသွယ်က အသင့်ရှိသော ခုံကလေး ပေါ်တွင် ထိုင်လိုက်သည်။ သူနှင့် မျက်နှာချင်းဆိုင်တွင် ကျော်ဦးသည် ဦးခွေး ထိုင်သွားသော ခေါက်ကုလားထိုင်ကလေးကို ဆွဲခဲ့ပြီး ထိုင်နေ ၏။

ကျော်ဦးသည် ပေါင်နှစ်လုံးထပ်၍ ခြေချိတ်ထိုင်နေရင်းက မူမူသွယ်၏မျက်နှာကို ငေးစိုက်ကြည့်ရင်း ပြောလိုက်သည်။

"လှတယ်ဆိုတာ ဘဝက ဆုတောင်းကောင်းလို့ဆိုရမှာပဲနော်"

"ဘယ်ဟုတ်ရမလဲ ကိုကျော်ဦးရဲ့၊ ခေတ်ပေါ်ကိရိယာတွေနဲ့ ပညာရှင်တွေပေါ်လာလို့ လှတာပဲဟာ။ မူမူ တစ်နေ့ကပဲ အလှပြင်ဆိုင်က ပြန်လာတာ"

"မဟုတ်သေးပါဘူးလေ၊ နဂိုရှိမှ နဂိုင်းထွက်တာပါ"

"ဩော် ... ကိုကျော်ဦးပြောမှ မူမူ သတိရတယ်။ မူမူ သိချင်နေတာကြာပြီ။ နဂိုဆိုတာတော့ သိပါတယ်။ နဂိုင်းဆိုတာက ဘယ်လိုဟာကြီးလဲ ဟင် ..."

"ဟို ... ဟိုလေ ... နဂိုင်းဆိုတာ ... အဲ ... ဟိုလိုဟာကြီးဖြစ်မှာပေါ့"

"ဘယ်လိုဟာကြီးလဲ"

"ဟိုလိုလေ ... နဂိုထက် ပိုပြီးလှတာဟာ နဂိုင်းပေါ့ ..."

"ဒါဖြင့် မူမူ ဒီလို ဝါကျလုပ်ရင် ရမလား။ မမြသည် အလှပြင်လိုက်သဖြင့် မဂိုင်းကြီး ဖြစ်သွားလေ၏ ဆိုရင် ဖြစ်မလား"

မူမူသွယ်သည် ပြောပြောဆိုဆိုနှင့်ရယ်လိုက်လေ၏။ ကျော်ဦးမှာတော့ မရယ်နိုင်ပါ။ မရယ်နိုင်သည့်အပြင် ချွေးများပင် ပြန်ချင်သလိုလို ဖြစ်နေသည်။ ဆေးရိုးသည်တွေ ကန့်လန့်ကန့်လန့်မလုပ်ခင် ခရီးတော်တော်ကလေးရောက်ချင်၏။ သို့သော် မူမူသွယ်က ရေလာမြောင်းဖို့ လုပ်နေလေရာ သူ့ရေများမှာ ဟိုလျှောက်စီး၊ သည်လျှောက်စီးနှင့် ဖြစ်ကုန်ရတော့၏။

"ဟာ ... မပြောတတ်ပါဘူးလေ။ ကျွန်တော်က မူမူလို တက္ကသိုလ်ကျောင်းသူကြီးမဟုတ်တော့ ပညာမတတ်ပါဘူးလေ"

ထိုစဉ်တွင် မြို့ထဲက ပြန်ရောက်လာသော ခင်မောင်ဆွေသည်

အိမ်ထဲသို့တန်းဝင်သွားလေသည်။ အိမ်ထဲရောက်သောအခါ ကုလားထိုင်များကို ဖုန်သုတ်နေသော မဌွမ်းပုံကို တွေ့ရလေ၏။

"မဌွမ်း ... မဌွမ်း ... ဒီနား ခဏ"

ခင်မောင်ဆွေက ခေါ်လိုက်သဖြင့် မဌွမ်းပုံသည် လက်ထဲမှ အဝတ်ကို ချထားခဲ့၍ ခင်မောင်ဆွေအနားသို့ ခပ်မြန်မြန် ချဉ်းကပ်လိုက်လေသည်။

"ဒီမှာ ဘာလေးလဲ၊ ကြည့်စမ်း"

ခင်မောင်ဆွေက လက်ဝါးကို ဖြန့်ပြလိုက်၏။ မဌွမ်းပုံက ဘာများပါလိမ့်ဟူသော အတွေးဖြင့် အသာငုံ့ကြည့်လိုက်လေသည်။

ခင်မောင်ဆွေ၏ လက်ဝါးထဲတွင်ကား ပလတ်စတစ် အိမ်မြှောင်ရုပ်ကလေး ရှိလေသည်။

"အမယ်လေး ..."

မဌွမ်းပုံက အလန့်တကြားအော်ပြီးလျှင် အတင်းပုတ်ချလိုက်လေရာ အိမ်မြှောင်ရုပ်ကလေးသည် လွင့်၍ ကြမ်းပြင်ပေါ်သို့ ကျသွားလေ၏။ ခင်မောင်ဆွေက ရယ်မောလိုက်ပြီး ...

"အရုပ်ပါ မဌွမ်းရဲ့၊ ကြောက်သလား"

ဟု ပြောပြောဆိုဆို အရုပ်ကလေးကို ပြန်ကောက်၍ လက်မသက်ညှိုးနှင့် ညှပ်ပြလိုက်သည်။

မဌွမ်းပုံကား အရုပ်ဆိုသည့်တိုင်အောင် ကြောက်လွန်းသဖြင့် နောက်သို့ ယိမ်းလိုက်လေ၏။

"အို ... အရုပ်ဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် ယူသွားစမ်းပါ။ မကြည့်ချင်ဘူး။ ကြိကြိဖန်ဖန်တော် ... ဘယ်ကများ ရလာပါလိမ့်"

ခင်မောင်ဆွေသည် ရယ်လျက်ကပင် အိမ်မြှောင်ရုပ်ကလေးကို လက်ဝါးထဲတွင် ပြန်အုပ်ကိုင်လိုက်လေသည်။

"လမ်းထိပ်က ကောက်ရခဲ့တာ၊ ပထမတော့ ကျွန်တော်တောင် အိမ်မြှောင်ကလေး သေနေတာမှတ်လို့။ ကားကြိတ်မိတယ် မှတ်တာကိုး။ ခြေထောက်နဲ့ ကန်ကြည့်ပြီးမှ ကောက်ကိုင်လိုက်တော့ အရုပ်ဖြစ်နေတာကိုး။ မှုမှုကော ... ဘယ်မလဲ၊ သူ့ကိုလည်း စလိုက်ဦးမယ်"

"ခြံထဲမှာ မြန်မြန်သွား၊ ကိုကျော်ဦးနဲ့ ထင်တာပဲ။ ကိုရင်နဲ့ မိခင်မြင့်တို့တော့ ရုပ်ရှင်သွားကြတယ်"

ခင်မောင်ဆွေသည် အဝတ်အစား မလဲနိုင်ဘဲ ခြံထဲသို့ဆင်း၍ မှုမှုသွယ်ကို လိုက်ရှာလေတော့သည်။

ကျော်ဦးသည် မျက်နှာသေကလေးနှင့် ပြောလိုက်၏။

"မှုမှုတို့က တက္ကသိုလ်ကျောင်းတော်သူဆိုတော့ ကျွန်တော့်လို တက္ကသိုလ်ဝင်းထဲတောင် မကိုင်ရတဲ့သူကို အထင်သေးတာပေါ့နော်"

*အထက်စီးကလာလျှင် ခေါင်းမော်ပစ်လိုက်နိုင်သော မိန်းကလေးသည်အောက်ကျို့ဝင်လာသူကိုတော့ ငုံ့ကြည့်ချင်ပါသေးသည်။* မျက်နှာကလေးသေသေ၊ အသံကလေး ညှင်းညှင်းနှင့်ပြောလိုက်သော ကျော်ဦး၏စကားကိုကြားလိုက်သောအခါ မှုမှုသွယ်သည် မျက်ရည်ကလေးများပင် ဝိုင်းချင်သလိုနှင့်မျက်လုံးများ ရွှန်းလက်လာသည်။

"မှုမှု ဘယ်သူ့ကိုမှ အထင်မသေးပါဘူး။ ကိုကျော်ဦးရယ်"

"မဟုတ်ပါဘူးလေ ... မဟုတ်ပါဘူး။ ကိုခင်မောင်ဆွေနဲ့ ကျွန်တော်နဲ့စာရင် ကိုခင်မောင်ဆွေကို မှုမှု ပိုခင်ပါတယ်"

"အို ... ဒါက သူက ကျောင်းနေဖက် သူငယ်ချင်း ဖြစ်နေလို့ပါ။ သူ့ကိုအထင်ကြီးပြီး ကိုကျော်ဦးကို အထင်သေးတာတော့ မဟုတ်ပါဘူး"

"မှုမှု မှန်မှန် ပြောမလား"

"ဘာမေးချင်လို့လဲ။ မဖြေချင်ရင်သာနေမယ်၊ ဖြေရင်တော့ မှုမှု မလိမ်ပါဘူး"

"ကိုခင်မောင်ဆွေနဲ့ မူမူတို့ဟာ ရိုးရိုး ခင်ကြတာလား"

မူမူသွယ်သည် တစ်ချက် ပြည့်ပြည့်ဝဝရယ်လိုက်၏။

"ဩော်... ရိုးရိုးပေါ့ရှင်၊ သူငယ်ချင်းပဲ။ သူငယ်ချင်းလိုခင်တာပေါ့"

"ဒါထက် မပိုနိုင်ဘူးပေါ့နော်"

"မပိုနိုင်ပါဘူး ရှင်"

"အို ... ပိုမယ်ဆို ပိုနိုင်တယ် ထင်ပါတယ်"

"မပိုပါဘူး ဆိုမှပဲ"

ထိုခဏတွင် ခင်မောင်ဆွေ၏အသံသည် ရုတ်တရက် ထွက်ပေါ်လာတော့၏။

"ဘာများ အရောင်းအဝယ် လုပ်နေကြတာလဲ မူမူ"

ခင်မောင်ဆွေမှာ ကျော်ဦး၏အနောက်ဘက် စောင်းဆီမှ ခေါ်လိုက်ပြောလိုက်သည်ဖြစ်သောကြောင့် မူမူသွယ်က အသာမော့ကြည့်ရုံနှင့် ခင်မောင်ဆွေကို မြင်နိုင်သော်လည်း ကျော်ဦးကမူကား သမင်လည်ပြန် လှည့်ကြည့်ရလေသည်။

ခင်မောင်ဆွေက စကားပြောရင်းက ခေါ်လိုက်သည်ဖြစ်သောကြောင့် မူမူသွယ်သည် ပါးစပ်အစား မျက်လုံးဖြင့် ပြန်ထူးဘိသည့်အလားမျက်လုံးဝိုင်းကလေးနှင့် မော့ကြည့်လိုက်၏။ သူ၏လက်နှစ်ဖက်မှာဒန်းကြိုးများကို တစ်ဖက်တစ်ချက်စီကိုင်ထား၏။ ခြေထောက်ကအငြိမ်မနေဘဲ ဆန့်ချည်ကွေးချည်လုပ်နေရာ ဒန်းကလေးသည် မသိမသာ ဖြည်းညင်းစွာ ရှေ့တိုးနောက်ငင် လှုပ်ယမ်းနေလေ၏။

"ဒီမှာ ဘာလဲ ကြည့်စမ်း"

ခင်မောင်ဆွေက ပြောပြောဆိုဆိုပင် ခပ်လှမ်းလှမ်းကပင် အသာလှမ်း၍ လက်ထဲကပစ္စည်းကို ပစ်ပေးလိုက်၏။

သူ ပစ်ပေးလိုက်သည်ကို ကျော်ဦးက ခေါင်းကို ပြန်၍ နေသား

တကျ နေရာရောက်အောင်ပင် လိုက်ကြည့်ရ၏။ မူမူသွယ်ကလည်း ပစ္စည်းရောက်လာရာကို မျက်စိဖြင့် လိုက်၍ကြည့်သည်။

တစ်စုံတစ်ခုသော ပစ္စည်းကလေးသည် သူ့ဆီသို့ရိုပ်ခနဲ လေထုကိုဖြတ်၍ ပျံသန်းလွင့်စဉ်လာပြီး သူ၏ ကွေးတစ်ဝက်ဆန့် တစ်ဝက်ဖြစ်နေသော ပေါင်တံတုတ်တုတ်ပေါ်သို့ ကျရောက်ဖိုနား လာလေသည်။

လေထဲတွင် ပျံသန်းခဲ့စဉ်က ဘာမှန်းမသိသော်လည်း ပေါင်ပေါ်ရောက်မှ ငြိမ်သွားသဖြင့် ပြတ်ပြတ်သားသား မြင်ရလေသည်။

***အိမ်မြှောင်ကလေး ...***

"အို ... အမေ့..."

မူမူသွယ်သည် လန့်အော်ကာ အိမ်မြှောင်ကလေးကျသွားအောင် ခြေကို ဆတ်၍ဆတ်၍ ရုန်းကန်လိုက်ရာ အိမ်မြှောင်ကလေးမှာ ကျသွား၏။ သို့သော် ဒန်းမှာ နောက်သို့အရှိန်နှင့်ရွေ့လျားသွားလေတော့သည်။ ထိုသို့ နောက်ဘက်သို့ ရွေ့သွားလေရာ တစ်နေရာရောက်သောအခါ ဒန်း၏ ပဓောက်ကွေ့ခရီးအစွန်ဝယ် မူမူသွယ်၏ ခြေထောက်များမှာ မြေနှင့်လွတ်သွား၏။

မူမူသွယ်မှ ကြိုးကြီးများကို ဆုပ်ကိုင်ထား၍ မျက်စိကိုပိတ်ထား၏။ ခြေလွတ်လုလွတ်ခင်တွင် ဆက်၍ ဆန့်လိုက်မိပြန်ကား ဒန်းသည် အရှိန်နှင့် ပြန်၍ ပြေးလာလေ၏။

မူမူသွယ်နှင့် မျက်နှာချင်းဆိုင်တွင် ခေါက်ကုလားထိုင်ကလေးနှင့် ထိုင်နေမိခဲ့သော ကျော်ဦးမှာ သူ့ဆီသို့ ပြေးလာသော အန္တရာယ်ကို ရိပ်စားမိ၏။ ထို့ကြောင့် ချိတ်ထားသော ခြေထောက်ကို ကမန်းကတန်းဖြေချလိုက်၏။

***သို့သော် မမီပါတော့ချေ။*** သူ့ခြေနစ်ဖက် မြေကြီးပေါ်သို့ စုံချမိသည်နှင့် တစ်ပြိုင်နက် ဆန့်တန်း၍ပြေးလာသော မူမူသွယ်၏

ခြေထောက်ကြီးနှစ်ဖက်မှာ သူ့ရင်ဘတ်ဆီသို့ အရှိန်နှင့် ဝင်လာလေတော့ ရာ "ဟယ် ... သေပါပြီဗျို့" ဟု အော်အော်ဟစ်ဟစ်နှင့်ပင် ကျော်ဦးမှာ ကုလားထိုင်လေးနှင့်တကွ ပက်လက်လန်ကျသွားလေ၏။

မူမူသည်လည်း ဒန်းစရီးပခောက်ကွေး၏ ဇဟိုချက်၊ မြေကြီး နှင့် အနီးဆုံးနေရာရောက်မှ ခြေထောက်နှင့်ရပ်လိုက်နိုင်သည်။ မျက်လုံး များကိုလည်း ဖွင့်လိုက်၏။

ကျော်ဦးသည် မြေကြီးပေါ်မှာ ဖုတ်ဖက်ခါထလာသည်ကို တွေ့ရသည်။ မူမူသွယ်သည် ဒန်းပေါ်မှ ပြေးဆင်းလာပြီး ကျော်ဦး နားသို့ ရောက်လာလေ၏။

"ကိုကျော်ဦး၊ ကန့်တော့နော် ... မတော်လို့ပါ။ တော်တော် နာသွားသလား"

ကျော်ဦးသည် မျက်နှာသေကလေးနှင့် မူမူသွယ်ကို မော့ကြည့် လိုက်၏။ ခင်မောင်ဆွေက ရယ်၍ ပြောလိုက်သည်။

"မူမူက ခြေစုံပစ်ပြီး ဝင်လိုက်တာကို၊ ကိုကျော်ဦးက နောက် ကျော်စပြီး ရှောင်လိုက်တာပေါ့"

"တော်ပါ ... ကိုခင်မောင်ဆွေ၊ လူတစ်ဖက်သားကို ဒီလို မလှောင်ပါနဲ့"

"သူက တစ်ဖက်သားလား၊ ဒါဖြင့် ကျန်တဲ့ တစ်ဖက်က အသား တွေ ဘယ်ရောက်ကုန်တုံး"

မူမူသွယ်မှာ စိတ်ကောက်၍ ဆောင့်ဆောင့်နှင့် ထွက်သွားတော့ သည်။ ကျော်ဦးက မျက်နှာသေကလေးနှင့် ခင်မောင်ဆွေကို မျက်လုံး အကလတ် မပကလတ်နှင့်ကြည့်လိုက်ရာ ခင်မောင်ဆွေက လျှာထုတ်ပြ လိုက်လေတော့သည်။

■

# ၇

## ကြံကာ ပန်းပါဘိ

ညနေ ထမင်းဝိုင်းကား အိမ်သားအားလုံးပါဝင်သဖြင့် ကြီးကျယ်လှသည်။

ထမင်းစားပွဲကြီးမှာ လေးထောင့်ရှည်ရှည်ဖြစ်၏။ စားပွဲထိပ်နှစ်ဖက်တွင် တစ်ယောက်စီထိုင်နိုင်ပြီး တစ်ဖက်တစ်ချက်တွင် သုံးယောက်စီ ထိုင်နိုင်လေသည်။ စားပွဲ၏ထိပ်ဦးပိုင်းမှ ဒေါ်စန်းရှင်က ထိုင်၏။ ဒေါ်စန်းရှင်၏ မျက်နှာချင်းဆိုင်ထိပ်တွင် ဒေါ်အေးသာက ထိုင်၏။

ဒေါ်စန်းရှင်၏ လက်ဝဲဘက်တွင် ဦးဒွေး၊ ကျော်ဦးနှင့် ခင်မောင်ဆွေတို့ စီ၍ထိုင်ကြ၏။ ဒေါ်စန်းရှင်၏ လက်ယာဘက်တွင် မှုမှုသွယ်၊ မခင်မြင့်နှင့် မငွမ်းပုံတို့ စီ၍ ထိုင်ကြသည်။

ထမင်းကို စတင်၍ စားကြသောအခါ အခြေအနေအားလုံးသည် ကောင်းမွန်လှပါသည်။ ငြိမ်ငြိမ်သက်သက် ဣန္ဒြေရစွာနှင့် စားသောက်နေကြ၏။ သူတို့အားလုံးသည် မြန်မာပီပီ လက်ဖြင့် စားနေကြ၏။ အမှန်ပင် မည်သည့် လူမျိုးမှတော့ ခြေဖြင့်ထမင်းစားမည်မဟုတ်။ ဆိုလို

ငေါ်ကား ဖွန်း၊ ခက်ရင်း၊ တူ စသော ပစ္စည်းကိရိယာများ၏ အကူအညီ မပါဘဲ မိမွေးတိုင်း ဖမွေးတိုင်း လက်ဖြင့် စားကြခြင်းကို ဆိုလိုခြင်းဖြစ် သ၏။

ဒေါ်စန်းရှင်၏ ရှေ့နားတွင်ရှိသော ဟင်းချိုပန်းကန်ထဲမှ ဇွန်း ကို မှုမှုသွယ်က လှမ်းအယူလိုက်တွင် ထိုဇွန်းကိုပင် လှမ်းယူလိုက်သော ကျော်ဦး၏လက်မှာ မှုမှုသွယ်၏ ဖြူးကြွယ်သော လက်ဖမိုးလေးကို အုပ်၍ကိုင်မိ၏။ သို့သော် ချက်ချင်းပင် ကျော်ဦးက လက်ပြန်ရုပ်လိုက် သည်။ မှုမှုသွယ်ကလည်း လက်ပြန်ရုပ်လိုက်ရင်း ...

"ယူလေ ... ကိုကျော်ဦး ... ယူ"

"နေပါစေ ... မှုမှု အရင်ခပ်ပါ"

မှုမှုသွယ်က လက်ဝဲလက်ကလေးဖြင့် ဟင်းခပ်လိုက်သဖြင့် ကိစ္စမှာ ပြီးပြတ်သွားသည်။

အားလုံး ထမင်းဆက်လက်၍ သုံးဆောင်နေကြ၏။ သို့သော် ကျော်ဦး၏အာရုံမှာ မှုမှုသွယ်ထံ၌ရှိနေပြီး ခင်မောင်ဆွေ၏အာရုံမှာ ကျော်ဦးထံတွင် ရှိနေသည်။ သူတို့၏ အာရုံများရှိရာသို့ သူတို့၏ မျက်လုံးများက မကြာခဏ ကစားလျက်ရှိကြသည်။ မျက်လုံးကစား သည်ဆိုရာတွင် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်နေခြင်း မဟုတ်ဘဲ ထမင်းပန်းကန်များနှင့် လှုပ်ရှားမှုများကို ကြည့်နေကြခြင်းသာ ဖြစ်ကြလေသည်။

တစ်ကြိမ် ဖြစ်ပြန်လေပြီ။

ဟင်းခွက်ရှိ ဇွန်းကိုရုပ်ကိုင်လိုက်သော မှုမှုသွယ်၏ လက်ဝဲဘက် လက်ဖမိုးလေးကို ကျော်ဦး၏လက်ဝဲဘက် လက်ဝါးကြီးက အုပ်ကိုင်လိုက် မိပြန်၏။ ဤတစ်ကြိမ်တွင်မူ မှုမှုသွယ်၏နှုတ်မှ "အို ..." ဟုပင် အသံ ထွက်ပေါ်သွားလေသည်။ ချက်ချင်းပင် ကျော်ဦးက လက်ရုပ်လိုက်၏။

ဒေါ်စန်းရှင်သည် ထမင်းလုတ်ကို ကမန်းကတန်း မျိုချလိုက်ပြီးမှ စကားပြောလိုက်သည်။

"ဟင်းခွက် လက်ဆုံတယ်၊ ညည်းသည်လာမယ် ထင်တယ်"

ဦးမြွေးက ထမင်းထဲတွင် မြှုပ်ထားသော တို့စရာကို ငါးပိရည်ဆမ်းလိုက်ပြီး ဝင်ပြောလိုက်လေသည်။

"လာစမ်းပါစေလေ၊ တစ်ချီတည်း ဒူးလေးနဲ့ မိသွားမယ်"

"အို ... ကိုမြွေးကလည်း ဘာဖြစ်လို့ ညည်းသည်ကို ဒူးလေးနဲ့ ပစ်ရမှာလဲလို့"

"ဩော် ... ညည်းသည် ရိုးရိုးကိုတော့ မပစ်ပါဘူးလေ"

ခင်မောင်ဆွေသည် ထမင်းများကို ဟင်းနှင့်နယ်ရင်းက ဝင်ထောက်သည်။

"ဩော် ... ရိုးရိုးဆို ဦးလေးက မပစ်ဘူး၊ ညည်းသည်ဟာ ပယောဂနဲ့ယှဉ်ပြီး စုန်းပူးသလိုလို၊ နတ်ပူးသလိုလို ငိုလိုက်ရယ်လိုက် လုပ်လာရင် ပစ်မယ်ဆိုပါတော့။ ဒီလို မဟုတ်လား"

"ဘယ်က ဟုတ်ရမှာလဲကွ။ ဖိုးဂျမ်းဖြစ်ဖြစ်၊ သူ့ဘက်သားတွေဖြစ်ဖြစ် လာရင် တစ်ချီတည်း ပစ်ထည့်လိုက်မယ်လို့ ပြောတာ"

သူတို့ စကားကောင်းနေကြစဉ်တွင် မူမူသွယ်၏ လက်ဝဲလက်သည် ဟင်းချိုပန်းကန်ဆီသို့ ဦးတည်၍ လှုပ်ရှားသွား၏။ ထိုအခိုက်တွင်ပင် ကျော်ဦး၏ လက်ဝဲလက်သည်လည်း လှုပ်ရှားလာ၏။ ကျော်ဦး၏လက်လှုပ်ရှားသည်နှင့်အမျှပင် ထိုလက်ကို ဂရုစိုက်နေသော ခင်မောင်ဆွေ၏ လက်ဝဲဘက်လက်သည်လည်း လှုပ်ရှားလာလေတော့သည်။

*ထိုလှုပ်ရှားမှုတို့မှ ဖြစ်ပေါ်လာချက်ကား...။*

မူမူသွယ်သည် ဟင်းချိုပန်းကန်မှဇွန်းကို ကိုင်မိ၏။ ရစ်ဝဲ၍ ကြွတက်လာသော ကျော်ဦး၏လက်ကြီးကို လက်ကောက်ဝတ်မှနေ၍

ခင်မောင်ဆွေ၏လက်က ကြားဖြတ်တိုက်လိုက်ရာ ခင်မောင်ဆွေ၏ လက်ဦးသွားရာဆီသို့ ကျော်ဦး၏လက်ကြီးမှာ ပါသွားရသဖြင့် ကျော်ဦး၏ လက် အဆုံးသတ်ရောက်ရာ စခန်းကား ဦးခွေးထမင်းပန်းကန်ထဲတွင် ဖြစ်လေတော့သည်။

"ဘယ်လိုလဲဗျ ... ကိုခင်မောင်ဆွေရ"

"ဩော် ... ငါးပိရည် ခပ်မလို့ပါ"

ကျော်ဦး၏လက် ပြန်ရုပ်သွား၏။ ခင်မောင်ဆွေသည် ဣန္ဒြေရလင့် ဦးခွေးနှင့် ကျော်ဦးတို့ ထမင်းပန်းကန်များအကြားတွင်ရှိသော ငါးပိရည်မှ ဇွန်းဖြင့် ငါးပိခပ်ယူလိုက်သည်။

ဦးခွေးက ပလုတ်ပလောင်းပင် ပြောလိုက်၏။

"ဒီတစ်ခါတော့ လက်ဆုံတာမဟုတ်ဘူး။ လက်ချင်းတိုက်တာ။ ဘာမယ့်ညှိသည်တော့ မော်တော်ကားချင်း တိုက်ပြီထင်တယ်"

"အို ... ကိုခွေးကလည်း ကြဲကြဲဖန်ဖန်"

ဒေါ်စန်းရှင်က ဟန့်လိုက်၍ အားလုံးသည် ငြိမ်သက်စွာ ထမင်းဆက်လက် စားကြပြန်လေ၏။

မှုမှုသွယ်၏ လက်ဝဲလက်ကလေး လှုပ်ရှားပြန်လေရာ စောစောကလိုပင် လှုပ်ရှားမှု ကွင်းဆက်များ ဖြစ်ကုန်ပြန်သဖြင့် လှုပ်ရှားမှု အဆုံး ရပ်တန့်သွားသောအခါ ကျော်ဦး၏လက်မှာ ဦးခွေး၏ ပန်းကန်ထဲတွင်ပင် ရောက်နေပြန်လေသည်။

"ဘယ်လိုလဲ ... ကျော်ဦးရ၊ မင်းမလည်း ထမင်းပန်းကန်များသားနဲ့ ဘာဖြစ်လို့ ငါ့ပန်းကန်ထဲက လာလာနှိုက်စားရတာလဲကွ။ မင်းပန်းကန်ထဲမင်း စတ္တာမုခ် ဘီလူးမဝင်စားတယ်လို့များ ထင်နေသလားဟင်"

ဦးခွေး၏ မကျေနပ်သံကြီး ပေါ်ထွက်လာလေ၏။

ကျော်ဦးကမူ ဘာမျှ ပြန်ပြောမနေတော့ဘဲ သူနှင့် ဦးခွေးတို့

ပန်းကန်များ နှစ်ခုကြားရှိ ငါးပိပန်းကန်ကို အသာပင့်၍ သူနှင့် ခင်မောင်ဆွေ၏အကြားတွင် ချထားပေးလိုက်ပြီး ထမင်းကိုဆက်လက်စားနေလေ၏။

စင်စစ်တွင်ကား ခင်မောင်ဆွေမှာ ငါးပိကို တကယ်တမ်းစားသူတစ်ဦးမဟုတ်ချေ။ သက်သက် ကျော်ဦးကို နှောင့်ယှက်လို၍သာ ငါးပိခွက်ကို မကြာခဏ နှိုက်နေခြင်းဖြစ်ပေသည်။ ငါးပိကို တကယ်စားသူကား ဦးဒွေးဖြစ်၏။ ကျော်ဦး လုပ်လိုက်သဖြင့် ငါးပိကြိုက်သော ဦးဒွေးနှင့် ငါးပိပန်းကန်တို့မှာ ရေမြေခြားကြလို့ ဝေးပြီ ဖြစ်နေ၏။ သို့သော် ... *ဦးဒွေးမှာ အဏ္ဏဝါရေပြင် ခြားလည်းမကြောက်ဘဲ တောင်ကမ်းပါးယံတွေ လွှားကျော်လို့ဖြင့် အရောက်လာမည့်သူ ဖြစ်လေရကား။*

မူမူသွယ်၏ လက်ဝဲဘက်လက်ကလေး လှုပ်ရှားလိုက်သောတစ်ချိုတွင် မူမူသွယ်၏လက်သည်သာလျှင် သူရည်မှန်းရာသို့ရောက်၏။ မူမူသွယ်၏လက် အနောက်သို့လိုက်သော ကျော်ဦး၏လက်သည် ဟင်းရွက်ကြော်ပန်းကန်ကို ဦးတည်၍ အတင်းဝင်ရောက်လာသော ခင်မောင်ဆွေ၏လက်နှင့် တိုက်ပါသွားပြီးလျှင် ဟင်းရွက်ကြော်ပန်းကန်ထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားလေတော့သည်။ ထိုအတွင်း သူတို့၏လက်ကြီး နှစ်ခုအကြားမှဖြတ်၍ ဦးဒွေး၏လက်ကြီးသည် ထိုးဝင်လာပြီး ငါးပိခွက်ဆီသို့ရောက်နေလေရာ ကျော်ဦး၏ ထမင်းပန်းကန်ပေါ်တွင် လက်ချောင်းလက်မောင်းကြီးတွေ ရှုပ်ယှက်ခတ်ကုန်ပြီး ကျော်ဦးမှာ သူ့ထမင်းပန်းကန်ကိုပင် သူကောင်းစွာ မမြင်ရသည့်ဘဝသို့ ရောက်နေလေတော့သည်။

ဒေါ်စန်းရှင်မှာ မျက်လုံးများပြူး၍ "ဟဲ့ ... လက်တွေ ဘယ်လိုဖြစ်နေကြပြီလဲဟဲ့။ ဒါလောက်ရှုပ်ကုန်ရင် တော်တော်ကြာ လက်တွေ ပြန်ဖြေလို့မရဘဲ နေကုန်ကြလိမ့်မယ်ထင်တယ်" ဟု ပြောလိုက်လေသည်။

သို့သော် မည်သူကမျှ ဟင်းမနှိုက်ကြဘဲ လက်များကိုသာ ပြန်ရုပ်လိုက်သည်ဖြစ်သောကြောင့် လက်တို့သည် ရှရော ... ရှရော ... နှင့် နေမြဲအတိုင်း ပြန်ဖြစ်ကုန်ကြလေသည်။ အကယ်၍သာ ဟင်းများကို ခပ်လိုက်ခဲ့ကြမည်ဆိုလျှင် ယင်းဟင်းများသည် ထမင်းပန်းကန်များထဲသို့ မရောက်ဘဲ လမ်းတွင်ပင် တစ်ယောက်လက်ကို တစ်ယောက်ဟင်းနှင့် သုတ်ပေးသလိုဖြစ်ကာ သူတို့သည် အဆီတဝင်းဝင်း ပြောင်လက်ကုန်ကြရချေမည်။

ထိုအခိုက်တွင် မူမူသွယ်မှာ ထမင်းဝသွားပြီဖြစ်သောကြောင့် သူ့ပန်းကန်လေး ကိုင်ကာထ၍ နောက်ဖေးဘက်ဆီသို့ထွက်သွားလေ၏။ ထိုအချိန်မှစ၍ ထမင်းဝိုင်းသည် ငြိမ်းချမ်းရေး လက်ဆုံ စားပွဲဖြစ်သွားကာ ဘည်ငြိမ်မြိန်ရှက်ကုန်ကြရလေတော့သည်။

ထမင်းစားသောက်ပြီးစီးကြသောအခါ အိမ်သားတို့သည် ချမ်းသာသလိုနေကြ၍ ဧည့်သည်တို့သည်လည်း ကိုယ့်အိမ်လိုသဘောထားကြကာ ချမ်းသာသလို နေကြလေ၏။ ဧည့်သည်ထဲမှာ တစ်ဦးသည် ကား ဂနာမငြိမ် ဖြစ်နေလေသည်။ ထိုသူကား အများသိတော်မူသည့်အတိုင်း ကျော်ဦးပင် ဖြစ်လေတော့သည်။

သူ၏မျက်လုံးများမှာ ကျီးကန်းတောင်းမှောက် ဖြစ်နေသည်။ သူ့ကိုယ်ခန္ဓာမှာလည်း ဟိုသွားသည်သွားနှင့် ဖြစ်နေ၏။ သူသတိပြုနေသော ခင်မောင်ဆွေသည် အိမ်ရှေ့ဘက် သူ့ခုတင်လေးပေါ်တွင် ပက်လက်လှန်၍ စာဖတ်နေသည်။ ခင်မောင်ဆွေသည် မူမူသွယ်ကို သတိမပြုမိ။ ဤအချိန်တွင် မူမူသွယ် အနား၌ရောက်ရှိနေလျှင် အန္တရာယ်အနှောင့်အယှက် ကင်းချိမ့်မည်။

သို့သော် မူမူသွယ်ကား ဘယ်ရောက်နေသနည်း။

အိမ်နောက်ဖေးဘက် မီးဖိုချောင်တွင် သူကြီးတော် ဒေါ်အေးသာ၊ ခင်မြင့်နှင့် မဂ္ဂမ်းပုံတို့သည် အိုးခွက်ပန်းကန်များကို သိမ်းဆည်းနေကြ

၏။ ထိုနေရာတွင် သူသည် မူမူသွယ်ကိုမတွေ့ခဲ့။ တစ်ဖန် အိမ်ရှေ့ရောက်ပြန်တော့လည်း ခုတင်ပေါ်တွင် ခင်မောင်ဆွေ စာဖတ်နေပြီး ဦးခွေးသည် ညေ့ခန်းကုလားထိုင်တွင်ထိုင်၍ သူ့ဒူးလေးကြီးကို သူပြုပြင်မွမ်းမံခြင်း၌ စိတ်ဝင်စားနေသည်။ အိမ်ရှေ့တွင်လည်း မူမူသွယ် မရှိချေ။

အပေါ်ထပ်သို့ တက်၍ရှာပါဦးမည်။

ကျော်ဦးအတွက် အပေါ်ထပ်တက်ရန်မှာ အရေးမဟုတ်ချေ။ သူသည် သူ့ကြီးတော်နှင့် အခန်းထဲတွင် အိပ်သည်ဖြစ်သောကြောင့် သူ့အိပ်ရာရှိရာ အပေါ်ထပ်သို့တက်ခြင်းအတွက် မည်သူကမျှ မေးခွန်းထုတ်စရာ၊ သံသယရှိစရာမလို။

ထို့ကြောင့်ပင် သူသည် ရဲရဲတင်းတင်းပင် အပေါ်သို့တက်လာခဲ့သည်။ ဟော ... တွေ့ရချေပြီ။

မီးလင်းနေသော ဒေါ်စန်းရှင်၏အိပ်ခန်းသို့ ကြည့်လိုက်၏။ အခန်းမှာ အခန်းဆီးတောင်တင်၍ တံခါးဟင်းလင်းဖွင့်ထားသည်ဖြစ်ရကား ခုတင်ကို အတိုင်းသား မြင်ရသည်။ ခုတင်ပေါ်တွင် ဒေါ်စန်းရှင်သည် ကိုယ်တစ်ဖက်ကို ခုတင်ပေါင်နှင့် မှီထိုင်နေပြီး ခြေကိုဆင်းထား၏။ သူ့ခြေသလုံးတစ်ဖက်ကို မူမူသွယ်က အညောင်းဖြေ သာသာယာယာ နှိပ်ပေးနေပြီး သားအမိနှစ်ယောက် စကားပြောနေကြလေသည်။

ဤတွင် သူ ဝင်ရောက်ရလျှင် (၀) ဒေါ်စန်းရှင်၏ ကျန်ခြေထောက်တစ်ဖက်ကို ဝင်နှိပ်ပေးရလျှင် (၁) မူမူသွယ်နှင့် နီးနီးစပ်စပ် စကားပြောခွင့်ရခြင်း၊ (၂) ဒေါ်စန်းရှင်၏ မျက်နှာသာပေးခြင်းကိုခံရ၍ သားသမက်ဖြစ်နိုင်စရာရှိခြင်းဟူသော အကျိုးကျေးဇူးနှစ်ရပ် ဖြစ်ထွန်းစရာ ရှိလေသည်။

ထိုသို့ တွက်ချက်မိသည်ဖြစ်သောကြောင့် ကျော်ဦးသည် ဒေါ်စန်းရှင်တို့၏ အိပ်ခန်းဝယ် ယောင်ပေပေနှင့် ရပ်လာသည်။

ဒေါ်စန်းရှင်သည် လူရိပ်မြင်သဖြင့် အသာလှည့်ကြည့်လိုက်ရာ ကျော်ဦးကို မြင်သဖြင့် "လာ ... မောင်ကျော်ဦး၊ ဒေါ်ဒေါ်တို့ စကားပြော နေကြတယ်လေ" ဟု ပြောရင်းကပင် ခြေကိုရုပ်လိုက်၏။

သူ့ခြေထောက်ရုပ်သည်ကို ကျော်ဦးအနေဖြင့် လုံးဝ မနှစ်မြို့ ပါချေ။

"အို ... နေပါစေ ဒေါ်ဒေါ်၊ အနှိပ်ခံနေပါ။ ကျွန်တော်က အနှိပ်ခံ နေတာတွေ့လို့ ဝင်လာတာပါ။ ကျွန်တော် အကြောကောင်းကောင်း နားလည်တာပေါ့။ လက်နှိပ်ပညာကို စနစ်တကျ တတ်လာခဲ့တာ"

ကျော်ဦးသည် ညာတာပါတေးနှင့် ဤမှာဘက် ခုတင်စွန်းတွင် ဝင်ထိုင်လိုက်ရာ မူမူသွယ်နှင့် မျက်နှာချင်းဆိုင် ဖြစ်သွားလေသည်။

*"ဟိုး ... ရှေးက ... ဂန္ဓာလရာဇ်တရုတ်ပြည်ကြီးက လက်နှိပ်ကျမ်းတစ်ကျမ်းဟာ မြန်မာပြည်ကိုရောက်ခဲ့တယ်"*

ဤတွင် ဒေါ်စန်းရှင်က သိလိုစောကြောင့် ဝင်ထောက်၍ မေး လိုက်၏။

"နေပါဦး ... မောင်ကျော်ဦးရဲ့၊ အဲဒီ ဂန္ဓာလရာဇ် တရုတ်ပြည် ကြီးဆိုတာ အခု တရုတ်ပြည်ကြီးနဲ့ ဘယ်သင်းက ပိုဝေးသလဲ"

"အို ... ဒေါ်ဒေါ်ကလည်း အတူတူပေါ့။ ဂန္ဓာလရာဇ်ဆိုတာ ရှေးကအခေါ် တရုတ်ပြည်ကိုပဲလို့ ဆိုတာပါပဲ။ ကဲ ... ဒေါ်ဒေါ် ခြေကို ပြန်ဆန့်လိုက်ပါ"

"ကန်တော့နော် ... ကန်တော့"

ဒေါ်စန်းရှင်သည် အားနာပါးနာနှင့်ပင် ခြေကို ပြန်ဆန့်လိုက်ရ သည်။

"အဲဒီ လက်နှိပ်ပညာကို အစဉ်အဆက်က တတ်မြောက်လာခဲ့ တဲ့ လက်နှိပ်ဆရာကြီးတစ်ဦးနဲ့ ကျွန်တော် သင်ဖူးတယ်လေ"

ပြောပြောဆိုဆိုနှင့်ပင် ကျော်ဦးက ခြေတစ်ဖက်ကို ဝင်နှိပ်လေ၏။ မူမူသွယ်က တစ်ဖက်က ဆုပ်နယ်ပေးရင်း ...

"ဟုတ်မှလည်း လုပ်ပါ ကိုကျော်ဦးရယ်"

"ဟုတ်ပါတယ် မူမူရဲ့၊ ဟောဒါက ပထဝီကြော၊ ဒီနေရာမှာ သိပ်မပေါ်ဘူး။ သူက ခြေဖဝါးအလယ်ကျမှ သွားပေါ်တာကိုး"

"အကြောမှာ သွားရှိလို့လား ကိုကျော်ဦးကလဲ"

"မဟုတ်ပါဘူးလေ၊ ပထဝီကြောဟာ ခြေဖဝါးအလယ်ကျမှ ထင်ထင်ရှားရှား ပေါ်လာတာ"

ကျော်ဦးသည် စကားပြောရင်းက ဟိုညစ်ဒီညစ်လုပ်၏။ ဒေါ်စန်းရှင်မှာ အနှိပ်သာခံတတ်၍ မနှိပ်တတ်သူဖြစ်သဖြင့် ကျော်ဦး စကား၏ အမှားအမှန်ကို မဝေခွဲနိုင်ချေ။ ကျော်ဦး၏ လက်သွားပုံ၊ လက်လာပုံမှာ တကယ့် အနှိပ်သည်နှင့် တော်တော်တူ၏။ တော်တော်တူအောင်လည်း ကျော်ဦးက ကြိုးစားထားသည်။ သို့ဖြစ်၍ မူမူသွယ်မှာ စိတ်ချသွားပုံရ၏။

"ကိုကျော်ဦးက နှိပ်တတ်သားပဲ။ မေမေ့ကို ကျေကျေလည်လည် နှိပ်ပေးလိုက်စမ်းပါနော်"

"ဟာ ... သေသေချာချာ ကိုင်ပေးလိုက်မယ်"

"ကျေးဇူးတင်ပါတယ် ရှင်၊ ကဲ ... ဒါဖြင့် မူမူ စာသွားဖတ်တော့မယ်နော် မေမေ ..."

ဒေါ်စန်းရှင်သည် ချစ်စနီးနှင့် သမီးကို ပြုံးပြုံးကြီးကြည့်ပြီး ခေါင်းကိုညိတ်ပြလိုက်၏။ အဆုံးတွင် မူမူသွယ်သည် ပေါ့ပါး ဖျတ်လတ်စွာ ခုတင်ပေါ်မှ ဆင်း၍သွားလေတော့သည်။

**သေပေါ့ ... နန္ဒိယရယ် ...။**

ကျော်ဦး၏ ဝမ်းထဲဝယ် ဤသို့ပင် မြည်တမ်းမိတော့သည်။

သူသည် အနှိပ်ပညာကို တတ်ကျွမ်း၍လည်းမဟုတ်၊ ဒေါ်စန်းရှင်ကို စိတ်ရောကိုယ်ပါ ပြုစုယုယလို၍လည်းမဟုတ်။ မူမူသွယ်နှင့် နီးနီးကပ်ကပ် နေရလို၍သာ ညာဏ်ဆင်ရခြင်းသာဖြစ်သည်။ ဒီဇာတ်လမ်းတွင် သူရယ်၊ မူမူရယ်၊ ဒေါ်စန်းရှင်ရယ် ဖြစ်ရမည်ဟု အကွက်ဆင်လိုက်ခြင်း ဖြစ်သည်။

သို့သော် ...

တော်တော် ရက်စက်သည့် "သို့သော်" ဖြစ်၏။ *ချစ်သူလာ၍ လာသာမည်ကြိုကာရှိသေး။ ချစ်သူပျောက်သွားသဖြင့် သာနေသော လမင်းကြီးသည် ရုတ်တရက် အနောက်ဘက်သို့ ဒိုင်ဗင်ထိုးဆင်း သွားရမည့်ကဲ့သို့ ရှိနေသည်။*

ဒေါ်စန်းရှင်ကို နှိပ်ပေးရသည်ကို စိတ်မဝင်စားတော့ပေ။ ခေါင်းကြီးကို ငိုက်စိုက်ချ၍ နှိပ်ပေးနေသည်။ သူက စေတနာ့ဝန်ထမ်း ဒို့လိုချင်ချင်းနှင့် ဝင်ရောက်ပြီးမှ မနှိပ်ချင်တော့ဆို၍မဖြစ်။ ထို့ပြင် အစောက မူမူသွယ်က မိခင်ကို နှိပ်ပေးနေ၏။ သူက ဝင်ရောက်နှိပ်ပေးသဖြင့် မူမူသွယ်က ထားသွားခဲ့ခြင်းဖြစ်သည်။ ယခု သူက ဒေါ်စန်းရှင်ကို နှိပ်မပေးတော့ဘဲ ထားသွားမည်ဆိုလျှင် သက်သက် ကဖျက်ယဖျက်ဝင်လုပ်ရာ ရောက်သွားလိမ့်မည်။ ဤသို့သော အပြုအမူကို ဒေါ်စန်းရှင်က နှစ်သက်မည် မဟုတ်သလို မူမူသွယ်ကလည်း သဘောကျ နှစ်မြို့က်မည် မဟုတ်ပါချေ။ ကိုယ့်အလုပ်နှင့်ကိုယ် လူမုန်းခံရမည်ကဲ့သို့ ဖြစ်နေသည်။ မုန်းမည့်သူများကလည်း သာမန်လူများ မဟုတ်ကြ။ သူက အလွန်တရာ မျက်နှာသာလိုချင်လှသောသူများ ဖြစ်နေသည်။

*အခြေအနေသည် ဝါးလုံးခေါင်းထဲသို့ ဆင်ကိုရိုက်သွင်းရဘီ၏သို့ ကျပ်တည်းလှသည်။*

သို့သော် ဘာတတ်နိုင်ချေအံ့။

ခေါင်းကြီးကို ငုံ့၍သာ ဆတ်ဆတ်နှင့် လျှောက်နှိပ်နေရသည်။

"ခြော် ... ငါ့တူက မမကြီးကို နှိပ်ပေးနေတာကိုး"

အခန်းဝဝယ် ဒေါ်အေးသာ ရပ်လာ၏။

ကျော်ဦးသည် သူ့ကြီးဒေါ်ကို ကိုးစားခြင်းကြီးစွာနှင့် မော့ကြည့်လိုက်သည်။ "ခြော် ... ငါ့တူလေး ပင်ပန်းနေမယ်၊ သွား ... သွား ... လုပ်စရာရှိတာလုပ်၊ ငါပဲ နှိပ်ပေးလိုက်မယ်" ဟု ပြောလိုက်လျှင် သူ့အခြေအနေသည် တစ်ကြိုးတည်းနှင့် အဆင်ပြေသွားလိမ့်မည်။ ဒေါ်စန်းရှင်ဆီက ဖဲကြည်၍ ထွက်လာရလည်းကောင်းမည်။ မှုမှုသွယ်နောက်သို့ လိုက်ရန်လည်း ကောင်းမည်။ အားလုံး ကောင်းမည်။

"အေး ... ကောင်းတယ်။ သာဓုကွယ် ... သာဓု၊ လူကြီးသူမကို ပြုစုရတယ်ဆိုတာ နည်းတဲ့ကုသိုလ်မှတ်လို့ပဲ။ ကဲ ... ငါ့တူ ကြိုးစားပြုစုပါကွယ်"

ပြောပြောဆိုဆိုနှင့် ဒေါ်အေးသာသည် အခန်းဝမှထွက်၍ သူ့အိပ်ခန်းဆီသို့ သွားလေတော့သည်။

ကျော်ဦး နှုတ်ခမ်းကို ကိုက်လိုက်မိသည်။ သို့သော် မျက်စိများကို ပိတ်၍မှိန်းနေသော ဒေါ်စန်းရှင်ကမူ သတိမထားမိချေ။

ကျော်ဦး၏ စိတ်ထဲတွင် အခြေအနေ၏အဆင်မပြေမှုအားလုံးသည် ဒေါ်အေးသာ၏အပေါ်သို့ ပုံကျသွားလေတော့သည်။

"ဖြစ်မယ် ... ဒီပုံဆိုရင်အားလုံးဖြစ်မယ်။ ကြီးတော်က ဒါလောက်တဲ့ပုံမျိုးနဲ့ဆိုရင် မှုမှုသွယ်ရဲ့ ထဘီစတောင်ရဖို့ခက်သေးတယ်။ ကိုယ့်တူနဲ့ မှုမှုသွယ်နဲ့ နီးစပ်အောင်လည်း မဖန်တီးနိုင်။ ခင်မောင်ဆွေနဲ့ မှုမှုနဲ့ ဝေးသွားအောင်လည်း မဖန်တီးနိုင်၊ ယခုဆိုရင် မှုမှုဟာ ဟိုကောင့်နားမှာ ရောက်နေရောပေါ့။ ဟိုကောင်ကတော့ ပြုံးလိုက်ရယ်လိုက်နဲ့ မျက်နှာကြီးဝင်းနေတော့မယ်။ ငါ့မှာတော့ ဒီအဘွားကြီး ဖိမ်ယူဖို့ အသုံးတော်ခံနေရပြီ"

ကျော်ဦးသည် မျက်နှာကြီး မသာမယာနှင့် ခေါင်းကြီးကို ငုံ့ကာ သေချာ နှိပ်နေရတော့၏။ ကံမရှိ ... ညာဖက်ရှိတိုင်း ကွဲနေရတော့သည်။

*အစက ... ဘူးလေးရာ ဖရုံဆင့်၊ မြွေပွေးရာ ကင်းမှောက် ... ဟူသော စကားများသည် စကားပုံစာအုပ်ထဲတွင်သာရှိသည့် စကားများဖြစ်သည်ဟု သူယူဆမိခဲ့သည်။ နေ့စဉ်တကယ့်ဖြစ်ရပ်များတွင် မကြုံတွေ့နိုင်သော ပုံနိုင်းဖြစ်ရပ်များဟု ထင်မှတ်ခဲ့၏။*

ယခုတော့ သူသည် ဤဖြစ်ရပ်မျိုးကို ရင်ဆိုင်တွေ့ရတော့သည်။

အောက်ထပ်ဆီမှ တီးခေါက်လိုက်သော မယ်ဒလင်သံသည် သင်သာသော ညဦးလေကို စီးနိဂ္ဂ ဝဲပျံ့ပျံ့လွင့်လာသည်။ အခြားသူများ၏ နားတွင် သာယာကောင်း သာယာမည်ဖြစ်သော်လည်း ကျော်ဦး၏ နားတွင်းဝယ် ဂီတတူရိယာ အသံသည် ဖြည်းဖြည်း သက်သက်မဟုတ် ဘဲ ဆောင့်၍ဆောင့်၍ တိုးသည်ဖြစ်သောကြောင့် ကြာလျှင် နားအုံကွဲရချေရဲ့ဟုပင် ထင်မိရသည်။

မယ်ဒလင်အသံသည် သူမသိသော တေးသွားတစ်ခုကို ဆက်တောက်ဆက်တောက် တီးနေ၏။ တေးသွားသည် တောက်တဲ့ လှည်းဘီးသကဲ့သို့ဖြစ်နေရုံမက တစ်နေရာ တစ်နေရာတွင် ချော်ချော်ချော်ကျပုံရသည်။ ပြန်ပြန်၍ အသံမှန်ကို ကောက်နေ၏။

*ခင်မောင်ဆွေတော့ ရင်ထဲတွင် ဘုရားပွဲလှည့်နေချေပြီ။*

သူ မယ်ဒလင်ကို တီးတတ်ပုံရ၏။ သူ့အနားတွင် မှုမှုသွယ်သောက်နေသဖြင့် ငမ်းပြီး တီးလုံးလွဲလွဲသွားပုံရသည်။

*ဂီတသည် လူကို စိတ်နှလုံး ပျော်ပျောင်းစေ၏။ အထူးသဖြင့် မိန်းကလေးများ၏စိတ်ကို ဆွဲဆောင်သည်။ ထို့ထက်အထူးသဖြင့် ... ချစ်ပန်းငုံ ပွင့်လုဆဲဆဲ မိန်းကလေး၏စိတ်ကို သာ၍ဆွဲငင် သိမ်းယူနိုင်၏။*

ကျော်ဦး၏ မျက်စိရှေ့တွင် မြင်နေရသော ဒေါ်စန်းရှင်၏ ခြေထောက်များ ကွယ်ပျောက်သွားလေပြီ။

တရိပ်ရိပ်နှင့် ရုပ်ရှင်ပြသလို ရုပ်ပုံများ သူ့ရှေ့တွင် မြင်နေရ၏။

ခင်မောင်ဆွေသည် ခုတင်ပေါ် ကိုယ်တစ်ဝက်လဲလျောင်း၍ မယ်ဒလင်ကို တီးခတ်နေ၏။ အနားမှာ ကုလားထိုင်ကို ရွှေ့၍ မူမူသွယ် နားထောင်နေ၏။ မူမူသွယ်၏မျက်စိများမှာ ခင်မောင်ဆွေကို ချီးကျူးသည့်အသွင်ဖြင့် ငေးမောနေသည်။ ခင်မောင်ဆွေသည် မယ်ဒလင် တီးခတ်နေရာက တစ်ချက်တစ်ချက် မူမူသွယ်ကို ဖျတ်ခနဲ ဖျတ်ခနဲ မျက်လုံးလှည့်ကြည့်လိုက်၏။ မူမူသွယ်၏ ချီးကျူးသော မျက်လုံးများနှင့် ခင်မောင်ဆွေ၏ ကြွားဝင့်သော မျက်လုံးတို့ ဆုံမိကြသောအခါ နှလုံးသားမှာ ပြုံးသွားကြပြီး မူမူသွယ်က ခင်မောင်ဆွေ၏ လက်များဆီသို့ မျက်လုံးလွှဲ၍ ကြည့်လိုက်၏။ ခင်မောင်ဆွေကလည်း မယ်ဒလင်လက်ပေါက်များဆီသို့ မျက်လုံးကို ရွှေ့လိုက်၏။

ဤကား ကျော်ဦး၏အာရုံထဲတွင် ရှုစားမြင်တွေ့နေရသော ရုပ်ရှင်ဇာတ်လမ်း ဖြစ်သည်။

ကျော်ဦးသည် နှုတ်ခမ်းကြီးကို တစ်ချက်ကိုက်လိုက်ပြီး လက်များက ဆတ်ဆတ်နှင့် ခြေသလုံးတစ်ချက် ပေါင်တစ်ချက်၊ ပေါင်တစ်ချက် ခြေသလုံးတစ်ချက်နှင့် ဟိုရောက်သည်ရောက် လျှောက်ဖျစ်လိုက်မိလေတော့ရာ မှိန်းနေသော ဒေါ်စန်းရှင်မှာ ဆတ်ခနဲ ထိုးထိုးထွန့်ထွန့် ဖြစ်သွားရလေတော့သည်။

"ဟယ် … မောင်ကျော်ဦးရဲ့ ပားတယ်ဟဲ့။ ဘယ်လို ဖြစ်သွားရတာတုံး။ မင်းဥစ္စာက…"

ဒေါ်စန်းရှင်၏ အသံကြားမှ ကျော်ဦးလည်း သတိရလာကာ လက်ကို ပြန်လျှော၍ မှန်မှန် ပြန်နှိပ်ရလေ၏။

"ဒါက တရုတ်နည်းလေ ဒေါ်ဒေါ်ရဲ့။ မြန်မာအနှိပ်သည်တွေ နှိပ်တတ်ဘူး၊ ကျားခုန် ခုန်တယ်လို့ ခေါ်တာပေါ့။ လေမဝိုအောင် လျှောက်ဖမ်းတာလေ"

"အောင်မယ်လေး ... လေမမိရင်လည်း နေပါစေကွယ်။ နောက်ကို တစ်ဆိတ် လေမဖမ်းပါနဲ့တော့။ ဒေါ်ဒေါ်က ယားတတ်လွန်းလို့ပါ"

"ဟုတ်ကဲ့ ... ဒေါ်ဒေါ်၊ ယားတတ်ရင်လည်း ကျွန်တော်လေ ဖမ်းတော့ပါဘူး"

ကျော်ဦးသည် ပြုံးဖြဲဖြဲနဲ့ ပြောလိုက်ပြီး ဆက်လက်၍ နှိပ်နယ်ပေးနေရပြန်လေ၏။ သို့သော် အပြုံးမှာ သူ့မျက်နှာပေါ်တွင် ကြာကြာတည်တံ့နိုင်ပါချေ။

အောက်ထပ်ဆီမှ တေ့နင်းတေ့နင်း မယ်ဒလင်သံ ထွက်ပေါ်နေရာက တစ်ချိန်တွင် မယ်ဒလင်သံတွင်မက ပျော်ရွှင်စွာ ရယ်မောလိုက်သော မိန်းကလေးများ၏အသံပါ ရောစွက်ထွက်ပေါ်လာလေသည်။

မိန်းကလေး၏ရယ်သံမှာ တစ်ဦးထက်တော့ မကကြောင်း သိနိုင်သည်။ သို့ဖြစ်လျှင် ထိုရယ်သံထဲတွင် မှုမှုသွယ်၏ရယ်သံ ပါပါနိုင်၏။

ပါနိုင်သည် ... မဟုတ်၊ ပါကို ပါဝင်နေသည်။ သူ သေသေချာချာ မှတ်မိ၏။ ရွှင်လန်းချမ်းမြေ့စွာ ရယ်မောလိုက်သော မှုမှုသွယ်၏အသံကို သူ ကောင်းစွာ မှတ်မိနေသည်။

*အောက်ထပ်တွင် ပျော်ပွဲကြီးဆင်နေပြီ။*

*ဤပျော်ပွဲကြီး ဆင်ယင်နေသမျှသည် မိမိအတွက် ရှုံးပွဲကြီးဖြစ်၏။ မှုမှုသွယ်နှင့် နီးစပ်မှုတိုက်ပွဲတွင် မိမိသည် လေးဖက်ထောက်ကျ၍ မားမားမတ်မတ်ရပ်နေသော ခင်မောင်ဆွေ၏ခြေရင်းတွင် စင်းစင်းကလေး လည်ပင်းကိုပေးနေရသလို ထင်မြင်မိ၏။*

စိတ်ဂနာမငြိမ်သည်နှင့်အမျှ ကျော်ဦး၏ခန္ဓာကိုယ်မှာလည်း ရိုးတိုးရွတ ဖြစ်လာသည်။

သေသေချာချာ ကျကျနန ထိုင်၍နေရာမှ ဆောင့်ကြောင့်ကြီး ဖြစ်လာသည်။ ခြေထောက်များဆီသို့ ကြည့်နေသော မျက်လုံးများမှာ လှေကားဆီသို့ မျှော်ကြည့်ချင်သည်ဖြစ်သောကြောင့် တံခါးဝဆီသို့ ခဏခဏရောက်နေ၏။ လက်များ၏အရွေ့မှာလည်း ကျဲ၍မြန်ချင်သလို ဖြစ်လာလေသည်။

ဤသည်ကို ဒေါ်စန်းရှင်က ကောင်းကောင်း သတိပြုမိ၏။

"မောင်ရှင် ... မောင်ကျော်ဦး၊ ဘာလဲ ... လေဖမ်းဦးမလို့လား"

"ဟာ ... မဟုတ်ပါဘူး ဒေါ်ဒေါ်ကလဲ"

"မဖမ်းနဲ့နော် ...၊ ဒေါ်ဒေါ်က ယားတတ်တယ်"

"မဖမ်းပါဘူးလေ"

ဤတစ်ချိတွင် ကျော်ဦးမှာ မရယ်မပြုံးနိုင်ချေ။ ခန္ဓာကိုယ်မှာ ကြွတကြွတ ဖြစ်နေ၏။

ထိုခဏ၌ မဗွမ်းပုံ ဝင်ရောက်လာလေတော့သည်။

"မမကြီး ... ဒီည လက်ဖက်သုပ်ရဦးမလား"

"သုပ်တာပေါ့ကွယ် ... စောပါသေးတယ်။ ခုနကမှ ထမင်း စားပြီးတာ"

အောက်ထပ်မှ တစ်ချို မယ်ဒလင်သံကြားတွင် မိန်းကလေးများ၏ရယ်သံတို့သည် ထွက်ပေါ်လာကြပြန်လေ၏။ တူရိယာတီးသံနှင့် ရယ်သံတို့သည် သိပ်ပွဲနည်းကျကျဆိုလျှင် နားအုံကိုသာ ရိုက်ခတ်ရပေမည်။ သို့သော် ကျော်ဦးကိုကား အသည်းနှလုံးကို အရှိန်နှင့် ပြေးပြေးဆောင့်နေသည်။

ကျော်ဦးမှာ "အင့်" ခနဲ မြည်မြည်မသွားရုံသာ ခံစားနေရ၏။ သက်တော့ မသက်သာလှပါချေ။

စိတ်တွင်းဝယ် ခံပြင်းမှုသည် ပမာဏကြီးမားစွာ ကြီးစိုးလာလေတော့ရာ ကျော်ဦးသည် ဘာမဆိုင် ညာမဆိုင် ဒေါ်စန်းရှင်၏ သလုံးသားများကို အငြိုးကြီးစွာနှင့် ဖျစ်ညှစ်လိုက်လေတော့သည်။

"ဟယ် ... နာတယ် ... နာတယ်ဟဲ့"

ဤတစ်ကြိမ်တွင်ကား ကျော်ဦးသည် အလျှော့မပေးတော့ချေ။

"အကြောကိုင်တယ်ဆိုတာ ဒီလိုပဲ နည်းနည်းတော့ နာတာပေါ့ ဒေါ်ဒေါ်ရဲ့။ သည်းညည်းခံရတာပဲ"

ဖွတ်အတင်းပင် သူသည် ဒေါ်စန်းရှင်ကို ဖျစ်ညှစ်တော့သည်။

"ဟာ ... နာတယ်လေ ... မခံနိုင်ဘူး မောင်ကျော်ဦးရဲ့။ ကျေးဇူးတော့တင်ပါတယ်။ ဒါပေမဲ့ ဒေါ်ဒေါ်က မခံနိုင်လို့ပါ။ တော်တော့ ... တော်တော့ ... မငွမ်းပုံလာ။ မောင်ကျော်ဦး တော်ပြီ၊ ဒေါ်ဒေါ်က မခံနိုင်လို့ပါ"

မငွမ်းပုံ ခုတင်ပေါ် တက်လာသည်ဖြစ်၍ ကျော်ဦးက ခုတင်အောက် ကြမ်းပြင်အပေါ်သို့ ဆင်း၍ မတ်တတ်ရပ်လိုက်မိတော့သည်။

*ကံကောင်း၍ အကြောင်းလှပါချေပြီ။*

"ဒါဖြင့် ဒေါ်ဒေါ်၊ ကျွန်တော် သွားတော့မယ်"

"အေး ... အေး ... ကျေးဇူးတင်ပါတယ်ကွယ်"

ကျော်ဦးသည် ခပ်သွက်သွက်ပင် အပေါ်ထပ်မှ ဆင်းလာခဲ့သည်။

ပထမဆုံး သူကြည့်ရမည့် နေရာကား ခင်မောင်ဆွေ၏ ခုတင်ပေါ်တွင်ပါသလော။ သူ ကြည့်လိုက်သည်။

ခင်မောင်ဆွေသည် သူ တက်သွားစဉ်ကကဲ့သို့ပင် ခုတင်ပေါ်တွင် ပက်လက်ကလေးလှန်၍ စာဖတ်မြဲ ဖတ်နေသည်။

မယ်ဒလင်သံက ထွက်ပေါ်မြဲ ထွက်ပေါ်နေ၏။

ထို့ကြောင့် ကျော်ဦးသည် လေှကားရင်းမှနေ၍ မယ်ဒလင်သံထွက်ပေါ်ရာဖြစ်သော ဧည့်ခန်းသို့ ကြည့်လိုက်သည်။

ဦးခွေးကြီးသည် မယ်ဒလင်ကို ဆော့နေသည်။ ဟုတ်ပါသည်။ သူ မတီးတတ်၍ ဆော့ရုံသာ ဆော့နေရသည်။ ဦးခွေး၏ ခန္ဓာကိုယ်မှာ ဟိုယိမ်းသည်ယိမ်းနှင့် မျက်နှာကြီးကလည်း ပြုံးလိုက်ရှုံ့လိုက် ဖြစ်တတ်လေရာ ဤသည်ကိုပင် မှုမှူသွယ်နှင့် ခေါင်မြင့်တို့က ဘေးနားကထိုင်၍ ရယ်မောနေကြခြင်း ဖြစ်ပေသည်။

မယ်ဒလင်သံနှင့်အတူ ရယ်မောလိုက်သံများ ထွက်ပေါ်လာပြန်သည်။

ရှုံ့မဲ့လိုက်သည့် ကျော်ဦး၏မျက်နှာမှာ ရယ်စရာပင် မရှိတော့ချေ။

■

*ဂီတသည် လူကို စိတ်နှလုံး ပျော့ပျောင်းစေ၏။ အထူး သဖြင့် မိန်းကလေးများ၏စိတ်ကို ဆွဲဆောင်သည်။ ထို့ထက် အထူးသဖြင့် ... ချစ်ပန်းငုံ ပွင့်လုဆဲဆဲ မိန်းကလေး၏ စိတ်ကို သာ၍ ဆွဲငင်သိမ်းယူနိုင်၏။*

# ၈

## ဒါက နောက်တစ်မျိုး

*တစ်နေ့ကုန်သော် နောက်တစ်နေ့ ဖြစ်၏။*

*တရားစခန်းမှသံဝေဂရနေသော ပုဂ္ဂိုလ်များကား သေဖို့ တစ်ရက် နီးလာပြီဟု ညည်းတွားလိမ့်မည်။*

အစိမ်းခန်းနှင့် သက်သတ်လွတ် ၄၉ ရက် စားနေသူအဖို့ကား အိမ်ငှားခ ဆောင်ဖို့ တစ်ရက်နီးလာပြီဟု တွေးမိသည်။

ကျောင်းသား ကျောင်းသူအဖို့ကား စာမေးပွဲဖြေရန် တစ်ရက် ပို၍ နီးလာပြီဟုဆိုကာ ဘာမှ မကျက်ရသေးသဖြင့် ပျာယာခတ်ချင် သင့်လို ဖြစ်မည်။

ဖိတ်စာကမ်းပြီးသော သတို့သားကား "အင်း ... ငါ အိမ်ရဖို့ တစ်ရက် ပိုနီးလာပြီ" ဟု စပ်ဖြဲဖြဲနှင့် ညည်းညူစရာရှိပေမည်။

ထောင်ကျနေသူအဖို့ကား လွတ်ရန် တစ်ရက်ပို၍ နီးလာပြီဟု စိတ်ထဲက ကြိတ်၍ ကြုံးဝါးမိပေသည်။

ကျော်ဦးကား လက်ဝါးထဲသို့ လက်သီးကို ရေတ်သီးထောင်းသလို တစ်ချက်ဆောင့်၍ ထောင်းလိုက်မိ၏။ မျက်နှာချင်းဆိုင်က ထိုင်နေသော ဒေါ်အေးသာသည်ပင် လန့်သွားသလို ကျော်ဦးကို ဖျတ်ခနဲ မော့ကြည့်လိုက်မိပြီ။

"တစ်ရက်ကုန်သွားပြန်ပြီ၊ ဘာမှလည်း အကြောင်းမထူးသေးဘူး"

"ဟဲ့ ... ဒါမျိုးဆိုတာ မလောရဘူး။ အခါအခွင့်သင့်အောင် စောင့်ဆိုင်းရမှာပေ့ါ။ နင်က လောလိုက်တာ"

"မလောလို့ မရဘူး၊ ကြာရင် လွတ်သွားမှာ။ *အာသာဝတီ နှယ်နီနုတ်ပန်းကို ဘီလူးတွေက စောင့်တယ်ဆိုတာ ဒီဘီလူးကြီးတွေက ပန်းကို ခူးသွားမှာမဟုတ်ဘူး။* အခုတော့ ... ဒီခင်မောင်ဆွေဆိုတဲ့ ပြိတ္တာကတော့ ပန်းကိုစောင့်နေတာ မဟုတ်ဘူး၊ ခူးကို သွားမှာဗျ ..."

ကျော်ဦးသည် မကျေနိုင် မချမ်းနိုင် ဖြစ်နေသည်။

ကျော်ဦး၏စကားဆုံးသောအခါ ဒေါ်အေးသာ၏မျက်နှာမှာ ကျော်ဦးလောက် ပျာလောင်ခတ်နေပုံ မပြချေ။ အေးအေးချမ်းချမ်းပင် ဖြစ်၏။

"နင် ကံကောင်းပါတယ်၊ ခင်မောင်ဆွေနဲ့ မူမူတို့ကို ကြည့်ရတာ ရိုးရိုးပဲ ခင်နေကြပုံရတာပါ"

"ဩော် ... အစကတော့ ရိုးရိုးပေါ့။ *နောက်တော့ တစ်မျိုးတိုးလို့ ချစ်ပြန် ... ဆိုပဲ ... ဒီလူ ခက်ပါပြီ"*

"အို ... ဘယ့်နှယ်တွေ ဖြစ်ကုန်ရတာလဲ။ စကားကောင်းကောင်း ပြောစမ်းပါ"

"အဲဒါပေါ့ ... အစကရိုးပေမဲ့ နောက်တော့ဆန်းတာပဲ။ ကျွန်တော်

ဘို့အိမ်က ခွေးမကြီးတောင် ဟိုဘက်က ခွေးကြီးနဲ့နီးစပ်လို့ ခြောက်ကောင်တောင်ပေါက်တယ်"

"တော်စမ်းပါ ... ငါကလည်း မမကြီးကို တွန်းပေးပါ့မယ်"

"ကြီးတော်က ဘာတွန်းပေးတာလဲ၊ ချေးတွန်းပေးနေတာ သင်ပါတယ်"

"ဘယ်က ဟုတ်ရမှာလဲ၊ မူမူနဲ့ နင်တို့ နေရာချထားဖို့ တွန်းပေးတာပါ။"

"အဘွားကြီးက ဗိုးဂျမ်းကိုသာ ကြောက်နေတာ။ အန္တရာယ်က လာက်ကြီးတော့ ကြီးချင်မှ ကြီးမယ်လို့ ထင်နေတာ။ ဒါမျိုးဆိုတာ ဘလောဆယ် အန္တရာယ်သိပ်ကြီးတယ်ထင်မှ ကမန်းကတန်း စီစဉ်မှာ။ သော့ ဒီလိုလုပ်ရရင် မကောင်းဘူးလား"

ကျော်ဦးက ဝမ်းထဲတွင် အကြံတစ်မျိုးရှိသလို ပြောလိုက် သဖြင့် အေးသာသည် စိတ်ဝင်စားလာသလို မျက်လုံးများ တဝင်းဝင်းလက် ကျော်ဦးကို စိုက်ကြည့်လိုက်လေသည်။

"ဆိုစမ်း ... နင်က ဘယ်လိုလုပ်ချင်သလဲ"

"စာရေးမယ်"

"အိမ်ကို ဘာပြန်မှာမလို့လဲ"

"အိမ်ကို မဟုတ်ပါဘူးလေ၊ ဒေါ်စန်းရှင်ကို စာပေးမယ်"

"ဟယ် ... ကျော်မကောင်း ကြားမကောင်းဟယ်။ နင်က ဘွားကြီးကို ဘာဖြစ်လို့ နောက်ပိုးရတာတုံး။ ပစ္စည်းလိုချင်တိုင်း"

"အို ... ကြီးတော်ကလည်း ဘာတွေလျှောက်ပြောနေရတာလဲ။ ဘွားကြီးဆီကို ဗိုးဂျမ်းအနေနဲ့ စာရေးမယ်"

"ဘယ်လို ရေးမှာလဲ၊ ခင်ဗျားရဲ့သမီးကို ကျော်ဦးနဲ့ ပေးစား ရေးလိုက်မှာလား"

ကျော်ဦးသည် သူပြောလိုရာသို့ မရောက်သဖြင့် စိတ်ပျက်သွားသလို ခေါင်းကို ခါယမ်းလိုက်လေသည်။

"ဘာဟုတ်ရမှာလဲ ကြီးဒေါ်ရဲ့၊ ဒြိမ်းခြောက်စာပေါ့။ မကြာခင် အန္တရာယ်လာပေးမယ်ဆိုတဲ့ သဘောပေါ့"

ဒေါ်အေးသာသည် ခပ်တွေတွေကလေး ဖြစ်သွားလေ၏။ ကျော်ဦး၏အကြံကို ဖြစ်နိုင်၊ မဖြစ်နိုင် ချိန်ဆနေဟန်တူလေသည်။

"နှင့်လက်ရေးကို သူတို့သိသွားရင်ကော၊ ဟိုကောင်ရှိသေးတယ်"

"လက်နှိပ်စက်နဲ့ပဲ ရိုက်မှာပေါ့ ကြီးဒေါ်ရဲ့။ အဲဒီစာ ရောက်လာတော့ အဘွားကြီး စိတ်ပူမယ်။ မပူရင်လည်း ပူအောင်ကြီးတော်ကဆွပေး။ စိတ်ပူနေတုန်းမှာ သောကအေးရအောင် သမီးကို မြန်မြန်နေရာချထားပေးဖို့ တိုက်တွန်းပေါ့"

"နှင့်အကြံက ကောင်းတော့ ကောင်းပါတယ်။ ဒါပေမဲ့ တော်တော်ကြာ ရဲစခန်းကို စာပြပြီးတိုင်ရင် ဒုက္ခတွေများ ဖြစ်ကုန်မလား"

"ဒါအတွက် မပူပါနဲ့၊ စာရရင် ကြီးတော်က ကျွန်တော့်ကို တိုင်ခိုင်းလိုက်။ ကျွန်တော်က ယူသွားပြီး တကယ်မတိုင်ဘူးပေါ့"

ဒေါ်အေးသာသည် တွေသွားပြန်လေသည်။

"အေး ... တို့တူဝရီး ချမ်းသာဖို့ဆိုလို့ လုပ်ရမှာပဲ။ တကယ်တော့ ကျေးဇူးရှင် ပြစ်မှားရာ ကျမှာပဲ"

"အို ... ကျေးဇူးက ပစ္စည်းလောက် တန်ဖိုးမရှိပါဘူးလေ။ ဒီမှာ ကျွန်တော်တောင်မှ မူမူ့ကို မကြိုက်ဘဲနဲ့ ယူရဦးမယ်။ သူနဲ့ ရပြီး အဘွားကြီးဆုံးမှ သူ့ကို ကွာပစ်ပြီး ကျွန်တော့်ရည်းစားကို ပြန်ယူမယ်။ ဘာလဲ၊ ကြီးတော်က မလုပ်ချင်ဘူးလား"

"ဩော် ... ဘာမလုပ်ချင်စရာ ရှိသလဲ။ ငါကပဲ ဒီအကြံပေါက်လာလို့ နှင့်ကို စာရေးပြီး ခေါ်တာပဲဟာ ..."

"ဟုတ်တယ်၊ ဒီတော့ နောက်မဆုတ်တမ်း ကြံရမှာပဲ"

"ဒီကြားထဲမှာလည်း ကြီးတော်က ဒေါ်စန်းရှင်ကြီးကို တစ်ခွန်းစ နှစ်ခွန်းစ စကားသွင်းထားတာပေါ့"

"အေးလေ ... ပြောနေ ကြာတယ်။ ငါ အခုပဲ သွားပြီး တွန်း လိုက်ဦးမယ်လေ"

ပြောပြောဆိုဆိုနှင့် ဒေါ်အေးသာက မတ်တတ်ရပ်လိုက်သည်။

ကျော်ဦးသည် သူတို့၏ အိမ်ခန်းပြတင်းဝနားတွင် ရပ်လိုက် ရာက အောက်သို့ လှမ်းကြည့်လိုက်၏။ အောက်တွင် ခြံထဲ၌ အဝတ် များကို လှန်းနေသည်။

"ဟာ ... အကြံတစ်ခု ရပြန်ပြီ"

ကျော်ဦး၏အသံကြောင့် ဒေါ်အေးသာ၏ခေါင်းမှာ ကျော်ဦး ဘက်သို့ ခလုတ်နှိပ်လိုက်သလို ချာခနဲ လှည့်သွား၏။

"ဟဲ့ ... နင့်အကြံတွေက ရလွန်းချည်လား၊ ကြည့်လည်း ရနော်။ တစ်ခုတောင် မလုပ်ရသေးဘူး။ နောက်တစ်ခု ရပြန်ပြီ။ ကြာတော့ နင့်အကြံတွေ တစ်ခုနဲ့တစ်ခု ရှုပ်ပြီး ဘာမှလုပ်လို့မရဘဲ ဖြစ်ကုန် ဦးမယ်"

"မဆိုင်ပါဘူးလေ၊ ဒါက စရိုးသွားဟန်လွှဲ လုပ်ရမယ့်လုပ်ငန်း ပါ။ဟောဟိုမှာ မူမူရဲ့ လက်ကိုင်ပဝါလေး လှမ်းထားတယ်။ အဲဒါကို အလစ်ရပ်ပြီး ခင်မောင်ဆွေရဲ့ ခေါင်းအုံးအောက်မှာ သွားထားမယ်"

"သွားထားတော့ ဘာဖြစ်မှာမို့လို့လဲ"

"ခင်မောင်ဆွေကတော့ သူ မယူဘူးလို့ ငြင်းမှာပဲ။

ဒါပေမဲ့ ဘယ်သူကမှ ယုံမှာမဟုတ်ဘူး။ ဒီတော့ ဒေါ်စန်းရှင် က သူ့သမီးနဲ့ ရိုးရိုးမနေဘူးဆိုပြီး မောင်းပစ်မှာပေါ့"

"မတော်လို့ သဘောတူနေရင်ကော"

"ဒါကတော့ သဘောမတူအောင် ကြီးတော်က တွန်းပေါ့"

"ဟင် ... နင်ကကြိုက် ငါက တွန်းလိုက်ဖြစ်နေပါပေါ့လား။ နင့်အကြံတွေကလည်း ငါကပဲ တွန်းနေရတာပဲ"

"ဘာလဲ ... ကြီးတော်က မလုပ်ချင်ဘူးလား။ ဒါဖြင့် ကျွန်တော် ပြန်ရုံပေါ့"

"ဘာရမလဲ၊ ခပ်သုတ်သုတ်လုပ်ခဲ့ပြီးရင် တစ်နေ့လုံး မြို့ထဲ သွားနေမယ်။ ဒီတော့ တရားခံ ကျွန်တော့်ကို စွဲလို့မရဘူး။ ညဦးကျမှ ပြန်လာမယ်"

ဒေါ်အေးသာသည် ဘာမျှမပြောတော့ဘဲ အခန်းပြင်သို့ ထွက် သွားလေရာ ကျော်ဦးလည်း သူ့နောက်က လိုက်၍ ထွက်သွားလေ၏။

ကျော်ဦးသည် သူ့အကြံအတိုင်း ပြုလုပ်ရန် ခြံထဲသို့ လူအလစ် တွင် ဆင်းခဲ့လေ၏။ ယောင်ပေယောင်ပေနှင့် အဝတ်တန်းဆီသို့ ရောက် လာသည်။ အဝတ်တန်းကြီးသည် အမျိုးမျိုးသော အဝတ်တို့ဖြင့် ပြည့်နှက် နေပေရာ အရောင်စုံလှသဖြင့် ကြည့်၍ပင် ကောင်းနေတော့သည်။

ကြည့်ကောင်းကောင်းနှင့် ကြည့်နေ၍ မဖြစ်သေး။ သူ့လုပ်ငန်း က ရှိပေသေးသည်။

ထို့ကြောင့်ပင် မူမူသွယ်၏ လက်ကိုင်ပဝါလေးရှိရာသို့ ချဉ်းကပ်၍ နံဘေးနံဘီသို့ တစ်ချက်လှည့်ကြည့်လိုက်ပြီးလျှင် လူရိပ် လူခြည်မတွေ့သဖြင့် ခပ်သုတ်သုတ်ကလေး လှမ်းဆွဲလိုက်၏။

သူ့ကုသိုလ်ကံဟုပင် ဆိုရချေတော့မည်။

အခြားသော အဝတ်တို့သည် အဝတ်ညှပ်ဖြင့် ညှပ်၍ လှန်း ထားသော်လည်း လက်ကိုင်ပဝါလေးများကျမှ ချိတ်နှင့်တွယ်ချိတ် ထားသည်။ ကျော်ဦးက ခပ်သုတ်သုတ်ဆွဲသော်လည်း တွယ်ချိတ်က မျက်နှာမလိုက်ပါ။ ခပ်သုတ်သုတ် ဆွဲယူသည်ဖြစ်စေ၊ နန်းတွင်းဟန်နှင့် အသာအယာ ဆွဲယူသည်ဖြစ်စေ ချိတ်ကဖြင့် ပြုတ်မလာ။

ဤတွင်မှ တွယ်ရိုတ်ကို သတိပြုမိသော ကျော်ဦးသည် ရိုတ် …ပြုတ်ရန် လက်နှစ်ဖက်ကို မြှောက်လိုက်၏။

"အေး … မခင်မြင့်၊ အိုးထဲထည့်ပြီး မီးပေါ်တင်ထားလိုက်၊ … အဝတ်တွေလှန်းဖို့ ကျန်သေးတယ်။ သွားလှန်းလိုက်ဦးမယ်"

မဌမ်းပုံ၏အသံသည် ကျယ်လောင်စွာ ပေါ်ထွက်လာ၏။ …စကားသံများနှင့် တစ်ဆက်တည်းလိုလိုပင် သမံတလင်းပေါ်တွင် …း၍လျှောက်လာသော ခုံဖိနပ်သံက နောက်ဆက်တွဲ(က)အဖြစ် ပါဝင် …လေရာ ကျော်ဦးမှာ ကြံရာမရဖြစ်ပြီး အသာပင် အဝတ်တွေနောက်သို့ …ဝင်လိုက်၏။

သို့သော် အဝတ်များမှာ သူတစ်ကိုယ်လုံးကို ဖုံးကွယ်မထားနိုင်၊ …အိမ်တွင် အကာအသဝတ်စုံ မရှိသည်မှာ တော်တော်ဆိုး၏။ အကာအသ …စုံ လှမ်းထားလျှင် သူ့ခြေအထိ ဖုံးကွယ်၍ လုံပေရော့မည်။

မတတ်နိုင်ချေ။ ဘေးတိုက်ကြီး ခုန်ဆွခုန်ဆွနှင့် ရွေ့လာလေ …၊ ကံကောင်းချေပြီ။ တစ်နေရာတွင် အိပ်ရာဖုံးကြီး လှန်းထား၏။ …ရာဖုံးကြီးသည် မြေကြီးသို့ထိနေသည်မဟုတ်သောကြောင့် ခြေထောက် …ပေါ်နေနိုင်သည်။ သို့သော် ယခုမူကား ကံကောင်းသည် အိပ်ရာဖုံး …၏ နောက်နားတွင် အုတ်ခဲများ သုံးလုံးစီ စီ၍ထားသော တစ်ဒါဇင် … အုတ်ခဲပုံလေးရှိ၏။

ခပ်မြန်မြန်ပင် အုတ်ခဲပုံကလေးပေါ်တက်၍ ရပ်လိုက်သည်။ …သောက်ကတော့ လုံမြဲသွားပါပြီ။ သို့သော် အဝတ်တန်းပေါ်မှ ကျော် … ဦးခေါင်းကြီး ထွက်ပေါ်လာလေ၏။ ကမန်းကတန်း လှည့်ကြည့် … အဝတ်လှန်းပြီး၍ ဤဘက်သို့ တည့်တည့်မတ်မတ် လျှောက် …သော မဌမ်းပုံကို မြင်ရသောအခါ ချက်ချင်းပင် ကိုယ်ကို ခပ်ကွေး …း လုပ်ထားလိုက်ရလေ၏။

မဥ္စမ်းပုံသည် လှန်းထားသော အဝတ်များကို ဟိုနားဆွဲဆန့်လိုက်၊ ဒီနားဆွဲဆန့်လိုက်နှင့် လိုက်လံ ပြုပြင်နေ၏။ တဖြည်းဖြည်းနှင့် အိပ်ရာဖုံးကြီးနားသို့ ရောက်လာသည်။ ကျော်ဦး၏ရင်များလည်း တဒိတ်ဒိတ်နှင့် အရှိန်ပြင်းစွာ ခုန်လျက်ရှိ၏။

မဥ္စမ်းပုံသည် မြေကြီးပေါ်တွင် နင်းနေသည်မှန်သော်လည်း **သူ၏ခြေတစ်လှမ်းနှင့် တစ်လှမ်းသည် ကျော်ဦး၏ အသည်းနှလုံးကို ဆောင့်၍ဆောင့်၍ နင်းလိုက်သည့်နှယ် ကျော်ဦးမှာ နင့်ခနဲ နင့်ခနဲ ခံစားရ၏။**

မဥ္စမ်းပုံသည် အိပ်ရာဖုံးကြီးကို လာကိုင်တော့သည်။ ဟိုနားဖြန့်လိုက်၊ ဒီနားဆွဲလိုက်နှင့် လုပ်၏။ ကျော်ဦးမှာ အသက်ပင် ပြင်းပြင်းမရှူဝံ့ချေ။ မဥ္စမ်းပုံ လုပ်ပုံကိုင်ပုံတွေကိုသာ ရင်တမမနှင့် သတိထားနေရ၏။

ထိုအခိုက်တွင် မဥ္စမ်းပုံသည် အပေါ်နားကို ဆွဲဆန့်ချင် ပြန်၏။ လက်ကိုလှမ်းသည် မမီချေ။ ခြေဖျားထောက်၏။ မမီ ပြန်သေး။ အသာခါးကုန်းလိုက်ပြီး လက်လျှိုကာ အုတ်ခဲတစ်လုံးကို ဆွဲ၏။ ကျော်ဦးက တက်နင်းထားသဖြင့် ဤမျှလောက် ပီရိယဖြင့် အုတ်ခဲရွေ့မလာ၊ မဥ္စမ်းပုံသည် "ဟယ် ... သည်အုတ်ခဲကလဲ" ဟု ပြောပြောဆိုဆို ထိုင်လိုက်၏။

ကျော်ဦးသည် လုပ်မိလုပ်ရာ အပေါ်က ကိုင်းနေသော မာလကာကိုင်းကို လှမ်းနှိပ်လိုက်၏။ ခြေထောက်ကြွသွားသဖြင့် မဥ္စမ်းပုံမှာ အုတ်ခဲကို လွယ်လွယ်နှင့်ဆွဲယူရရှိပြီဖြစ်၍ အိပ်ရာဖုံးကို လက်ဖြင့် မဖယ်တော့ချေ။

သို့သော် မာလကာကိုင်းကြီးသည် ကွေးကျနေလေသည်။

မဥ္စမ်းပုံသည် အုတ်ခဲကို မြေပေါ်၌ချ၍ အုတ်ခဲပေါ် ခြေထောက်၍ ရပ်လိုက်သည်။ ထို့နောက် အိပ်ရာဖုံးအပေါ်ဘက်ကို ကြိုးတန်းပေါ်တွင် လက်နှင့်ဆန့်အောင် ဖြန့်လိုက်သည်။

ကျော်ဦးက မိုထားသဖြင့် မာလကာကိုင်းကြီးသည် အဖျားပိုင်းအညွတ်ကာ နိမ့်လိုက်မြင့်လိုက် ဖြစ်နေလေရာ ...

မငွမ်းပုံ၏ဦးခေါင်းကို တဖုတ်ဖုတ်နှင့် ချနေသလို ဖြစ်နေလေသည်။ စိတ်တိုလာသော မငွမ်းပုံသည် "တယ် ... ဒီအကိုင်းကြီးဟာ" ဟုဆိုပြီး သစ်ကိုင်းကြီးကို လက်နှစ်ဖက်နှင့် ဖမ်းဆွဲလိုက်လေသည်။

ဤအချိန်တွင် ကျော်ဦးမှာ သစ်ကိုင်းကိုလွှတ်၍ မြေပေါ်တွင် ပြန်ရပ်လိုက်ကာ သစ်ကိုင်းကြီးမှာ ပြန်တက်သွားပြီး မငွမ်းပုံမှာ လက်ကန်ယက်ကန်နှင့် ပါသွားလေတော့သည်။

"အလယ် ... အလယ် ... လုပ်ကြပါဦး။ သေတော့မှာပဲ"

မငွမ်းပုံက ကြောက်လန့်တကြား အာမေဋိတ်တွေ ရွတ်သောအခါ ကျော်ဦးသည် ခြေသံမကြားအောင် ခြေဖျားထောက်၍ တစ်ဖက်ကြိုးတန်းဆုံးအောင် ပြေးသွားလေ၏။ ကြိုးတန်းဆုံးသော နေရာ အောက်မှ အသာလျှိုထွက်လာပြီး ကြိုးတန်း၏ ဤမှာဘက်မှ တစ်ဖန်ခြေးလာပြန်လေ၏။

တိုးလို့တွဲလွဲကြီးဖြစ်နေသော မငွမ်းပုံကို ဒူးခေါက်ကွေးမှ ကြိုး၍ ဆွဲလိုက်စဉ် မငွမ်းပုံက လက်ကိုလွှတ်ချလိုက်သဖြင့် နှစ်ယောက်သား မြေကြီးပေါ် ကျသွားကြလေ၏။

ကပျာကယာ ရုန်းကန်လူးလဲပြီး နှစ်ယောက်သား ပြန်ရပ်မိကြ၏။ အပျိုကြီး မငွမ်းပုံမှာ ရှက်သွေးဖြာ၍ ခေါင်းကြီးငုံ့၍ "ကျေးဇူးတင်ပါတယ်" ဟု ပြောပြီး အိမ်ထဲသို့ ပြေးဝင်သွားလေသည်။

*ဤကား အချိန်ကောင်း၊ အကွက်ကောင်းတည်း။*

ကျော်ဦးသည် သူ၏အကြံအတိုင်း လက်ကိုင်ပဝါကို ဖြုတ်ယူပြီးလျှင် အိမ်ထဲဝင်သွားပြီး ခင်မောင်ဆွေ၏ ခေါင်းအုံးအောက်တွင် ထိုးညှပ်ထားလိုက်လေသည်။

ထို့နောက် အဝတ်အစားလဲ၍ ခြံထဲသို့ ထွက်လာခဲ့သည်။ ခြံထဲရှိ ခုံတန်းပေါ်တွင် မူမူသွယ်က ထိုင်နေ၍ အနားတွင် ခင်မောင်ဆွေနှင့် ဦးခွေးတို့ ရှိကြလေသည်။

သူတို့သည် စကားဝိုင်းပြောနေကြခြင်း ဖြစ်၏။

"ကျွန်တော် မြို့ထဲကို သွားလိုက်ဦးမယ်။ မူမူ ဘာမှာမလဲ"

ကျော်ဦးက နှုတ်ဆက်လိုက်၏။

"ဟင့်အင်း ... ဘာမှ မမှာပါဘူး"

မူမူသွယ်က ပြုံးပြုံးကလေး သာသာယာယာ ပြန်ဖြေလိုက်လေသည်။ မူမူသွယ်က ဘာမျှမမှာတော့ဟုဆိုသဖြင့် ကျော်ဦး လှည့်ထွက်မည်ပြုစဉ် ခင်မောင်ဆွေက အူယားဖားယား ဝင်ပြောလိုက်သည်။

"သူ မမှာပေမဲ့ ကျွန်တော်တော့ မှာပါရစေ"

ကျော်ဦးကို ပြန်လှည့် ကြည့်ရပြန်၏။ ခင်မောင်ဆွေက မှာမည်ဆိုတာကို။

"ဘာမှာမလဲ ကိုခင်မောင်ဆွေ"

"ဪ ... အပြန်ကျရင် ရုပ်ရှင်ရုံတစ်ရုံလောက် ဆွဲခဲ့စမ်းပါ"

"ဟာ ... အဟုတ်မှတ်လို့"

ခင်မောင်ဆွေ နောက်မှန်းသိသဖြင့် ကျော်ဦးက ပြန်လှည့်မည်ပြုစဉ် ဦးခွေးက ဝင်၍ ပြောလိုက်ပြန်၏။

"ဟော့ ... သူ စကားမှားသွားလို့ ဖြစ်မှာပါ။ မင်း အပြန်ကျရင် ရုပ်ရှင်ရုံအောက်က ဈေးသည်လေးတွေကို ဝင်ဖမ်းလိုက်စမ်းပါလို့ မှာတာဖြစ်မှာပေါ့"

ကျော်ဦးက လှည့်မကြည့်တော့ပေ။ ဆက်လက်၍ ထွက်ခွာသွားလေသည်။ ခင်မောင်ဆွေကိုမူ မူမူသွယ်က မျက်စောင်းထိုးလိုက်၏။

"ကိုခင်မောင်ဆွေကလည်း ကိုကျော်ဦးဆိုရင် သိပ်စချင်တာပဲ"

"အောင်မယ် ... မစချင်ပါဘူး။ စရအောင် သူက ကိုယ့်ရည်းစား မဟုတ်တာဘဲ"

"တော်ပါ ... ဒေါ်ဒေါ်မျက်နှာကိုလည်း ထောက်ပါဦး"

ဤစကားကို ဦးခွေးက မကျေနပ် ဖြစ်သွားလေ၏။

"ဟာ ... မူမူရ၊ ကျော်ဦးကို အမြင်ကတ်တာနဲ့ ဘာဆိုင်လို့ သူကြီးတော်ရဲ့ မျက်နှာကြီးကို ဒုက္ခပေးရတာလဲ။ ပိုပြီး ခွက်ဝင်သွားအောင်လို့လား"

"ဦးလေးလည်း အတူတူပါပဲလေ။ ကိုကျော်ဦးဆိုရင် နှိမ်ချင်တယ်"

"ဟာ ... နှိမ်နိုင်မှကွနော်၊ ကြည့်ရတာ နောက်ပိုးရှူးနဲ့တူတယ်။ ငါ စိတ်မချချင်ဘူး"

ဤတွင် ခင်မောင်ဆွေက ဝင်၍ ထောက်ခံပြောလိုက်၏။

"ဟုတ်တာပေါ့ ဦးလေးရဲ့၊ သမီးကလည်း အရွယ်လည်း ရောက်ပြီ၊ လှလည်း လှတယ်မဟုတ်လား။ ကျွန်တော်တောင် စိတ်မချချင်ဘူး"

"တယ် ... ဒီကောင်ဟာ နောက်ဆုံးတော့ ငါ့သမီးဘက် ရောက်လာတာကိုး။ ဖနောင့်နဲ့ ပေါက်သတ်လိုက်ရ ရှိစုမဲ့စု အသက်ကလေး ထွက်သွားမယ်"

သူတို့သုံးယောက်သား ခြံထဲတွင် ပြောဆိုရယ်မောနေကြစဉ် အခိုက်တွင် အပေါ်ထပ်တွင် ဒေါ်အေးသာသည် သူ၏တာဝန်ကို ထမ်းဆောင်နေလေသည်။

"မမကြီး ... နေရာချထားလိုက်ရင် ကောင်းမယ်ထင်တယ်"

"ဟဲ့ ... မအေးသာရဲ့၊ ငါလည်း ပရိဘောဂ အသစ်မဝယ်ဘူး။ ဘာကို ဘယ်နေရာချထားရမှာလဲ"

"ဖိုးဂျမ်းကလည်း ရှိသေးတယ် မဟုတ်လား"

"အေးလေ ... သူ သေပြီလို့ကော ညည်းကို ဘယ်သူက ပြောလို့တုံး"

"ဟုတ်တယ်လေ၊ ကျွန်မ ပြောချင်တာက ဖိုးဂျမ်းအတွက်လည်း စိတ်ချရအောင် အိမ်မှာ ယောကျ်ားတစ်ယောက်လည်း အားကိုးအားထား အမြဲတမ်း ရသွားအောင်ဟာ မူမူ့ကို နေရာချထားချင်တယ်လို့ ပြောတာ မမကြီးရဲ့"

ဒေါ်စန်းရှင်သည် ဒေါ်အေးသာ၏စကားအဆုံးတွင် ခပ်တွေတွေလေး ဖြစ်သွားလေတော့သည်။

"ဩော် ... ဒါဆို ပြောချင်တာလား။ နေရာချထား ဟုတ်ပါပြီ၊ ဘယ်သူနဲ့ နေရာချရမှာလဲ။ သူ့မှာ ရည်မှန်းပြီးသူလည်း ရှိပုံမရဘူး"

"ဟုတ်ပါတယ်၊ မူမူဟာ လိမ္မာတဲ့မိန်းကလေးဆိုတော့ ရည်းစားသန်တွေ ဘာတွေရှိမှာ မဟုတ်ပါဘူး။ မိဘစီမံရာကို နားထောင်မှာပါ။ ဒါကြောင့် မမကြီးက စီမံဖို့ တာဝန်ရှိတာပေါ့"

"တာဝန်ရှိတာတော့ ဟုတ်ပြီ။ ဘယ်သူနဲ့ နေရာချမှာလဲ"

"အဟင်း ... ဟင်း ... ဟဲ ... ဟဲ"

"ဩော် ... ငါက ရယ်စရာတွေ ပြောနေတာကိုး"

"မဟုတ်ပါဘူးလေ၊ ပြောရခက်နေလို့ပါ။ ကျွန်မမြင်တာကတော့ ကျွန်မတူလေး မောင်ကျော်ဦးနဲ့ စီမံချင်တာပဲ"

ဒေါ်အေးသာသည် စပ်ဖြဲဖြဲနှင့် ပြောရင်းက ဒေါ်စန်းရှင်၏ မျက်နှာကို အကဲခတ်သလို ကြည့်လိုက်၏။

ဒေါ်စန်းရှင်ကမူ စကားကို အလျင်စလိုမပြောဘဲ တွေး၍ ဆ၍သာ ပြန်ပြောလိုက်သည်။

"အင်းလေ ... မောင်ကျော်ဦးလည်း စိတ်မတူစရာ မရှိပါဘူး

ဒါပေမဲ့ သမီးကို ပညာဆက်သင်စေချင်သေးတယ်။ နောက်ပြီး အခုကိစ္စဟာ သူနဲ့လည်း တိုင်ပင်ရတာ မဟုတ်သေးဘူး။ သူ့စိတ်ကြိုက်တွေ့မှလည်း ဖြစ်မှာပေါ့ မအေးသာရဲ့"

"ဟုတ်တော့ ဟုတ်မှာပေါ့ မမကြီးရဲ့၊ မူမူဟာ မမကြီး စိမ်တာဆိုရင် ဘာတစ်ခုမှ ငြင်းမှာမဟုတ်ပါဘူး။ ဖိုးဂျမ်းရဲ့ရန်ကလည်း ကြောက်ရတာတစ်မျိုး၊ မတော်မတည့်လူတွေနဲ့ နီးစပ်သွားမှာ ကြောက်ရတာကလည်း တစ်မျိုးမို့ အခု လက်ထပ်မပေးရင်တောင် စေ့စပ်ထားရင်ကောင်းတာပေါ့"

"ဘာပဲဖြစ်ဖြစ် သိပ်ကြီးတော့ မလောချင်ပါဘူးလေ။ သမီးနဲ့တော့ တိုင်ပင်ချင်သေးတာပေါ့"

"တိုင်ပင်ချင်လည်း မြန်မြန်တိုင်ပင်ပေါ့ မမကြီး"

"အေးပါလေ ...၊ ငါ ကြည့်ပါဦးမယ်"

ဒေါ်အေးသာက လော၍ သေချာချင်သည်ဖြစ်သော်လည်း ဒေါ်စန်းရှင်ကမူ ခပ်အေးအေးပင် ဖြစ်နေသည်။ သို့သော် စကားတစ်ခွန်းတော့ ဝင်သွားပြီဖြစ်၍ ဒေါ်အေးသာအဖို့ ဤနေ့သည် အမြတ်ထွက်ပါသည်ဟု ဆိုရပေမည်။

ခြံထဲတွင် ကြည့်ကြပါဦးစို့။

မဂွမ်းပုံသည် မျက်လုံးပြူး မျက်ဆန်ပြူးနှင့် မူမူ့သွယ်ကို ခေါ်လိုက်သည်။

"မူမူ ပျောက်သွားပြီတော့ ..."

သူ့စကားကို ကြားရသောအခါ ခင်မောင်ဆွေက အံ့အားသင့်သွားတော့သည်။

"ဟာဗျာ ... မူမူ တစ်ယောက်လုံး ဒီမှာထိုင်နေတာ ဘယ့်နှယ်မူမူ ပျောက်သွားပြီလို့ လာပြောနေတာလဲဗျ"

ဤတွင် ဒူးလေးကြီးကို မြေတွင် ထောင်ထားရင်းက ဦးဒွေး က ပြန်ပြောလိုက်၏။

"ဟ ... ငါ့နှမရဲ့ ... မျက်စိထဲမှာ ဒီဒန်းပေါ်မှာ ထိုင်နေတာ ဥစ္စာစောင့် မှတ်လို့ဖြစ်မှာပေါ့။ အဲဒါ တောချောက်တာ ဖြစ်နိုင်တယ်"

"အို ... ကိုရင်ကလည်း တောခြောက်တာတွေ တောစိုတာတွေ ထားစမ်းပါဦးလေ။ မှုမှု ... မှုမှု ... လက်ကိုင်ပဝါပျောက်သွားလို့"

မှုမှုသွယ်သည် ပျာယာခတ်နေသော မဝွမ်းပုံကိုကြည့်ရင်း ပြုံးလိုက်လေသည်။

"ဩော် ... မဝွမ်းရယ် ... လက်ကိုင်ပဝါကလေးတစ်ထည် ပျောက်တာများ ဖြစ်နေလိုက်တာ။ ပျောက်ပါစေလေ ကိစ္စမရှိပါဘူး"

"ဒါပေမဲ့ မှုမှုရဲ့ လက်ကိုင်ပဝါပျောက်တာ ထူးဆန်းတယ်"

ဤတွင် ခင်မောင်ဆွေသည် ဝင်၍ထောက်ပြန်လေ၏။

"မဝွမ်းပုံလည်း မျက်လှည့်ကြည့်လာပြီ ထင်တယ်။ လက်ကိုင်ပဝါပျောက်တာ ဘာဟုတ်သေးလဲ၊ လူတစ်ကောင်လုံးတောင် ပျောက်သေးတယ်"

"ဟ ... ခင်မောင်ဆွေရ လူဆိုရင် တစ်ယောက်လုံးလို့ ပြောရတယ်ကွ။ မင်းက တစ်ကောင်လုံးဆိုတော့ ဟင်းစားကြီးလို ဖြစ်နေတာပေါ့"

"အို ... ဦးလေးကလည်း လူလည်း ဟင်းစားကြီးတာတွေ အများကြီး ရှိပါတယ်"

သူတို့ စကားလက်ဆုံဝင်ကျနေသည်ကို မှုမှုသွယ်က ဝင်ဖြတ်လိုက်၏။

"တော်ကြစမ်းပါလေ ...၊ ဘယ်လို ထူးဆန်းတာလဲ မဝွမ်းရဲ့"

"တန်းမှာ သေသေချာချာ တွယ်ချိတ်နဲ့ ချိတ်ထားတာ ချိတ်ခဲ

ျန်ခဲ့တယ်။ လက်ကိုင်ပဝါ ပျောက်သွားပြီ။ မခင်မြင့်လည်း လိုက်ရှာ နေတာပဲ"

ခင်မောင်ဆွေ မဌမ်းပုံကို မေးလိုက်၏။

"အဝတ်လှန်းတဲ့ တန်းနားကို ဘယ်သူလာသလဲ"

"စောစောကတော့ ကိုကျော်ဦး လာတာပဲ။ ဒီနောက်တော့ မသိတော့ဘူး"

"အို ... ကိုကျော်ဦးကတော့ မိန်းမကိုင် လက်ကိုင်ပဝါလေးကို ခိုးမယ် မထင်ဘူး"

မူမူသွယ်က ဝင်ပြောလိုက်၏။

ထိုအခိုက်တွင် မခင်မြင့်သည် လက်ကိုင်ပဝါလေးကိုင်၍ အပြေးကလေး ရောက်လာလေတော့သည်။

"အရီးလေး ... ဒါ မဟုတ်လား"

"ဟုတ်တယ်၊ ညည်း ဘယ်ကရတာလဲ"

"ဟောဒီ ... အစ်ကိုရဲ့ ခေါင်းအုံးအောက်မှာ အစကလေး ထွက်နေလို့ ခေါင်းအုံးမလိုက်တော့ တွေ့တာပဲ"

ဦးဒွေးသည် ခင်မောင်ဆွေကို အံ့ဩသလို ကြည့်လိုက်၏။

"ဟေ့ကောင် ... မင်းက ဘယ်တုန်းက နှပ်ယူညှစ်သလဲ"

"အောင်မယ် ... နှပ်လည်း မညှစ်ပါဘူး၊ ယူလည်း မယူပါဘူး"

မဌမ်းပုံကလည်း ခင်မောင်ဆွေ၏စကားကို အလွယ်တကူပင် ထောက်ခံလိုက်လေသေးသည်။

"ဟုတ်ပါတယ်လေ ...၊ ကျွန်မလှန်းတော့ ကိုခင်မောင်ဆွေတို့ ဒီမှာ ထိုင်နေကြပြီပဲ"

ခင်မောင်ဆွေသည် ခဏတော့ တွေးနေသည်။

"ကိုကျော်ဦးယူပြီး ထားပြီထင်တယ်"

ဦးဒွေးက စောဒကတက်သလို ဝင်ပြောသည်။

"မင်းက ကျော်ဦးဟာ မင်းအိပ်ရာကို သူ့အိပ်ရာမှတ်လို့ ဒီလို လုပ်တယ် ဆိုပါတော့လေ"

"မဟုတ်ဘူး၊ သူ့မှာ အကြံတစ်ခုရှိလို့ တမင်လုပ်တာလားမှ မသိတာ"

မူမူသွယ်ကမူ သူ့အိမ်တွင် ညေ့သည်ချင်း မသင့်မတင့် မဖြစ်စေ ချင်ပါ။ ထို့ကြောင့် ဝင်ပြီး စကားဖြတ်လိုက်သည်။

*"ရှိစေတော့လေ၊ ဒီကိစ္စ ဒီတွင် ရပ်လိုက်ကြပါစို့"*

■

*သူ၏ခြေတစ်လှမ်းနှင့် တစ်လှမ်းသည် ကျော်ဦး၏ အသည်းနှလုံးကို ဆောင့်၍ဆောင့်၍ နင်းလိုက်သည့်နှယ် ကျော်ဦးမှာ နင့်ခနဲ နင့်ခနဲ ခံစားရ၏။*

# ၉

## သူစိမ်းတစ်ဦး ရောက်လာခြင်း

ကိုမြအုန်းသည် သူ့ကိစ္စနှင့်သူ စိုက်စိုက် ... စိုက်စိုက်နှင့် လျှောက်လာရာက ဒေါ်စန်းရှင်တို့၏ အိမ်ရှေ့သို့ရောက်သောအခါတွင် အိမ်ကြီးကို အမှတ်မထင် တစ်ချက်လှည့်ကြည့်လိုက်မိသည်။ ထို့နောက် မီးလောင်သည် ထင်မိသည့်ညဦးကအဖြစ်ကို ပြန်လည်တွေးမိသဖြင့် တစ်ယောက်တည်း ပြုံးဖြဲဖြဲကြီးဖြစ်သွားကာ ကုပ်တစ်ချက် တွန့်သွားလေသည်။

ချက်ချင်းပင် ရှေ့တည့်တည့်သို့ ပြန်လှည့်ကာ အိမ်ကြီးကို ကြည့်တော့ဘဲ စစ်ရှိတက်လာသလို ရင်ကို ကော့၍လျှောက်သွားလေ၏။

ဒေါ်စန်းရှင်၏ အိမ်ကိုလွန်၍ ကိုစောလွင်တို့ အိမ်ရှေ့သို့ရောက်သောအခါ မျက်နှာချင်းဆိုင်မှ လျှောက်လာသော ကိုစောလွင်ကို လမ်းပေါ်တွင် တွေ့ရလေသည်။

"ဟင် ... ကိုစောလွင်ပါလား၊ ဘယ်က ပြန်လာတာလဲ"

"ဟာဗျာ ... ပြောပဲ မပြောချင်ပါဘူး ကိုမြအုန်းရော၊ ကျွန်တော့်ခွေးကြီး သေသွားပြီလေ"

"ဟယ် ... ဖြစ်မှဖြစ်ရလေ၊ ဘယ်သူ လာကိုက်သွားတုံး။ အဲလေ... ခွေးခွေးချင်း ကတောက်ကဆတ်ဖြစ်ကြသလား။ ဟုတ်သေးပါဘူး ... ဟိုဟာလေ ..."

"မဟုတ်ပါဘူးဗျာ ... ခွေးခွေးချင်း ကိုက်မိတာမဟုတ်ပါဘူး။ နေမကောင်းဖြစ်နေတာ သုံးလေးရက်ရှိပြီ။ ခုမနက်တော့ ဆုံးသွားရှာပြီလေ။ အဲ့ဒါ သွားမြှုပ်ပြီး ပြန်လာတာ"

ကိုစောလွင်လက်ထဲမှ ပေါက်ပြားကို မပြရင်း ပြောလိုက်သည်။

"အဲဒါ စိတ်မကောင်းဖြစ်မိတယ် ကိုမြအုန်းရယ်၊ သံယောဇဉ်ဆိုတာ တော်တော်ဆိုးတာပဲနော်"

"ဟုတ်တာပေါ့ဗျာ ...။ ကျွန်တော်တောင် တစ်လောက အိမ်ကကြောင်ကလေး အနိစ္စရောက် ... အဲလေ ... သေသွားတာ တော်တော်စိတ်ညစ်လိုက်ရတယ်။ အသုဘတောင် မြေမကျသေးဘူး ... ဟုတ်ပေါင်ကြောင်လေးကိုတောင် မမြှုပ်ရသေးဘဲနဲ့ ငိုင်ပြီး တော်တော်ကြာကြာကြည့်နေမိတယ်။ အဲဒီကြောင်လေး သေပြီးခါစကဆို ကျွန်တော် ထမင်းမစားနိုင်ဘူး"

"ဟုတ်တာပေါ့ဗျာ"

"ထမင်းမစားနိုင်တာနဲ့ ခေါက်ဆွဲတစ်လုည့်၊ ပလာတာတစ်လုည့်၊ ပေါင်မုန့်နဲ့ဘဲကင်တစ်လုည့် ဝယ်ဝယ်စားရတာ ပိုက်ဆံ တော်တော်ကုန်သွားတယ်"

ကိုမြအုန်းသည် တမင် ခွတိုက်ပြောနေသည်မဟုတ်။ စကားပြောကိုက ခွကျသူတစ်ယောက် ဖြစ်လေသည်။

ကိုစောလွင်မှာ စကားဆက်ပြောရမှာ စိတ်ပျက်လာသည့်

အလား ခေါင်းကိုတစ်ချက် ဆတ်ခနဲညိတ်လိုက်ကာ လှည့်လာခဲ့ပြီး သူ့အိမ်ထဲသို့သူဝင်ရန် ပြင်လိုက်၏။ ကိုမြအုန်းလည်း ဆက်၍ လျှောက်သွားလေတော့သည်။

ကိုစောလွင်သည် ခြံထဲဝင်မည်ပြုလိုက်စဉ် သူ့မျက်နှာများက ခြံတိုင်ဆီသို့ ရောက်သွားလေတော့၏။

*"ခွေးကိုက်တတ်သည်၊ သတိ ..."*

ထင်ထင်ရှားရှား ရေးထားသော ဆိုင်းဘုတ်ကို မြင်မိ၏။ ဤဆိုင်းဘုတ်ကို သူကိုယ်တိုင်ပင် တပ်ဆင်ခဲ့ခြင်းဖြစ်သည်။ သူ၏ ခွေးကြီး **"ရန်တိုင်းအောင်"**သည် ခြံကိုလုံအောင် စောင့်ရှောက်နိုင်သူ ဖြစ်သည်။ ယခုတော့ မရှိရှာလေပြီ။ သခါရယာဉ်ကိုစီး၍ သူ့ကို ကျောခိုင်းကာ သံသရာလမ်းသို့ ပြန်မလာ မြန်းလေပြီ။

*"ဩော် ... ရန်တိုင်းအောင် ... ရန်တိုင်းအောင် ... သွားရှာပြီ"*

*နှုတ်မှ အသံထွက်အောင်ပင် ညည်းညူမိရာက ဆိုင်းဘုတ်ကြီးကို မကြည့်နိုင်အောင် ဖြစ်လာလေသည်။ ဆိုင်းဘုတ်ကြီးသည် သူ၏အသည်းနှလုံးကို ယူကျုံးလှပ်ခါနေသည်ကို ထင်မြင်မိတော့သည်။*

သို့ဖြစ်ရကား ကိုစောလွင်သည် ဆောင့်ကြီးအောင့်ကြီးနှင့် ဆိုင်းဘုတ်ကို ဖြုတ်ယူလိုက်ပြီး **"နင်လည်း သွားလေရော"**ဟု မြည်တမ်းရင်း ဆွဲ၍ လွှင့်ပစ်လိုက်လေသည်။ ဆိုင်းဘုတ် ဘယ်ရောက်သွားသည်ကိုပင် လိုက်မကြည့်တော့ဘဲ ခြံထဲသို့ စွတ်စွတ်ရွတ်ရွတ် ဝင်ရောက်သွားလေတော့၏။

သူ ပစ်လိုက်သော ဆိုင်းဘုတ်ရှည်ကလေးကား လွင့်၍ ပျံ၍ သွားရင်း ခြံတံခါးဝနားသို့ကျလာသည်။ ခြံပေါက်ဝ ခြံတိုင် ဘေးတွင်

ဘားစောင်းထောင်လျက်သား ကျနေ၏။ ဆိုင်းဘုတ်သည် ခြံတိုင်ကိုမှီ၍ ထောင်လျက်ကျနေသော်လည်း မျက်နှာစာမှာ ပေါ်လွင်နေသည်ဖြစ် သောကြောင့် စာကိုမူ ဖတ်နိုင်ပေသည်။ ရုတ်တရက်ဆိုလျှင် ခြံတိုင်တွင် ချိတ်ထားသော ဆိုင်းဘုတ်ပြုတ်ကျနေခြင်းဖြစ်သည်ဟု မှတ်ထင်စရာပင် ဖြစ်နေလေသည်။

*မှတ်ထင်စရာဖြစ်၍လည်း မှတ်ထင်မည့်သူ လာပါချေ ပြီ။*

လူရွယ်တစ်ယောက်သည် ပခုံးတွင် လွယ်အိတ်တစ်လုံးကို လည်း လွယ်ထားသည်။ လက်ထဲကလည်း လက်ဆွဲအိတ်တစ်အိတ် ကို ဆွဲထားသည်။ လျက်ဆားသည်လိုလို ပုံစံမျိုးပေါက်နေ၏။

ထိုလူရွယ်သည် လမ်းလျှောက်လာရင်း ခြံဝများကို ကြည့်လာ သည်။ ခြံနံပါတ်ကို ရှာလာဟန်တူ၏။ ဟော ... တွေ့ချေပြီ။ ဒေါ်စန်းရှင် ၏ ခြံပင်ဖြစ်သည်။ သူရှာနေသော နံပါတ်ကိုတွေ့ပြီဖြစ်၍ စိတ်ထဲတွင် ပေါ့သွားဟန်နှင့် မျက်နှာမှာ ဝင်းကြည်လာတော့သည်။

အားနေသော လက်တစ်ဖက်က ပခုံးမှလျှောကျလာသည့် လွယ်အိတ်ကို ပြန်လည်ပြုပြင်၍ လွယ်လိုက်ပြီး ခြံထဲသို့ ကွေ့ဝင်မည် ကဲ့သို့ ပြုလုပ်လိုက်သည်။ သို့သော် သူ့မျက်စိက ဝေးကွာလှသည့် အရပ် တွင်ရှိသော ခြေထောက်များကို လှမ်းထိန်းလိုက်ရာ တုံ့ခနဲ ရပ်သွားတော့ ၏။

ထောင်လျက်သားကလေးကျနေသော ဆိုင်းဘုတ်ကို မြင် တော့သည်။ သို့သော် စာများမှာ ထောင်နေ၏။

ထောင်နေသောစာများကို ဖတ်နိုင်ရန် သူသည် ခေါင်းကို လိုက်၍ စောင်းငဲ့လိုက်သည်။ နှုတ်မှလည်း အသံထွက်လာ၏။

"ခွေး ... ကိုက် ... တတ် ... သည် ... သတိ။ အလယ်လည်

နောက်ဆုံးစကားသုံးလုံးမှာ ဆိုင်းဘုတ်ထဲတွင် မပါသည်ကို သူသဘောနှင့်သူ ထည့်၍ ရွတ်လိုက်ခြင်းသာ ဖြစ်ပေ၏။ ပြီးတော့ ... ကုပ်ကလေးတစ်ချက် တွန့်လိုက်၏။ ကျောထဲတွင် စိမ့်သွားသည်ထင့်။

အသာ ကုပ်ကုပ် ... ကုပ်ကုပ်နှင့် ပြန်၍ လမ်းပေါ်ထွက်လာသည်။ လမ်းမပေါ်ကမှနေပြီး အိမ်ကြီးဆီသို့ လှမ်းမျှော်ကြည့်လိုက်၏။ ...းကိုလည်း မမြင်။ လူကိုလည်း မမြင်။

အားနေသော လက်တစ်ဖက်နှင့် ခေါင်းကိုကုတ်လိုက်သည်။

ထို့နောက် ဟိုကြည့်သည်ကြည့်လုပ်ရာက ကိုစောလွင်၏ ခြံနှင့် ဒေါ်စန်းရှင်ခြံ နှစ်ခြံအကြားတွင်ရှိသော လူသွားလမ်းငယ်လေးထဲသို့ ချိုးဝင်လိုက်လေတော့သည်။

ဒေါ်စန်းရှင်၏ခြံမှာ ပန်းပင်ကလေးများ ပျူတစ်ရပ်လောက် ...အောင် စိုက်၍ ကာရံထားပြီး အပေါ်က ကတ်ကြေးနှင့်ညှိထားသဖြင့် ...ည်းရိုးဖြစ်နေသည်။ ပန်းပင် ခြံစည်းရိုးဖြက်မှာ တစ်တောင် နီးပါးခန့် ...သည်။

လူရွယ်သည် တစ်နေရာတွင် ရပ်လိုက်၏။ ခြံစည်းရိုးကို အပေါ်ထိ လိုက်ကြည့်သည်။ ဤခြံစည်းရိုးကို တွယ်တက်၍ မဖြစ်နိုင်။ ...ည်းရိုးနားတွင်ကပ်၍ လက်ထဲမှ လက်ဆွဲအိတ်ကို မြေကြီးပေါ်သို့ ...ပြီး အသာ ခပ်ကုန်းကုန်းလုပ်လိုက်ကာ ပန်းပင်များကို လက်ဖြင့် ...က်သည်။

ပန်းပင်များကား ရှုပ်ထွေး၍ ရုတ်တရက် ဘေးသို့ ရှဲမသွား ...။ လက်ကြီးတစ်ဖက် ထိုးသွင်းလိုက်ပြီး ဟိုယမ်းသည်ယမ်း ...ကာ နေရာချဲ့လိုက်၏။ တစ်ဖန် ထိုလက်ကို ပြန်၍ရုပ်ပြီး အခြား ...တစ်ဖက်ဖြင့် အခြားတစ်နေရာမှ ထိုးသွင်းလိုက်ပြန်သည်။ တစ်ဖန် ...နှစ်ဖက်စလုံးသွင်းကာ ဟိုသည်ယမ်းလိုက်၏။ ပန်းပင်များကို

လက်မောင်း၏အားဖြင့်ပင် နေရာချ လိုက်သည်။ ပန်းပင်များ ပြွတ်သိပ်နေ၍ သူသည်အထဲကို မမြင်ရတိုင်း လုပ်ချင်တိုင်းလုပ်နေသည်။ အကယ်၍သာ အထဲကို တိုးလျှိုပေါက် မြင်ရမည်ဆိုလျှင်...

ဦးဒွေးသည် သူ့ကိုကျောပေး၍ ခေါက်ကုလားထိုင်လေးနှင့်ထိုင်ကာ သတင်းစာဖတ်နေ၏။ ခြံစည်းရိုးနှင့် ဦးဒွေးသည် တစ်တောင်သာသာကလေးခန့်သာ ဝေးသည်။ သူ၏ဒူးလေးကြီးမှာ ရှေ့နားကသစ်ပင်ရင်းတွင် မှီထောင်ထားသည်။

ဦးဒွေးသည် သတင်းစာကို စိတ်ဝင်စားနေသဖြင့် ဦးခေါင်းသည် အနည်းငယ် ငိုက်စိုက်စိုက် ဖြစ်နေ၏။

ထိုအခါတွင် သူ့နောက်က လက်ကြီးတစ်ဖက်သည် ခြံစည်းရိုးကိုဖြတ်၍ ထွက်ပေါ်လာပြီးလျှင် သူ၏ကုပ်နားကကပ်၍ ဝှေ့ယမ်းဖြတ်သွားသည်။ လေဟပ်သွားသဖြင့် ယားသလိုလိုဖြစ်ရာ ဦးဒွေး၏လက်ယာဘက်သည် ကုပ်ဆီသို့တက်လာပြီး ကုပ်ပိုးကို လက်ဝါးဖြင့်ပွတ်လိုက်၏။

စောစောက ဖြတ်သွားသော လက်ကြီးသည် ပြန်ရွေ့လာပြန်၏။ သို့သော် ဤတစ်ချီတွင် နိမ့်၍ပြန်လာခြင်းဖြစ်သောကြောင့်သာ ဦးဒွေး၏လက်နှင့် မထိခြင်းဖြစ်သည်။ ကုလားထိုင်နောက်မှ အလွန်ကျောနားကကပ်၍ ဖြတ်သွားပြီး ခြံစည်းရိုးထဲ ပြန်ဝင်သွားလေ၏။ ဦးဒွေးလည်း လက်ကို ပြန်ချလိုက်လေသည်။

တစ်ဖန် တစ်နေရာမှ အခြားလက်တစ်ဖက်သည် ခြံစည်းရိုးကို တိုး၍ဝင်လာပြန်တော့၏။ သူက အနည်းငယ် မြင့်၏။ ထို့ကြောင့်ဦးဒွေး၏နောက်စေ့နားက လက်နှစ်သစ်ခန့် အလိုနေရာမှ ဖြတ်သွားသည်။ တန်ပြန်တုံ့၍ ဝှေ့ယမ်းလာပြန်၏။

ဘာမျှမသိသော ဦးဒွေးသည် ကုလားထိုင်နောက်မှီကို မှီကာ

လက်ထဲမှ သတင်းစာကို မြှင့်၍ ကိုင်ဖတ်လိုက်သည်။ စောစောက လက်ကြီး ပြန်မလာတော့ဘဲ ရပ်နေ၏။ ထိုလက်ကား လက်ယာဘက်လက် ဖြစ်သည်။ လက်ယာဘက်လက် ငြိမ်သွားလျှင် ငြိမ်သွားချင်း တစ်တောင် ကျော်ခန့် အကွာအဝေးမှ လက်ဝဲဘက်လက်ကြီး တိုးဝင်လာပြန်သည်။ ဤတစ်ချီတွင်ကား လက်နှစ်ဖက်စလုံး လှုပ်ရှားတော့သည်။

သို့သော် ဦးခွေးသည် ရှေ့သို့ အနည်းငယ် ပြန်၍ ငိုက်ငိုက် မြုံလိုက်သောကြောင့် လက်ကြီးနှစ်ဖက်စလုံးသည် သူ၏နောက်စေ့ နားမှကပ်၍ ဖြတ်သွားကြပြန်လေသည်။ သူ့ကို မတိုက်မိချေ။ ဦးခွေး သည် နောက်သို့ မှီလိုက်ပြန်ရာ ဦးခေါင်းကြီးသည် ဆယ်လန်လန် ဖြစ်လာ သည်။ သို့သော် လက်များကား ပြန်ရပ်သွားကာ မြစည်းရိုး ပန်းပင်တွေ ကြားထဲတွင်ပင် ရပ်တန့်သွားတော့၏။

အပြင်မှလူရွယ်သည် အထဲတွင် ဇေ့ယမ်းကြည့်မြင်းကို လက်လျှော့သွား၏။ ပန်းပင်များကိုသာ အားနှင့်ခွန်နှင့် အတင်းဖြိရင်း နက်စိကလည်း မြင်နိုင်သမျှ ချောင်းကြည့်၏။

*ရှုပ်ထွေးပွေလီဖြစ်နေသော အခက်အလက်များကြားမှ မြင်ကွင်းသည် ပြည့်စုံခြင်း မရှိလှပါချေ။*

ရုပ်အကျီအဖြူရောင်ကြီးကိုသာလျှင် ပိုးတဝါးနှင့် ရိုးတရိပ် မြင်လိုက်ရသည်။ လူရွယ်၏စိတ်ထဲတွင် အဝတ်လှန်းထားသည်ဟု အသင်ရောက်သွား၏။ အဝတ်ကိုဖယ်၍ ကြည့်ရလျှင် ပိုကောင်းမည် ဟု ရွှေဉာဏ်တော်စူးသွားကာ လက်ဝဲလက်ကို တော်တော်များများ ထိုးသွင်းလိုက်ပြီးလျှင် လက်ပြန်ပင် သူ ပိုးတဝါး မြင်ရသောအဝတ် ကြီးကို အတင်းဖယ်လိုက်၏။

"ဟယ် … နင့်ဖေကလွှားတဲ့မှ … ယားတယ်ဟ …"

ဦးခွေးသည် လက်ထဲမှ သတင်းစာကြီးကို လွှတ်ချကာ

ရုတ်တရက် ကျောကော့၍ အော်လိုက်လေရာ လူရွှယ်သည်လည်း လန့်၍ လက်ကို ရုပ်လိုက်၏။

ဦးဒွေးသည် ကုလားထိုင်ပေါ်တွင် နေရာမှ ထလိုက်ကာ ခြံစည်းရိုးနားတွင် ဆောင့်ကြောင့်ထိုင်၍ စူးစိုက်ကြည့်လိုက်သည့် အပြင်မှ လူရွှယ်သည်လည်း ဒွေးကိုက်ခြင်းမဟုတ်ဘဲ လူအော်ခြင်းသာ ဖြစ်သည်ကို သိရသောအခါ ဝမ်းမြောက်သွားလေ၏။

"ဒီမှာဗျာ ... အိမ်ရှင်တို့ ..."

ဤသို့ နှုတ်မှ ပြောပြောဆိုဆိုပင် စောစောကလူကို စမ်းမိသော နေရာသို့ရောက်အောင် မှန်းဆ၍ လက်ကိုထိုးသွင်းလိုက်ရာ စောစောကထက် နီးကပ်စွာ ငုတ်တုတ်လာထိုင်နေသော ဦးဒွေး၏ နှာခေါင်းနှစ်ပေါက်ထဲသို့ လက်ညိုးနှင့် လက်ခလယ်မှာ စွတ်စွတ် ရွတ်ရွတ် ဝင်သွားလေတော့ရာ ...

"အယ် ... ဖွတ် ... ဟဖူး ... ဟဖူး ... ခွီး ..."

ဟု အဓိပ္ပာယ်အားဖြင့် တိတိကျကျ မရှိလှသော်လည်း အားလုံး ကို ခြုံလိုက်လျှင် လေရှုရကျပ်သွားသည်ဟု အဓိပ္ပာယ်ကောက်ယူနိုင် သည့် အသံများကို ပြုလိုက်ရင်းက ဦးဒွေးသည် မြေကြီးပေါ်သို့ ဖင်ထိုင် လျက် ကျသွားလေ၏။ လက်ကြီးသည် ပြန်ထွက်ရန် နောက်သို့ဆုတ် သွားသည်။

"အောင်မယ် ... ဘာရမလဲကွာ"

ဦးဒွေးသည် ပြောပြောဆိုဆိုနှင့် ကမန်းကတန်းထ၍ လက် ကောက်ဝတ်မှ စုံကိုင်ကာ လက်ကြီးကို ပြန်၍ ဆွဲလိုက်ရာ အပြင်မှ လူရွှယ်မှာ ရုတ်တရက်မို့ အငိုက်မိကာ ခြံစည်းရိုးကို ကုန်းနမ်းမိသကဲ့သို့ လက်ကြီးပါသွားပြီး အပြင်တွင်ရှိသော လက်ယာဘက်က ခြံစည်းရိုးပင် ပင်များကို လက်ဝါးနှင့် ထောက်လိုက်ရ၏။

သတိရလျှင်ရချင်းပင် လူရွယ်သည် မြေကြီးကို ခြေကန်၍ ပြန်ရုန်း၏။ သို့သော် ဗလချင်းလည်းမတူ၊ ဦးခွေးမှာ လက်နှစ်ဖက်နှင့်လည်း ဆွဲထားသည်ဖြစ်၍ ပြန်မရုန်းနိုင်ချေ။

"ဟေ့ ... ခင်မောင်ဆွေ ... ခင်မောင်ဆွေ ... မြန်မြန် လာစမ်း"

ဦးခွေးက အိမ်ကြီးဆီသို့ လှည့်၍ အော်ခေါ်၏။

အပြင်မှ လူရွယ်သည်လည်း လွတ်မြောက်ရေးအတွက် အတင်း ရုန်း ၏။ သို့သော် မလွတ်နိုင်သဖြင့် လက်ထိပ်များဖြင့် စမ်းကြည့်ရာ ဦးခွေး၏ ဝမ်းဗိုက်နားဒေသဟု သိရသည်။ ထို့ကြောင့် လွတ်မြောက်ကြောင်း ပရိယာယ်ဖြင့် ဦးခွေး၏ခါးကို ကလိထိုးလိုက်တော့သည်။

ဦးခွေးက လက်ကြီးကို လက်ကောက်ဝတ်က စုံကိုင်ထား ရင်းသားသဖြင့် "အဟေ့ ... အဟေ့ ..." ဟုအော်ကာ ခါးကိုလွတ်အောင် ကိုတိမ်းသည်တိမ်းနှင့် ရှောင်ရလေရာ ဖင်ကြီးသည် ဘယ်ယမ်း ညာယမ်းနှင့် ဟာဝိုင်ယီအကကို ကနေသော ဘုတ်ထိုင်းကြီးနှင့် တူလေတော့သည်။

"အောင်မယ် ... နင်က ငါ့ကို ကလိထိုးတော့ ငါက နင့်လက်ကို လိမ်မဟ ... လိမ်မဟ"

အံကြိတ်၍ ဦးခွေးသည် လက်ကိုလိမ်လိုက်ရာ အပြင်မှ "အပါးပါး ... နာတယ်ဗျ" ဟု အော်သံထွက်လာလေ၏။

"နာရင် ငြိမ်ငြိမ်နေ"

ဦးခွေးသည် ငြိမ်သွားသောလက်ကို ဆုပ်ထားရင်းက အိမ်ကြီးဆီသို့ သမင်လည်ပြန် မျှော်လိုက်ပြန်လေသည်။

ခြံစည်းရိုး၏ အပြင်ဘက်တွင် လူရွယ်သည် ကယ်သူဝေး ဖြစ်နေရှာသည်။ ထိုခဏတွင် ကိုစောလွင်သည် ခြံစည်းရိုးတွင်ကပ်၍

ကုန်းကွကွဖြစ်နေသောသူကို ကျောဘက်ကမြင်သွားသည်။ ထို့ကြောင့် ပင် သူ သွားလိုရာကို မသွားတော့ဘဲ ထိုလူ၏အထံသို့ ခပ်သုတ်သုတ် ကလေး ရောက်လာလေတော့သည်။

သို့ရာတွင် သူ၏မျက်နှာမှာ လူရွယ်ကို ကူညီရန် မျက်နှာမျိုး ထက် သက်သမကင်းဖြစ်သော ဟန်အမူအရာက ပိုမိုပေါ်လွင်နေလေသည်။

အနားသို့ ရောက်သောအခါတွင် ကိုစောလွင်သည် သူ့ကို ကျောပေးထားသော လူရွယ်၏ပခုံးကို လက်ဖြင့် ပုတ်လိုက်၏။ လူရွယ်သည် ချာခနဲ လှည့်ကြည့်လိုက်၍ ကိုစောလွင်ကို မြင်သော အခါ ကူမည့်သူတွေ့ပြီဟူသော အမှတ်သညာဖြင့် ဝမ်းသာပုံပေါက် သွား၏။

ကိုစောလွင်ကမူ စောစောက ပခုံးပုတ်လိုက်သော လက် ဝါးလေးကို ပက်လက်လှန်ပြီး အပေါ်သို့ နှစ်ကြိမ်၊ သုံးကြိမ် ယက်ပြ လိုက်သည်။ ဆိုလိုသည့်အဓိပ္ပာယ်ကား "ဟေ့လူ ... ထစမ်း ... ထစမ်း" ဟူ၍ ဆိုလိုခြင်းပင် ဖြစ်၏။

သူ ဘယ်လိုပဲ လက်ပြပြ လူရွယ်ကကား ခြစည်းရိုးထဲသို့ လက်ကြီးနှိုက်လျက်ပင် ရှိနေသေးသဖြင့် ကိုစောလွင်သည် စိတ်မရှည် သလို ထပ်၍ လက်ကို ယက်ပြပြန်၏။

လူရွယ်သည် ရှန်းကန်လိုက်ပြန်၏။ မရချေ။ အထဲက ဦးခွေးက စုံကန်ဆွဲထား၏။ ထိုအခိုက်တွင်ပင် ခင်မောင်ဆွေ ရောက်လာလေ၏။

အပြင်ဘက်က ကိုစောလွင်သည် စိတ်မရှည်သလိုနှင့် လူရွယ်၏ လက်တစ်ဖက်ကို အတင်းဆွဲလေတော့ရာအထဲက ဦးခွေးကလည်း စုံကန် ဆွဲ၊ ကိုစောလွင်ကလည်း စုံကန်ဆွဲနှင့် ဖြစ်နေလေ၏။ လူရွယ်မှာ လက်ကြီး နှစ်ဖက်ကား၍ ခြေနှစ်ဖက်ကိုခွပြီး ကသိကအောက်ဖြစ်နေရာက...

"အာ ... သေတော့မှာပဲ။ လွှတ်ကြပါဗျ။ လက်တွေ ပြတ်ကုန် တော့မယ်"ဟု အော်ဟစ်လိုက်၏။

ဤတွင် အတွင်းဘက်က ခင်မောင်ဆွေမှာ ဦးဒွေးကို ကူညီသည့် အနေဖြင့် ခါးကိုဖက်၍ ဆွဲလေရာ ဦးဒွေးမှာ ခါးက ကလိထိုးလိုက်သလို ခံစားလိုက်ရကာ "အယ် ... အယ် ... ယားတယ်ဟ" ဟု ခါးကိုလိမ်၊ ဖင်ကိုခါရင်း လူရွှယ်၏လက်ကို လွှတ်လိုက်မိလေ၏။

လူရွှယ်၏ လက်မှာ လွှတ်သွားသည်နှင့် တစ်ပြိုင်နက် အတင်းဆွဲနေသော ကိုစောလွင်၏ရင်ခွင်ထဲသို့ အရှိန်နှင့်ပြေးဝင်သွားလေရာ ကိုစောလွင်မှာလည်း မဟန်နိုင်တော့ဘဲ မြေကြီးပေါ်သို့ ပက်လက်လန်ကျလေတော့၏။ လူရွှယ်မှာလည်း ကိုစောလွင်၏ရင်ခွင်ထက်သို့ပင် ကျသွားရှာလေသည်။

"မင်း လုပ်တာနဲ့ လွှတ်သွားပြီ"

ဦးဒွေးသည် ပြောပြောဆိုဆို ခြံပေါက်ဝသို့ ထွက်ပြေးလေရာ ခင်မောင်ဆွေကလည်း နောက်က ပြေးလိုက်သွားလေသည်။

အပြင်သို့ ရောက်သောအခါ လူရွှယ်မှာ မတ်တတ်ရပ်ပြီး ဖြစ်၏။ ကိုစောလွင်မှာ မြေပေါ်ထိုင်လျက်သား ဖြစ်နေသည်။ လူရွှယ်သည် သူ့ထံသို့ ပြေးလာသော ဦးဒွေးနှင့် ခင်မောင်ဆွေတို့ကို တွေ့သောအခါ လန့်ဖျပ်၍ ထွက်ပြေးလေ၏။

"အောင်မယ်...ဘာရမလဲကွာ"

ကိုစောလွင်က ပြောပြောဆိုဆို ခြေထောက်ကို ဖမ်းဆွဲ လိုက်ရာ လူရွှယ်မှာ တုံးခနဲဖြစ်သွားလေ၏။ ထို့နောက် အတင်း ရုန်းကန်လေရာ ကိုစောလွင်ကလည်း မလွှတ်သဖြင့် လူရွှယ်မှာ ခြေတစ်ဖက်တည်း ခုန်ဆွခုန်ဆွ ဖြစ်နေလေတော့သည်။

"လွှတ်ပါဗျ ... ခင်ဗျားတို့က ဘယ့်နှာတုံး၊ လက်ဆွဲလိုက်၊ ခြေထောက်ဆွဲလိုက်နဲ့"

သူ ဘာပြောပြော လွှတ်တော့မလွှတ်ချေ။

ဦးခွေးနှင့် ခင်မောင်ဆွေတို့ ရောက်လာကြပေပြီ။

"ဟော့ကောင် ... မင်း ဘာကောင်လဲ"

"လူကောင်ပေါ့ဗျ"

"လူကောင်မှန်းတော့ သိတာပေါ့။ မင်း...ဒီခြံစည်းရိုးနားမှာ ဘာလုပ်တာလဲ"

"ခင်ဗျားကော ... ခြံစည်းရိုးနားမှာ ဘာလာလုပ်တာလဲ"

လူရွှယ် ပြန်လှန်ထုတ်လိုက်သော မေးခွန်းကြောင့် ဦးခွေးမှာ ပထမသော် ခပ်ကြောင်ကြောင် ဖြစ်သွားသေးသည်။

"ဟ ... ငါက အထဲကပဲ။ သတင်းစာ ထိုင်ဖတ်တာပေါ့။ မင်းကကော ဘာဆိုင်လို့ ဒီမှာ လာရတာလဲ"

ဤတွင် ခင်မောင်ဆွေက ဝင်ထောက်သည်။

"သူလည်း အပြင်က ထိုင်ပြီး သတင်းစာ ဖတ်တာဖြစ်မှာပေါ့"

"ဟာ ... မင်းက မဟုတ်တာဘဲ။ ဒီနားမှာမှ လာပြီး သတင်းစာ ဖတ်ရမှာလား။ သူ ဖတ်ချင်ရင် လက်ဖက်ရည်ဆိုင်တွေ ပြည့်လို့၊ သွားဖတ်ရင် ရသားပဲဥစ္စာ"

လူရွှယ်က ကြားကဝင်၍ ဦးခွေး၏စကားကို ဖြတ်လိုက် သည်။

"သတင်းစာ ဖတ်တာမဟုတ်ဘူးဗျ၊ ချောင်းတာ ... ချောင်းတာ"

ဦးခွေး၏ မျက်လုံးများမှာ လူရွှယ်၏စကားကြောင့် စကော လောက် ကြီးသွားသည်ဟု ထင်ရသည်။

"ဘာကွ...ဘာလုပ်တာ"

"ချောင်းတာလေ"

ဦးခွေးမှာ ဆက်လက်၍ အံ့အားသင့်နေဆဲတွင် ကိုစောလွင်က ဦးခွေးကိုကြည့်၍ မေးလိုက်၏။

"ဦးခွေးက အထဲမှာ ထဘီရင်လျားထားသလား"

"တယ် ... ကြံကြံဖန်ဖန်၊ ဟော့ ... မင်းက ငါ့ကို ချောင်းတာ ဘာကိစ္စတုံးကွ ပြောစမ်း"

"ဦးလေးကို ချောင်းတာမဟုတ်ဘူး"

"ဟာ ... ဒီထဲမှာ သတင်းစာဖတ်နေတာ ငါတစ်ယောက်တည်း ကွ"

ဦးဒွေး၏ မကျေနပ်မှုကို ခင်မောင်အေးက ဝင်၍ နှစ်သိမ့် လိုက်၏။

"ဦးလေးကိုချောင်းတာ မဟုတ်ပါဘူးလေ၊ မခင်မြင့်ကို ချောင်းတာဖြစ်မှာပေါ့"

"တယ် ... နှင့်ပါးစပ်ပုပ်ကြီးက"

ဦးဒွေးသည် ခင်မောင်အေး၏ ထိပ်ကို ဆတ်ခနဲ ခေါက်လိုက်ရာ "သေပါပြီ အမေရယ်၊ အဲလေ ... ဦးလေးရယ်" ဟု အော်၍ ခင်မောင်အေး မှာ ခက်ပုသွားလေ၏။

ဤတွင် ကိုစောလွင်က လူရွှယ်ကို စစ်မေးလိုက်၏။

"ခင်ဗျားက ဘယ်သူ့ကို ချောင်းတာလဲ မှန်မှန်ပြော၊ ဒီ အိမ်ကလူတွေကို ကျုပ် သိတယ်။ ကျုပ် ရွတ်ပြမယ် နားထောင်၊ ခင်ဗျား ချောင်းတဲ့လူရောက်ရင် ခေါင်းညိတ်ပြ"

လူရွှယ်က ခေါင်းညိတ်ပြလိုက်ရာ ကိုစောလွင်မှာ မျက်လုံး ပြူးသွားလေတော့၏။

"ဟော့ ... လူ ... မရွတ်ရသေးဖူးလေ၊ ဘာဖြစ်လို့ ခေါင်းက ဆတ် ခနဲ ဖြစ်သွားရတာလဲ"

"ခင်ဗျားပြောတာ ကျွန်တော် နားလည်တယ်လို့ ပြောတာပါ"

"ဒါထက် ခင်ဗျားနာမည်က ဘယ်သူ"

"လှမင်း"

ကိုစောလွင်က လူရွယ်၏နာမည်ကို သေချာအောင် ပြန်ရွတ်လိုက်၏။

"ကိုလှမင်း"

လူရွယ်က ခေါင်းညိတ်ပြလိုက်ရာ ခင်မောင်ဆွေက လွှတ်ခနဲထွက်သွား၏။

"ဟော ... လက်စသတ်တော့ သူ့ကိုယ်သူ ပြန်ချောင်းတာပဲ။ ခေါင်းညိတ်ပြတယ်"

လှမင်းသည် ခင်မောင်ဆွေကို မျက်စောင်းထိုးလိုက်ရင်း ... "သူပြောတာ ကျွန်တော့်နာမည် မှန်တယ်လို့ ပြောတာဗျ။ ကိုယ့်ကိုယ်ကိုယ် ချောင်းချင်မှတော့ မှန်ကြည့်နေမှာပေါ့ဗျ" ဟု မကျေမချမ်းပြောလိုက်လေ၏။

ကိုစောလွင်က စကားဆက်ပြောသည်။

"ကိုင်း ... ကျွန်တော် ရွတ်ပြတော့မယ် ဒေါ်စောရှင်..."

လှမင်းက ခေါင်းခါပြ၏။

"ဒေါ်အေးသာ ..."

ခေါင်းခါပြ၏။

"မူမူသွယ်"

ခေါင်းခါပြလေ၏။

"မငွမ်း ..."

ခေါင်းကို ခါပြလေ၏။

"ဒီက ဦးလေးကြီး ဦးဒွေး"

ခေါင်းခါပြ၏။ သူက ခေါင်းခါ၍ ခါ၍ ပြန်များသဖြင့် သူ့ကိုကြည့်နေသော ဦးဒွေးပင် ယောင်၍ ခေါင်းကို လိုက်ခါမိလေတော့သည်။

ခေါင်းခါပြ၏။ ဦးဒွေးလည်း ထိုနည်းလည်းကောင်း။

"ကိုကျော်ဦး ..."

လှမင်းနှင့် ဦးဒွေးတို့ ရှေ့ဆင့်နောက်ဆင့် ခေါင်းခါကြ၏။

"မခင်မြင့်..."

လှမင်းနှင့် ဦးဒွေးတို့ စောစောကအတိုင်း။

"ဟိုက်ရော ..."

လှမင်းက ခေါင်းခါပြ၏။

"ဟာ ... အဲဒါ နာမည်မဟုတ်ဘူး။ စိတ်ပျက်လို့ ညည်းတာ"

ထိုအခါ ခင်မောင်ဆွေက လှမင်း၏ဖက်ကို ကိုင်ကြည့်လိုက်ပြီး...

"ရောဂါတော့ မဟုတ်ပါဘူးနော်"

လှမင်းသည် ပြုံး၍ ခေါင်းကို ခါလိုက်၏။ ဦးဒွေးကြီးမှာ [illegible]သောင်၍ ခေါင်းခါမည်ပြုပြီးမှ သူ့ဦးခေါင်းကို သူ လက်နှစ်ဖက်နှင့် [illegible]ငြိမ်၍ ဘရိတ်ဖမ်းထားလိုက်သည်။

ကိုစောလွင်က သက်ပြင်းချ၍...

"ကဲ ... ခင်ဗျား ဘယ်သူ့ကိုချောင်းသလဲ၊ ပြောတော်မူပါတော့..."

"ဒွေးကို"

"ဗျာ ..."

"ဒွေးကို ချောင်းတာ"

ဦးဒွေးနှင့် ခင်မောင်ဆွေတို့မှာ "ဟယ်" ခနဲ အော်မြည်မိကြ[illegible]သော့သည်။ ခင်မောင်ဆွေက လှမင်းကို ထပ်၍ သေသေချာချာ [illegible]လိုက်၏။

"ဒီဦးလေးကြီးက နှုတ်ခမ်းမွေးနဲ့မို့ ခင်ဗျား အထင်မှားတာ [illegible]

"ခွပ်"

ဤအသံမှာ လှမင်း၏ဖြေသံ မဟုတ်ပါ။ ဖိတ်ခေါ်လိုက်သော

ဦးခွေး၏လက်သံကို ခင်မောင်ဆွေ၏ယယ်ထိပ်က ပြန်ဖြေလိုက်သံသာ ဖြစ်၏။ ခင်မောင်ဆွေမှာ ခေါ်ပုသွားရပြန်လေတော့သည်။

ကိုစောလွင်မှာ လှမင်းကိုကြည့်၍ ဘဝင်ကျသွားလေတော့သည်။

"အစက ပြောပေါ့ဗျာ၊ လက်စသတ်တော့ ခင်ဗျားက အမဲတုံးပစ်တဲ့ သူကိုး"

ကိုစောလွင်၏စကားကြောင့် လှမင်းမှာ ရှုးရှုးရှဲ့ဖြစ်သွားသည်။

"ဟာ ... ဒါဟာ လူတွေနေတဲ့အိမ်ကွ၊ ဘာလဲ မင်းက ခွေးဂေဟာများ မှတ်နေသလား"

"ဒီမှာ ခွေးတစ်ကောင်မှ မရှိဘူးလား"

"ဘယ်ကရှိရမှာလဲ၊ လူတွေနေတာ၊ လူစစ်စစ်တွေ နေတာ ဘာလဲ၊ မင်းက လူနဲ့ခွေးနဲ့ မကွဲဘူးလား"

"မဟုတ်ပါဘူးလေ၊ ဒါဖြင့် ခြံဝကစာက ဘာလဲ"

"ခြံဝကစာကတော့ အိမ်စာရိုးရိုးပဲ ဖြစ်မှာပေါ့။ ဒီဘက်မှာ စာဘုန်းကြီးတို့၊ စာဝတီးတို့လာတာ တယ်မတွေ့တတ်ပါဘူး"

လှမင်းသည် ဘာမျှ ပြန်မပြောတော့ဘဲ သူ့အထုပ်အပိုးများ ဆွဲကာ ရှေ့က ထွက်သွား၏။

"အောင်မယ် ... ဘာရမလဲ၊ ဒါက ဘယ်လဲ"

ဦးဂွေးက လိုက်ဆွဲ၏။

"ခြံဝကို သွားမယ်လေ"

"နေဦး၊ မင်း ဖိုးဂျမ်း မဟုတ်ဘူးလား"

"ကြံကြံဖန်ဖန်ဗျာ... ဘာဖြစ်လို့လဲ၊ ဖိုးဂျမ်းက ဒီလိုပဲ ခွေးတွေ လိုက်လို့ရှာတတ်လို့လား"

"လျှာမရှည်နဲ့၊ မင်း ဖိုးဂျမ်းနဲ့ ဘာတော်သလဲ"

"ဘယ်က ဖိုးချမ်းကို ပြောတာလဲ။ သူက ဘယ်ဇာတ်လဲ"

"မင်း စားပြတိုက်ဖူးလား"

"ဟာ... ကြိကြိဖန်ဖန်၊ မတိုက်ဖူးဘူး။ ဒါ စားပြတွေနေတဲ့ အိမ်လား"

"အို...ဘယ်က ဟုတ်ရမလဲ၊ ကဲ ... သွား ... ဘယ်စာကို ပြောတာလဲ။ မင်းလည်း ခြံနံပါတ်နဲ့ စာနဲ့ ကွဲကွဲပြားပြား နားမလည် သေးဘူးထင်တယ်"

လှမင်းသည် ဆက်လက်လျှောက်သွား၍ ခြံဝသို့ရောက်သော အခါ ခြံတိုင်ကိုမှီ၍ လဲကျနေသော စာတန်းကိုပြ၏။

ဦးဒွေးနှင့် ခင်မောင်ဆွေတို့ ကြောင်သွားကြ၏။

ကိုစောလွင်ကသာ ရှေ့သို့ထွက်၍ "ကျွန်တော်ပစ်လိုက်တဲ့ စာတန်းဘုတ်ပါဗျာ။ ဒီခြံကဟာ မဟုတ်ပါဘူး"ဟု ပြောပြောဆိုဆိုနှင့် စာတန်းလေးကို လှမ်းကောက်လိုက်လေ၏။

ထို့နောက် "တော်တော် ဒုက္ခပေးတဲ့ဥစ္စာ၊ သွားလေရော"ဟု ပြောကာ ပစ်လိုက်ရာ သစ်သားပြားကလေးမှာ လေထဲတွင် လည်ပတ်၍ ထွက်သွားလေ၏။ သို့သော် မကြည့်မရှုပစ်လိုက် သည့် ကိုစောလွင်ကိုသာ အပြစ်တင်ရပေတော့မည်။

မနီးမဝေးတွင် သူ့ကိုကျောပေး၍ လျှောက်သွားသော မုတ်ဆိတ် မွေးရှည်နှင့် ကုလားကြီးတစ်ဦး၏ ခေါင်းကို ပြေးမှန်လေရာ "အယ်ိယိုး" ဟူသော အသံကို ကြားလိုက်ရ၏။

"ဟယ် ... မှတ်ကရောပေ့"

ဦးဒွေးက လှတ်ခနဲပြောပြီး ခြံထဲဝင်ပြေး၏။ ခင်မောင်ဆွေ နှင့် လှမင်းတို့လည်း ပြေးသွားကြလေသည်။ ကိုစောလွင်လည်း သူ့ခြံထဲ သို့ ဝင်ပြေးလေတော့သည်။

"နီယာမာဒီ" အစရှိသဖြင့် ရေရွတ်နေသော ကုလားကြီးသည် သစ်သားပြားကလေးကိုကိုင်၍ တရားခံကိုရှာ၍မတွေ့သဖြင့် သစ်သား ပြားကလေးကိုယူ၍ ထွက်သွားလေတော့သည်။

အိမ်တွင်းသို့ အူယားဖားယား ဝင်ရောက်လာကြသော ဦးခွေး၊ ခင်မောင်ဆွေနှင့် လှမင်းတို့ သုံးဦးသားမှာ ဧည့်ခန်းဆီရောက်ခါမှ ကိုယ်ရှိန်သတ်မိကြလေတော့သည်။

အသီးသီး ကုလားထိုင်တစ်လုံးစီ ဝင်ထိုင်လိုက်ကြပြီးသော အခါတွင် ဦးခွေးက လှမင်းကိုကြည့်၍ စကားစပြောလိုက်၏။

"မင်းက ဒီမှာ ဘယ်သူ့ကို တွေ့ချင်လို့လဲ"

လှမင်းသည် အိတ်ထဲမှ စာရွက်ခေါက်ကလေးတစ်ခုကို ထုတ်၍ ပြန်ဖြေလိုက်သည်။

"ဦးမြတ်သာကို ခေါ်ပေးပါ"

ဤတွင် ခင်မောင်ဆွေသည် ပျာပျာသလဲ ဖြစ်သွား၏။ ရုတ်တရက် မတ်တတ်ရပ်လိုက်ကာ အပြင်သို့ သွားမည့်ဟန်မျိုး ပြုလုပ် လိုက်သဖြင့် ဦးခွေးက နားမလည်သလို မေးလိုက်သည်။

"ဟေ့ ... ခင်မောင်ဆွေ၊ ဒါက ဘယ်တုံး"

"သချိုင်းကိုလေ"

"ဘယ်သူ့ အသုဘကို လိုက်ပို့မလို့တုံး"

"အသုဘပို့မလို့ မဟုတ်ဘူးလေ၊ သူက ဦးမြတ်သာကို ခေါ်ပေးရမယ်လို့ဆိုတာကို။ ဦးမြတ်သာက မူမူတို့ရဲ့အဖေလေ"

ခင်မောင်ဆွေ၏ စကားကိုကြားရသောအခါ လှမင်းမှာ အံ့သြ သွားလေ၏။

"ဟင် ... ဦးမြတ်သာ ဆုံးသွားပြီလား"

ဦးခွေးက လှမင်းကို ရှင်းပြလိုက်ရလေတော့သည်။

"ဟုတ်တယ်၊ ဒီအိမ်က အဲ ... အခုပြောတဲ့ ဦး ဘယ်သူ"

"ဦးမြတ်သာ"

"အဲ ... ဦးမြတ်သာကို ဓားပြတွေရိုက်လို့ သေပြီလေ။ ဒါပေမဲ့ ရိုက်သတ်တဲ့ ဓားပြဖိုးဂျမ်းဆိုတာက မမိသေးဘဲ လွတ်နေတယ်။ အခု သူ့ရန်ကိုကြောက်လို့ တို့က လာစောင့်ရှောက်ပေးနေရတာ"

"ဩော် ... ဟုတ်တာပေါ့၊ ဒီလူက တစ်နေ့နေ့လာပြန်ပြီး ဒုက္ခ ပေးနိုင်တာကိုး"

"ဟုတ်တာပေါ့၊ ပစ္စည်းတွေကလည်း ရမသွားဘူး။ သူ့လူ တွေလည်း မိကုန်လို့။ ဒီအဘွားကြီး အော်လို့ဆိုပြီး အဘွားကြီးကို ဘလဲ့ဓားချေမှာ ကြောက်နေတာ"

ဦးခွေးက အကျိုးအကြောင်းက ရှင်းပြနေစဉ် ကုလားထိုင်တွင် ထိုင်မိပြီးဖြစ်သော ခင်မောင်ဆွေက ...

"ကဲ ... ကိုလှမင်း၊ ဦးမြတ်သာကိုတော့ မတွေ့နိုင်တော့ဘူး။ ဒီတော့ ကျန်တဲ့အိမ်သားထဲက ဘယ်သူ့ကို တွေ့ချင်သလဲ"

ဟု မေးလိုက်စဉ် ဦးခွေးက ခင်မောင်ဆွေကို ကြားဖြတ် ၍ပြော၏။

"ဟိုဘက်အိမ်က သူငယ်ကို ခေါ်ပေးရဦးမလား"

"ဘာလုပ်ဖို့လဲ"

"နာမည်တွေ ရွတ်ပြဖို့လေ"

ဦးခွေး၏စကားကို ကြားရသောအခါ လှမင်းသည် တစ်ချက် ပြုံးရယ်လိုက်ပြီးသော် ...

"နေပါစေတော့လေ၊ ဦးမြတ်သာရဲ့ ဇနီးကိုသာ တွေ့ပါရစေ"

"ကောင်းပြီ၊ ခေါ်ခေါ်ကို ခေါ်ပေးမယ်"

ပြောပြောဆိုဆိုနှင့် ခင်မောင်ဆွေသည် နေရာမှထကာ အပေါ်

ထပ်သို့တက်ရန် လှေကားမှ တက်သွားလေ၏။ သို့သော် လှေကား ပေါ်နားတွင်ပင် အပေါ်မှဆင်းလာသော မှူမှူသွယ်နှင့် တွေ့လေသည်။

"မှူမှူ ... ဒေါ်ဒေါ်ကော ..."

"မေမေ ... နောက်ဖေးမှာလေ။ အပေါ်မှာ ဘယ်သူမှ မရှိဘူး။ မှူမှူ ခဏမေးခနဲ အိပ်ပျော်သွားတာ။ ဘာဖြစ်လို့လဲ"

"ဧည့်သည်ရောက်နေလို့ ဒေါ်ဒေါ်ကို တွေ့ချင်တယ်တဲ့"

ခင်မောင်ဆွေသည် လှေကားမှ ပြန်ကွေ့ဆင်းသွားပြီး နောက်ဖေး ဘက်သို့ ခြေဦးလှည့်လိုက်သည်။

မှူမှူသွယ်ကမူ ဧည့်သည်နှင့်တွေ့ရန် ဧည့်ခန်းသို့ ရောက်လာ၏။ ဦးမြတ်သာ၏ဇနီး အဘွားကြီးနှင့် ဆုံတွေ့ရမည်ဟု မျှော်မှန်းထားသော လူမင်းမှာ အသက်နှစ်ဆယ်ခန့် အသားဖြူဖြူ ခပ်ဝဝ တစ်တစ်ကလေး ကို တွေ့လိုက်ရသောအခါ "ဟင် ... အဘိုးကြီးက မိန်းမငယ်ငယ်ကလေး ယူထားတာကိုး" ဟု ထင်ကာ မျက်တောင်မခတ် ငေးကြည့်မိလေ၏။

သူက ငေးကြည့်မိသဖြင့် မှူမှူသွယ်မှ ရှက်သွေးဖြာသွားကာ ခေါင်းကို ငုံ့လိုက်မိပြီး ကုလားထိုင်တွင် အသာလျှိုဝင် ထိုင်လိုက်၏။ ခေါင်းကို ဆက်လက် ငုံ့ထားလျက်ကပင် "ဘာကိစ္စရှိလို့ပါလဲရှင်" ဟု မေးလိုက်သည်။

လူမင်းအတွက်မှာ သူ ဒီကိုလာသည်မှာ အံ့အားသင့်ဖို့ လာခြင်းမဟုတ်သဖြင့် အံ့အားသင့်နေရုံနှင့် ကိစ္စမပြီး။ စကားပြော တော့မည်ဟု အံ့အားသင့်နေသော မျက်နှာအနေအထားကို တုံးတုံး ကျသော မျက်နှာအနေအထားသို့ ပြောင်းလဲပစ်လိုက်ရပြီး လက်ထဲမှ စာရွက်ခေါက်ကလေးကို လှမ်းပေးသည်။

"ဟုတ်ကဲ့ ... ပြောပါ့မယ် ဒေါ်ဒေါ်၊ ကျွန်တော့် အဖေက ဒေါ်ဒေါ်တို့ကို စာပေးလိုက်လို့ပါ"

သူက "ဒေါ်ဒေါ်" ဟု ခေါ်လိုက်သဖြင့် မူမူသွယ်မှာ ဝိုင်းဝန်းသော မျက်လုံးများဖြင့်သာ မော့ကြည့်ဖြစ်သည်။ ဦးခွေးမှာကား ရှော်ဘရက် ဖင်ကိုအပ်နှင့် ထိုးခံလိုက်ရသကဲ့သို့ ဆတ်ခနဲ တစ်ချက် တွန့်သွားကာ...

"ဟေ့ကောင် ... ဘယ့်နှယ် ... ဒါလောက်ဟာ ကလေးကို ဒေါ်ဒေါ်လို့ ခေါ်နေရတာလဲ။ မင်းကိုယ်မင်း နဖူးကြီးများ ထင်နေသလား"

"အသက်ကြောင့် မဟုတ်ပါဘူးလေ၊ ဂုဏ်ကို လေးစားပြီး ဒေါ်ဒေါ်လို့ ခေါ်တာပါ"

"ဟင် ... တက္ကသိုလ်ကျောင်းသူဆိုရင် ဒေါ်ဒေါ်လို့ ခေါ်ရသလား။ "ဟာ ... ကြက်ဖန်ဖန် ကျွန်တော်က ဒေါ်ဒေါ်လို့ ခေါ်တာက အခုဟာက ဦးမြတ်သာရဲ့ ဟဗ္ဗာ ... ဟိုလေ ... ဟဗ္ဗာ ..."

"ဟကောင်ရ ... စကားကို ရဲရဲပြောစမ်းပါ။ ဦးမြတ်သာရဲ့ သမီး ... သမီး ... ဘာဖြစ်သလဲ။ သမီးဆိုတာ ဆဲတာလားကွ။ မင့်ပါးစပ်က နေရာရွေးလှချည်လားကွာ"

လှမင်းသည် အံ့အားကြီး ပစ်သင့်လိုက်ရပြန်တော့သည်။ ပြီးတော့ မူမူသွယ်ကို အားတုံ့အားနာ မျက်နှာထားနှင့် ကြည့်လိုက်၏။

"ဩော် ... သမီးကို"

"ဟ ... ဒီအရွယ်ဟာ သမီးပဲ ဖြစ်ရမှာပေါ့။ ဘာလဲ မင်းက ဦးမြတ်သာရဲ့ ဘွားအေလို့ မှတ်လို့လား"

ဤတွင် မူမူသွယ်က ကျက်သရေအပြည့်နှင့် ပြုံးရယ်လိုက်သည်။

"အို ... ဦးလေးကလည်း ညှိသည်ကို အားနာစရာ"

မူမူသွယ်က အားနာသလိုဝင်ဟန့်သဖြင့် လှမင်းက လိုက်

လိုက်လျှောလျှောပင်...

"ကိစ္စမရှိပါဘူးလေ၊ ကျွန်တော့်ကို အားနာစရာ မလိုပါဘူး ဒေါ်ဒေါ် ..."

ဟု ပြောလိုက်ရာ ဦးဒွေးမှာ ခုတိယမ္ဘိ ရွှရွ ... ရွှရွဖြစ်သွား လေ၏။

"လာပြန်ပြီလားကွ၊ ဒေါ်ဒေါ် ... ဒေါ်ဒေါ် ... မင်းစကားလုံးကို တော်တော် လျှာတွေ့နေတယ် ထင်တယ်"

"မဟုတ်ဘူးလေ၊ နာမည်က ဒေါ်ဒေါ် မဟုတ်ဘူးလား"

"ဟယ် ... ယဉ်သကွာ၊ မင့်စိတ်ကူးက တယ်ယဉ်သကိုး"

"နို့ ... ကိုခင်မောင်ဆွေက ဒေါ်ဒေါ်ကို သွားခေါ်မယ်ဆို"

"ဩော် ... ဟား ... ဟား ... ခေါ်တုန်းကတော့ ဒေါ်ဒေါ်ဆိုတဲ့ ဒေါ်စန်းရှင်ကို သွားခေါ်တာပဲကွ။ ဒီက မူမူနဲ့ တွေ့လို့ဖြစ်မှာပေါ့။ သူက မူမူသွယ် ... တဲ့။ ကြိုကြိုဖန်ဖန် ဘယ်က ဒေါ်ဒေါ်ရမှာလဲ"

ဦးဒွေးက ပြောပြောဆိုဆို ရယ်လိုက်ရာ မူမူသွယ်ရော လှမင်းပါ ရောစ၍ ရယ်လိုက်မိတော့သည်။

ဦးဒွေးသည် နောက်ဖေးဘက်ဆီသို့ လက်ကြီးညွှန်ရင်း ...

"လာခဲ့စမ်း ... ဒီသေနာတော့ ...၊ အခု လာခဲ့စမ်း ... သိမယ်"

ဟု ပြောလိုက်စဉ်မှာပင် ဒေါ်စန်းရှင် ရောက်လာသဖြင့် ဦးဒွေး သည် လက်ကြီးတစ်ဖက်ကို ကမန်းကတန်း ပြန်ရုပ်ကာ လက်အုပ်ချီ လိုက်၏။

ဘာကိုမှမသိ၊ ဘာကိုမှ မကြားမိသော ဒေါ်စန်းရှင်မှာ လက်အုပ် ချီထားသော ဦးဒွေးကို တွေ့သောအခါ အံ့အားသင့်သွားလေ၏။

"အို ... ကိုဒွေးက ဘာလုပ်တာလဲ"

"ဩော် ... ကျပ်ပူတိုက်မလို့ပါ"

ပြောပြောဆိုဆိုနှင့် ဦးဒွေးသည် လက်ဝါးကြီးနှစ်ဖက်ကို ပွတ်၍ ဘာမျှမဖြစ်သော သူ၏ချိုစောင်းကို ဖိဖိပေးလိုက်ရာ မူမူသွယ်နှင့် လှမင်းတို့လည်း ပြုံးမိကြတော့သည်။

ဒေါ်စန်းရှင်သည် ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။

"မောင်ခင်မောင်ဆွေက ဧည့်သည် လာတယ်ဆိုလို့ ..."

"ဟုတ်တယ် မေမေ၊ ဒီမှာ ... စာ ..."

"အို ... စာကြည့်မျက်မှန် ကျန်ခဲ့ပါပြီလေ။ သမီးပဲ ဖတ်ပြစမ်းပါ"

သူ့မိခင်၏ စေခိုင်းချက်ကြောင့် မူမူသွယ်သည် စာရွက်ခေါက်ကလေးကို ဖြန့်ကာ သာယာသော အသံကလေးနှင့် ဖတ်လိုက်သည်။ လှမင်းကား မူမူသွယ်ကို ငေးကြည့်နေမိတော့သည်။

"ဗိုးမြတ်သာ ဒါဟာ ငါ့သား လှမင်းလေ၊
သူ့အလုပ်က ရန်ကုန်မှာ သင်တန်းလာတက်ရမယ်
ဆိုလို့ မင်းတို့အိမ်မှာ နှစ်လလောက် တည်းချင်လို့၊
ငါတို့အားလုံး ကျန်းမာကြပါတယ်။ မင်းတို့လည်း
မလာကြတော့ဘူးလား၊ ကျောက်တိုင် ..."

မူမူသွယ်သည် စာရွက်ကလေးကို ပြန်ခေါက်ပြီး စားပွဲပေါ်တွင် တင်ထားလိုက်လေ၏။ ဦးဒွေးသည် လှမင်းကို မျက်လုံးပြူးကြည့်ရင်း...

"ဘယ်လိုလဲကွ၊ စာကလည်း လွတ်လပ်ရေးအကြောင်း ဆောင်းပါးရေးနေတာလည်း မဟုတ်ဘဲ ဘယ်က ကျောက်တိုင်ကြီးက ပါလာရတာလဲ"

"ဟာ ... ကျောက်တိုင်ဆိုတာ ကျွန်တော့် အဖေဗျ"

"ဩော် ... မင်းအဖေက ကျောက်တိုင်ကိုး"

"အို ... ကျွန်တော့်အဖေ နာမည်က ဦးကျောက်တိုင်ဗျ"

"အေးလေ … ငါကလည်း ဒီလိုပဲ ပြောတာပဲလေ။ တကယ့် ကျောက်တိုင်ကြီးက မင်းအဖေ ဖြစ်ရမယ်ဆိုရင် မင်းက ရေညှိဖြစ်နေမှာ ပေါ့ကွ"

ဒေါ်စန်းရှင်သည် လှမင်းကို တစ်ချက်ကြည့်လိုက်၏။

"ဪ … မင်းက ကိုကျောက်တိုင်ရဲ့သားကိုး၊ မင်းဖေဖေနဲ့ အိမ်ကလူနဲ့ဟာ သူငယ်ချင်းတွေပဲ။ ငါတို့လည်း အဖော်လိုနေတာနဲ့ အတော်ပါပဲကွယ်။ ကိုမြတ်သာ တစ်ယောက်တော့ ဆုံးသွားရှာပြီလေ"

"ဟုတ်ကဲ့ … ကျွန်တော် အခုပဲ သိရပါပြီ"

"မင်းက အခု အိမ်ထောင်နဲ့လား"

"မဟုတ်ပါဘူးဗျာ၊ မိဘ စီးပွားရေးကျပ်တာနဲ့ ကောလိပ်ဆက် မနေတော့ဘဲ အလုပ်ဝင်လုပ်ရတာပါ။ ကျွန်တော် လူပျိုပါပဲ"

ခင်မောင်ဆွေကို သတိပြုလိုက်ကြပါစို့။

ခင်မောင်ဆွေသည် ဒေါ်စန်းရှင်ကို မီးဖိုထဲသို့ သွားရောက် ခေါ်ငင်ခဲ့ရာမှ ဒေါ်စန်းရှင်နှင့်အတူ မီးဖိုဆောင်ဘက်မှ ပြန်လာခဲ့လေ သည်။ ဒေါ်စန်းရှင်သည် ရှေ့က၊ သူက နောက်ကဖြစ်၏။

သို့သော် မဠမ်းပုံတို့၏ အိပ်ခန်းအဝသို့ ရောက်သောအခါ အထဲမှ အသံကြားလိုက်၏။

"အို … ဘောင်းဘီဆိုတာ ဒီလို တိုက်ရတယ်ကွဲ့"

အသံမှာ ကျော်ဦး၏အသံ ဖြစ်သည်။ ထို့ကြောင့် ဆတ်ခနဲ အခန်းဆီး ဖယ်ကြည့်မိလိုက်ရာ မခင်မြင့်သည် မိမိ၏ဘောင်းဘီကို မီးပူတိုက်နေသည်။ ကျော်ဦးက မခင်မြင့်၏ကျောဘက်မှ ငုတ်တုတ်ထိုင် ကာ မီးပူတိုက်နည်းကို လက်ထပ်သင်ပေးနေ၏။

သင်ပေးပုံကား မခင်မြင့်၏ကိုယ်ကို သူ့ရင်ခွင်နှင့်အုပ်ကာ လက်တစ်ဖက်က မီးပူနှင့် ကျန်လက်တစ်ဖက်က ဘောင်းဘီကို ကိုင်၍

ဘိုက်ပြနေ၏။ သူ့ရင်ခွင်အောက်က မခင်မြင့်မှာ မကျေနပ်သလို ခါးကို ကုန်း၍ မသိမသာ ရုန်းထွက်နေသည်။ ကျော်ဦးက သူ့ရင်ခွင်ကြီးနှင့် မခင်မြင့်၏ကျောကို ဖိထား၍ မခင်မြင့်မှာ မလှုပ်သာ မလွန့်သာ ဖြစ်နေ၏။

ခင်မောင်ဆွေသည် ရုတ်တရက် အခန်းထဲသို့ ဝင်လိုက်ရာ ကျော်ဦးသည် ကပျာကယာ မတ်တတ်ရပ်လိုက်၏။ စောစောက ကိုင်းကိုင်းရှိုင်းရှိုင်းလေးဖြစ်နေသော မခင်မြင့်မှာ ယခုမှ ခါးမတ်မတ် ဆိုင်နိုင်၏။

ကျော်ဦးသည် "မခင်မြင့်က ဘောင်းဘီ မီးပူမတိုက်တတ်ဘူး ဆိုလို့သင်ပေးတာပါ" ဟု စပ်ဖြဲဖြဲနှင့် ပြောလိုက်သော်လည်း ခင်မောင်ဆွေ က ခပ်တည်တည် လုပ်နေသဖြင့် ကျော်ဦးမှာ ဣန္ဒြေပြန်ဆည်လိုက်ပြီး ခပ်သုတ်သုတ် ထွက်သွားလေ၏။

မခင်မြင့်သည် ခေါင်းကိုငုံ့၍ မီးပူတိုက်နေလေသည်။ မီးပူ တိုက်တတ်ဘဲ အရမ်းတိုက်နေသကဲ့သို့ သူ့လက်တွေမှာ လျင်မြန်စွာ ရှေ့တိုးနောက်ငင်ကာ လှုပ်ရှားနေလေသည်။

"မခင်မြင့်"

"ရှင်"

ထူးရုံသာ ထူးသည်။ မော့မကြည့်။

"ဒီမှာ ... မခင်မြင့်"

ခင်မောင်ဆွေက ခပ်မာမာ ခေါ်လိုက်သဖြင့် မခင်မြင့်သည် မျက်လုံးဝိုင်းကလေးများဖြင့် ခင်မောင်ဆွေကို မော်ကြည့်လိုက်သည်။

"ဒီကောင့်ကို ဘာဖြစ်လို့ အရောဝင်ရတာလဲ"

"မဝင်ပါဘူး ကိုခင်မောင်ဆွေရဲ့၊ ဘောင်းဘီကို မီးပူမတိုက် တတ်လို့ ကိုခင်မောင်ဆွေကို ခေါ်ပေးပါဆိုတာ သူက အတင်းဝင်ပြီး သင်ပေးတာပဲ"

"ခဏစောင့် ... ကိုယ် တိုက်ပြမယ်"

မခင်မြင့်က ဘေးသို့ အနည်းငယ် ရွှေ့ပေး၏။ ခင်မောင်ဆွေသည် မခင်မြင့်၏ဘေးတွင် ဝင်ထိုင်ကာ မီးပူတိုက်ရင်း စကားပြောသည်။

"နောက်ကို သူနဲ့ နှစ်ယောက်တည်း မတွေ့ချင်ဘူး၊ သိလား"

"ဟုတ်ကဲ့ ... ကျွန်မလည်း ရှောင်နေတာပါပဲ"

"ဒီကောင်က ကြည့်ရတာ ဇရုတ်နဲ့တူတယ်"

"တူလို့သာပါ ...၊ ဇရုတ်အစစ်တော့ မဟုတ်ဘူးထင်တယ်"

"အို ... ဇရုတ်ကျတဲ့ကောင်လို့ ပြောတာကွ၊ ကင်းကင်းနေပါ"

"ဟုတ်ကဲ့ ... ကျွန်မ သိပြီ၊ ဆက်တိုက်မယ်"

မခင်မြင့်သည် ခပ်သွက်သွက်ပင် ခင်မောင်ဆွေ၏လက်တွင်းမှ မီးပူကို အတင်းဆွဲယူလိုက်၏။ ခင်မောင်ဆွေက ပထမသော် လွှတ်မပေးဘဲ နောက်မှ လူမြင်မတော်ဖြစ်မည်ကို သတိရကာ မီးပူကို ထားခဲ့၍ အခန်းအပြင်သို့ ထွက်ခဲ့လေသည်။

■

*နှုတ်မှ အသံထွက်အောင်ပင် ညည်းညူမိရာက ဆိုင်းဘုတ်ကြီးကို မကြည့်နိုင်အောင် ဖြစ်လာလေသည်။ ဆိုင်းဘုတ်ကြီးသည် သူ၏ အသည်းနှလုံးကို ယူကျုံးလှုပ်ခါနေသည်ကို ထင်မြင်မိတော့သည်။*

# ၁၀

## သူစိမ်းနှစ်ဦး ခဏရောက်လာပြန်ခြင်း

သီးသန့် စာအုပ်ဆိုင်တစ်ဆိုင်မှ လှမင်း ထွက်လာပြီးလျှင် ဘတ်စ်ကားဂိတ်သို့ လျှောက်လာခဲ့လေသည်။

လမ်းလျှောက်ရာမှ တစ်နေရာသို့ ရောက်သောအခါ လမ်းဘေး တိုက်ခန်းတစ်ခုအတွင်းမှ ကျော်ဦး ထွက်လာသည်ကို တွေ့ရသည်။ ကျော်ဦးသည် သူ့ဘက်ကိုမကြည့်ဘဲ ကွေ့၍ ခပ်သုတ်သုတ်နှင့် ထွက်ခွာသွား၏။ လှမင်းသည် ကျော်ဦးထွက်လာရာအခန်းကို အမှတ်မထင် လှမ်း၍ ကြည့်လိုက်မိသည်။

*"မြန်မာ လက်နှိပ်စက်ရိုက်သည်"*

အမိကအားဖြင့် ထိုစာတန်းကို တွေ့ရပြီးလျှင် ဆိုင်းဘုတ် အသေးလေးများကို အဆင့်ဆင့်စီ၍ တွေ့မြင်ရသည်။

လက်ထပ်စာချုပ်များ၊ ရုပ်ရှင်ဓာတ်လမ်းများ၊ ဓာတ်ပြား ဓာတ်လမ်းများ စသည်ဖြင့် မြန်မာဘာသာနှင့် လက်နှိပ်စက်ရိုက်နှိပ်ရန် လိုအပ်သော ကိစ္စရပ်များကို တန်းစီ၍ တွေ့ရသည်။

ဘာသံမကြား ညာသံကြားနှင့်တော့ ကျော်ဦးသည် လက်ထပ်ဦးမည် မဟုတ်သေးပါ။

ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်လည်း မဟုတ်၊ ဒါရိုက်တာလည်း မဟုတ်၊ ဇာတ်လိုက်လည်း မဟုတ်၊ ရုပ်ရှင်ဇာတ်လမ်းစဉ်တော့ လာရိုက်မည် မဟုတ်နိုင်။

ကေနတော့ ... ကျော်ဦးသည် နိုင်ငံခြား မှတ်ပုံတင်ကိုင်ဆောင်ထားသူ ဖြစ်ကောင်းဖြစ်မည်။ ဤအတိုင်းဆိုလျှင် ကျော်ဦးကား အိန္ဒိယ အမျိုးသားကတ်ပြားများ ဖြစ်လေမည်လော။

"အို ... ငါ့အလုပ် မဟုတ်ပါဘူးလေ"

လှမင်းသည် စက်ညောင်းဖြေသလို ဦးခေါင်းကို ဟိုဘက် သည်ဘက် ဆတ်ခနဲ ခါလိုက်ပြီးလျှင် ဆက်၍ လျှောက်လာခဲ့လေတော့သည်။

ဦးဒွေးကား သစ္စာရှိစွာ တာဝန်ကျေပွန်လှသော မှဆိုးကြီးတည်း။

ဝင်းခြံဝနားဝယ် ပန်းချီကလေးတစ်ခု၏ဘေးတွင် အသာငုတ်တုတ်ထိုင်၍ ကျားကို ချောင်းဘိ၏သို့ လူဆိုးဖိုးဂျမ်း (သို့တည်းမဟုတ်) ဖိုးဂျမ်း၏ ဆွေမျိုးသားချင်း၊ (သို့တည်းမဟုတ်) ဖိုးဂျမ်း၏ အပေါင်းအပါ တစ်ဦးဦးကို ချောင်းမြောင်းစောင့်ဆိုင်းလျက် ရှိပေသည်။

အသက်လေးဆယ်ကျော် ယောကျ်ားကြီး တစ်ဦးနှင့် အသက်လေးဆယ်ခန့် မိန်းမကြီးတစ်ဦးတို့သည် ကော့ကော့ ကော့ကော့နှင့် လျှောက်လာကြသည်။

လူကြီးသည် ခေါင်းပေါင်းတကားကားနှင့် ဟန်ပါပါ ခြေလက်လွှဲ၍ လျှောက်လာ၏။ အနည်းငယ် မြန်လှသော လူကြီး၏ခြေလှမ်းကို မိန်းမကြီးက ခပ်သုတ်သုတ်ကလေး လိုက်၍ လှမ်းလာရာ လူကြီးသည် မိန်းမကြီးကို ခြေလှမ်းမြန်မြန်လျှောက်နည်း (သို့မဟုတ်) ခပ်နေးနေး ပြေးနည်းကို သင်ပေးနေသကဲ့သို့ ရှိလေသည်။

နှစ်ယောက်သားသည် ဒေါ်စိန်းရှင်၏ခြံဝသို့ ရောက်သောအခါ လာနေကျကဲ့သို့ပင် ချာခနဲ ကွေ့၍ ဝင်လိုက်ကြလေသည်။

"သယ် ..."

ဦးခွေးသည် လွှားခနဲ ခုန်ထွက်၍ ဒူးလေးကြီးနှင့်ချိန်လျက် သား သူတို့၏ရှေ့သို့ ရုတ်တရက် ရောက်ရှိလာ၍လာလေရာ ...

"အောင်မယ်လေး ... ဘုရားကြီးနဲ့တန်ခိုး ..."

ဟု အော်လိုက်သူ အဒေါ်ကြီးသည် လူကြီး၏ရင်ခွင်ဆီသို့ အရှိန်နှင့် ဝင်လိုက်၏။ အဒေါ်ကြီး၏အရှိန်ကြောင့် လူကြီးမှာ ကော့လန် သန်ကြီး ဖြစ်သွားသဖြင့် ခေါင်းပေါင်းကြီး ကျွတ်ကျမသွားစေရန် လက် တစ်ဖက်နှင့် ဖိလိုက်ရလေ၏။

လူကြီးသည် ခြေစုံရပ်၍ ဦးခွေးကို စိန်းစိန်းကြည့်၏။

ဦးခွေးသည်လည်း ဒူးလေးကြီးနှင့်ချိန်၍ ပြန်စိုက်ကြည့်သည်။

"ခင်ဗျားတို့ ဒီအိမ်ကို ဘာလာလုပ်ကြတာလဲ"

"ကိစ္စရှိလို့ လာတာပေါ့။ ခင်ဗျားက ဒရဝမ်လား"

"ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့ လာတဲ့ကိစ္စကို ပြောပါ"

"မပြောနိုင်ဘူး၊ ခင်ဗျားက ဘာမို့တုံး။ ဒေါ်စိန်းရှင်နဲ့တွေ့မှ ကိစ္စကို ပြောနိုင်မယ်"

"ဒါဖြင့် ရှာမယ်"

"ဘာရှာမှာလဲ"

"ခင်ဗျားတို့မှာ လက်နက်တွေ၊ ဘာတွေပါမလာဘူးဆိုမှ ဝင်ခွင့် ပေးမယ်"

"အောင်မာ ... အရှာမခံနိုင်ဘူး"

"ဒါဖြင့် မဝင်ရဘူး"

"ဝင်မယ်ဗျာ"

"ဝင်ရင် ပစ်လိုက်မှာပဲ"

ဦးဒွေးသည် လက်ထဲမှ ဒူးလေးကို မြှင့်ကိုင်လိုက်လေသည်။ လူကြီး၏မျက်နှာမှာ ရုတ်ခြည်း သေးသေးကလေး ဖြစ်သွားတော့သည်။

"အလယ်လယ် ... ပစ်တော့ မပစ်ပါနဲ့လေ။ ရှာချင်လည်း ရှာပေါ့"

"အဲ ... ဒီလိုမှပေါ့"

ဦးဒွေးသည် ဒူးလေးကြီးကို ပြန်နှိမ့်ချလိုက်ပြီးလျှင် လက်တစ်ဖက်ဖြင့် လူကြီးကို ဟိုဟိုသည်သည် လျှောက်၍စမ်းသပ်လေ တော့ရာ လူကြီးမှာ ထိုးထိုးထွန့်ထွန့်နှင့် ဖြစ်သွားရှာလေတော့သည်။

"အလာလာ ... ယားတယ်ဗျ"

"ယားယရား ... ရှာမှာပဲ"

"အူ ... အလာလာ ..."

လူကြီးသည် အမည်မဖော်နိုင်သော အနောက်တိုင်းအကကို ကပြနေဘိသကဲ့သို့ ရှိတော့သည်။

"ကဲ ... သံသယ ရှင်းပြီ"

လူကြီးမင်းနှင့် မိန်းမကြီးသည် ခြံထဲသို့ ဝင်မည်ပြု၏။

"အောင်မယ် ... ဘာရမလဲ၊ အဒေါ်ကြီး ကျန်သေးတယ်"

"ဗျာ"

လူကြီး၏မျက်ခုံးများမှာ သူ့မျက်နှာဆီမှ ခုန်ပျံထွက်၍ လကမ္ဘာဆီသို့ တက်တော့မည့်ယောင်ယောင် ဖြစ်သွားတော့သည်။

"ဘာလဲ၊ ခင်ဗျားက သူ့ကိုလည်း ဒီလိုပဲ လိုက်စမ်းမလို့လား"

"မဟုတ်ပါဘူးလေ၊ ပိုက်ဆံအိတ်ထဲ ရှာမှာ"

"တို့လည်း မှောင်ခိုကုန်သည်တွေ မဟုတ်ပါဘဲနဲ့ ဘယ်နှယ် အရှာခံနေတယ် မသိပါဘူး"

လူကြီးက ညည်းလိုက်စဉ် ဦးခွေးသည် အဓေါ်ကြီး၏ ပိုက်ဆံအိတ်ကြီးကို ဖွင့်သွန်ချလိုက်သည်။

"ဟား ... ဟား ... ဟား ... ဟား ..."

မြေကြီးပေါ်သို့ ပြန့်ကြဲကျလာသော ပစ္စည်းများကို တွေ့ရသောအခါ ဦးခွေးသည် ရယ်လိုက်မိလေ၏။ ပိုက်ဆံအိတ်ကြီးက ကြီးသလောက် ကျလာသောပစ္စည်းများကား လက်ကိုင်ပဝါတစ်ထည်၊ ငွေစက္ကူ တစ်ဆယ်တန်တစ်ရွက်နှင့် ကျပ်တန်နှစ်ရွက်၊ ပိုက်ဆံအကြွေ ဆယ်ပြားစေ့ သုံးစေ့နှင့် ငါးပြားစေ့တစ်စေ့ စာရွက်ခေါက်ကလေး နှစ်ခုသာ ဖြစ်သည်။

ဦးခွေးသည် စာရွက်ခေါက်ကလေးကို ကောက်ကိုင်လိုက်ရာ အဓေါ်ကြီးမှာ ပျာယာခတ်သွားသည်။

"အို ... ဘာဆိုင်လို့ သူများပစ္စည်းတွေ လျှောက်ကြည့်ရတာလဲ"

ပြောပြောဆိုဆိုနှင့် အဓေါ်ကြီးသည် ဦးခွေး၏လက်ထဲမှ ပိုက်ဆံအိတ်ခွံကြီးကို ဆတ်ခနဲ ဆွဲယူလိုက်ပြီးလျှင် ကမျာကသီပင် မြေပေါ်ပျံ့ကျဲနေသော ပစ္စည်းများကို နိုးနိုးစတ်စတ်နှင့် ကောက်ထည့်လိုက်လေတော့သည်။

ဦးခွေးက လူကြီးကို မော့ကြည့်လိုက်သည်။ လူကြီးက မြုံး၍ ပါးစပ်ကို လက်နှင့်ကာပြီးလျှင် ဦးခွေးကြားသာရုံ ပြောလိုက်သည်။

"အပေါင်လက်မှတ်တွေဗျ"

ဤတွင်မှ ဦးခွေးသည် ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်သည်။

မားမြွှောင်ကြီး ထွက်လာမည်လား၊ လက်ပစ်ဗုံးကြီး ထွက်လာမည်လား၊ လျှိုဂါါသေနတ်ကြီးများ ထွက်လာမည်လားဟု ထင်မိသော မိမိ၏အဖြစ်ကို ပြန်တွေးမိ၍ တဟားဟား ရယ်မောလိုက်မိကာ "ကဲ ... ကြည့်ကြပါတော့။ အထဲမှာ ဒေါ်စန်းရှင် ရှိပါတယ်" ဟု ပြောလိုက်လေ၏။

ညှို့သည်လင်မယားသည် ဝင်သွားကြလေတော့သည်။ အိမ်ထဲသို့ဝင်ရန် ခြေလှမ်းလိုက်သည်နှင့် တစ်ပြိုင်နက် လူကြီးသည် ရင်ဘတ်ကို ဆီး၍တွန်းခြင်းကို ခံလိုက်ရသဖြင့် ကော့လန်ကော့လန်ဖြစ်သွားကာ နောက်သို့ ခြေနှစ်လှမ်းခန့် ပြန်ထွက်လာရတော့၏။ သူ့နောက်က ကပ်ပါလာသော အဒေါ်ကြီးမှာလည်း နောက်ပြန်ဆုတ်ရသည်။

ရင်ဘတ်ကို ဆီးတွန်းလိုက်သော ခင်မောင်ဆွေသည် အခန်းဆီးကို တိုး၍ ဖိနပ်ချွတ်ကို လိုက်ထွက်လာလေ၏။

"ဦးတို့က ဘယ်သူတွေလဲ"

လူကြီးသည် ခင်မောင်ဆွေကို ငေးစိုက်၍ မေးလိုက်မိတော့သည်။

"ဒီဥစ္စာ ... ဒေါ်စန်းရှင်ရဲ့ အိမ်ပါနော်"

"ဟုတ်ပါတယ်"

"ထောင်တော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး"

"ဒါဖြင့်လည်း တို့ဝင်ပါရစေကွာ"

"မဖြစ်သေးဘူးလေ၊ ဘာကိစ္စနဲ့လာတယ်၊ ဘယ်သူ့ကို တွေ့ချင်တယ်ဆိုတာတွေ ပြောပြပါ"

"နေပါဦး၊ ဒေါ်စန်းရှင်က ဘာရာထူးကို လက်ခံလိုက်လို့လဲ"

ခင်မောင်ဆွေသည် လူကြီး၏စကားကို ကြားသောအခါ တစ်ချက် ပြုံးလိုက်မိ၏။ ထိုနောက်မှ မျက်နှာကို တည်ခြေဆည်လိုက်လေသည်။

"ဒေါ်စန်းရှင်က ဘာရာထူးမှတော့ လက်မခံပါဘူးလေ။ ဒါပေမဲ့ လောလောဆယ်မှာတော့ သူ့အသက်ဘေးကို စိုးရိမ်နေရတယ်"

ခင်မောင်ဆွေ၏စကားကိုကြားသော် အဒေါ်ကြီးမှာ စိတ်ပူသွားပုံရ၏။

"ဟင် ... ဒေါ်စန်းရှင် အသည်းအသန်ဖြစ်နေသလား"

"အို ... ဘာရောဂါမှတော့ မဖြစ်ပါဘူးလေ"

"ဒါဖြင့်ရင် ဘာဖြစ်လို့ အသက်အန္တရာယ် စိုးရိမ်ရတာလဲ"

ဤတွင် ခင်မောင်ဆွေက ဘာမှပြန်မဖြေမီ လူကြီးက ကြားဖြတ်ဖြေလိုက်၏။ မှန်းဆ၍ ဖြေလိုက်ခြင်းဖြစ်သည်။

"အို ... မစိုက်ကလည်းကွာ၊ ဒေါ်စန်းရှင်ဟာ အလံတိုင်ကိုတက်ပြီး ဆေးသုတ်နေတာ ဖြစ်ချင်ဖြစ်မှာပေါ့"

"အိုရှင် ... ရှင်ကလဲ"

ခင်မောင်ဆွေသည် ရယ်ချင်လှသဖြင့် စပ်ဖြဲဖြဲကြီးဖြစ်သွားရာမှ မျက်နှာကို ချက်ချင်း ဣန္ဒြေဆည်လိုက်ပြန်၏။

"ကျွန်တော့်တာဝန်က ဦးတို့ကို စစ်ဆေးရမယ်"

"ဟ ... ငါတို့မှာတော့ ဒီကိုလာပြီး အစစ်ဆေးခံဖို့ တာဝန်မရှိဘူး မောင်ရင်၊ ဒီတော့ တစ်ဆိတ်သည်းခံပါ"

"ဒါဖြင့်ရင် ဦးတို့ကို လက်မခံနိုင်ဘူး"

ဤတွင် အဒေါ်ကြီးက ဝင်၍ တောင်းပန်ရလေသည်။

"မောင်ရင်ရယ် ခြံထဲက လူကြီးကလည်း စစ်ဆေးပြီးမှ လွှတ်လိုက်တာပါ။ ဒီတော့ ဒေါ်စန်းရှင်နဲ့သာ တွေ့ပါရစေတော့"

"ဪ ... နံပါတ်တစ်ကင်းက စစ်ပြီးပြီလား"

"အေးကွ ... ဘာကင်းလဲတော့ မသိဘူး။ နှုတ်ခမ်းမွှေးနဲ့ ကင်းကြီးက စစ်ပြီး တို့ကိုလွှတ်လိုက်တာပဲ။ မင်းကကော ဘာကင်းလဲ ကင်းမြီးကောက်လား"

"မဟုတ်ပါဘူး၊ ကျွန်တော်က နံပါတ်နှစ်ကင်းပါ။ ကဲ ... ...နိုင်ပါပြီ"

ပြောပြောဆိုဆိုနှင့် ခင်မောင်ဆွေသည် လမ်းဖယ်ပေးလိုက် ကာ

ခြံထဲသို့ ဆင်းသွားရန် ပြင်လိုက်သည်။ သို့သော် လူကြီး၏စကားသံကြောင့် ခြေတုံ့ ရပ်လိုက်ရသေး၏။

"ဟေး ... မောင်ရင်၊ နောက်ထပ် ဘယ်နှစ်ကင်း ကျန်သေးသလဲကွ"

ခင်မောင်ဆွေသည် ပြုံးရယ်၍ ပြန်ဖြေလိုက်၏။

"ကင်းကုန်ပါပြီ ခင်ဗျာ"

ညွှသည်လင်မယားသည် ညွှန်နေးထဲသို့ ဝင်ထိုင်လိုက်၏။

"ဩော် ... ဒေါ်ဒေါ်တို့ပါလား၊ မေမေရေ ... ဒေါ်ဒေါ်စိန်တို့လာတယ်"

စိရိုများ၊ စားပွဲများကို ဖုန်သုတ်နေသော မူမူသွယ်က မိခင်ကိုခေါ်ပေးလိုက်သည်။

"ဟောဗျာ ... ဒေါ်စန်းရှင်တို့လည်း နေရင်း ထိုင်ရင်းက ဘုန်းကြီးနေပြီပဲဗျ"

ဒေါ်စန်းရှင်က အံ့အားသင့်သွားလေ၏။ ဒေါ်စိန်ဆိုသူ အဒေါ်ကြီးက ဝင်၍ ရှင်းပြရလေသည်။

"ဩော် ... ကင်းတွေ အထပ်ထပ် ဖြတ်လာရတာကို ပြောတာ"

"ဩော် ... ဒါလား၊ ဖိုးဂျမ်းကို မမိသေးဘူးဆိုလို့ ကြောက်နေတာပဲလေ။ ဒါထက် မစိန်တို့က လာလည်တာပဲလား"

"လာလည်တာသက်သက်တော့ မဟုတ်ပါဘူးလေ"

အမှန်မှာ သူတို့လင်မယားသည် ပွဲထိုင်တစ်ခု သွားစရာရှိ၍ လက်ဖက်လက်စားများ လာငှားခြင်းဖြစ်လေသည်။ ထို့ကြောင့်ဝင်ကြာရှည်စကားပြောမနေဘဲ လက်ဖက်လက်စားများရသောအခါ ပြန်ကြလေတော့၏။

မိနစ်ပိုင်းချိတ်တွင် ခြံထဲကပြန်လာသော ခင်မောင်ဆွေနှင့် တွေ့သော

အခါ လူကြီးက မျက်လုံးပြူးကြီးနှင့် ကြည့်လိုက်၏။ ဒေါ်စိန်က ပိုက်ဆံအိတ်ကို ရင်ဝယ်ပွေ့ပိုက်လိုက်သည်။

ခင်မောင်ထွေးကမူ သူတို့ကို ပြုံး၍ တစ်ချက်ကြည့်လိုက်ပြီး အိမ်ထဲဝင်သွားလေ၏။

ခင်မောင်ထွေး၏ စစ်ဆေးမှုရန်မှ လွတ်သွားသောအခါ လင်မယားမှာ ရှေ့သို့ ဆက်လက်ထွက်ခဲ့ကြလေသည်။

"ခဏနေဦးဗျို့ ..."

ခြံပေါက်ဝမှ နံပါတ်တစ်ကင်းကား တာဝန်ကျေပွန်စွာ လှမ်းလှမ်းလှသည်။

ညှိုးသည့်လင်မယားသည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည်။ လူကြီးက ဧနီးကိုကြည့်ရင်း "တို့ကိုက မှားပါတယ်။ ဒေါ်စိန်းရှင်ရဲ့ လက်မှတ်ကို ယူခဲ့ဖို့ကောင်းပါတယ်" ညည်းပြော ပြောလိုက်၏။

ဦးထွေးသည် ပိုက်ဆံအိတ်ကို ဖွင့်လိုက်တော့သည်။

"ဟော ... ဒါတွေက ဘာတွေတုံး"

"ခင်ဗျား မြင်တဲ့အတိုင်းပေါ့"

"ခင်ဗျားတို့ ဝင်သွားတုန်းက ဒါတွေမပါဘူး။ အခု ဘယ်က ရောက်လာတာလဲ"

ဒေါ်စိန်သည် စိတ်တိုလာတော့သည်။

"အို ... ဘယ်ကလာလာ ... ရှင်နဲ့ ဘာဆိုင်သလဲ"

ပြောပြောဆိုဆိုနှင့် ပိုက်ဆံအိတ်ကို အတင်းပြန်လုရာ ဦးထွေးမှာ မလွှတ်တော့ဘဲ အတင်း ပြန်ဆွဲလိုက်လေသည်။

လူကြီးမှာ ရန်းရင်းဆန်ခတ်ဖြစ်မည်စိုးသောကြောင့် ဝင် ဖျဉ်ရန် သက်ကိုဆန့်တန်း၍ ချဉ်းကပ်လာ၏။ ဦးထွေးသည် လက်က ပိုက်ဆံ

အိတ်ကို မလွှတ်တမ်းဆွဲနေရာက ချဉ်းကပ်လာသော လူကြီး၏ ခြေဖမိုးကို ဖနောင့်နှင့်တစ်ချက် ပိတ်ပေါက်လိုက်ရာ ...

"အမယ်လေး ... သေပါပြီဗျာ"

ဟု အော်၍ လူကြီးမှာ နာသွားသောခြေထောက်ကို မြှောက်၍ လက်နှစ်ဖက်နှင့် ဆုပ်ကိုင်ထားလိုက်သည်။ ခြေတစ်ဖက်ကြွပြီး ကြာကြာရပ်နိုင်အောင် လေ့ကျင့်ထားသူ မဟုတ်သဖြင့်လည်း ခုန်ဆွခုန်ဆွနှင့် ဖြစ်နေလေသည်။

ဤသို့ ခြံပေါက်ဝနားတွင် ရုန်းရင်းဆန်ခတ်ဖြစ်နေသည်ကို ပြတင်းပေါက်မှ မြင်လိုက်ရသော မူမူသွယ်သည် ခပ်သုတ်သုတ် ကလေး ပြေးဆင်းလာလေ၏။

"ဦးလေးခွေး ... မလုပ်ပါနဲ့၊ ဒါ မူမူတို့ဧည့်သည်ပါ"

"ဟ ... အထဲမှာ ပစ္စည်းတွေ ပါလာတယ်"

"ကိစ္စမရှိပါဘူး၊ မေမေ ပေးလိုက်တာပါ"

ဦးခွေးသည် မူမူသွယ်၏စကားကြောင့် ဆွဲနေသော လက်ကိုင်အိတ်ကို ချက်ချင်းလွှတ်ပေးလိုက်ရာ အတင်းဆွဲနေသော ဒေါ်စိန်မှာ အရှိန်နှင့် ချာလပတ်ပင် လည်သွားတော့သည်။

မူမူသွယ်သည် ဦးခွေးနှင့်ရပ်၍ စကားပြောနေစဉ်ပင် ဧည့်သည် လင်မယား ထွက်သွားကြလေတော့၏။

မကျေမချမ်းနှင့် ခြံဘက်ဆီသို့ လှည့်ကြည့် ... လှည့်ကြည့်နှင့် လာခဲ့ကြလေရာ မျက်နှာချင်းဆိုင်မှလာသော လှမင်းကို ဝင်ဆောင့် မိကြလေ၏။

လှမင်းသည် လူကြီး၏လက်ကို ဖမ်းဆွဲလိုက်သည်။

"နေပါဦး၊ ဦးတို့ ဒီခြံထဲက ထွက်လာတာ မဟုတ်လား"

"ဟုတ် ... ဟုတ် ... ဟုတ်တယ်"

"ဒါဖြင့် ခဏနေဦး"

"ဟင် … ဟိုကောင်ကပြောတော့ ကင်းကုန်ပြီဆိုပါလား"

"ဒါက သူတို့ ကျားထိုးနေကြတာ ဖြစ်မှာပေါ့"

"မဟုတ်ဘူးလေ၊ မောင်ရင်က နံပါတ် ဘယ်လောက်လဲ"

"သုံးဆယ့်လေးပါ"

"မြတ်စွာဘုရား … များလှချည်လား"

"ဦးက ဘာကိုမေးတာလဲ"

"နို့ … မင်းက ဘာကိုဖြေတာလဲ"

"စွပ်ကျယ်နံပါတ်ပြောတာ"

"ငါက ကင်းနံပါတ်မေးတာကွ၊ ငါတို့ ကင်းတွေ အထပ်ထပ် ဖြတ်လာခဲ့ပြီးပါပြီလေ"

ထိုခဏ၌ မှူးသွယ်သည် မြဲဝမှပြေး၍ ရောက်လာပြန်လေသည်။

"ကိုလှမင်း၊ ဒါ မှူးတို့ ညည်းသည့်ပါ"

"ဖိုးဂျမ်း မဟုတ်ဘူးလား"

လှမင်း၏စကားကို လူကြီးက မကျေနပ်ချေ။

"ဩော် … ဖိုးဂျမ်းက ဒီလို လာလည်မတဲ့လားကွာ၊ မင်းတို့ တော်တော် အတွေးခေါင်တယ်"

ဤတွင် ဒေါ်စိန်က "ကဲပါ … သွားကြပါစို့" ဟု ပြော၍ ထွက်သွားလေရာ လူကြီးလည်း လိုက်သွား၏။ တော်တော်လှမ်းသော် နှစ်ယောက်သား လှည့်ကြည့်ကြပြန်၏။ လှမင်းတို့က ကြည့်နေသဖြင့် ပြန်လှည့်သွားပြန်၏။ တော်တော်ကလေးရောက်ပြန်သော် တစ်ဖန် လှည့်ကြည့်ပြန်၏။ လှမင်းတို့က ကြည့်နေသဖြင့် ပြန်လှည့်သွားကြပြန်လေ၏။ နောက်တစ်ချီ လှည့်ကြည့်ပြီးသောအခါတွင်ကား လင်မယား နှစ်ယောက်စလုံး ပြေးကြလေတော့၏။

လှမင်းနှင့် မူမူသွယ်တို့လည်း ရယ်မောလိုက်ကြပြီး ခြံဆီသို့ ကွေ့၍ ပြန်လျှောက်လာခဲ့ကြသည်။

"မူမူ ... ကျော်ဦးကော"

"အပြင်သွားတယ် ထင်တယ်။ မသိဘူးလေ၊ သူ့ကို မူမူက ထိန်းနေတာမှ မဟုတ်တာ"

"မပြောတတ်ပါဘူးလေ။ ကိုယ်က ကျော်ဦးကို မူမူက ထိန်းနေတယ်မှတ်လို့၊ မျက်စိအောက်က အပျောက်မခံဘူးလားလို့ပါ"

"သွား ... ကိုလှမင်းနော်၊ မူမူ မကြိုက်ဘူး သိလား"

"ဩော် ... ကျော်ဦးကို မူမူက မကြိုက်ဘဲကိုး"

"ဘာလဲ ကိုလှမင်းနော် ... ပိတ်ထုလိုက်မယ်။ ဒီလို ပြောတာကို မူမူ မကြိုက်ဘူးလို့ ပြောတာ"

"ဩော် ... ကျော်ဦးကို မကြိုက်တာ မဟုတ်ဘူးပေါ့"

"ကဲ ... ပြောဦး"

မူမူသွယ်က လှမင်း၏ကျောကို တကယ်ထုလေတော့ရာ "ဟာ... သေပါပြီ" ဟု အော်၍ လှမင်းမှာ ခြံထဲသို့ ဝင်ပြေးရလေတော့သည်။

■

# ၁၁

## တခင်ဗျ ... တ ... တ ...

နံနက်စာ စားပြီးကြ၍ ညေခန်းတွင် စကားဝိုင်းဖွဲ့ ပြောနေကြ ခြင်း ဖြစ်လေသည်။

ကျော်ဦး၊ ဒေါ်အေးသာ၊ ဒေါ်စန်းရှင်၊ မူမူသွယ်၊ ခင်မောင်ဆွေ အားလုံး စုံစုံညီညီ စကားပြောနေကြသည်။ ဦးဒွေးလည်း ရှိ၏။ သူကတော့ ထုံးစံအတိုင်း ဒူးလေးကြီးကို သလျက်ရှိသည်။

လှမင်းတစ်ယောက်တော့ မရှိချေ။ သင်တန်းကို အစောကြီး သွားတက်ရ၍ ပြန်မလာပေ။

"ဖိုးဂျမ်းဆိုတဲ့လူက ဘယ်လိုနေသလဲ"

ကျော်ဦးက စပ်စု၍ မေးလိုက်သည်။ မူမူသွယ်က ဒေါ်စန်းရှင် ၏ မျက်နှာကို ကြည့်လိုက်၏။ ဒေါ်စန်းရှင်က ပြန်ဖြေရန် စကားလုံးရွေး နေခဲ့တွင်ပင် ခင်မောင်ဆွေက ဝင်ရောက်ဖြေဆိုလိုက်သည်။

"အရင်ကတော့ အိမ်နဲ့ဘာနဲ့ နေမှာပေါ့။ ခုတော့ ဝရမ်းပြေး ဖြစ်နေတော့ ဇရပ်တွေ ဘာတွေမှာ နေချင်နေမှာပဲလေ"

"အို ... ကျွန်တော် မေးတာက ဒီလိုမဟုတ်ပါဘူး။ ဖိုးဂျမ်းရဲ့ မျက်နှာက ဘယ်လိုပုံမျိုး ရှိသလဲလို့ မေးတာပါ"

"ဩော် ... ဒါကတော့ သူ့မျက်နှာလည်း ခင်ဗျားတို့ ကျုပ်တို့လို နေတော့မပေါ့။ နှာခေါင်းနှင့် ပါးစပ်က တစ်ခုစီ၊ မျက်လုံး မျက်ခုံးနဲ့ ပါးကတစ်စုံစီ၊ မေးစိတစ်ခုတည်း။ ဒါပေမဲ့ နားရွက်ကတော့ နှစ်ခုဗျ"

ကျော်ဦး တော်တော်စိတ်ပျက်သွားပုံရ၏။ သို့သော် ခင်မောင်ဆွေ၏ လေကိုဖြတ်၍ ခပ်ဆတ်ဆတ် ပြောလိုက်သည်။

"ဒါကတော့ ခင်ဗျား ပြောမှလားဗျ"

"ကျွန်တော်ပြောမှတော့ မဟုတ်ပါဘူး၊ ဘယ်သူပြောပြော ဒီအတိုင်းပဲ ပြောရမှာပေါ့ဗျာ။ ဘယ်သူက ဖိုးဂျမ်းမှာ မျက်လုံးသုံးလုံးနဲ့ ပါးတစ်ဖက်ပဲရှိတယ်လို့ ပြောမှာလဲလေ"

"ဘာလဲဗျ ... ဖိုးဂျမ်းရဲ့ရုပ်ပုံကို မေးတာဗျ၊ ရုပ်ပုံကိုမေးတာကဲ ... သိပြီလား"

"ဩော် ... ဖိုးဂျမ်းရဲ့ ယုတ်ပုံကတော့ ခင်ဗျား ကြားပြီးတဲ့အတိုင်းပဲပေါ့။ ပစ္စည်းမရတာနဲ့ လူသတ်တယ်။ ဘယ်လောက် ယုတ်မာသလဲကြည့်တော့ ... သူ့ယုတ်ပုံဟာ ..."

မူမူသွယ်သည် ကျော်ဦးကို အားနာလာဟန်တူသည်။ ထို့ကြောင့် ...

"အို ... ကိုခင်မောင်ဆွေကလဲ၊ ဘာတွေ လျှောက်ပြောနေရတာလဲ။ ဟိုကမေးတာက ပုံပန်းသဏ္ဌာန်ကို မေးတာ"

ခင်မောင်ဆွေသည် မူမူသွယ်ကိုပင် မကျေနပ်သလို ငုံ့ကြည့်လိုက်၏။

"ဖိုးဂျမ်းရဲ့ပုံသဏ္ဌာန်ကို သိရတော့ သူက ဘာလုပ်မှာလဲ"

သူတို့၏စကားဝိုင်းထဲသို့ ဦးဒွေးက ဝင်၍ပါလိုက်သည်။

"ဩော် ... ပုံတူဆွဲပြီး ချိတ်ထားချင်လို့ ဖြစ်မှာပေါ့ကွ။ ဟုတ်တယ်မဟုတ်လား ... ဟေ ..."

ဦးဒွေးက ကျော်ဦးကို ထောက်ခံနိုင်းလိုက်သည်။ ကျော်ဦးကတော့ ရှုံ့မဲ့သော မျက်နှာကြီးကို ပြလိုက်သည်။

ထိုအခိုက်တွင် အိမ်ပေါက်ဝဆီမှ အသံတစ်သံ ထွက်ပေါ်လာရာ ဦးဒွေးက တစ်ချက် နားစွင့်လိုက်သည်။

"စာ ... ခင်ဗျ ... စာ ... စာ"

"ဟေ ... မဝယ်သေးဘူးကွ"

"စာဗျ"

"ဩော် ... မဝယ်သေးဘူးဆိုမှ ဘယ့်နှယ် အတင်းလာရောင်းနေရတာလဲ။ စာကလေးသက်စေလွှတ်ဖို့ ဘယ်ဗေဒင်ကမှ မဟောသေးဘူး"

မှုမှုသွယ် ပြုံးပြုံးပျာပျာ ထ၍ "ဩော် ... ဦးလေးဒွေးကလဲ ဒီပို့လုလင် စာလာပို့တာပါ" ဟု ပြောပြောဆိုဆို စာကိုသွား၍ ယူလေသည်။

"သိပါဘူးကွာ ... ငါက စာကလေး လည်ရောင်းတဲ့ ကုလားဆာလို့ မှတ်တာကိုးကွ။ ဟား ... ဟား"

ဒေါ်စန်းရှင်သည် ပြန်လည် ရောက်ရှိလာသော သမီးကို မော့ကြည့်ရင်းက "ဘယ်သူ့စာလဲ သမီး" ဟု မေးလိုက်သည်။

"မေမေ့ နာမည်နဲ့ လာတဲ့စာပဲ"

ကျော်ဦးနှင့် ဒေါ်အေးသာတို့သည် အကြည့်ချင်း ဖလှယ်လိုက်ကြလေသည်။ ခင်မောင်ဆွေကမူ မှုမှုသွယ်ကို ကြည့်နေ၍ ကျော်ဦးတို့ကို သတိမထားမိချေ။

"လက်နှိပ်စက်နဲ့ ရိုက်ထားတယ်"

"ဖွင့်ဖတ်ပြစမ်းပါ သမီးရယ်၊ ရုံးတွေ ဘာတွေက ထင်တယ်"

မူမူသွယ်သည် ဝင်ထိုင်လိုက်ပြီး စာအိတ်ကို ဖောက်လိုက်သည်။

ဒေါ်စန်းရှင်...

တစ်နေ့တော့ ကျုပ် ပြန်လာမည်။

အသက်ကို ဖက်နဲ့ထုပ်ထားပါ။

ဖိုးဂျမ်း

စာဖတ်ပြီးပြီးချင်း မူမူသွယ်သည် မိခင်၏မျက်နှာကို လှမ်းကြည့်လိုက်သည်။

"မြတ်စွာဘုရား..."

ဒေါ်စန်းရှင်သည် ရင်ကို လက်နှင့် ဖိလိုက်မိ၏။ ဒေါ်အေးသာက ပျာပျာသလဲ ပြေးကပ်လာကာ ရင်ကို ဝိုင်းဖိပေး၏။

ရှိနေကြသောသူ အားလုံးမှာ ငိုင်သွားကြသည်။

ခင်မောင်ဆွေက ဖြည်းညင်းစွာ ပြောလိုက်၏။

"ဒါ ခြိမ်းခြောက်တဲ့စာပဲ"

ကျော်ဦးက လျင်မြန်စွာပင် ဝင်၍ ထောက်ခံလိုက်သည်။

"ဟုတ်တာပေါ့၊ ဒါပေမဲ့ ခြိမ်းခြောက်ရုံ ဟုတ်ချင်မှ ဟုတ်မယ်။ သူ တကယ်များ ပြန်လာမလား မသိဘူး"

"ခင်ဗျားက ဘယ်လိုထင်လို့လဲ၊ အရင်တစ်ခါလာတုန်းက ဖိန့်ချန်ခဲ့တယ် မှတ်လို့လား"

"မဟုတ်ပါဘူးလေ၊ သူ့နောက်က စကားက အသက်ကို ဖက်နဲ့ထုပ်ထားနိုင်းတာ ကြည့်ပါလား"

ဤကိစ္စကို ဦးဒွေးက ဝင်ရောက် ဖြေရှင်းပေး၏။

"ဟ ... ဒါကတော့ အသက်ကို ကောက်လိုင်းတီမှန်နဲ့ တူတယ်လို့ ထင်နေသလားမှ မသိတာ"

"ဘယ်က ဟုတ်ရမှာလဲ၊ ဒါဟာ သတ်မယ်လို့ ခြိမ်းခြောက်တာဗျ"

ဤခဏတွင် ဒေါ်စန်းရှင်သည် သူ့သမီးကို ကြည့်၍ပြောလိုက်သည်။

"သမီး၊ ဒီစာကို ရဲကိုသွားပြပြီး ထားရင်ကောင်းမယ်"

"ဟုတ်တယ် မေမေ၊ ကဲ ... ကိုခင်မောင်ဆွေ သွားပေးပါ"

"ကောင်းပြီလေ"

ဤတွင် ဒေါ်အေးသာက ခပ်သုတ်သုတ် ဝင်ပြော၏။

"အို ... ခင်မောင်ဆွေ သွားလို့ဖြစ်ပါ့မလား၊ ကျော်ဦး နင်သွားလိုက်"

ကျော်ဦးကလည်း ခပ်သွက်သွက်ပင် "ဟုတ်ကဲ့" ဟုဆိုကာ မှုမှုသွယ်၏ လက်ထဲမှစာကို လှမ်းယူမည်ပြုကာ လက်ကို ဆန့်လိုက်၏။

ခင်မောင်ဆွေက ကျော်ဦး၏ ဆန့်ထားသောလက်ကြီးကို ဒမ်း၍ ဖယ်လိုက်ပြီး "ကျွန်တော်ပဲ သွားပါမယ်လေ။ အိမ်ကိုလည်း ဝင်စရာရှိလို့" ဟု ပြောလိုက်သည်။

ကျော်ဦးက ဒေါ်အေးသာကို လှမ်းကြည့်ပြီး အကူအညီတောင်းဟန်ပြုလိုက်လေ၏။

"အို ... ခင်မောင်ဆွေ အလုပ်များနေပါ့မယ်။ ကျော်ဦး နင်သွားလို့ ငါ ပြောနေတယ် မဟုတ်လား။ ဘာလဲ နင်က ငါ့စကားနားမထောင်ဘူးလား"

ကျော်ဦးက လက်ကို လှမ်းလိုက်ပြန်၏။ ခင်မောင်ဆွေကသည်း ဖယ်ချလိုက်ပြန်၏။

"ကိစ္စမရှိဘူး ဒေါ်ဒေါ်၊ ကျွန်တော် အပန်းမကြီးပါဘူး"

သူတို့ အချေအတင် ပြောနေစဉ်တွင် မှုမှုသွယ်က ဝင်ပြော ပြန်၏။

"ကိုခင်မောင်ဆွေ သွားပါလေ၊ ကိုခင်မောင်ဆွေက ရဲစခန်း ကို ခဏခဏ ရောက်နေကျဟာပဲ"

"ဟော ... ဘာအမှုတွေ ဖြစ်ဖြစ်နေလို့လဲ"

ဦးဒွေးက သိလိုရေးနှင့် စပ်စုလိုက်ရာ ခင်မောင်ဆွေမှာ အောင့်သက်သက် ဖြစ်သွားသည်။

"ဟာ ... ကျွန်တော် လူကောင်းပါ အဘရ"

"ဟော့ကောင် ... မင်း ငါ့ကို ဦးလေး ခေါ်နေကျနော်"

"ဟုတ်ကဲ့ ... ယောင်သွားလို့ပါ ဖေဖေ၊ အဲ ... ဦးလေး"

"ခွေးမသား ..."

ဦးဒွေးသည် ခင်မောင်ဆွေနှင့် စကားဆက်မပြောတော့ ဒူးလေးကြိုးကိုဆွဲ၍ ခြံထဲဆင်းသွားလေတော့သည်။

"ကိုခင်မောင်ဆွေက ရဲစခန်းမှာ အသိရှိတယ်လေ။ ဒါ ကိုခင်မောင်ဆွေပဲ သွားချေပါ"

ခင်မောင်ဆွေသည် မှုမှုသွယ် လှမ်းပေးလိုက်သော စာအိတ် ကလေးနှင့် စာကိုယူကာ အိပ်ရာဆီသို့ လာ၍ အဝတ်အစားလဲ၏။

ခဏကြာသော် မြက်ဦးထုပ်နှင့် ဘောင်းဘီနှင့် ခင်မောင်ဆွေ သည် သူ့ကိုယ်သူ ဟိုနီလူလူက ပြန်လာသည့်ပုံစံမျိုးဖြင့် ထွက်ခဲ့လေ သည်။

ဖိနပ်ချွတ်မှစွာခဲ့၍ ခြံထဲတွင် ဝေဝေမရောက်မီပင် ကျော်ညို သည် သူ့နားသို့ အမီရောက်လာလေ၏။

"ခင်ဗျားမှာ စာပါရဲ့လား"

"ပါပါတယ်ဗျ"

"သေသေချာချာ ကြည့်ပါဦးလေ၊ တော်တော်ကြာ လယ်ထွန်သွား နွားမေ့ဆိုတာမျိုး ဖြစ်နေဦးမယ်"

ကျော်ဦးက သတိပေးသလို မေးနေသဖြင့် ခင်မောင်ဆွေသည် ဘောင်းဘီအိတ်များကို အပြင်ဘက်က စမ်းလိုက်၏။ ထိုနောက် အိတ်တစ်ခုတွင်းသို့ လက်နှိုက်ကာ စာအိတ်ကလေးကို ဆွဲထုတ်၍ ထောင်ပြလိုက်၏။

"ဒီမှာ မတွေ့ဘူးလား"

ကျော်ဦးသည် ခင်မောင်ဆွေ၏လက်ထဲမှ စာအိတ်ကို ဆတ်ခနဲ ဆွဲယူလိုက်ပြီးလျှင် "ကျွန်တော် သွားပေးပါမယ် ခင်ဗျာ" ဟု ပြော၍ ဘွက်ပြေးလေ၏။ ခင်မောင်ဆွေသည်လည်း ခဏတော့ ကြောင်သွားမိပြီး ချက်ချင်းပင် ထက်ကြပ်မကွာ လိုက်လေတော့သည်။

ကျော်ဦးသည် ဤအတိုင်းပြေး၍ မဖြစ်နိုင်။ ခင်မောင်ဆွေကို မျက်ခြည်ပြတ်ရန် ခြံဝသို့မပြေးဘဲ ခြံထဲသို့ ကွေ့ဆင်း၏။ ခင်မောင်ဆွေကလည်း နောက်ကလိုက်၏။

ပန်းချုံငယ်တစ်ခုကို အလယ်ကောင်ကထားကာ ကျော်ဦးသည် ဟိုဘက်ပြေးနိုး၊ ဒီဘက်ပြေးနိုး လုပ်၏။ တစ်ဖက်က ခင်မောင်ဆွေကလည်း ဟိုဘက်လိုက်နိုး၊ ဒီဘက်လိုက်နိုးလုပ်၏။

"ပေးပါဗျ ... ကိုကျော်ဦးရေ ... တော်တော်ကြာ မှူးမှူးက ကျွန်တော် လုပ်မပေးချင်လို့ မှတ်နေဦးမယ်"

"ဘယ်သူ သွားပေးပေး တူတူပေါ့ဗျာ။ ကျွန်တော်ကလည်း သူတို့အိမ်မှာ လာနေရတာ၊ ကူညီချင်လို့ပါ"

ကျော်ဦးသည် စာအိတ်ကလေးကို ထောင်ပြ၍ ပြောလိုက်သည်။

ထိုခဏ၌ "ရှစ်" ခနဲ အသံထွက်ပေါ်လာကာ မြားတစ်စင်းသည်

လျင်မြန်သောအဟုန်နှင့် ခုန်ပျံရောက်လာပြီးလျှင် ကျော်ဦး၏ လက်ထဲမှ စာကလေးကို ဖောက်ထွင်းသယ်ဆောင်သွားပြီးသော ခင်မောင်ဆွေ၏ ဦးထုပ်တွင် စွပ်ခနဲဝင်၍ တန်းလန်းကြီး ဖြစ်နေတော့သည်။

ကျော်ဦးမှာ ကျောထဲမှ စိမ့်ခနဲဖြစ်သွားကာ မြှားလာရာဘက် ဖြစ်သော သူကျောဘက်ဆီသို့ သမင်လည်ပြန် လှည့်ကြည့်လိုက်လေ၏။

ဦးဆွေးသည် ဒူးလေးကြီးကို ချိန်ထားရာမှ ဘေးသို့ချလိုက်ပြီးလျှင် ကျော်ဦးကို လှမ်းပြောလိုက်သည်။

"မွှမွှက သူ့ကိုနိုင်းတာ၊ သူ သွားပါစေလားကွ"

"ဟုတ်ကဲ့ ... ဦးလေး"

ကျော်ဦးသည် ဦးဆွေးကို ရိုရိုသေသေ ပြန်ပြောလိုက်ကာ ကုပ်ကုပ်ကလေး အိမ်ထဲသို့ ပြန်ဝင်သွားလေ၏။

ခင်မောင်ဆွေသည် ဦးထုပ်တွင် စိုက်နေသော မြှားတံကို ဖြုတ်၍ မြှားတံက သီထားသော စာအိတ်ကလေးကို ဖြုတ်ယူလိုက်သည်။ ပြီးသော် ဦးထုပ်ကို ပြန်ဆောင်းလိုက်ပြီး ဦးဆွေးကို ပြုံးရယ် ကြည့်လိုက်ကာ ကုပ်ကို တစ်ချက် ဆတ်ခနဲ ပုပြလိုက်ပြီး ထွက်သွားလေတော့သည်။

ဦးဆွေးကလည်း ပြန်၍ရယ်ပြလိုက်ကာ ဒူးလေးကြီးကို လက်မှ တွဲရရွဲ့ခွဲပြီး ခြံ၏တစ်နေရာဆီသို့ ဦးတည်ထွက်ခွာသွားလေ တော့သည်။

ခင်မောင်ဆွေ ခြံပေါက်ဝမှထွက်၍ ဝေးဝေးသို့မှ မရောက်သေးမီ မျက်နှာချင်းဆိုင်မှ လျှောက်၍လာသော လှမင်းနှင့် တွေ့ရလေတော့သည်။

"ကိုခင်မောင်ဆွေ ဘယ်လဲဗျ"

"ရဲစခန်းကိုလေ"

လှမင်းသည် ရုတ်တရက် အံ့အားသင့်သွားသည်။

"ဘာဖြစ်လို့လဲဗျ"

"ဒီနေ့ ဒီစာ ရောက်လာတယ်"

ခင်မောင်ဆွေ ထုတ်ပြသောစာကို လှမင်းသည် ဖွင့်၍ ဖတ်လိုက်လေ၏။ ပြီးသော် တစ်ချက်ပြုံးလိုက်မိတော့သည်။

လှမင်း၏အမူအရာကြောင့် ခင်မောင်ဆွေပင် ပြုံးပြုံးပြီပြီဖြစ်သွားပြီး သူ့အိတ်တွေ လျှောက်စမ်းကြည့်မိ၏။

"ဟာ ... နေပါဦး၊ ကျွန်တော့် ရည်းစားစာနဲ့များ မှားပေးမိလား"

"ခင်ဗျား ရည်းစားက ဒေါ်စန်းရှင်တဲ့လား"

"ဟာ ... ကြံကြံဖန်ဖန်ဗျာ၊ ဖွဟ ... လွဲစေ"

"နို့ ... ဒီစာကို ခင်ဗျားက ဘာဖြစ်လို့ ရည်းစားစာပါလို့ ဝန်ခံနေရတာလဲဗျ"

"ခင်ဗျားက စာကိုဖတ်ပြီး ပြုံးတာကိုးဗျ"

"ဩော် ... ဒါက ကျွန်တော်က ဒီစာကို ဘယ်သူရေးတယ်ဆိုတာကို သိတယ်လို့ ယူဆလို့ ပြုံးတာပေါ့ဗျ"

"ဟာ ... ဘာယူဆစရာရှိသလဲ၊ အောက်မှာ ဗိုးဂျမ်းလို့ လက်မှတ်ထိုးထားတာပဲဟာ"

လှမင်းသည် ပြုံးရယ်၍ ခင်မောင်ဆွေကို ကြည့်လိုက်ပြန်သည်။

"ဒါပေမဲ့ ကိုခင်မောင်ဆွေ ဒီစာဟာ ဘယ်နည်းနဲ့မှ ဗိုးဂျမ်းရေးထားတာ မဟုတ်နိုင်ဘူးဗျ"

"ဗျာ ... ဒါဖြင့်ရင်လည်း လက်မှတ်ကို မယ်ဂျမ်းလို့ လက်မှတ်ထိုးရမှာပေါ့ဗျ"

"ဒီမှာ ... ကိုခင်မောင်ဆွေ"

"ဟုတ်ကဲ့ ... ဒီမှာပါပဲ"

"ဝရမ်းပြေးနေတဲ့လူက လက်နိပ်စက် ဘယ်ကရမှာလဲဗျ"

"သူနဲ့တွေ့မှ မေးကြည့်ရတော့မှာပဲလေ"

"တော်စမ်းပါဗျာ ...၊ ကဲ ... ဘာပဲဖြစ်ဖြစ်လေ ... အခုမှ ကျွန်တော် လည်း သတိရတယ်၊ ကျွန်တော် ရဲစခန်းက ထောက်ခံစာယူရဦးမယ်"

"ဘာအတွက်လဲ"

"ဩော် ... ရာဇဝတ်မှု မရှိကြောင်းပါဗျာ၊ အလုပ်နဲ့ ပတ်သက် ပြီး လိုလို့ပါ။ ဒီတော့ ဒီစာကို ကျွန်တော့် ပေးလိုက်။ ကျွန်တော် တစ်ခါ တည်း သွားပေးလိုက်မယ်"

ခင်မောင်ဆွေသည် ခဏတော့ တွေသွားပြီးမှ "မူမူက ကျွန်တော့် ကို နိုင်းလိုက်တာ၊ သူများ စိတ်ဆိုးနေမလား မသိဘူး" ဟု ပြောလိုက် လေသည်။

"အို ... မူမူ့ကို ကျွန်တော် ကြည့်ပြောပါ့မယ် ခင်ဗျာ"

"ဒါဖြင့်လည်း ပြီးရောလေ၊ ကျွန်တော်လည်း အိမ်ကို ခဏ သွားလိုက်ဦးမယ်"

ခင်မောင်ဆွေနှင့် လမ်းခွဲလာခဲ့ပြီးသောအခါ လှမင်းသည် ရဲစခန်းသို့ မသွားချေ။ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ထဲသို့ ဝင်၍ လက်ဖက်ရည်သောက်ရင်း စာကို တစ်ခေါက်ဖွင့်၍ ဖတ်လိုက်၏။

မျက်စိထဲတွင် ကျော်ဦးကို လက်နှိပ်စက်ရိုက်သည့်အခန်းက ထွက်လာပုံကို ပြန်မြင်ယောင်မိ၏။

လှမင်းသည် ခေါင်းကို တစ်ချက်ဆတ်လိုက်ကာ လက်ဖက် ရည်ဆိုင်ထဲမှ ထွက်သွားလေတော့သည်။

အိမ်တွင် ကျန်ရစ်သော ဒေါ်စန်းရှင်မှာ ကျော်ဦးနှင့် ဒေါ်အေးသာ တို့၏ ခြံမ်းခြောက်မှုအောက်တွင် ကျရောက်နေပေရာ ဦးခွေးတစ်ဦးတည်း သာလျှင် အားပေးနေရလေသည်။

"ဟုတ်တယ် မမကြီးရဲ့၊ ဒီအတိုင်းဆိုရင် ဒီကောင့်ရန်ဟာ မအေးဘူး ထင်တယ်"

ဒေါ်စန်းရှင်သည် တွေဝေနေမိသည်။

"ဟုတ်တာပေါ့ ဒေါ်ဒေါ်၊ ဒီငနဲကြီးက တော်တော် အငြိုးကြီး တယ် ထင်တယ်။ ဒီစာကို ရဲစခန်းကိုပြတာတော့ မှားတယ် ထင်တယ်"

ဒေါ်စန်းရှင်က ဘာမှပြန်မပြောဘဲ ကျော်ဦးကို ကြည့်လိုက် သော်လည်း မူမူသွယ်ကတော့ ဝင်မေးလိုက်သည်။

"ဘာဖြစ်လို့လဲ ကျော်ဦးရဲ့၊ ပိုပြီးတောင် စိတ်ချရတာပေါ့"

"ဟာ ... ဘယ်ဟုတ်မလဲ၊ တော်တော်ကြာ ရဲကလာပြီး ဒီမှာ စစ်လား ဆေးလားတွေ ထပ်လုပ်တော့ ဒေါ်ဒေါ် စိတ်ရှုပ်ရဦးမယ်။ နောက်ပြီး ဒီငနဲကြီးက ဒါတွေသိရင် ပိုပြီး အငြိုးထားမှာပေါ့"

ကျော်ဦး၏စကားကြောင့် ဒေါ်စန်းရှင်ပင် ဇဝေဇဝါ ဖြစ်သွား ရလေတော့သည်။

"အင် ... ဟုတ်များ ဟုတ်မလားမသိဘူး၊ မှားသွားပြီထင်တယ်"

ဤအမြင်ကို ဦးဒွေးက လုံးဝလက်မခံနိုင်ပါချေ။

"ဟာ ... ဘယ်ဟုတ်မှာလဲ၊ ဒီကောင့်ကို ရဲကလိုက်နေတယ် မဟုတ်လား။ ဒီတော့ အသေးအဖွဲ့ကလေးပဲဖြစ်စေ ရဲကို အသိပေးတာ မှန်တာပေါ့။ ဒီမှာ မမကြီး၊ မကြောက်ပါနဲ့။ ကျွန်တော်တို့ ရှိသေးတာပဲ။ ရဲက တာဝန်ယူနေတဲ့ကြားမှ အလစ်ဝင်လာပြန်ရင်လည်း ခုခံကာကွယ်ဖို့ ကျွန်တော်တို့ရှိတယ်"

"အေးကွယ် ... ကျုပ်တော့ ကိုဒွေးတို့ကို အားကိုးနေရတော့ တာပဲ"

"အားကိုးပါလေ ... အခုဆိုရင် အရေးကြီးလာပြီ မဟုတ်လား။ ဒီတော့ နေ့ဘက်တွင်လည်း ကင်းစောင့်နေလို့ မဖြစ်ဘူး။ ညဘက်ကို လည်း ကင်းစောင့်ရမယ်။ ပြောနေကြာပါတယ်လေ။ ဒီညက စပြီး အစီ အစဉ်လုပ်မယ်။ ဒီအိမ်က ယောကျ်ားတွေ တစ်လှည့်စီ ကင်းစောင့်ရမယ်"

ကျော်ဦးသည် ဦးဒွေး၏စကားကို ဆုံးအောင် နားထောင်နေပြီးမှ မူမူသွယ်ကို တစ်ချက်ကြည့်လိုက်သည်။

"ကင်းစောင့်တာတော့ စောင့်တာပေါ့လေ၊ ကျွန်တော်ကတော့ စိုးရိမ်တာပဲ။ မူမူ့အတွက်လည်း ကျွန်တော် စိတ်ပူတယ်လေ"

"ဟင် ... မူမူ့အတွက် ဘာဖြစ်လို့ ပူရတာလဲ"

"ဩော် ... မူမူ့က အပြင်သွားနေတယ် မဟုတ်လား။ တော်တော်ကြာ ပြန်ပေးဆွဲသွားမှာ ကြောက်ရပါတယ်"

"ဟုတ်တာပေါ့ သမီးရယ်၊ အပြင်ကို သိပ်မထွက်နဲ့။ အိမ်မှာပဲ ဂရုစိုက်ပြီး နေပါ"

"ဟုတ်ကဲ့ မေမေ၊ အကြောင်းထူးမရှိဘဲ အပြင်မသွားပါဘူး။ တကယ်လို့ မလွှဲသာဘဲ သွားရရင်တောင် ကိုခင်မောင်ဆွေကိုဖြစ်ဖြစ် ကိုလှမင်းကိုဖြစ်ဖြစ် ခေါ်သွားမယ်လေ"

ကျော်ဦး၏စိတ်ထဲတွင် ပျာယာခတ်သွားသည်နှင့်အမျှ နှုတ်မှလည်း လွှတ်ခနဲ ထွက်သွားသည်။

"ဟာ ... ယောကျ်ားလေးနဲ့ မိန်းကလေး သွေးမစပ်ဘဲ ဒီလို နှစ်ဦးတည်းသွားတာ ဘယ်တော်ပါ့မလဲ မူမူရယ်"

ဦးဒွေးကလည်း ဝင်ရောက်ပြော၏။

"ဟုတ်တာပေါ့လေ၊ သူများတွေ ပြောစရာ ဖြစ်ကုန်ပါ့မယ်။ ဒီတော့ ကိစ္စရှိလို့ အပြင်ကိုသွားရရင် ခင်မောင်ဆွေရော၊ လှမင်းရော နှစ်ယောက်စလုံးကို ခေါ်သွားသိလား။ အိမ်ကိုတော့ မပူပါနဲ့။ ဒီလို ယောကျ်ားအဖော်တွေနဲ့ သွားတဲ့အချိန်မှာ ဦးလေးရယ်၊ ဒီက ကျော်ဦးရယ် စောင့်ရှောက်ထားမှာပေါ့။ မဟုတ်ဘူးလားကွ ... ဟေ"

ကျော်ဦးမှာ အောင့်သက်သက်ဖြစ်သွားသော်လည်း ဘာမျှ မတတ်နိုင်။

"ဟုတ်တာပေါ့ ခင်ဗျာ"

လေသံကလေးသာ ထွက်နိုင်တော့၏။ ထို့ကြောင့် သူ့လေသံကို အခန်းတွင်းသို့ လှမ်းဝင်လိုက်သောခြေသံက ဖုံးလွှမ်းသွားနိုင်ခြင်း ဖြစ်လေသည်။

အားလုံးသော ဦးခေါင်းတို့သည် ခြေသံလာရာကို လှည့်ကြည့်ကြ၏။

လှမင်းသည် ခပ်တည်တည်နှင့်ပင် ဝင်လာ၍ ကုလားထိုင် အလွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်လေသည်။ လှမင်းကို မြင်သောအခါ ဦးဒွေးက စတင်၍ အားရပါးရပြော၏။

"မင်းက ခုမှ ရောက်လာတာကိုးကွ။ တို့ ဒီမှာ ကိစ္စတွေ ဖြစ်နေတယ်"

"ဒါလောက်လည်း ကြောက်စရာ မရှိပါဘူးလေ"

"ဘာလို့ မရှိရမှာလဲ၊ မင်း ဘာသိလဲ။ ဒီနေ့ဟာ မနေ့ကနဲ့ ...ူတော့ဘူးကွ လှမင်းရ"

"ဒါပေါ့ ဦးလေးဒွေးရဲ့၊ နက်ဖြန်ဆိုရင် ဒို့ထက် ခရီးရောက် ...ယ်"

"အရေးထဲမှာ သီချင်းဆိုမနေစမ်းပါနဲ့။ မင်း မသိပါဘူး"

"သိပါတယ်လေ"

"ဟောကောင် ... ငါ ရဲရဲပြောမယ်၊ မင်း မသိဘူး"

"ကျွန်တော် ရဲရဲပြောတယ်၊ ကျွန်တော် သိပါတယ်"

"မင်း ဘာသိသလဲ"

"ကျွန်တော် အားလုံးသိတယ်"

ဦးဒွေးသည် "ဘယ်လိုကောင်ပါလိမ့်" ဟူသော အတွေးဖြင့် ...မင်းကို ပြူးကြည့်လိုက်၏။

"တော်တော် ခေါင်းမာပါလား၊ မသိရင်တော့လားကွာ ... မင့်ငယ်ထိပ်ကို ဖနောင့်နဲ့ကို ပေါက်မယ်။ မင်း မရှိတုန်း ဒီအိမ်မှာ ဘာဖြစ်သလဲ။ ပြောစမ်း"

လှမင်းသည် ပြုံးစစနှင့် ပြန်ဖြေလိုက်၏။

"စာတစ်စောင် ရောက်တယ်"

"မြတ်စွာဘုရား"

"မြတ်စွာဘုရား အကြောင်းတစ်လုံးမှ မပါဘူး"

"အေးပါ ... မပါပါဘူး၊ ငါက ဘုရားတာတာပါ။ ဘယ်သူ့စာလဲ"

"အောက်က ဖိုးဂျမ်းလို့ လက်မှတ်ထိုးထားတဲ့ လက်နှိပ်စက်နဲ့ ရိုက်ထားတဲ့စာလေ"

ဦးဒွေးသည် ငိုင်ကျသွားလေတော့သည်။ ပြီးမှ လေသံပျော့ ကလေးနှင့် ...

"အေး ... မင်း သိတယ်၊ ငါ့ငယ်ထိပ်ကိုသာ ဖနောင့်နဲ့ ပေါက် တော့ကွာ"

ဟု ပြောလိုက်ရာ လှမင်းက ရယ်၍ "မလုပ်ပါနဲ့ ဦးလေးဒွေး ရယ်၊ ကျွန်တော် ငရဲကြီးပါ့မယ်" ဟု ပြောလိုက်၏။

ကျော်ဦးသည် လှမင်းကို စိုက်ကြည့်နေရာမှ ဝင်ပြောလိုက် သည်။

"ခင်ဗျား ကိုခင်မောင်ဆွေနဲ့ တွေ့တယ်ထင်တယ်"

လှမင်းသည် ကျော်ဦး၏အမေးကို တိုက်ရိုက်မဖြေဘဲ မှူးမှူးသွယ် ၏ မျက်နှာကိုကြည့်၍ ဖြေလိုက်လေသည်။

"ဟုတ်ပါတယ်၊ ကျွန်တော် စောစောတုန်းက ပြန်လာတာ ကိုခင်မောင်ဆွေနဲ့တွေ့လို့ စာပြတယ်။ ဒါနဲ့ ကျွန်တော်လည်း ရဲစခန်း ထောက်ခံစာ တောင်းစရာရှိတဲ့ကိစ္စကို သတိရလာပြီး ယူသွားတာ

ကိုခင်မောင်ဆွေကတော့ သူကိုယ်တိုင် သွားမပေးရင် မူမူ စိတ်ဆိုးမှာစိုးတယ်ဆိုပြီး မပေးဘူး လုပ်နေသေးတယ်"

ဤတွင် မူမူသွယ်က ဝင်ပြောလိုက်၏။

"အို ... ကိစ္စမရှိပါဘူးလေ၊ ကိုလှမင်းသွားလည်း ပြီးတာပါပဲ"

စောစောက ကိုလှမင်းသည် မူမူသွယ်တစ်လှည့်၊ ဒေါ်စန်းရှင်တစ်လှည့် ကြည့်၍ပြောနေ၏။ ယခုမူ မူမူသွယ်ကိုသာ ကြည့်၍ ပြောလိုက်သည်။

"ကိုယ်ကလည်း ကိုယ်သွားပေးတယ်ဆိုရင် မူမူ ကျေနပ်မှာပါလို့ ပြောလိုက်ပါတယ်လေ"

သူတို့အေးဆေးနေကြသော်လည်း မအေးဆေးသူက ဒေါ်အေးသာဖြစ်လေသည်။

"ဟဲ့ ... ရဲက စာအကြောင်း ဘာပြောသတုံး"

လှမင်းသည် ဒေါ်အေးသာကို တစ်ချက်ပြုံးကြည့်လိုက်လေသည်။

"ဟာ ... ဒါ အရေးမကြီးပါဘူးတဲ့။ သူတို့လည်း ဖိုးဂျမ်းကို မိပါတော့မယ်တဲ့။ မပူပါနဲ့လို့လည်း ပြောတယ်။ ပြောပြီး စာကို ဆုတ်ပစ်လိုက်တယ်လေ"

"အင်း ... ခုမှ အေးသွားတော့တယ်"

ကျော်ဦးက လွတ်ခနဲ ပြောလိုက်ရာ ဦးဒွေးက ...

"ဘာဖြစ်လို့လဲကွ"

"ဩော် ... ရဲက တာဝန်ယူတယ်ဆိုတာ အေးသွားတာပေါ့"

လှမင်းသည် သူ၏အကြည့်ကို ကျော်ဦးထံမှ ဒေါ်စန်းရှင်ထံသို့ ရွှေ့ပြောင်းလိုက်ပြီး...

"ဒေါ်ဒေါ် ဘာမှမပူပါနဲ့လေ၊ ဒီစာအတွက် စိတ်အနှောင့်အယှက်

လည်း မဖြစ်ပါနဲ့။ ကျွန်တော်တို့လည်း ရှိသားပဲ"

"အေးကွယ် ... မောင်တို့ကို ကျေးဇူးလည်း တင်ပါတယ်။ အားလည်း ကိုးပါတယ်ကွယ်"

လှမင်းသည် မူမူသွယ်ကို ကြည့်လိုက်၏။ မူမူသွယ်သည် ခေါင်းကို ငုံ့ပစ်လိုက်လေသည်။

■

# ၁၂

## ကင်း အထပ်ထပ် ...

ညဦးဘက်သည် ပို၍ အန္တရာယ်များသည်ဟု ယူဆသောကြောင့် နေ့ဘက်ကို သင့်ရုံသာ ကင်းစောင့်တော့သည်။

သို့ကြောင့်သာလျှင် ထိုလူကြီးသည် အိမ်ပေါက်ဝသို့ ဆိုက်ဆိုက် မြိုက်မြိုက် ဘေးမသီရန်မခဘဲ ရောက်ရှိလာနိုင်ခြင်း ဖြစ်ပေ၏။

အသက်လေးဆယ့်ငါးနှစ်ခန့် ရှိပါပြီ။ နှုတ်ခမ်းမွေးနှင့် မှန် နှစ်မျိုး မျက်မှန်နှင့်ပင် ဖြစ်သည်။ အဝေးကြည့်မှန်တွင် ဒီဂရီ ရှိကောင်း မှရှိမည်။ စာကြည့်ရန်အတွက် မှန်တွင်ကား ဒီဂရီရှိရပေမည်။ လွယ်အိတ် ကို လွယ်ထား၏။

မူမူသွယ် ထိုလူကြီးကို ကောင်းစွာသိ၏။

"ဩော် ... ဦးလေးပါလား၊ သတင်းစာဖိုး လာယူတယ် ထင် တယ်"

"အေးကွယ် ... နည်းနည်းတော့ နောက်ကျသွားတယ်"

"ဟုတ်ကဲ့ ... ထိုင်ပါဦးနော်၊ မေမေ့ကို သွားခေါ်ပေးမယ်"

ဧည့်ခန်းတွင် လူကြီးသည် ကျကျနန ထိုင်၍ လွယ်အိတ်ထဲမှ စာရွက်များ ထုတ်နေသည်။

ဧည့်ခန်းသို့ ကနဦး ဝင်လာသူမှာ ဒေါ်စန်းရှင် မဟုတ်ချေ။ ဦးခွေးဖြစ်၍ ရေသောက်ရန်အတွက် အိမ်ရှေ့ဘက်မှ လှည့်ဝင်လာ၏။ ဝင်လာစဉ်က ခပ်အေးအေးဖြစ်သော်လည်း ဧည့်ခန်းတွင် သူစိမ်းကို မြင်သောအခါ မျက်မှောင်ကုတ်လိုက်၏။

သတင်းစာကိုယ်စားလှယ်ကြီးလည်း လူရိပ်ကို မြင်သဖြင့် မော့ကြည့်လိုက်ပြီး ဝတ္တရားကျေစေခြင်းငှာ ပြုံးပြလိုက်သည်။

ဦးခွေးသည်လည်း မပြုံးချင်ဘဲနှင့် ဟန်လုပ်ပြီး ပြုံးလိုက်ကာ လူကြီး၏အနားသို့ မသိမသာ ကပ်လာလေ၏။

"ဟဲ ... ဟဲ ... နေကောင်းတယ်နော်။ ဟဲ ... ဟဲ"

လူကြီးကလည်း ခေါင်းညိတ်၍ ပြုံးနေစဉ် ဦးခွေးသည် အနီးသို့ရောက်လာကာ ရုတ်တရက် ဘာမပြော ညာမပြောနှင့် လက်နှစ်ဖက်ဖြင့် နှုတ်ခမ်းမွေးကို အတင်းဆွဲလေတော့သည်။

နာရှာလွန်းသဖြင့် လူကြီးသည် ခြေနှစ်ဖက်ပင် မြောက်တက်သွားသည်။ လက်များကလည်း ပါးစပ်ဆီသို့ရောက်လာကာ ဦးခွေး၏ လက်ကို အတင်းဆွဲဖြုတ်ရင်း "ဟာ... နာတယ်ဗျ၊ ဘယ်နှယ့်လုပ်တာလဲ" ဟု အော်၏။

ဦးခွေးသည် လက်ကိုလွှတ်လိုက်ပြီးမှ အားနာသွားသလို ကြည့်လိုက်ရင်း ပြောလိုက်သည်။

"ဟာ ... နှုတ်ခမ်းမွေးအစစ်တွေပဲ။ ရုပ်ဖျက်လာတာ မဟုတ်ဘူးနော်"

"ဗျာ ... ဘာဖြစ်လို့ ကျုပ်က ရုပ်ဖျက်ရမှာလဲဗျ။ ကျုပ်က

ကြွေးတောင်းတဲ့လူပဲ၊ ကြွေးရှောင်တဲ့လူမှ မဟုတ်ဘဲ။ ဒီတော့ ကျုပ်နှုတ်ခမ်းမွေးက ဒီလိုပဲ နေတော့မှာပေါ့"

ပြောပြောဆိုဆိုနှင့် လူကြီးသည် ဦးဒွေး၏နှုတ်ခမ်းမွေးကို လက်နှစ်ဖက်နှင့် ပြန်ဆွဲပြလေရာ "အလယ်လယ် ... နာသဗျို့" ဟု ဦးဒွေးက လှည့်အော်၍ ရန်းရပြန်လေ၏။

လူကြီးက လက်လွှတ်လိုက်ရာမှ ဦးဒွေးသည် ဖြောင့်ဖြောင့်တန်းတန်း နောက်ဖေးဘက်သို့ ဝင်သွားလေ၏။

ဒုတိယဝင်လာသူလည်း ဒေါ်စန်းရှင် မဟုတ်သေး။

ခင်မောင်ဆွေ အပြင်မှ ပြန်လာခြင်းဖြစ်လေသည်။

သူသည်လည်း သတင်းစာလူကြီးကို မျက်မှောင်ကုတ်ကြည့်၏။ လူကြီးသည် မော့ကြည့်ပြန်ကာ ပြုံးပြလိုက်၏။ ခင်မောင်ဆွေလည်း ရောယောင်ပြုံး၍ ချဉ်းကပ်လာသည်။

"ဩော် ... ဟဲ ... ဟဲ၊ ဟုတ်ကဲ့ ... ဦးရောက်နေသကိုး"

ပြောပြောဆိုဆိုနှင့် ခင်မောင်ဆွေသည် လူကြီး၏နားခေါင်းကို လက်ညှိုးလက်မကလေးနှင့် ဖျစ်၍ ဆွဲကြည့်လေတော့သည်။

"ဟော့ကောင် ... နှုတ်ကွ၊ နာက ဘာနှုတ်တာတုံးကွ ဟေ"

သတင်းစာကိုယ်စားလှယ်ကြီးသည် မန့်လေး၏ အသံမျိုးနှင့် ရေရွတ်လိုက်၏။ သို့သော် အမြန်ဆုံးလွှတ်ရန် လက်က ခင်မောင်ဆွေ၏ ချိုစောင်းကို ခေါက်လိုက်တော့မှ လွှတ်သွားလေသည်။

"နားခေါင်း အစစ်ပါပဲနော်"

"နားခေါင်းအစစ်ပေါ့ကွ၊ မင်းက နားရွက်မှတ်နေလို့လား"

လူကြီးသည် နီသွားသော နားခေါင်းလေးကိုပွတ်၍ မကျေ မချမ်း ပြန်ပြောလိုက်လေသည်။

"ဖိုးဂျမ်း မဟုတ်ပါဘူးနော်"

"ဘယ်က ဖိုးဂျမ်းလဲ၊ ကျုပ် ဖိုးဂျမ်း မဟုတ်ဘူး။ ဖိုးလူကလေး ကွ၊ ဖိုးလူကလေး"

ခင်မောင်ဆွေ အားနာပါးနာနှင့် ပြန်ထွက်၍ ခြံထဲသို့ ဆင်း သွားပြီး မရှေးမနှောင်းပင် လှမင်းနောက်ဖေးက ထွက်လာသည်။

ဦးလူကလေးသည် ဤတစ်ချီတွင်ကော့ လှမင်းကို ခပ်တည် တည် ကြည့်လိုက်၏။ လှမင်းသည် သူ့ကို တစ်ချက်သာ ငုံကြည့် လိုက်ကာ အရေးမထားသလိုလုပ်ပြီး စားပွဲဆီသို့ ချဉ်းကပ်လာ၏။ ဦးလူကလေးကား လှမင်းကိုသာ လိုက်ကြည့်ရာမှ လှမင်းသည် စားပွဲမှ သတင်းစာများကို လှန်လှောရှာနေသဖြင့် သူလည်း သူ့လက်ထဲမှ စာရွက်များကို ရွေးချယ်နေသည်။

ထိုခဏတွင်ပင် ဖြုတ်ဆို လှမင်းသည် ဦးလူကလေး၏ မျက်မှန် ကိုဖြုတ်၍ နောက်သို့ တစ်လှမ်းဆုတ်လိုက်၏။

ဦးလူကလေးသည် "ဟယ်" ဟု လွှတ်ခနဲ အော်ကာ လက် ကလေးနှစ်ဖက် ဇွေ့ယမ်း၍ မမီသောမျက်မှန်ကို ဖမ်းလိုက်သည်။

ဤတွင်မှ လှမင်းသည် မျက်မှန်ကို ပြန်ပေးလိုက်ကာ "တကယ် မှန်တာပဲနော်" ဟု ပြောလိုက်၏။

"ဟ ... ကျုပ်အရွယ်ဟာ မျက်မှန်အလှတပ်တဲ့ အရွယ်လားလို့"

"ဩော် ... ဟုတ်ကဲ့"

"ဘာ"

"ဩော် ... မဟုတ်ပါဘူး၊ ဦးဟာ ဖိုးဂျမ်း မဟုတ်ပါဘူး"

"လာပြန်ပြီလား ဖိုးဂျမ်း၊ လူကလေးကွ ... လူကလေး"

"ဗျာ ... ကျွန်တော့် ခေါ်သလား"

"အောင်မယ် ... မင်းက ငါ့သားမို့ လူလေး ... လူလေးလို့ ခေါ်ရမှာလား၊ ငါ့နာမည်က ဖိုးလူကလေး"

ဦးလူကလေးသည် စိတ်တိုလာပုံရ၏။ သူ့ကို အပြစ်မဆို သာပါ။ လူသုံးယောက်၏ နှုတ်ခမ်းမွေးဆွဲခြင်း၊ နှာခေါင်းဖျစ်ခြင်းနှင့် မျက်မှန်ချွတ်ပစ်ခြင်း ခံရပြီးသည့်နောက်တွင် သူ့စိတ်သည် သားရေ ကွင်းမှ ဆန့်ထွက်လာရပါမည်လား။ တို၍တို၍သာ လာရပေမည်။

"စိတ်မရှိပါနဲ့ ခင်ဗျာ၊ ကျွန်တော်က ဖိုးဂျမ်း မှတ်လို့ပါ"

လှမင်းသည် တောင်းပန်ပြီး မျက်နှာပူလာသဖြင့် အိမ်ရှေ့ ပေါက်မှ ထွက်သွားလေ၏။

ဤတစ်ချီ ချဉ်းကပ်လာသူကား မျက်မှန်နက်တပ်ထားသော ကျော်ဦး ဖြစ်တော့သည်။

ကျော်ဦးသည် ဖိုးဂျမ်းကို အစွဲကြီးသူမဟုတ်သဖြင့် ခပ်အေး အေးပင် ဖြစ်သည်။ ဦးလူကလေးကို တွေ့သော်လည်း သူက မှုမပျက်ပါ။

ထို့ကြောင့်ပင် ဦးလူကလေးကို ပြုံးပြလိုက်၏။

ဦးလူကလေးက မျက်မှောင်ကုတ်ပြလိုက်၏။

ကျော်ဦးက ချဉ်းကပ်လာသောအခါ ဦးလူကလေးက မတ်တတ်ရပ်လိုက်၏။ နှစ်ယောက်သား ရင်ဆိုင်မိကြလေပြီ။

ဤတစ်ကြိမ်တွင် လက်သွက်သူကား ဦးလူကလေးတည်း။

"မင်းလားကွ ... ဖိုးဂျမ်း၊ ဖိုးဂျမ်းလားကွဟေ့"

ပြောပြောဆိုဆိုနှင့် ဦးလူကလေးသည် လက်ဝဲလက်ဖြင့် ကျော်ဦး၏ဖက်ပိုးကို အုပ်ကိုင်၍ လက်ယာဖြင့်မျက်မှန်ကို ချွတ်ပစ်လိုက် သည်။ မျက်ခုံးမွေးများကို ဆွဲနုတ်၏။ နောက်ဆုံးတွင် နှာခေါင်းကိုပင် ဖျစ်ညှစ်၍ ဆွဲလေတော့ရာ ကျော်ဦးမှာ ခြေတစ်ဖက်စီ မြှောက်လိုက်ချ လိုက်နှင့် မျောက်က က၍ ရုန်းကန်ရလေသည်။

"မနုတ်ပါနဲ့ဗျ၊ ဘယ့်နှယ်တုံး ... ဘာဖြစ်နေရာနုတ်နေနာနဲ့ဗျ ... ခင်ဗျား စိတ်ကောင်းရဲ့နား"

"ငါ စိတ်ကောင်းပါတယ်။ မင်းကို ဖိုးချမ်းလားလို့ လုပ်ကြည့်တာလေ။ မင်းတို့အိမ်က လူတွေက ဖိုးချမ်းလို့ထင်ရင် ဒီလို လုပ်ကြတာကိုးကွ"

ထိုခဏ၌ မူမူသွယ်နှင့် ဒေါ်စန်းရှင်တို့ ရောက်လာကြလေ၏။

"အို ... ကိုလူကလေး၊ ဘယ့်နှာဖြစ်နေတာလဲ"

ဒေါ်စန်းရှင်၏အသံထွက်ပေါ်လာမှ ဦးလူကလေးက ကျော်ဦးကို လွှတ်လိုက်လေ၏။

"သိဘူးလေ၊ စောစောက လူသုံးယောက် တစ်ယောက်ပြီး တစ်ယောက် ကျွန်တော့်ကို ဖိုးချမ်းမှတ်ပြီး နှုတ်ခမ်းမွေးဆွဲ၊ နှာခေါင်းဖျစ်၊ မျက်မှန်ချွတ် လုပ်ကြတယ်။ ဒီတစ်ချီတော့ ကျွန်တော်က သူ့ကို ဦးအောင်ပဲ ဖိုးချမ်းလို့ မှတ်ပစ်လိုက်တာပေါ့"

မူမူသွယ်သည် ရယ်ချင်သည်ကို အောင့်ထားရသဖြင့် ပြုံးခနဲ့နဲ့ ဖြစ်နေသည်။ ဒေါ်စန်းရှင်ကမူ စကားနည်းရန်စဲ သဘောဖြင့် အကျယ်ဝိတ္ထာရ ချဲ့မနေတော့ဘဲ သတင်းစာဖိုးပေးလိုက်၍ ဦးလူကလေး ထပြန်သွားလေသည်။

"မမကြီး အပေါ်လာလေ၊ ကျွန်မ သတင်းစာ ဖတ်ပြမယ်"

ဒေါ်အေးသာက ခေါ်သွားသဖြင့် ဒေါ်စန်းရှင် လိုက်သွားလေရာ ဧည့်ခန်းတွင် ကျော်ဦးနှင့် မူမူသွယ်တို့နှစ်ယောက်သာ ကျန်ရစ်လေတော့သည်။

"မူမူ"

ကျော်ဦးသည် မူမူသွယ်ကို ငေးစိုက်ကြည့်ရင်း ခေါ်လိုက်သည်။

"ရှင်... ဘာလဲ ကိုကျော်ဦး"

"ဪ...မူမူလည်း သနားစရာပဲနော်"

"ဘာဖြစ်လို့တုံး ရှင်၊ မူမူက ကျိုးနေ ကန်းနေတာမှ မဟုတ်တာ"

"မဟုတ်ပါဘူးလေ၊ လူဆိုးတွေဒဏ်ကြောင့် ဖအေလည်း ဆုံးရ၊ ကျန်ရစ်ရသူတွေလည်း သောကမအေး ဖြစ်နေရတာကို ပြောတာပါ"

"အို ... ဒါကတော့ ကုသိုလ်ကံပေါ့ ကိုကျော်ဦးရယ်၊ ဒုက္ခရောက်ချိန်မှာ စိတ်ပျော့၊ စိတ်ညံ့တွေ မွေးနေမယ့်အစား အနာဂတ်ကာလမှာ တတ်နိုင်သရွေ့ကောင်းအောင် ကြိုးစားရမှာပေါ့ရှင်"

"ဒါတော့ ဒါပေါ့လေ၊ ဒါပေမဲ့ မှုမှု့အတွက် တစ်သက်လုံး စောင့်ရှောက်သွားမယ့် လူရှိဖို့တော့ ကောင်းပြီထင်တယ်"

"ဘာဖြစ်လို့လဲ၊ မိုးဂျမ်းက တစ်သက်လုံး လွတ်နေမှာမှ မဟုတ်တာ။ တစ်နေ့တော့ မိရမှာပေါ့။ ကိုလှမင်း ပြောပုံအတိုင်းဆိုရင် ရဲက မိတော့မယ်လို့ ဆိုတယ်မဟုတ်လား"

"အောင်မယ် ... မိုးလှမင်းဆိုတဲ့ အကောင်ဟာ ..."

ကျော်ဦး စကားမဆုံးမီ ခင်မောင်ဆွေ ရောက်လာသဖြင့် ကျော်ဦးက စကားကို တစ်ပိုင်းတစ်စနှင့် ရပ်ထားလိုက်လေသည်။

"ဘာဖြစ်လို့ စကားဖြတ်လိုက်ရတာလဲဗျာ။ ဆက်ပြောပါ၊ ကျွန်တော်လည်း နားထောင်ချင်ပါတယ်"

ခင်မောင်ဆွေသည် ဝင်ထိုင်လိုက်ရင်း ပြောလိုက်၏။

"ဘယ်တောင် ရောက်သွားမှန်း မသိဘူး"

"ကျွန်တော် ကြားလိုက်ပါတယ်ဗျာ၊ မိုးလမင်းက ဘာဖြစ်ဆိုလဲ"

"ဪ ... ဒီလိုပါ။ မိုးလမင်းဆိုကို အပိုလိုဆယ့်တစ်တက်ခဲ့တာဟာ လူသားတွေအတွက် အောင်မြင်မှုတစ်ရပ်ပဲလို့ ဆိုရမှာပေါ့နော်"

ကျော်ဦးက စကားလွှဲလိုက်သဖြင့် မှုမှုသွယ်က ပြုံးလိုက်မိသည်။

ခင်မောင်ဆွေကမူ ကျော်ဦး ဘာကို ဆက်ပြောမည်လဲဟု ခဏ နားထောင်နေစဉ် ဦးဆွေးသည် ဒူးလေးကြီးကို ကိုင်၍ ရောက်လာလေ၏။

"ဟ ... ကျော်ဦးရ၊ အောင်မြင်တယ်ဆိုတာဟာ လူသား တွေပဲ ဖြစ်မှာပေါ့ကွ။ နွားသားတွေ၊ ဆိတ်သားတွေ၊ မျောက် သားတွေက လူမှ မဟုတ်တာ။ ဘာအောင်မြင်စရာ လိုမှာတဲ့လဲ"

"ကျွန်တော်တို့ ဘာအကြောင်း ပြောနေသလဲ ဦးလေး သိလား"

"ဟင့်အင်း ... မသိပါဘူး၊ ငါလည်း လေဖမ်းဝါးတန်းချည် တာလေ"

ခင်မောင်ဆွေနှင့် မူမူသွယ်တို့က ရယ်လိုက်ကြသည်။

ကျော်ဦးသည် စိတ်မသက်မသာဖြစ်နေသည်နှင့်အမျှ မျက်နှာ မကြည်မသာနှင့် တိတ်သွားလေ၏။

ဦးဖွေးသည် ကုလားထိုင်တွင် ဝင်ထိုင်ရင်း ဒူးလေးကြီးကို ကုလား ထိုင်ဘေး မှီထားလိုက်သည်။ ထို့နောက် ခင်မောင်ဆွေကို ကြည့်ကာ...

"နေပါဦးကွ၊ တစ်နေ့က မင်း ပြောမယ်ဆိုတဲ့ အင်္ဂလိပ်ရုပ်ရှင် ဇာတ်လမ်းကို လုပ်စမ်းပါဦးလေ"

"ဪ...ဟုတ်ကဲ့၊ ပြောပြပါ့မယ်။ သူ့ဇာတ်လမ်း အစက"

ခင်မောင်ဆွေသည် နိဒါန်းပျိုးလိုက်၏။

ကျော်ဦးသည် သူတို့နှင့် ရောနှောမနေလိုချေ။ သူနေလိုသည် မှာ မူမူသွယ်နှင့် ဖြစ်သည်။ ယခုမှာမူ မူမူသွယ်သည် ကင်းအထပ်ထပ်နှင့် ဖြစ်နေသဖြင့် သူစွာရပေဦးတော့မည်။

ထို့ကြောင့် စကားဝိုင်းမှထကာ အိမ်ရှေ့ပေါက်မှထွက်၍ အိမ်ဘေးဘက်ဆီသို့ စိတ်ကူးမရှိဘဲ ထွက်လာခဲ့လေ၏။ နောက်ဖေး ဘက် မြေတွင်းပိုင်းသို့ ရောက်သောအခါ သူ၏အာရုံသည် တစ်စုံတစ်ခု အတွက် ရုတ်တရက် ကပ်ငြိလာတော့သည်။

မခင်မြင့်သည် ထဘီရင်လျားနှင့် အဝတ်တွေလှန်းနေသည်ကို ကျောဘက်မှ မြင်ရသည်။

ညီညာကျသော အသားလေးသည် စိုပြည်၏။

မြို့သူတွေကဲ့သို့ ပိန်ချည့်ကလေး ဖြစ်မနေ၊ တုတ်တုတ်ခဲခဲ၊ တစ်တစ်ရစ်ရစ်နှင့် နေသည်။ ထဘီကို တင်းတင်းကလေး ဝတ်ထားသဖြင့် ကျောပြင်မှ အသားဆိုင်များသည် ထဘီစပ်တွင် အိရှုံ့နူးညံ့စွာ လျှံထွက်နေသည်။

"အဟမ်း"

ကျော်ဦးက ချောင်းဟန့်လိုက်၏။

နောက်ဆုံးအထည်ကို လှန်းပြီးပြီဖြစ်သော မခင်မြင့်သည် ချာခနဲ လှည့်ကြည့်လိုက်၏။

"ဟင်"

ရှေ့ကကြည့်၍ ပို၍ စိုပြည်လှပ မက်မောစဖွယ်ဖြစ်သော မခင်မြင့်ကို ကြည့်နေသော ကျော်ဦး၏မျက်စိမှာ လည်ပင်းကို စစ်ကားကြီးများ ဖြတ်နင်းခံရသည့် ပုစွန်တုပ်ကို သတိရစေလေသည်။

မခင်မြင့်သည် မျက်နှာကလေး ရဲခနဲနီသွားကာ သံဇလုံကို ကောက်ယူလိုက်ပြီး အိမ်နောက်ဖေးပေါက်ဆီသို့ ခြေလှမ်းလိုက်၏။

"ဒီမှာ မခင်မြင့်၊ ခဏ လာပါဦး"

ကျော်ဦးသည် အငမ်းမရခေါ်လိုက်၍ ခြေကိုလည်း ခပ်သွက်သွက် လှမ်းလိုက်လေသည်။ သို့သော် မခင်မြင့်သည် နောက်သို့ပင် လှည့်မကြည့်တော့ဘဲ အတင်းသုတ်ခြေတင်သွား၏။

ကျော်ဦးကလည်း နင်းကန် အမီလိုက်သည်။

"ကိုယ် ပြောစရာရှိလို့"

ကျော်ဦး အပြောလိုက်တွင် မခင်မြင့်သည် နောက်ဖေးပေါက်ဘဲသို့ ဝင်မိပြီးဖြစ်၏။ ကျော်ဦးသည်လည်း စကားဆုံးသည်နှင့်ပင် အပေါက်ဝသို့ ရောက်၏။ အပေါက်ဝအတွင်းဘက်မှ အပြင်သို့

ပြန်ထွက်လိုက်သော လူရိပ်ကိုမြင်သည်တွင် ကျော်ဦးမှာ ဝမ်းသာခြင်းကြီးစွာဖြင့် ဆီး၍ဖမ်းလိုက်သည်။

"ဒါက ဘာလုပ်တာလဲဗျ"

ရုတ်တရက်ထွက်လာသော လှမင်းသည် ဤသို့ ကျော်ဦးက ဆီးကြို၍ ဖက်လဲတကင်းလုပ်သည်ကို နားမလည်နိုင်အောင် ဖြစ်ရတော့သည်။

ကျော်ဦးသည်လည်း ဖက်လိုက်သော လက်ကိုဖြေ၍ သူ့ရင်ခွင်ထဲရောက်နေသော လှမင်းကို ညင်သာစွာ တွန်းထုတ်ရင်းနောက်သို့ အနည်းငယ် ဆုတ်လိုက်သည်။

"ဪ ... အိမ်ထဲဝင်မယ် အလုပ်မှာ ခလုတ်တိုက်လိုက်တော့ ဟပ်ထိုးကြီးဖြစ်အသွား ခင်ဗျားထွက်လာတာနဲ့ ကျွန်တော် မလဲကျအောင် ခင်ဗျားကို ဖက်လိုက်တာပါပဲဗျာ"

"အင်း ... တော်သေးတာပေါ့လေ။ မဂ္ဂမ်းပုံ ထွက်လာလို့များ ခင်ဗျား မလဲကျအောင်လုပ်တဲ့နည်းနဲ့ တွေ့လိုက်ရင်တော့ ခုဖိနပ်ပဲ ဗျို့"

လှမင်းသည် ပြောပြောဆိုဆိုနှင့် မြံထဲဘက်သို့ ထွက်သွားလေ၏။ ကျော်ဦးလည်း နောက်ဖေးပေါက်ဝမှနေ၍ အိမ်ရှေ့ဘက်သို့ ပြန်သွားရလေတော့သည်။

ဦးထွေး၏ ညဘက် ကင်းစောင့်အရေးဆိုလျှင် ညနေ ခြောက်နာရီမှ ည ကိုးနာရီအထိသည် ခင်မောင်ဆွေ၏ အလှည့်ဖြစ်သည်။

သို့ဖြစ်သောကြောင့် ညနေခြောက်နာရီထိုးရန် ဆယ့်ငါးမိနစ်ခန့်အလိုတွင် ခင်မောင်ဆွေသည် မြံထဲသို့လျှောက်၏။ ဝင်းခြံတံခါးကို သေချာစွာ ပိတ်ထားမထား စစ်ဆေးသည်။ ထို့နောက် ခြံစည်းရိုးကို လျှောက်ကြည့်သည်။ သူ့လက်ထဲတွင် တုတ်ရှည်တစ်ချောင်းကို ကိုင်ထား၏။

တစ်နေရာသို့ရောက်သောအခါ ပန်းပင်များကို ရေလောင်းနေသော မခင်မြင့်ကို တွေ့ရလေသည်။

ညိုရှုံ ပြည့်ဖြိုးသော ပါးပြင်နှစ်ဖက်ပေါ်တွင် ပါးကွက်ထူထူကြီးများသည် ထင်နေ၏။

"ဟင် ... မခင်မြင့်၊ သစ်ပင်တွေ ရေလောင်းတုန်းပဲလား"

"ဟုတ်ကဲ့ ... ပြီးတော့မယ် ကိုခင်မောင်ဆွေ"

"တော်တော်ကြာ မှောင်လာတော့မှာ၊ အိမ်ထဲဝင်တော့"

"ဟုတ်ကဲ့ ... ဒီပန်းကရား တစ်ပုံးကုန်ရင် ပြီးပါပြီ"

ခင်မောင်ဆွေသည် မခင်မြင့် ဖြည်းဖြည်း၊ ဖြည်းဖြည်းနှင့် ရေလိုက်လောင်းရာ ဘေးမှတုတ်ကို ထောင်ဖေးလိုထောက်ရင်း ဖြည်းဖြည်းပင် လိုက်လျှောက်လာလေသည်။

"မခင်မြင့် ခုလို ဒီမှာ လာနေရတော့ တောကို မလွမ်းဘူးလား"

"ခဏနေတာပဲဟာ ...၊ သိပ်တော့ မလွမ်းပါဘူး"

"လွမ်းရမယ့် လူကတော့ ဟိုမှာ ဆွေးလှရောမယ်နော်"

မခင်မြင့်သည် ခပ်တွေတွေကလေး ဖြစ်သွား၏။

"အဖေလည်း ဒီမှာပါလာတာပဲဟာ၊ ဘယ်သူက လွမ်းမှာတဲ့လဲ"

ခင်မောင်ဆွေသည် ပြုံးရယ်လိုက်မိတော့၏။

"မခင်မြင့်ရဲ့ ချစ်တဲ့သူကလေ"

"အို"

မခင်မြင့် မျက်နှာလေးသည် ရဲသွား၏။ သို့သော် ဆည်းဆာ၏ အရောင်တွင်တော့ မပေါ်လွင်လှချေ။ ခဏကြာမှ မခင်မြင့်သည် ညင်သာစွာ ပြောလိုက်၏။

"ကျွန်မမှာ ရည်းစား မရှိပါဘူး"

"ဟာ ... ဝမ်းသာလိုက်တာ"

မခင်မြင့်က သူ့စကားကို အံ့သြသလို မော့ကြည့်လိုက်မိ၏။

"ဘာဖြစ်လို့တုံး"

"ဪ ... ကျော်ဦးအဖို့ ပိုးရလွယ်တာပေါ့"

"တော်ပါ ... ဒီလူ့အကြောင်း မပြောပါနဲ့။ ကျွန်မ မုန်းတယ်"

"တကယ်ပြောတာလား၊ တော်တော်ကြာတော့ ကိုကျော်ဦးရယ် ကျွန်မကို မစိမ်းကားနဲ့လို့ ဖြစ်နေမှာလား"

မခင်မြင့်သည် မျက်စောင်းကို ငိုတော့မလို ထိုးလိုက်သည်။

"ကိုခင်မောင်ဆွေနော်၊ ကျွန်မ စိတ်ဆိုးတယ်"

မခင်မြင့်သည် တကယ်ပင် စိတ်ဆိုးပုံရ၏။ ရေပန်းကရားကိုဆွဲကာ ဆောင့်အောင့်၍ ထွက်သွားသည်။ ခင်မောင်ဆွေကား တစ်နေရာတည်းတွင် လက်ထဲကတုတ်ကို မြေတွင် ထောက်ထား၍ ကိုယ်ကိုမှီထားကာ မခင်မြင့်ကို ကျောဘက်မှကြည့်၍ ပြုံးပြုံးကြီး ကျန်ရစ်ခဲ့လေသည်။

ညဦး ၉ နာရီမှ ၁၂ နာရီ ကင်းအလှည့်ကား လှမင်း၏ အလှည့်ပင်ဖြစ်သတည်း။

ခင်မောင်ဆွေသည် ညွှန်ခန်းကကြည့်လျှင် မြင်ရသော သူ့ခုတင်လေးပေါ်တွင် လှဲလျောင်း၍ စာဖတ်နေ၏။

ညွှန်ခန်းကုလားထိုင်တစ်ခုပေါ်တွင် ဦးဒွေးသည် အိပ်နေ၏။ နောက်တစ်လှည့်သည် သူ့အလှည့် ဖြစ်လေသည်။ အနားတွင် ကျော်ဦးသည် သတင်းစာ ဖတ်နေလေသည်။

ဆယ်နာရီလောက်ရှိသောအခါ ဦးဒွေး နိုးလာ၏။ ခင်မောင်ဆွေလည်း ညွှန်ခန်းကုလားထိုင်တစ်ခုတွင် ဝင်ရောက်ထိုင်လှဲ၏။ မကြာမီပင် ဦးဒွေး၊ ခင်မောင်ဆွေနှင့် ကျော်ဦးတို့ သုံးဦးသားသည် စကားလက်ဆုံကျနေကြလေသည်။

ကုန်ဈေးနှုန်းများ ကြီးမြင့်ခြင်းအကြောင်း၊ လူတိုင်းလူတိုင်းသည် အသိပညာရှိကြဖို့အကြောင်း၊ ယခုခေတ် ကျောင်းသားများ သိပ္ပံပညာ စိတ်ဝင်စားသူများခြင်းအကြောင်း၊ လကမ္ဘာသို့ အမိုလိုဆယ့်တစ်ရောက်ခြင်းအကြောင်း၊ ပိုလိုကစားနည်းအကြောင်း၊ စစ်မဖြစ်မီက ပိုလိုစီးကရက်အကြောင်း၊ ဆေးတံဆေးကြိုက်တာမရှု၍ ဆေးတံ လူသောက်နည်းကြောင်း၊ ဆေးဝါးများ မြန်မာနိုင်ငံတွင် ထုတ်လုပ်နိုင်၍ နိုင်ငံခြားငွေ သက်သာကြောင်း၊ *ယခုအခါ နိုင်ငံခြားသူများ ဂါဝန်တိုတိုနံ့နံ့ ကလေးဝတ်ကြ၍ ပေါင်ပေါ်ကြောင်း၊ သူတို့ ပေါင်သည် မြန်မာမလေးများ၏ ပေါင်လောက်မလှကြောင်း၊ ခြေသလုံးမွေးထူ၍ အသားအရေကြမ်းကြောင်း၊ စသဖြင့်...* စသဖြင့် ကုန်ဈေးနှုန်းမှသည် အမျိုးသမီးများ၏ ပေါင်သို့ရောက်သည်အထိ ကျယ်ပြန့်စွာ ဆွေးနွေးလျက်ရှိကြ၏။

သူတို့စကားများမှာ သိပ်မကျယ်သဖြင့် စာကြည့်ခန်းတွင် ဘာဖတ်နေသော မှူမှူသွယ်အား နှောင့်ယှက်ခြင်းမရှိပေ။

ခင်မောင်ဆွေ၏ ခုတင်ခေါ်ရင်းက ကပ်လျက်အခန်းမှာ မဂ္ဂမ်းပုံနှင့် မခင်မြင့်တို့အိပ်သည့် အခန်းရှိသည်။ နောက်... ထမင်းစားခန်းရှိ၏။

ထိုအခန်းများနှင့် မျက်နှာချင်းဆိုင်တွင် ဧည့်ခန်းပြုလုပ်ထားသည်။ စားပွဲကုလားထိုင်များ နောက်... အပေါ်ထပ်တက်သည့်လှေကား၊ နောက်... ဦးဒွေးနှင့် လှမင်းတို့ အိပ်သည့်အခန်း စသည်ဖြင့် ရှိ၏။

ထိုမျက်နှာချင်းဆိုင် အခန်းများ၏အလယ်တွင် နောက်ဖေးဘက်သို့သွားသည့် စင်္ကြံလမ်းကလေး ရှိလေသည်။

"နောက်ဖေး ထွက်လိုက်ဦးမယ်ဗျာ"

ကျော်ဦးသည် လက်နှစ်ဖက်မြှောက်၍ အညောင်းဆန့်လိုက်ပြီး ပြောပြောဆိုဆိုနှင့် ထသွားလေတော့သည်။

စကြံလမ်းမှရှောင်ထွက်ခဲ့စဉ် စာဖတ်ခန်းနားသို့ ရောက်သော အခါ မျက်စိများက ဖျတ်ခနဲ ရောက်သွား၏။

အခန်းဆီးကြားမှ အထဲတွင် စာဖတ်နေသော မူမူသွယ်ကို မြင်ရလေသည်။ သူ့မျက်နှာမှာ ကြည်လင်သွား၏။

ကင်းလွတ်နေသည်။ ကင်းများ လွတ်နေသည်။

လှမင်းသည် ခြံထဲတွင် တုတ်ရှည်ရှည်နှင့် လျှောက်နေပြီ။

*ဦးဒွေးနှင့် ခင်မောင်ဆွေတို့သည် ကမ္ဘာပေါ်တွင် အလှဆုံး မိန်းမများအကြောင်းကို ပြောနေကြသည်။*

အနှောင့်အယှက် ကင်းပေပြီ။

ထို့ကြောင့်ပင် ဝမ်းသာအားရစွာနှင့် နောက်ဖေးသို့ ဆက် မသွားတော့ဘဲ တစ်ဖက်ခန်းအထဲသို့ လျှောခနဲ အလစ်ဝင်လိုက်လေ သည်။

ဝင်ပေါက်ကို ကျောပေးနေသော မူမူသွယ်သည် ခြေသံလိုလို ကြားမိသဖြင့် ချာခနဲ လှည့်ကြည့်၏။ ကျော်ဦးကို မြင်သောအခါ ကိုယ်ကိုပါ တစ်ခြမ်းလှည့်လိုက်သဖြင့် ကုလားထိုင်ပေါ်တွင် ဘေး တိုက်ထိုင်လျက်သား ဖြစ်သွားလေတော့သည်။

"ဆို ... ကိုကျော်ဦး ဘာကိစ္စ"

ကျော်ဦးသည် ပြုံးလိုက်၏။

သူ့ရင်ထဲတွင် အကြံအပြည့်နှင့် ဖြစ်သည်။

ပြုံးဖြဲဖြဲနှင့်ပင် ချဉ်းကပ်လာ၏။ နီးကပ်လာလေလေ သူ့ မျက်နှာကို ကြည့်နေသော မူမူသွယ်၏ မျက်နှာမှာ မော့ရလေဖြစ်၏။

"မူမူ"

အာခြောက်သံကြီးနှင့် ကျော်ဦးက ခေါ်လိုက်၏။

"ရှင်"

တစ်ထွာလောက် အကွာအဝေးသို့ ရောက်သောအခါ ကျော်ဦး သည် ရပ်တန့်လိုက်၏။ အောက်က မောနေသော မှုမှုသွယ်၏မျက်နှာကို သူ မတ်တတ်ရပ်လျက်ကပင် ငုံ့ကြည့်လိုက်၏။

ဖြူဖွေးပြည့်ဖြိုးသော မျက်နှာလေးပေါ်တွင် နက်မှောင်သော မျက်ခုံးများသည် မျဉ်းသားဘိ၏သို့ တန်းနေသည်။ မျက်ခုံးနှစ်ခုကြား မျက်မှောင်တွင် ကျဲကျဲကလေးပေါက်နေသည့် မျက်ခုံးမွေးကလေးများ သည် မျက်ခုံးနှစ်ခုကိုဆွဲ၍ ဆက်ပေးနေသယောင်ယောင်၊ တင်းကျပ်စွာ စေ့ထားသော်လည်း ရဲတွတ်နေသော နှုတ်ခမ်းထူထူကလေးသည် ပြည့်ဝ စွာ ပွင့်နေသော နှင်းဆီပန်းနှင့်တူသည်။ *အို ... နမ်းရန် အသင့် ကြိုလင့်နေသော နှင်းဆီပန်းနှင့် တူလှတော့သည်။*

ကျော်ဦးသည် ရုတ်တရက် ကိုယ်ကို ကိုင်းလိုက်ရန် ကြိုးစား လိုက်၏။ သို့သော် ယခု မှုမှုသွယ်၏ နောက်ဘက်သို့ရောက်နေပြီ ဖြစ်သော စားပွဲရှေ့ရှိ ပိတ်ထားသည့် မှန်ပြတင်းကို သူ့မျက်စိများက ရောက်သွားကြ၏။ အလကားရောက်သွားခြင်းတော့ မဟုတ်ပါ။ လှုပ်လှုပ်ရွရွ မြင်လိုက်ရသလိုဖြစ်သွား၍ ရောက်သွားရခြင်း ဖြစ်သည်။

ပိတ်ထားသော မှန်ပြတင်း၏အပြင်ဘက်မှ ဖိနှိပ်ကပ်ထား သော လူမင်း၏ ပုံပျက်ပန်းပျက်မျက်နှာကြီးသည် ရုတ်တရက် ပေါ်လာ သည်။

နှာခေါင်းကြီးသည် ပြားနေ၏။ နှုတ်ခမ်းနှစ်ခုမှာ လန်၍ ပြားကပ်နေ၏။ သွားကြီးများသည် ကြောက်မက်ဖွယ် ကြီးနေသယောင် ယောင် ထင်ရသည်။ ကြားထဲက မျက်လုံးကြီးများသည် သူ့ကို ဖြူးကြည့် နေ၏။

ရင်ထဲတွင် ဒိတ်ခနဲဖြစ်သွားသော ကျော်ဦးသည် အားရပါးရ အော်ရန် ပါးစပ်ကို ပြင်လိုက်သည်။

သူ့မျက်နှာကို အကဲခတ်နေသော မူမူသွယ်သည် ကျော်ဦး တစ်စုံတစ်ခုသော အကြောင်းကြောင့် အော်တော့မည်ဟု သိသော ကြောင့် ကပျာကယာထ၍...

"အို ... မအော်နဲ့လေ၊ မေမေတို့ လန့်မယ်"

ဟု ပြောပြောဆိုဆို ပါးစပ်ကို အတင်းပိတ်လေရာ ...

ကျော်ဦးမှာ "အောင် ... ဗူး ... ဝူး ... ဝု"ဟု ဖြစ်သွားလေသည်။

ထိုခဏဝယ် မှန်ပြတင်းမှ လှမင်း၏မျက်နှာသည် ကွယ်ဘိ သည်။

ညှိနှိန်းဆီမှ ခြေသံများကြားရ၍ ဦးဒွေးနှင့် ခင်မောင်ဆွေတို့ ရောက်လာကြတော့သည်။

"ဟဲ ... မူမူ၊ ဒီကောင်ကို ဖိကုပ်ထားတာ နတ်ပြည်ကို တင်မေး မလို့လား။ မကြိုးစားပါနဲ့ဟယ် ... ရမယ် မထင်ပါဘူး"

"အို ... ဦးလေးဒွေးကလဲ သူ အော်တယ်"

ဦးဒွေးသည် မူမူသွယ်၏စကားကိုကြားသောအခါ ခင်မောင်ဆွေ ၏မျက်နှာကို ချာခနဲ လှည့်မိ၏။

"ဟ ... သူ အော်တယ် ဆိုပါကလားကွ"

"ပါးစပ်က အော်သလား မူမူ"

"ဩော် ... ကိုခင်မောင်ဆွေကလဲ ပါးစပ်က အော်တာပေါ့"

"ဒါဖြင့် လေလည်တာ မဟုတ်နိုင်ဘူး"

ကျော်ဦး၏မျက်နှာကြီးသည် မှန်တွင် ဖိမကပ်ပါဘဲလျက် စိတ်ပျက်စရာကောင်းသော ပုံပန်းကို ဆောင်သွားတော့သည်။

"အော်တာပါဗျာ"

"ဘာဖြစ်လို့ အော်တာလဲ"

"အော်ချင်လာလို့ပေါ့"

ဦးခွေး၏မျက်ခုံးများ မြင့်တက်ကုန်တော့သည်။

"နေပါဦးကွ၊ မင်းအော်ရင် မိုးရွာမယ် ဆိုရအောင်လည်း မင်းက ဖားလားကွ။ ဘာဖြစ်မယ်ထင်လို့ အော်ရတာလဲ"

"ဩော် ... အပြင်က ကိုလှမင်း ဖြတ်သွားတာ ရုတ်တရက် လန့်ပြီး အော်မိတော့မလို့၊ မူမူ ကယ်ပေလို့ပေါ့။ နို့မို့ရင် အပေါ် ထပ်က ဒေါ်ဒေါ်တို့ လန့်ကုန်ပြီ"

ကျော်ဦးက စကားကိုဖြတ်၍ လျှောချလိုက်လေ၏။ ခင်မောင် ခွေးကမူ ကျော်ဦးကို သေသေချာချာ ကြည့်လိုက်၏။

"နေပါဦး၊ စောစောက ခင်ဗျားပြောတော့ နောက်ဖေးထွက် မယ်ဆို။ ဘယ့်နှယ် ဒီထဲရောက်နေတာလဲ"

"ဩော် ... နောက်ဖေးထွက်မလို့ပါပဲ။ မီးရောင်တွေ့တာနဲ့ လှည့်ကြည့်တော့ မူမူ စာဖတ်နေတာတွေ့တယ်။ အဲဒါကြောင့် မအိပ် သေးဘူးလားလို့ လာမေးတာပါဗျာ"

ဦးခွေးက ကျော်ဦး၏စကားကို ကျေနပ်ပုံမရ။

"စာဖတ်နေတာ မြင်လျက်သားနဲ့ မအိပ်သေးဘူးလားဆိုတော့ မင့်ဟာက စာဖတ်တာ အိပ်ဖို့ ဖတ်သလိုကြီး ဖြစ်မနေဘူးလားကွ ဟေ"

"ဩော် ... ညဉ့်နက်နေပြီ၊ မအိပ်သေးဘူးလားလို့ မေးတာပါ"

"သူ အိပ်ရင် မင်းက ဘာလုပ်မယ် စိတ်ကူးထားလို့လဲ"

"ဟာ ... နှုတ်ဆက်တာပါဗျာ၊ ဒါပေါ့"

မူမူသွယ်သည် ရုတ်ခြည်း မတ်တတ်ရပ်လိုက်၏။ စားပွဲ ပေါ်က စာအုပ်ကိုပိတ်လိုက်ကာ စာအုပ်ပုံပေါ်တွင် ထပ်၍ တင်လိုက် သည်။

"ကိုင်း ... ထွက်ကြပါတော့၊ မီးပိတ်တော့မယ်။ မူမူလည်း အိပ်ချင်လာပြီ"

မှုမှုသွယ်သည် စားပွဲတင်မီးတိုင်ရင်းရှိ ခလုတ်ပေါ်သို့ လက်ကလေးတင်ရင်း ပြောလိုက်၏။ အားလုံး ကဝိုက်ကရိုက် ထွက်ကုန်ကြရလေတော့သည်။

နောက်နာရီဝက်ခန့် ကြာသောအခါတွင်ကား ကျော်ဦးနှင့် ဒေါ်အေးသာတို့ တူဝရီးသည် သူတို့၏အခန်းထဲတွင် ခေါင်းချင်းရိုက်နေကြတော့သည်။

"ကျွန်တော်တော့ စိတ်ပျက်ပြီ ကြီးတော်ရာ"

"ဟဲ့ ... ယောကျ်ားတို့လုံ့လ သေခါမှ လျှော့ရမယ်တဲ့"

"ဟင် ... ဒါဖြင့် ကျွန်တော် လုံ့လလျှော့ဖို့ဥစ္စာ ပထမ သေရဦးမလို ဖြစ်နေတာပေါ့"

"ဟုတ်သေးပါဘူးဟယ်၊ နင်က ဘာကြောင့် စိတ်ပျက်ရတာလဲ။ ကောင်မလေးက နင့်ကို မချစ်ဘူးလို့ ငြင်းလို့လား"

"ဟာ ... ငြင်းဖို့နေနေသာသာ သူ ဘာမှသိသေးပုံမရဘူး။ သူ့ကိုချစ်ကြောင်း ဖွင့်ပြောဖို့ အခွင့်အရေးကို မရသေးဘူး။ ဒီအိမ်ကလည်း ကင်းတွေ အထပ်ထပ်နဲ့။ ကင်းတွေက ဖိုးဂျမ်းကိုသာ စောင့်တာ မဟုတ်ဘူး၊ မှုမှုနားကိုလည်း ကျွန်တော် မကပ်နိုင်အောင် စောင့်နေကြတာဗျ"

ဒေါ်အေးသာသည် ပြုံးလိုက်သည်။

"လူမလစ်သေးခင်တော့ စောင့်ရမှာပေါ့ကွယ်။ သူတို့ တစ်သက်လုံး ကင်းစောင့်နေနိုင်ကြမှာလား"

"ကျွန်တော်ကတော့ တစ်သက်လုံး အခွင့်အလမ်းရဖို့ စောင့်နေနိုင်မှာလား"

"တယ်လည်း ခက်နေပါလား ကျော်ဦးရယ်၊ လူလစ်တဲ့အခါလည်း ရှိဦးမှာပေါ့။ ချစ်တယ်၊ ကြိုက်တယ် မပြောရသေးပေမဲ့ ကောင်မလေး

စိတ်ညွှတ်လာမယ့် ကိစ္စကလေးတွေ ရှာလုပ်ပြီး နိဒါန်းပျိုးထားပေါ့။ ငါကလည်း မမကြီးကို တွန်းပေးပါ့မယ်"

ကျော်ဦးသည် ဒေါ်အေးသာကို မကျေနပ်သလို မျက်နှာကို ရှုံ့၍ မျက်မှောင်ကုတ်ကြည့်လိုက်လေသည်။

"ကြီးတော်က ဘာတွန်းပေးနေတာလဲ။ ကြေးတွန်းပေးနေတာလား။ ခုထက်ထိ အဘွားကြီးပါးစပ်က ဘာမှ မြည်မလာသေးဘူး"

"ခု မမြည်သေးပေမဲ့ နင် နားထောင်နေ၊ တော်တော်ကြာရင် မြည်လာလိမ့်မယ်"

"ဘာမြည်မှာလဲ"

"ဟောက်မှာလေ ...၊ သူ အိပ်မောကျရင် ဟောက်တတ်တယ်"

"တော်စမ်းပါ ... ကြီးတော်ရာ"

ကျော်ဦးသည် ခေါင်းကို ဗျစ် ... ဗျစ်နှင့်မြည်အောင် ကုတ်လိုက်မိတော့သည်။ မူမူသွယ်ကို *ချစ်ရေးမြူရသည့်ကိစ္စတွင် သူတော်တော် စိတ်ဓာတ်ကျနေပုံရသည်။*

*စိတ်ဓာတ်ဟူသည် အတုံးအခဲသဏ္ဌာန်ရှိလျှင်လည်း ပြန်ကောက်တင်၍ ရကောင်းပါ၏။ ယခုတော့ သဲထဲတွင် ရှာလပတ်ရည်ဖိတ်သည့်နှယ် ပြန်၍ ဆည်းပူးရ ခက်ခဲလှချေ၏တကား။*

■

# ၁၃

## ဖြစ်ရပြန်ပြီ

နောက်နေ့ နေ့လယ်ခင်းတွင် လူစုံတက်စုံ ရှိနေကြသည်။ လှမင်းပင်လျှင် သင်တန်းမှ စောစောပြန်ရောက်၍ ရှိနေ၏။

ဤလိုအချိန်တွင် အိမ်သားအားလုံးသည် ဧည့်ခန်းတွင် ဝိုင်းဖွဲ့စကားပြောလေ့ရှိကြ၏။ မငွေမှုံနှင့် မခင်မြင့်တို့ နှစ်ယောက်သာလျှင် နံနက်စာ စားထားသော ပန်းကန်ခွက်ယောက်များကို ဆေးကြောသိမ်းဆည်းနေကြသဖြင့် နောက်ဖေးဘက်တွင် ရှိကြလေ၏။

"စာ ... ခင်ဗျ ... စာ ... စာ"

ဦးဒွေးသည် ခေါင်းကို ထောင်ကြည့်လိုက်သဖြင့် ခင်မောင်အေးက အူယားဖားယား ပြောလိုက်ရသည်။

"စာတိုက်က စာလာပို့တာပါ"

ဦးဒွေးသည် ခင်မောင်အေးကို မျက်စောင်းကြီး ထိုးလိုက်တော့၏။

"ငါကတော့ ဘာပြောလို့တုံးကွ"

"မသိဘူးလေ၊ ဟိုတစ်ခါတုန်းကလို စာကလေး လာရောင်းတယ် မှတ်နေဦးမှာစိုးလို့ပါ"

"တော်ပါကွာ၊ တစ်ခါသေဖူးရင် ပိတ်ဘယ်လောက်ချောက်လို့ ရတယ်ဆိုတာကို သိပါပြီကွ။ ဟား ... ဟား"

ဦးဒွေး၏စကားပုံကို သဘောကျသွားသဖြင့် လှမင်းကပါလိုက်၍ ရယ်မိလေသည်။

"ဒီလိုတော့လည်း ဦးလေးက ဘယ်ဆိုးလို့တုံး။ မသာကိုယ်စားလှယ် လိုက်ဖူးတယ်ထင်တယ်"

"တော်စမ်းပါ လှမင်းရာ"

မှူမှူသွယ် စာကို ထယူ၍ ပြန်ရောက်လာသဖြင့် အားလုံးငြိမ်သက်သွားကြသည်။ သူတို့၏မျက်လုံးများသည် ပြန်၍ မထိုင်သေးသော မှူမှူသွယ်ကို ကြည့်နေကြ၏။

မှူမှူသွယ်သည် စာအိတ်ပေါ်မှလိပ်စာကို သေချာစွာ ကြည့်နေ၏။

"သမီးရယ် ... ငါ ထိတ်လှပါပြီ။ ဘယ်ကစာတုံး"

"မေမေ့နာမည်နဲ့ လာတဲ့စာပဲ။ ဒီတစ်ခါလည်း လက်နှိပ်စက်နဲ့ ရိုက်ထားတာပဲ"

"ဟင် ... ဒါဖြင့် မြန်မြန်ဖွင့်ဖတ်စမ်းပါ သမီးရယ်"

မှူမှူသွယ်က စာအိတ်ကိုဖောက်နေစဉ် ကျော်ဦးသည် မျက်လုံးပြူး၊ မျက်ဆံပြူးနှင့် ဒေါ်အေးသာကို ကြည့်လိုက်သည်။ ဒေါ်အေးသာကလည်း အံ့အားသင့်သော အမူအရာဖြင့် ကျော်ဦးကို ပြန်ကြည့်၏။

ခင်မောင်ဆွေနှင့် ဦးဒွေးတို့သည် ကုလားထိုင်တွင် ဝင်၍ ထိုင်လိုက်ပြီး စာဖတ်ရန် ပြင်နေသည့် မှူမှူသွယ်ကို ကြည့်နေကြသည်။

လှမင်းသည် ကုလားထိုင်နောက်မှီကို ခေါင်းလှန်တင်၍ ထိုင်နေပြီး ပါးစပ်ထဲက စီးကရက်မီးခိုးများကို အပေါ်သို့ မှုတ်ထုတ်နေသည်။

သာယာသော်လည်း တုန်ယင်သယောင်ယောင် ဖြစ်နေသော မှုမှုသွယ်၏အသံလေးသည် ပေါ်ထွက်လာလေတော့၏။

ဒေါ်စန်းရှင်...

ကျုပ်ဆီက ပထမစာတစ်စောင် ရပြီးပြီလို့ ကျုပ်တပည့်တွေကတစ်ဆင့် ကျုပ် သိရတယ်။

စိတ်မပူပါနဲ့တော့လေ၊ ကျုပ် အကျွတ်တရားရပြီး အခုတော့ အမည်မဖော်လိုတဲ့ ကျောင်းတစ်ကျောင်းမှာ သင်္ကန်းဝတ်နေပြီ။ ခင်ဗျားကို ဒုက္ခမပေးတော့ပါဘူး။

ဖိုးချမ်း

"ဟိုက်ရှော ..."

ခင်မောင်ဆွေက လွတ်ခနဲ အော်လိုက်ရာ အားလုံးသည် သူ့ကို ဝိုင်းကြည့်မိကြလေ၏။ သူ့အောနားက ဦးခွေးက ပို၍ အံ့ဩ၏။

"ဒါက ဘာဖြစ်ရတာတဲ့တုံး"

"ဟင် ... ဖိုးချမ်း အကျွတ်တရားရသွားပြီဆိုတော့ ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ။ အကြောင်းကြောင်းတော့ ဖြစ်ကုန်ပါပြီလေ"

လှမင်းက တည်ငြိမ်သော လေသံဖြင့် ဝင်ပြောလိုက်သည်။

"ဘာဆက်လုပ်ရမလဲဗျ၊ ဒီမှာ လာပြီး စောင့်ရှောက်ကြရတဲ့ လူတွေ ပြန်ကြရုံရှိကြတာပေါ့"

လှမင်း၏စကားကို ကြားလိုက်ရသောအခါတွင် ကျော်ဦးမှာ နေမထိ ထိုင်မသာ လှုပ်လှုပ်ရွရွ ဖြစ်သွားရလေတော့သည်။ သူများအဖို့ အိမ်ပြန်ခြင်းဟူသည် ကိုယ့်အိမ်ကို ပြန်ခြင်းဟုသာလျှင် သာမန်

အဓိပ္ပာယ်ပေါက်ရပေမည်။ သူ့အတွက်သော်ကား အိမ်ပြန်ခြင်းဟူသည် မူမူသွယ်ထံမှ ဆုတ်ခွာလာခဲ့ခြင်းရခြင်း (ဝါ) အိမ်ကြီးနှင့်တကွသော အကွင်းပစ္စည်းများကို လွယ်လွယ်နှင့် ရဖို့အရေးမှ လက်လွှတ်ခဲ့ရခြင်း ဟူ၍ အဓိပ္ပာယ်ပေါက်ချေသည်။

"ဟာ ... ဒီလိုလဲ ဘယ်ဟုတ်မလဲလေ။ ခွေးတောက်မြစ်ကို ကျည်တောက်စွပ်သလို ..."

ကျော်ဦး၏စကားကို ဦးခွေးက ဝင်ပြောသည်။

"ဟကောင်ရ ... ခွေးမြီးကောက်ကို ကျည်တောက်စွပ်ပါကွ။ နင့်ဘိုးအေထဲမှ ခွေးတောက်မြစ်ကို ကျည်တောက်စွပ်ရမှာလား"

"ဟုတ်ကဲ့ ... မှားသွားလို့ပါ၊ ခွေးမြီးကောက်ကို ကျည်တောက် စွပ်ဆိုတာလို လူဆိုးလူမိုက်များဟာ စိတ်မချရပါဘူး။ ပြန်ပြီး မိုက်ချင် မိုက်မှာ။ တစ်လတန်သည် နှစ်လတန်သည်လောက်တော့ စောင့်ကြည့် သင့်သေးတယ် ထင်ပါတယ်လေ"

လှမင်းသည် ကျော်ဦးကိုသာ ကြည့်နေသည်။ ဘာမျှပြန်မပြော ချေ။ ဒေါ်စန်းရှင်ကသာ ဝင်ပြောလေ၏။

"နေတာတော့ နေကြပါဦးလေ။ ငါလည်း ပျော်ပျော်ရွှင် ရွှင်ရှိတာပေါ့။ ဘာပဲပြောပြော ဒီစာရတာတော့ ငါ တော်တော်ဝမ်းသာ တယ်"

မိခင် စိတ်ချမ်းသာသွားသဖြင့် မူမူသွယ်၏မျက်နှာသည်လည်း ကြည်လင်ရွှင်ပျနေလေတော့သည်။

"ကိုင်း ... သွားတော့ကွာ၊ သွားတော့ကွာ"

ဦးခွေးသည် အလန့်တကြားနှင့် ထ၍ ကန်ပစ်လိုက်လေရာ အားလုံး မှာ ဦးခွေး ဘာကိုကန်ပစ်ပါလိမ့်ဟူသော သိလိုစိတ်ဖြင့် ဝိုင်းကြည့်ကြရလေတော့သည်။

ဦးဒွေးကား ကုလားထိုင်ဘေးတွင် ထောင်ထားသော သူ၏ ဒူးလေးကြီးကို အားရပါးရ ကန်ပစ်လိုက်ခြင်း ဖြစ်လေသည်။

"လူဆိုးကြီး ဖိုးဂျမ်းတော်င် အကျွတ်တရားရသွားပြီ။ ငါလည်း မုဆိုးဘဝကျွတ်မှ ကောင်းမယ်ထင်တယ်"

"ဦးလေးရ ... ကျွတ်ရင်လည်း ကွယ်ရာသွားကျွတ်ပါဗျာ။ လူရှေ့သူရှေ့တော့ မကျွတ်ပါနဲ့"

ခင်မောင်ဆွေက ဝင်နှောက်လိုက်ရာ အားလုံး ဝိုင်းရယ်လိုက်ကြ၏။

"တယ် ... ဒီကောင်ဟာ"

ဦးဒွေးက ရယ်ဖြဲဖြဲနှင့် ပြောလိုက်သည်။

သို့သော် မရယ်နိုင်ကြသူ နှစ်ဦးရှိ၏။ သူတို့ကား ကျော်ဦး နှင့် ဒေါ်အေးသာတို့ပင် ဖြစ်ကြလေ၏။

လှမင်းက ကောက်ကာငင်ကာ သတိရသလိုနှင့် ဒေါ်စန်းရှင်ကို လှည့်ကြည့်လိုက်ကာ ...

"ဒီစာကိုရော ရဲစခန်း သွားပြရဦးမလား"

"မလိုပါဘူး ထင်ပါရဲ့ကွယ်"

"ဒါဖြင့်လည်း ပြီးရောပေါ့ ဒေါ်ဒေါ်၊ တော်တော်ကြာ မှုမှုက ကိုခင်မောင်ဆွေကို စိတ်ဆိုးမှာစိုးလို့"

မှုမှုသွယ်က လှမင်းကို မျက်စောင်းထိုးလိုက်သည်။ သို့သော် ဘာမျှမပြော၊ ပြောသူက ခင်မောင်ဆွေဖြစ်သည်။

"ဟာ ... မှုမှုက ကျွန်တော့်ကို ဘယ်တော့မှ စိတ်မဆိုးဘူး။ ဆိုးချင်ဆိုးရင် သူ့ကို ဆိုးမှာ"

ခင်မောင်ဆွေက ပြောပြောဆိုဆိုနှင့် ကျော်ဦးကို လက်ညှိုးညွှန် လိုက်လေရာ ကျော်ဦးက ...

"ဘာဆိုင်လို့လဲဗျ"

"စာလုပြေးတတ်လို့"

လှမင်းသည် မှီထိုင်နေရာမှ ရှေ့သို့ ကိုင်းညွှတ်လိုက်၏။

"ဘာဗျ၊ စာလုတယ်"

"ဟုတ်တယ်၊ အရင် စာတစ်စောင်တုန်းက ကျွန်တော့် လက်ထဲက လုပြေးတယ်"

"ဟာ ... ဒါက ကျွန်တော်ကိုယ်တိုင် သွားပေးချင်လို့ပါဗျာ။ ဝင်ဗျားကရော ကိုလှမင်းကိုကျတော့ လက်ဆင့်ကမ်းလိုက်တယ်"

"ဒါကတော့ သူက ရဲစခန်းကို သွားဖို့ကိစ္စရှိနေတော့ ပေးလိုက်ရတာပါဗျာ"

လှမင်းကတော့ ဘာမှ ဝင်မပြောချေ။ ကျော်ဦးကသာ မကျေမချမ်း ဖြစ်နေသေးသည်။

"ဒီအိမ်မှာ မူမူ့မျက်နှာ လိုချင်ကြသူတွေက သိပ်များတာ"

ဦးဒွေးက ကျော်ဦး၏စကားကို ကြားသောအခါ "ဟင် သူ့မျက်နှာက အပြင်မှောင်ခိုဈေးမှာ ဘယ်ဈေးပေါက်နေလို့တုံး" ဟု ကပျာကယာ ဝင်မေးလိုက်၏။

သို့သော် မူမူသွယ်က တည်ငြိမ်စွာ ဝင်ပြောလိုက်သည်။

"ဒါကတော့ ကိုကျော်ဦး၊ မူမူက အိမ်ရှင် မဟုတ်လား။ ဒီတော့ ဧည့်သည်ဆိုတာ အိမ်ရှင်ကို နှစ်သိမ့်တာ ထုံးစံပေါ့ရှင်"

မူမူသွယ်က ကြားမှဝင်၍ ဖျန်ဖြေရေးစကား ပြောလိုက်သောအခါတွင်မှ အားလုံး ငြိမ်သက်သွားကြလေ၏။

ဧည့်ခန်းဆီမှ လူစုကွဲ၍ လှမင်း၊ မူမူသွယ်နှင့် မခင်မြင့်တို့ သားအဖသည် ခင်မောင်ဆွေ မယ်ဒလင်တီးနေသည်ကို ဝိုင်းနေကြလေသည်။

အပေါ်ထပ်တွင်ကား ကျော်ဦးနှင့် ဒေါ်အေးသာတို့ ခေါင်းချင်းရိုက်ကြပြန်လေ၏။ ပုံနှိပ်း၍ ပြောရသော စကားဖြစ်၍သာ သက်သာတော့သည်။ တကယ်ပင် ခေါင်းချင်းရိုက်မည်ဆိုလျှင် ဖောဓဏာ ရိုက်ပုံမျိုးနှင့်ဆိုသော ဤခေါင်းတွေ ကွဲကုန်ကြပေရော့မည်။

"ဘယ်လိုတွေ ဖြစ်ကုန်သလဲ မသိဘူးနော်"

"ဟုတ်တယ်၊ တော်တော်လည်း စဉ်းစားရကျပ်တာပဲ ကြီးတော်၊ သူ့စာထဲမှာ ပထမ ကျွန်တော်တို့ ရေးလိုက်တဲ့စာရကြောင်းကို သိတယ်လို့ ရေးထားတယ်"

"အဲဒါကို ဘာဖြစ်လို့ သူရေးတာ မဟုတ်ဘူးလို့ မပြောတာလဲ"

"မသိဘူးလေ၊ တစ်ခုခုကို သူစိုးရိမ်လို့ဖြစ်မှာပေါ့။ ဘာပဲဖြစ်ဖြစ်လေ သူကပါ ရောယောင်ပြီး လိုက်လုပ်နေရပုံကိုထောက်တော့ ကျွန်တော်တို့ ကံကောင်းတာပေါ့"

"အေးပေါ့၊ ငါက စာရောက်ရောက်ချင်း တော်တော်လန့်သွားမိတယ်။ ခုတော့ ကံကောင်းတာပေါ့"

"ဟာ ... သေသေချာချာ စဉ်းစားတော့ ကံကောင်းတာမဟုတ်ဘူး။ ကံဆိုးတာ ကြီးတော်ရေ့"

"ဟေ ... ဘာဖြစ်လို့တုံး"

ဒေါ်အေးသာက ဖျတ်ခနဲ ကျော်ဦး၏ မျက်နှာကိုကြည့်လိုက်မိသည်။ **အဘယ့်ကြောင့် ကံကောင်းနေရာက ချက်ချင်း ကံဆိုးသွားရပါနည်းဟု သူ သိချင်နေပုံရသည်။**

"အို ... သူ့စာအလိုဆိုရင် ဒေါ်စန်းရှင်ကို ဒက္ခမပေးတော့ဘူးတဲ့"

ဒေါ်အေးသာသည် တွေဝေသွားတော့သည်။

ဖိုးဂျမ်းက ဒက္ခပေးမည်ဆိုမှ ဒေါ်စန်းရှင် ကြောက်မည်။

ဒေါ်စန်းရှင် ကြောက်ပါမှ မူမူသွယ်နှင့် ကျော်ဦးတို့ နီးစပ်မှု

ရှိမည်။ သို့မှသာ သူတို့တွဲဝရိုးနှစ်ယောက် တစ်သက်သာ အေးရတော့မည်။ ယခုတော့ ...

ဒေါ်အေးသာသည် တက်တစ်ချက် ခေါက်လိုက်သည်။

"တောက် ... ဒီဖိုးချမ်းကလည်း ဘာဖြစ်လို့ ဘုန်းကြီးဝတ်သွားရသလဲ မသိဘူး"

"သူ ဘာကြောင့်ဝတ်ဝတ် သူ သက်န်းဝတ်နေသရွေ့ ကျွန်တော်တို့အဖို့ အနုတ်လက္ခဏာ ပြနေတယ်"

"ဘယ်ဆရာဆီမှာ သူက လက္ခဏာ သွားပြတာတဲ့လဲ"

"အို ... ကြီးတော်ကလည်း သူ သက်န်းဝတ်တာ ကျွန်တော်တို့အတွက် မကောင်းဘူးလို့ ပြောတာ"

ကျော်ဦးသည် နှုတ်ခမ်းကြီးကိုကိုက်ကာ တစ်ဖက်သို့လှည့်၍ ငေးနေလေသည်။ ကျိတ်မနိုင် ခဲမရ ဖြစ်နေပုံရ၏။

"ငါတော့ဟယ် စာတစ်စောင် ထပ်ရေးချင်တယ်"

"ဘယ်သူ့ဆီကိုလဲ၊ ဖိုးချမ်းဆီကိုလား"

"အို ... ဘယ်က ဟုတ်ရမှာလဲ၊ ငါက ဘာကြောင့် ဖိုးချမ်းဆီ စာရေးရမှာလဲ။ သူက ငါ့ရည်းစားမှ မဟုတ်တာ"

"ဒါဖြင့် ကြီးတော်က ဘယ်သူ့ဆီ စာရေးချင်တာလဲ။ ကြီးတော်ရဲ့ ရည်းစားကလည်း ဒီလူလား"

"တယ် ... ဒီကောင်ဟာ၊ မမကြီးဆီကို ဖိုးချမ်းအနေနဲ့ စာထပ်ရေးချင်တယ်"

"ဗျာ ... ဖြစ်ပါ့မလား၊ တော်တော်ကြာ သူက မဟုတ်ဘူးလို့ ငြင်းလိုက်ရင် ဘယ်နှယ့်လုပ်မလဲ"

"ငါ့စိတ်ထင်တော့ ငြင်းမယ်လို့ မထင်ဘူး။ ပထမစာတုန်းကတောင် ရောယောင်လိုက်ရသေးတာ။ ခုစာလည်း ဒီလိုပဲ လိုက်မှာပေါ့။

သူ့စာကို ရဲကိုပြတယ်ဆိုတော့ ရဲက မဲလိုက်မှာစိုးလို့ လမ်းလွှဲတာဖြစ်မှာပေါ့"

ကျော်ဦးက သူ၏စကားအဓိပ္ပာယ် ပေါက်သွားသဖြင့် ဒေါ်အေးသာ၏မျက်နှာမှာ ကျေနပ်သလို ရွှင်လန်းသွားသည်။

"အေး ... ဒါပေါ့ဟဲ့၊ ဘာပဲဖြစ်ဖြစ်လေ ဖိုးကျမ်း ဘာဖြစ်ဖြစ် မမကြီးတို့ကတော့ တို့မှန်းသိမှာ မဟုတ်ပါဘူး"

"ဒါဖြင့် ဘာအကြောင်းကို ရေးမှာလဲ"

"ကြောက်စရာ ခြိမ်းခြောက်ရမှာပေါ့"

"ကျွန်တော်ကတော့ တစ်ခါတည်း ကိစ္စပြတ်အောင် ရေးလိုက်ချင်တယ်"

ကျော်ဦး၏စကားကို ကြားရသောအခါ ဒေါ်အေးသာမှာ မျက်လုံးမျက်ဆန်ပြူးကုန်လေ၏။

"ဟယ် ... ဒီလိုတော့ မလုပ်လိုက်နဲ့လေ၊ ဒေါ်စန်းရှင်ကြီးကိစ္စ ပြီးသွားလို့ မဖြစ်သေးဘူး။ တို့ဘက်က စိတ်ချရမှ သူ့ကိစ္စပြီးရင် ပြီးပါစေ"

"ဘာလဲ ကြီးတော်ရဲ၊ ကျွန်တော်ပြောတာက ကျွန်တော်တို့ရဲ့ ကိစ္စကို ပြီးပြတ်သွားအောင် ရေးမယ်လို့ ပြောတာပါ"

"ဟယ် ... နင်တို့ချင်း ပြတ်ကုန်အောင် ရေးဖို့က သာပြီးမဖြစ်သေးတာပေါ့ ဟယ်"

"အို ... ကြီးတော်ကလည်း တော်တော် နားဝေးတယ်"

"အောင်မယ် ... နင်ကများ ပြောရသေးတယ်။ နင်သာ ဒုန်းဝေးတာ"

"ကျွန်တော်ပြောတာက ဖိုးကျမ်းအနေနဲ့ ရေးမယ်။ သူ့သမီးကို ကျော်ဦးနဲ့ မပေးစားရင် သတ်မယ်လို့ ရေးလိုက်မယ်ပြောတာ"

"အောင်မာ ... အောင်မာ ... တော်တော်ဉာဏ်သွားတဲ့ ဥာဏ်

သွား တဲ့၊ ဉာဏ်တွေသွားကုန်လို့ နင်တစ်ယောက်တည်းပဲ ကျန်ခဲ့တာ။ နင်က ဒီလိုရေးတော့ ဘယ်မှာ ယုတ္တိရှိတော့မှာလဲ။ ဒီအိမ်မှာ ဒေါ်စန်းရှင်တစ်ယောက်တည်း ရှိတယ်မှတ်သလား"

"ဟာ ... ကြီးတော်ကလည်း ဒေါ်စန်းရှင်ဟာ တစ်ယောက်တည်းပေါ့။ ကျန်တဲ့လူတွေက ဘယ်သူမှ ဒေါ်စန်းရှင်လို့ မှည့်ထားတာမှ မဟုတ်တာ"

"ဟဲ့ ... ငါပြောတာက တခြားသူတွေ ရှိသေးတယ်လို့ပြောတာ။ ဒီတော့ နင်လုပ်ပုံကို ဒေါ်စန်းရှင်က မရိပ်မိဘူးထားဦး၊ ကျန်တဲ့ လူတွေက ဒက်ခနဲ သိတော့မပေါ့။ ဖိုးဂျမ်းက နင့်ယောက်ဖမို့ မှုမှုကို နင်နဲ့ရအောင် စေတနာရှိတာလားဟဲ့"

"အာ ... ဟုတ်သားပဲ၊ ကျွန်တော်က စိတ်သိပ်စောသွားတာကိုး"

"အဲဒီတော့ သက်နံးဝတ်သွားပြီဆိုလို့ စိတ်အေးသွားတဲ့ မကြီးကို ရင်ထဲမှာ ပြန်ပြီးပူလာအောင် လုပ်ပေးရမယ်"

"ရေနွေးဆူဆူကို မြန်မြန် သောက်နိုင်းလိုက်ရမလား"

"တယ်လေ"

"ဩော် ... သိပြီ၊ မီးသွေးမီးဖိုပေါ်ကို ဖင်ထိုင်လျက်ကျသွားအောင် ရင်ဘတ်ကို တွန်းပေးလိုက်ရမယ် ဆိုပါတော့"

"ခွေးကောင် ..."

ဒေါ်အေးသာသည် စိတ်ပေါက်ပေါက်နှင့် ကျော်ဦး၏ထိပ်ကို ခေါက်လိုက်ရာ ဒေါင်ခနဲ ဖက်ပုသွားလေတော့၏။

ကျော်ဦးသည် အသာထိုင်လိုက်၍ ဒေါ်အေးသာ လိုသလို စာကို ရေးလိုက်လေတော့သည်။

■

# ၁၄

## ရှုံ့ချည် နှပ်ချည်

သာယာသော်လည်း တုန်တုန်ယင်ယင်ဖြစ်နေသော မှုမှုသွယ် ၏အသံသည် ပေါ်ထွက်လာလေ၏။

**ဒေါစန်းရှင်...**

ကျုပ် လူပြန်ထွက်လိုက်ပြီ။

ခင်ဗျားကို ဘယ်တော့မှမကျေဘူးမှတ်ပါ။

ဆက်ဆက် ပြန်လာခဲ့မယ်။ ကျုပ် ဆက်

ဆက် ပြန်လာခဲ့မယ်။ သတိသာ ထားပေတော့။

**ဖိုးချမ်း**

*အားလုံး ငိုင်သွားကြသည်။*

"ဟယ်"

ဦးခွေးသည် လွှတ်ခနဲ အော်လိုက်ကာ ကုလားထိုင်မှ ဝုန်းခနဲ

ခုန်ထလိုက်ပြီးလျှင် နောက်ဖေးဘက်ဆီသို့ ထပြေးလေ၏။ ငိုင်၍ တွေဝေနေကြသော ပရိသတ်မှာ ဦးခွေး၏ ရုတ်တရက် ပြုမူလိုက်သော အလန့်တကြား အပြုအမူကြောင့် ထိတ်လန့်ကုန်ကြရတော့သည်။

ဘာမပြော ညာမပြောနှင့် ဦးခွေး၏နောက်သို့ ထလိုက်သော ခင်မောင်ဆွေကို "ဟဲ့ ... လုပ်ကြပါဦး" ဟု အော်ကာ ဒေါ်စန်းရှင်က လှမ်းဆွဲလိုက်ရာ လူကိုမဖမ်းမိဘဲ ပုဆိုးကြီးကိုသာ ဆွဲလိုက်မိသဖြင့် ခင်မောင်ဆွေသည် သူ့ပုဆိုးကို သူ အတင်းပြန်ဆွဲရုန်းနေသည်။

ထိုင်ရာမှ ရုတ်တရက် မတ်တတ်ရပ်လိုက်သော လှမင်းကို မူမူသွယ်က ကြောက်ကြောက်နှင့်လှမ်းဖက်လိုက်ရာ လှမင်းမှာ အငိုက် မိသွားသဖြင့် ကိုယ်ကိုမဟန်နိုင်တော့ဘဲ ယိမ်းထိုးသွားကာ အနားမှာ ထိုင်နေသော ဒေါ်အေးသာ၏ပေါင်ပေါ်သို့ နှစ်ယောက်သား ထွေးလုံး ကျသွားလေတော့သည်။

"သေပါပြီတော်"

ဒေါ်အေးသာ၏ ဆတ်ခနဲ တွန်း၍အော်လိုက်သံ ထွက်ပေါ် လာရလေတော့သည်။

ဦးခွေးကား ခုတင်အောက်တွင် ပစ်ထားသော သူ့ဒူးလေးကြီးကို ပြန်ထုတ်လာကာ အေးအေးဆေးဆေးပင် အဝတ်စုတ်ဖြင့် ဖုန်များ သုတ် နေလေ၏။

ဤတွင်မှ စောစောက လန့်ဖျပ်ကုန်သူတို့ရှက်ရှက်နှင့် ပြန်၍ ဣန္ဒြေဆည်ကြရတော့သည်။

မူမူသွယ် ပြန်ထလိုက်မှ လှမင်း ထနိုင်၏။ လှမင်း ထနိုင်မှ ဒေါ်အေးသာသည် မျက်နှာကြီး ရှုံ့လျက်က သူ့ပေါင်ကို ပွတ်နိုင်လေ သည်။

ဒေါ်စန်းရှင်က လွှတ်လိုက်မှ ခင်မောင်ဆွေလည်း ပုဆိုးကို

ကောင်းကောင်း ပြန်ဝတ်နိုင်၏။ ကျော်ဦးလည်း ပြုံးဖြီဖြီနှင့် ကုလားထိုင်အောက်မှ ထွက်လာသည်။

လှမင်းက ခပ်တည်တည်နှင့် ဟောက်လိုက်သည်။

"ဘယ်လို ဖြစ်ကုန်ကြတာလဲ"

ခင်မောင်ဆွေက မကျေနပ်သံနှင့် ပြန်ဖြေ၏။

"မသိဘူးလေ၊ ဦးလေးဒွေးက အော်ပြေးတော့ ကျွန်တော်က သူ့နောက်ကို ထအလိုက်မှာ ဒေါ်ဒေါ်က ပုဆိုးဆွဲချွတ်လိုက်တာပဲ"

"ဟယ် ... ငါကလည်း ငါ့ကို ဝစ်မထားကြပါနဲ့ဆိုပြီး ဖမ်းလိုက်ရတာဟယ်"

လှမင်းက မှုမှုသွယ်ကို မျက်စောင်းနှင့် ကြည့်လိုက်၏။

"အမိကရော ... ဘာဖြစ်လို့ ကိုယ့်ကို ဖက်လှဲရတာလဲ"

"အို ... ဘယ်က ဖက်လှဲရတာ ဟုတ်ရမှာလဲ။ ကြောက်ကြောက်နဲ့ လှမ်းဖက်လိုက်တာ။ ကိုလှမင်းက ဒေါ်ဒေါ်ပေါင်ပေါ် သွားထိုင်တာကိုး"

"ဟာ ... ကြဲကြဲဖန်ဖန် ဘယ်က သွားထိုင်ရမှာလဲ။ အရှိန်လွန်ပြီး ကျသွားတာပါ"

လှမင်းက အကြောက်အကန် ငြင်းလိုက်ရသည်။

ဘယ်သူမှ သတိမပြုမိခင် ကုလားထိုင်အောက်မှ ထွက်၍ ဣန္ဒြေရရ ထိုင်နေသော ကျော်ဦးက ဝင်ပြော၏။

"တယ်လည်း ကြောက်တတ်ကြတာကိုး"

အားလုံးမှာ အောင့်သက်သက် ဖြစ်သွားကြသည်။ သို့သော် ဒူးလေးကို အေးအေးဆေးဆေး ဖုန်သုတ်နေသော ဦးဒွေးက ပြန်ဖြေ၏။

"ဩော် ... ပြောရှာတယ်၊ ကုလားထိုင်အောက်က လေးဖက်ထောက်ထွက်လာတဲ့ကောင်က ပြောရှာတယ်"

"ဒါကတော့ ရန်သူလာရင် အသင့်ဖြစ်အောင် နေရာယူတာပါ"

"ဟာ ... နေပါစေ ကိုကျော်ဦး၊ နေရာရှာလို့ ကိစ္စမရှိပါဘူး"

ခင်မောင်ဆွေက ခပ်သွက်သွက်ပင် ဝင်၍ပြောလိုက်ရာ လူငယ်များက ဗိုင်းရယ်မိကြသည်။

ဒေါ်စန်းရှင်က စကားဖြင့် ဝင်၍ဖြတ်လိုက်သည်။

"ဖိုးဂျမ်းကလည်း ဘယ်လိုပါလိမ့်နော်။ ရှုံ့ချည် နှပ်ချည်နဲ့"

ကျော်ဦးက သွက်သွက်လက်လက်ပင် ဝင်ထောက်သည်။

"ဒါပေါ့ ဒေါ်ဒေါ်ရဲ့၊ လူမိုက်ဆိုတာ ဆေးမရှိဘူး။ ကျွန်တော်ပြောသလိုပေါ့ ခွေးတောက်မြစ်"

"အဟမ်း"

ဦးခွေးက ချောင်းဟန့်လိုက်သဖြင့် ကျော်ဦးသည် ဦးခွေးကို တစ်ချက်ကြည့်ပြီးမှ ပြန်လှည့်လိုက်သည်။

"ဟဲ့ကောင် ... မပြောတတ်လည်း မပြောပါနဲ့ကွာ၊ ခွေးမြီးကောက်ကို ကျည်တောက်စွပ်တာပါ"

"ဟုတ်ကဲ့ ... ခွေးမြီးကောက် ကျည်တောက်စွပ်သလိုပဲပေါ့။ ဒီတော့ တစ်နေ့မှာ ပြန်ဆိုးတာပဲလေ"

ဒေါ်စန်းရှင်မှာ မျက်နှာညိုးငယ်စွာနှင့် "ငါတော့ သိပ်စိတ်ညစ်တာပဲ" ဟုပြော၍ ထထွက်သွားရာ ဒေါ်အေးသာမှာ နောက်က လိုက်သွားလေတော့သည်။

လှမင်းသည် မှုမှုသွယ်၏ လက်ထဲမှ စာရွက်ကလေးကို ယူဖတ်လိုက်ပြီးနောက် တစ်ချက် ပြုံးလိုက်လေသည်။ လှမင်း၏မျက်နှာကို ငေး၍ အကဲခတ်နေသော မှုမှုသွယ်မှာ လှမင်း ပြုံးလိုက်သည်ကို မြင်သောအခါ စိတ်ထဲတွင် စုသွားမိလေတော့သည်။

သူ ချစ်လှစွာသော *မိခင်ကြီး၏စိတ်ကို* မပေမရေသော်

လည်း ညစ်စေသော ဤစာကို လှမင်းက ဖတ်ပြီး ကြည်နူးနေပါသတဲ့။

မှုမှုသွယ်သည် မျက်ရည်ကလေးများ ဝိုင်းလာအောင်ပင် စိတ်ထဲတွင် ဒေါသကလေး ဖြစ်ပေါ်လာလေသည်။

"ကိုလှမင်းက ရယ်စရာမှတ်လို့ ပြုံးသလား ဟင်"

မှုမှုသွယ်၏မေးခွန်းကို လှမင်းက ပြန်မဖြေခင်အတွင်း ဒူးလေးကြီးကို သနေသော ဦးဒွေးက ဝင်ဖြေပေး၏။

"ပြုံးတာတော့ ဟုတ်မယ် မထင်ပါဘူးကွယ်။ ပါးစပ်ညောင်းလို့ ခြေဆင်းတာနဲ့ တူပါတယ်"

ဦးဒွေး၏စကားကို မှုမှုသွယ် အရေးမစိုက်နိုင်။ ခါတိုင်းဆိုလျှင် မှုမှုသွယ်သည် ပျော်ပျော်ပါးပါးနေတတ်၏။ ယခုတွင်ကား မိခင်ကို သနားနေသောစိတ်ဖြင့် လှမင်းကို မဲ၍ စိတ်ဆိုးမိသည်။

"ကိုလှမင်း၊ ရှင် နေရင်းထိုင်ရင်းက နားပင်းသွားပြီလား"

"ကိုယ် ကြားပါတယ်"

"မေမေ့ကို စိတ်ညစ်အောင်လုပ်တဲ့စာကို ရှင်ဖတ်ရတာ ပျော်သပေါ့ ဟင်"

"ဒေါ်ဒေါ်ကို စိတ်ညစ်အောင်လုပ်လို့ ပြုံးတာမဟုတ်ပါဘူး မှုမှု၊ ကိုယ့်မျက်စိထဲမှာ ပြန်လာမယ်ဆိုတဲ့ ဖိုးဂျမ်းဟာ ခေါင်းတုံးကြီး ဖြစ်နေမှာပဲလို့ တွေးမိလို့ပါ"

ဤတွင် ခင်မောင်ဆွေက စိတ်မရှည်သလို ဝင်ညည်းညူလိုက်၏။

"ဪ ... ဘုန်းကြီး လူထွက်ပါဆိုမှ ခေါင်းတုံးကြီးမဖြစ်ဘဲ ဆံပျောင်တစ်စောင်းကလေးနဲ့ မြင်းညိုကြီး စီးလာမယ်လို့ ခင်ဗျားက ထင်နေသလားဗျ။ ဒါ စိတ္တဇဝတ္ထုလမ်း မဟုတ်ဘူးဗျို့"

မှုမှုသွယ်ကမူ အေးက စကားတွေကို လုံးဝ ဂရုမစိုက်နိုင်။ လှမင်းကိုသာ တောက်ပြောင်သော မျက်လုံးများနှင့် ကြည့်နေသည်။

"ကိုလှမင်း ရှင် ရောက်လာခါစက မှုမှုတို့အပေါ်မှာ စေတနာ ထားတယ်လို့ မှုမှု ယုံကြည်ခဲ့တယ်။ အခုတော့ တက်တက်စင်လွဲပြီ။ ရှင့်ကြည့်ရတာ စိုးရိမ်စိတ်တစ်စက်မှ မရှိဘူး။ ရှင်တော်တော် ရက်စက် တယ်။ တကယ်ဆိုရင် ဖေဖေဟာ ရှင့်အဖေရဲ့သူငယ်ချင်းပါ။ ရှင့်မှာ ခင်တွယ်တဲ့စိတ် နည်းနည်းမှမရှိတော့ဘူးလား။

လှမင်းကား ခေါင်းငုံ့၍ မှုမှုသွယ် ပြောနေသမျှကို နားထောင် နေသည်။ ပြန်ချေဖို့ရန် စဉ်းစားနေပုံမရ၊ မှုမှုသွယ်၏ အရှိန်ကုန်အောင် စောင့်နေသလို ပုံပန်းမျိုးရှိလေသည်။

ကျော်ဦးက ဝင်၍ မှုမှုသွယ်ကို ဖျောင်းဖျ၏။

"သည်းခံပါ မှုမှုရယ်၊ သံယောဇဉ်ဆိုတာ လူတိုင်းမှာရှိတာ မဟုတ်ဘူး။ တချို့က ဒီလိုပဲ အေးစက်စက် ဖြစ်တတ်ပါတယ်"

လှမင်းသည် ကျော်ဦးကို ဆတ်ခနဲ မော့ကြည့်လိုက်၏။

"ကိုကျော်ဦး၊ ခင်ဗျား အထိုးမခံချင်ရင် တိတ်တိတ်နေ"

လှမင်းက ခပ်တည်တည် ဟောက်လိုက်ရာ ကျော်ဦးမှာ ကုပ် သွားး၏။

မှုမှုသွယ်သည် လက်သီးလေးဆုပ်ကာ မတ်တတ်ရပ်၍ လှမင်း ကို ရင်ဆိုင်လိုက်လေသည်။ သူ့မျက်လုံးလေးမှာ ဖိတ်ဖိတ်တောက် နေ၏။ သို့သော် *ပါးစပ်မှာ ပြုံး၍နေသော ပါးစပ်မဟုတ်သဖြင့် မျက်လုံးနှင့် မလိုက်ချေ။*

"ရှင် ဘာမှ ကိုကျော်ဦးကို မာန်မဲနေစရာ မလိုဘူး။ ကိုကျော် ဦးဟာ မှုမှုအပေါ်မှာ စေတနာအပြည့်ရှိတယ်။ အို ... တခြားလူတွေဟာ တော်ကြပါတယ်။ ရှင်က အကြင်နာစိတ် ကင်းတဲ့သူ"

"ဒီမှာ မူမူ၊ သူတို့က ဒီကိုရောက်လာတာ စောင့်ရှောက်ဖို့ ရည်ရွယ်ချက်နဲ့ လာနေကြတာပဲဟာ"

"သြော် ... ရှင်ကတော့ သက်သက်စော်ကားဖို့ လာနေတာပေါ့။ ကိုလှမင်း တော်တော့၊ မူမူ ရှင်နဲ့ စကားမပြောလိုတော့ဘူး"

မူမူသွယ်သည် စာဖတ်ခန်းထဲသို့ ထွက်သွားလေ၏။

လှမင်းသည်လည်း ဘာမျှမပြောတော့ဘဲ မြို့ထဲဆီသို့ ထွက်လာခဲ့လေတော့ရာ ကျန်ရစ်သူများလည်း ကိုယ့်နေရာတွင် ကိုယ် ကုပ်၍ ကျန်ရစ်ခဲ့ကြလေတော့သည်။

ဒေါ်အေးသာကား ဒေါ်စန်းရှင်နားတွင် ကပ်၍ တွန်းနေ၏။

"မမကြီးက ဖြည်းဖြည်းလုပ်နေတော့ ခက်တာပေါ့။ ဖိုးဂျမ်းရန်ကလည်း တစ်နေ့ရွှေ တစ်နေ့ငွေ ဖြစ်နေတယ်။ ဒီတော့ မူမူနဲ့ ကျော်ဦး ကိစ္စကို မြန်မြန်ကိုင်မှ တော်မယ်ထင်တာပဲ"

ပြောလိုက်ပြီးသော် ဒေါ်အေးသာသည် ဒေါ်စန်းရှင်၏မျက်နှာကို အကဲခတ်လိုက်၏။

ဒေါ်စန်းရှင်မှာ တွေတွေကလေး ဖြစ်သွားလေသည်။

"အေးကွယ်၊ ငါက သမီးကို တိုင်ပင်မယ်ဆိုပြီး မတိုင်ပင်ဖြစ်သေးဘူး။ ကောင်းပြီလေ ... တိုင်ပင်ဦးမယ်"

"မြန်မြန်တိုင်ပင်ပါ မမကြီးရယ်။ ဖိုးဂျမ်းရန်ကလည်း ရှိသေးတာ"

"ဖိုးဂျမ်းရန် မရှိဘူးဘဲထားဦးတော့ သူ့အဖေကြီးမရှိတော့ဘူးဆိုတော့ အားကိုးအားထား လိုတာပေါ့လေ"

"ဟုတ်တာပေါ့ မမကြီးရဲ့၊ ကျွန်မ မမကြီးတို့အကျိုးကို လိုလားလွန်းလို့ ရင်ထဲမှာ ပူနေရတာပဲ မမကြီးရယ်"

"အင်းလေ ... ညည်းဟာ ငါ့ယောက်မဆိုပေမဲ့ ညီမအရင်းလိုပဲ

ငါ့ကိုခင်မှန်း ငါသိပါတယ်လေ။ ငါလည်း ဒီနေ့ပဲ သမီးကို တိုင်ပင် ပါ့မယ်။ တိုင်ပင်တာမဟုတ်ပါဘူးလေ တကယ်ဆိုတော့ မိဘစကားကို နားထောင်တဲ့သမီးပဲ။ အသိပေးတာဆိုတာက ပိုမှန်တာပေါ့။ ဒီနေ့ ညကျရင် လူစုံတက်စုံရှိတုန်း အားလုံးရှေ့မှာ ငါက မှုမှုနဲ့ မောင်ကျော်ဦး တို့ စေ့စပ်ကြောင်း ကြေညာလိုက်မယ်လေ မကောင်းဘူးလား"

"သိပ်ကောင်းတာပေါ့ မမကြီးရယ်၊ အားလုံးလည်း ပျော်ကုန် မှာပေါ့။ ကျော်ဦးကလည်း စောင့်ရှောက်တဲ့နေရာမှာ ပိုင်ပိုင်နိုင်နိုင် ရှိတာပေါ့။ နောက်ပြီး ခင်မောင်ဆွေလည်း မြန်မြန် ပြန်ရတာပေါ့"

"အို ... ဖိုးဂျမ်းရန် မအေးသေးတော့ မောင်ခင်မောင်ဆွေတော့ မပြန်စေချင်သေးပါဘူးလေ"

ဒေါ်အေးသာက မောင်ခင်မောင်ဆွေကို ပြန်စေချင်ပါသည်။ သို့သော် ယခုကဲ့သို့ ချက်ချင်းမပြန်စေသေးကြောင်း ကြားသိရသော် လည်း မိမိတို့ဘက်မှ တော်တော်ပင် ပိုင်နေပြီဖြစ်သောကြောင့် ကျေနပ် စရာအပြည့် ရှိပါသည်။ ထို့ကြောင့်ပင် သူ့မျက်နှာကြီးသည် အားရပါးရ ပြုံးနေတော့၏။

*"ကြက်ဥအရောင် တိမ်တောင်သဖွယ် မင်းရေးကျယ်"* ဟု ဆိုရိုးစကားရှိသော်လည်း မင်းရေးသာကျယ်သည်မဟုတ်၊ အိမ်တွင်းရေးသည်လည်း ထိုနည်းတူစွာ ကျယ်ရပါတော့သည်။

ညနေစောင်းတွင် လှမင်းမှလွဲ၍ အခြားသူများရှိနေစဉ်တွင် သံကြိုးစာတစ်စောင် ရောက်ရှိလာတော့သည်။

ဖွင့်၍ဖတ်နေသော မှုမှုသွယ်၏လက်သည် တုန်ယင်နေ၏။ ဝိုင်း၍ အာရုံစိုက်နေကြသူများ၏ နှလုံးတို့သည်လည်း ခုန်နေကြ၏။ သံကြိုးစာကား ဒေါ်စန်းရှင်၏အမည်နှင့်လာခြင်း ဖြစ်ပေသည်။

ဖိုးဂျမ်းဆုံးပြီ။

တပည့်တစ်ဦး

"အို ... ဝမ်းသာလိုက်တာ"

ဒေါ်စန်းရှင်၏နှုတ်မှ ပထမဆုံး စကားသံသည် လွှတ်ခနဲ ထွက်ပေါ်လာတော့သည်။

"သွားပေရော့ကွ၊ ကင်းတွေလည်း ဖြုတ်ပြီ"

ဒုတိယကား ဦးဒွေး၏စကားသံ ဖြစ်၏။ ဒူးလေးကြိုးကို ထချ ကန်ပစ်လိုက်သည်။

စိတ်သောကရောက်သွားသော ကျော်ဦးမှာ လွှတ်ခနဲပြောလိုက် မိ၏။

"အို ... ပြန်ရှင်ချင် ရှင်လာမှာ"

"ဘာလဲ ...၊ ခင်ဗျားက ဖိုးဂျမ်းကို ဖုတ်သွင်းချင်လို့လား"

ခင်မောင်ဆွေက ကြိမ်းမောင်းလိုက်မှ ကျော်ဦးမှာ သတိရသွား ကာ ...

"ဩော် ... စိုးရိမ်စိတ်ကြီးလို့ ပြောမိတာပါဗျာ" ဟု တောင်းပန် လိုက်ရလေ၏။

"ရှင်ထဲမှာ အေးသွားတာပဲ"

ဒေါ်စန်းရှင်သည် ပြုံးရွှင်စွာ ထချထွက်သွားလေသည်။

ဒေါ်အေးသာသည်လည်း မျက်ရိပ်ပြကာ ပန်းခြံထဲထွက် သွားသဖြင့် ကျော်ဦးလည်း ဒေါ်အေးသာ၏နောက်သို့ လိုက်သွားလေ သည်။

ကုလားထိုင်များတွင် မူမူသွယ်၊ ဦးဒွေးနှင့် ခင်မောင်ဆွေတို့သာ ကျန်ရစ်ခဲ့ကြလေသည်။

ခင်မောင်ဆွေသည် ဦးခေါင်းကို ဖျစ်ဖျစ်နှင့်မြည်အောင် ကုတ်မိလေတော့သည်။

ဦးဒွေးသည် ခင်မောင်ဆွေကို မျက်နှာကြီး ရှုံ့မဲ့ကြည့်လိုက်ရင်း ...

"ခေါင်းလျှော်ပါလားကွာ၊ ဒါလောက်တောင် ဘောက်တွေပေါ်နေရင်လဲ"

"ဘယ်က ဘောက်ရှိလို့ ခေါင်းကုတ်တာ ဟုတ်ရမှာလဲ ဦးလေးရဲ့"

"ဒါဖြင့်ရင် မင်း အခုဟာက ဘာလုပ်တာတုံးကွ။ မင့် ခေါင်းကို မင်း အခြောက်လျှော်နေတာလား ဟေ"

"မဟုတ်ပါဘူးလေ၊ အတွေးရကျပ်ပြီး ဦးနှောက်ခြောက်လွန်းလို့ပါ။ ဖိုးဂျမ်းရဲ့တပည့်က ဘာဖြစ်လို့ ဒေါ်ဒေါ်ဆီကို ဖိုးဂျမ်းဆုံးတဲ့အကြောင်း သံကြိုးရိုက်ရမှာလဲ။ ဆွေမျိုးသားချင်းလည်း မဟုတ်ဘူး"

မှုမှုသွယ်ကလည်း တွေတွေကလေးဖြစ်နေရာမှ ပြန်ပြော၏။

"ဟုတ်သားပဲ၊ ဖိုးဂျမ်းဆုံးတာ ဘာမှအကြောင်းကြားစရာမလိုပါဘူး။ တော်တော်လည်း တွေးရကျပ်တာပဲနော်"

ဦးဒွေးသည် ခေါင်းကလေးကို တဆတ်ဆတ် ညိတ်လိုက်ပြီးမှ ...

"အေး ... ဒါထက် ငါက တစ်မျိုးတွေးမိသေးတယ်"

ဟု ပြောလိုက်ရာ ခင်မောင်ဆွေက ...

"ဆိုစမ်းပါဦး၊ ဘာများပါလိမ့်"

"သြော် ... ဖိုးဂျမ်းဟာ အခုနေ ဆုံးလို့ပေါ့၊ ဘုန်းကြီးဝတ်ကြီးနဲ့သာဆိုရင် ဒုက္ခပဲ"

"ဘာဖြစ်လို့လဲ"

"အခုတော့ ဖိုးဂျမ်းဆုံးပြီလို့ ရိုက်လို့ရတယ်။ စောစောကသာ

ဆိုရင် ဦးပညိန္နပျံတော်မူပြီနဲ့ ဘာနဲ့ရိုက်ရတော့ သံကြိုးစပိုပြီး ကုန်တာပေါ့ကွ"

ဦးဒွေး၏စကားဆုံးသောအခါ ခင်မောင်ဆွေမှာ မဲ့ခွက်ခွက်ဖြစ်သွားရလေတော့သည်။

"ဦးလေးကလည်း အရေးထဲ ကပ်စေးနဲ့နေပြန်ပြီ။ ဟုတ်တာပေါ့... တကယ်လို့သာ ဖိုးဂျမ်းဟာ ရှင်ဘုရင်ဖြစ်နေရင် ပိုပြီးဆိုးတာပေါ့။ ရွှေတွင်း၊ ငွေတွင်း၊ ပယင်းဒုတ္တာရတနာခုနစ်မည် ထီးစည်းပိုင်သ အစိုးရ တော်မူသော ဘဝရှင်မင်းတရားကြီး လွှပြည်ပြီး၍ နတ်ထီးစံတော်မူရှာပြီလို့ သံကြိုးရိုက်တော့ ရိုက်ခကို အိမ်ပေါင်ပေးရလိမ့်မယ်"

ဦးဒွေးသည် အားရပါးရ ရယ်လိုက်၏။

"မင်း တော်တယ်၊ ငါ သဘောကျလာပြီ"

"သဘောကျရင်လည်း သမက်"

ခင်မောင်ဆွေသည် ချက်ချင်း စကားကို ရပ်လိုက်သည်။

"ဘာကွ"

"ဪ ... သဘောကျလာရင်လည်း သန်ဘက်ခါကျ ရပ်ရှင်ပြပါလားလို့ ပြောမလို့ပါလေ"

ခင်မောင်ဆွေကစကားကို လျှောချလိုက်စဉ် မငွမ်းပုံ ရောက်လာလေ၏။

"မူမူ ... မမကြီးက ခေါ်လာပါဦးတဲ့"

မငွမ်းပုံသည် မူမူသွယ်ကို ပြောလိုက်ပြီး နောက်ဖေးဘက်ဆီသို့ ထွက်သွားလေတော့သည်။

မူမူသွယ်သည် မိခင်က ခေါ်သည်ဆို၍ ပြုံးပြုံးပျာပျာပင် ထ၍ အပေါ်ထပ်သို့ တက်သွားလေတော့သည်။

"သမီးကို မေမေ ပြောစရာ တစ်ခုရှိလို့ပါ"

"ဟုတ်ကဲ့ ... ပြောပါ မေမေ"

"သမီးမှာ ချစ်သူရှိနေပြီလား"

"ရှင်"

မုမုသွယ်မှာ အံ့သြသွားသဖြင့် မျက်လုံးကလေးများ ဝိုင်းသွားတော့သည်။

"ပြော် ... သမီးမှာ ချစ်သူရှိနေပြီလားလို့ မေးတာပါ"

"မေမေတို့ ဘာတွေကြားလို့လဲ မေမေ"

"ဘာမှတော့ မကြားပါဘူး၊ သမီးကို သိချင်လို့ မေးတာပါ"

"မရှိပါဘူး မေမေ"

"သမီး လိမ္မာမှန်းတော့ မေမေ သိပြီးသားပါလေ၊ ဒါပေမဲ့ သေချာအောင် မေးရတာပါ"

"ဟုတ်ကဲ့"

"သမီး မေမေ့စကားကို နားထောင်မလား"

"အို ... မေမေကလည်း အမြဲနားထောင်နေတာပဲဟာ၊ အခု လည်း နားထောင်မှာပေါ့ မေမေရဲ့"

"သမီးကို နေရာချထားချင်တယ်"

"ရှင်"

ဒုတိယအကြိမ် အံ့အားသင့်သွားရပြန်ပါတော့သည်။ မုမုသွယ်သည် သူ၏မိခင်မှာ ဤကိစ္စများတွင် စိတ်ဝင်စားမှု မရှိသေးဟု ထင်မှတ်ခဲ့၏။

"မအံ့သြပါနဲ့ သမီးရယ်၊ မေမေလည်း စိတ်ချသွားရအောင်ပါ"

"သမီး ပညာရေးမှ မဆုံးသေးတာဘဲ"

"ဟုတ်ပါတယ်လေ၊ ဒါကြောင့် ခုလည်း မပေးစားသေးပါဘူး။ စေ့စပ်ထားမယ်၊ ဒီနေ့ည လူစုံတုန်းမှာ မေမေက ဖွင့်ပြီး ကြေညာချင်လို့ပါ"

"ဘယ်သူနဲ့လဲ မေမေ"

"မောင်ကျော်ဦးနဲ့လေ"

"အို ..."

မူမူသွယ်မှာ တတိယမွှိ အံ့ဩရပြန်ပါတော့သည်။ မျက်စိက သူ့မိခင်ကို ကြည့်ရာက မျက်နှာလွဲလိုက်ရာ သူ့မိခင်ရှေ့ရှိ ဖျာပေါ်တွင် စာရွက်ကလေးကို မြင်နေရသည်။

"ဖိုးဂျမ်းဆုံးပြီ"

"သမီး ငြင်းချင်လို့လား သမီး"

မူမူသွယ်သည် ခဏတော့ တွေနေသေးသည်။ ထို့နောက် သက်ပြင်းတစ်ချက် ချလိုက်မိ၏။

ခေါင်းကိုတော့ ပြန်၍ မော့လိုက်၏။ သို့သော် သူ့အကြည့်ကမူ အဝေးမှ တိုင်ကပ်နာရီအဟောင်းကြီးဆီသို့ ရောက်သွား၏။ နာရီချိန်သီးကြီးမှာ ငြိမ်သက်စွာ ရပ်တန့်နေသည်။

"သမီး မငြင်းပါဘူး မေမေ၊ မေမေ စီမံရာကို နာခံပါမယ်"

"သာစုကွယ် ... သာစု ... မိဘကို စိတ်ချမ်းသာအောင်လုပ်တဲ့ သားသမီးက တစ်သက်မဆင်းရဲပါဘူး သမီးရယ်"

"ဒါပဲလား မေမေ"

"အေး ... သမီး ဒါပါပဲ"

မူမူသွယ်သည် ဖြည်းညင်းစွာ ထလာ၍ လှေကားမှ ဖြည်းညင်းစွာပင် ဆင်းလာခဲ့သည်။

ညှော်ခန်းသို့ ရောက်သောအခါ ဦးဒွေးရော၊ ခင်မောင်ဆွေရော မရှိတော့ပါချေ။ ထို့ကြောင့်ပင် ခြောက်သွေ့နေသော ညှော်ခန်းတွင် ဝင်၍ ထိုင်လိုက်သည်။

ထိုခဏတွင် လှမင်းသည် ဝင်ရောက်လာလေ၏။ မူလက

သူ့အိပ်ခန်းဆီသို့ တန်းသွားတော့မည်ပြုပြီးမှ ဧည့်ခန်းတွင် မှုမှုသွယ် ထိုင်နေသည်ကို တွေ့၍ ဝင်လာပြီး ဘေးနားက ကုလားထိုင်တွင် ထိုင် လိုက်လေသည်။

မှုမှုသွယ်ကား သူ့ကိုမကြည့်၊ ခင်မောင်ဆွေ၏အိပ်ရာဘေးက နံရံပေါ်ရှိ ပြက္ခဒိန်မှ အရုပ်ကို ငေးစိုက်ကြည့်နေသည်။

"မှုမှု"

လှမင်းက ခေါ်လိုက်၏။ မှုမှုသွယ်သည် လှည့်၍လည်း မကြည့်၊ ဘာမှလည်း ပြန်မဖြေချေ။

"မှုမှု ကိုယ့်ကို စိတ်ဆိုးနေတုန်းပဲလားဟင်"

မှုမှုသွယ်သည် ဘာမှပြန်မပြောချေ။

*"မှုမှု၊ လူသူလေးပါးကင်းဝေးတဲ့ တောကြီးထဲမှာ ဟစ် လိုက်တဲ့ အသံတောင်မှ ပဲ့တင်ပြန်လာပါသေးတယ်။ ခုတော့ ကိုယ့်အတွက် ပဲ့တင်သံတောင် မကြားရတော့ဘူးလား မှုမှု"*

မှုမှုသွယ်သည် လှမင်းကို ချာခနဲ လှည့်ကြည့်လိုက်သည်။

"ကိုလှမင်း၊ ရှင့်လို အစဉ်ပျော်နေတတ်တဲ့လူဟာ သူတစ်ပါးရဲ့ စိတ်ဒုက္ခကို နားမလည်နိုင်ပါဘူး"

"ဩော် ... နေ့လယ်က ကိုယ်ပြုံးမိတာကိုပဲ ပြောတာကိုး။ ဒီမှာ မှုမှု လူဟာ ပျော်မှသာ ပြုံးတတ်တာမဟုတ်ပါဘူးလေ။ ကျေနပ်ရင် လည်း ပြုံးတယ်၊ သရော်ချင်လည်း ပြုံးတယ်လေ။ အမှန်ပြောရရင် ကိုယ်ဟာ ဒေါ်ဒေါ် စိတ်ညစ်တာကို ပျော်နိုင်ပါ့မလား။ ကိုယ့်ထမင်းရှင် ပါ မှုမှု။ အစာကလေးတစ်လုတ်ပဲဝင်ပါ ကိုယ်ကျေးဇူးမကန်းတတ်ပါဘူး မှုမှု"

မှုမှုသွယ်၏ *မျက်လုံးများသည် အရည်စွမ်းလာ၍ ရွှဲလုံး များနှင့်ပင် တူလာတော့သည်။*

"မေမေလည်း စိတ်မညစ်တော့ပါဘူးလေ၊ ဒါပေမဲ့ မူမူ စိတ်မချမ်းသာဘူး။ *မြတ်စွာဘုရား ဟောခဲ့တယ်မဟုတ်လား၊ မချစ်မနှစ်သက်သော သူနှင့်အတူ နေရခြင်းသည် ဆင်းရဲ၏... တဲ့*"

လှမင်း၏မျက်နှာသည် ရုတ်ခြည်းညှိုးနွမ်းသွားတော့သည်။ မူမူသွယ်ကို ရီဝေသော မျက်လုံးများဖြင့် ငေးမောကြည့်လိုက်၏။

"မူမူ၊ ဒီအိမ်မှာ ကိုယ်ဟာ မဖိတ်ဘဲရောက်လာရတဲ့ ဧည့်သည်ပါလေ။ အိမ်ရှင်က မချစ်မနှစ်သက်ဘူးဆိုရင် ပြန်ရမှာပါလေ။ ဒါပေမဲ့ မူမူရဲ့ အထင်လွဲတာကို မခံချင်ဘူး။ ကိုယ်ဟာ ဒီအိမ်မှာနေရတဲ့ရက်ကလေးမှာ မူမူတို့ စိတ်ချမ်းသာဖို့ အစဉ်ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ အခုလို မူမူက ကိုယ့်ကိုမြင်တွေ့နေရတာ ဆင်းရဲတယ်ဆိုရင် ..."

"ကိုလှမင်း ဘာတွေ လျှောက်ပြောနေတာလဲ"

မူမူသွယ်က လှမင်း၏စကားကို ဖြတ်၍ ဟန့်လိုက်သည်။ သို့သော် လှမင်းကမူ တံတွေးကို တစ်ချက်မျိုချလိုက်ပြီး ဆက်လက်၍သာ ပြောနေသည်။

"မူမူ မကြားချင်မှ နေပါတော့၊ ကိုယ်တော့ ပြောတော့မယ်။ မူမူ မတွေ့ချင်တဲ့မျက်နှာကိုလည်း မတွေ့စေရတော့ပါဘူး။ နောက်ဆုံးအနေနဲ့တော့ ရင်ဖွင့်ပါရစေ မူမူ။ *မူမူကို ကိုယ် ချစ်နေမိပြီလေ*"

"အို..."

*"မအံ့သြပါနဲ့ မူမူ၊ မိန်းကလေးဆိုတာဟာ ယောကျ်ားတစ်ယောက်ရဲ့ အကြည့်ကို ရိုးသားတယ်၊ မရိုးသားတယ်ဆိုတာကို သိတတ်ကြပါတယ်။ မူမူ့ကို ကိုယ်ချစ်နေတာကို သေချာပေါက် မဟုတ်တောင် ရိုးတိုးရိတ်တိတ်တော့ မူမူ သိရမှာပေါ့"*

မူမူသွယ်သည် ဘာမျှပြန်မဖြေ၊ ခေါင်းကိုသာ ငုံ့လိုက်သည်။

"ကိုယ့်ရဲ့ရင်ထဲမှာ ရှိလို့သာ ပြောရတာပါ။ မူမူက ပြန်ချစ်ရ

မယ်လို့ အရေးဆိုဖို့ ကိုယ့်မှာ အခွင့်မရှိပါဘူးလေ။ တကယ်ဆိုတော့ မှုမှုက တက္ကသိုလ်ကျောင်းသူ၊ ကိုယ်က သာမန်စာရေးလေ"

မှုမှုသည် ခေါင်းကို ထောင်လိုက်၏။

"ကိုလှမင်း၊ ဒါက ဘာဆိုင်သလဲ။ လူရဲ့တန်ဖိုးဟာ ဘာလဲ။ ရောက်ရှိနေရာ ဘဝအခြေအနေမှာ တာဝန်ကျေပွန်တာဟာ တန်ဖိုးပါလေ။ ကျောင်းသားကျောင်းသူဟာ စာကိုတတ်အောင် သင်ရမယ့် တာဝန်ရှိတယ်။ အလုပ်သမားဟာ အလုပ်ကို ကျေပွန်အောင်လုပ်ရမယ်။ တာဝန်ကျေနေရင် တန်ဖိုးရှိသူသာ ဖြစ်ပါတယ် ကိုလှမင်းရယ်"

လှမင်း၏မျက်နှာမှာ အားတက်လာသယောင် ဝင်းလက်လာ၏။

"ဒါဖြင့် မှုမှု ကိုလှမင်းရဲ့ အချစ်ကို မငြင်းဘူးပေါ့"

မှုမှုသွယ်သည် လှမင်းကိုမကြည့်ဘဲ ပြန်ပြော၏။

"မှုမှုက မငြင်းပါဘူး၊ ဒါပေမဲ့ အခြေအနေက ငြင်းနေပြီလေ"

"မှုမှု ... မှုမှုပြောတာ ကိုယ် နားမလည်ဘူး"

"မေမေက မှုမှုနဲ့ ကိုကျော်ဦးနဲ့ စေ့စပ်တော့မယ်လေ"

"ဟင် ... မှုမှု လက်ခံလိုက်ပြီလား"

"မေမေ့စကားကို ဘယ်တော့မှ မှုမှု မပယ်ဘူး။ ဒါကြောင့် ခုနက မချစ်မနှစ်သက်သောသူနဲ့နေရတာ ဆင်းရဲတယ်လို့ မှုမှု ညည်းတာပေါ့"

မှုမှုသွယ်သည် လှမင်းကိုမကြည့်ဘဲ ထ၍ ထွက်သွားလေတော့သည်။ လှမင်းကား နှုတ်ခမ်းကြီးကိုကိုက်ကာ တွေတွေကြီး ကျန်ရစ်ခဲ့လေ၏။

အချိန်ကား ညနေ ခြောက်နာရီခန့် ရှိပေပြီ။

*မြို့ထဲတွင်ကား အိမ်တွင်းမှာလို မှောင်မနေ၊ ဆည်းဆာ*

ရောင်ကြောင့် တော်တော်ပင် လင်းနေပါသေးသည်။

ပါးကွက်ထူထူ၊ ထဘီတိုတိုနှင့် မခင်မြင့်သည် ပန်းပင်များကို ရေလောင်းနေသည်။ နှုတ်မှလည်း ရုပ်ရှင်တစ်ကားမှ သီချင်းကို ခပ်တိုးတိုး ကလေး သီဆိုနေသည်။

*"မိန်းကလေးက စရမှာလား ရှင်၊ မိန်းကလေးက စရမှာ လား ရှင်"*

*"အဟမ်း"*

ချောင်းဟန့်သံကြားသဖြင့် မခင်မြင့်သည် သီချင်းကိုရပ်တန့် လိုက်ကာ ချောင်းသံလာရာသို့ ချာခနဲ လှည့်ကြည့်လိုက်၏။

သိပ်မဝေးပါ၊ တစ်လံကွာမျှသာ ရှိပါသည်။ ကျော်ဦးသည် သူ့ကို ပြုံးဖြဲဖြဲကြီး ကြည့်လိုက်၏။

"ဟင် ... ဘာ ... ဘာ ... ဘာကိစ္စလဲ"

"ဩော် ... မိန်းကလေးက စရမယ်လို့ ထုံးစံ ဘယ်ရှိပါ့မလဲ မြင့်ရယ်"

"ကျွန်မနာမည် မခင်မြင့်ပါ"

"အင်းပါလေ ... ထားပါတော့၊ စချင်းစရင် ယောကျ်ားလေးက စရမှာပေါ့လေ"

"အို ... ကျွန်မဘာသာ သီချင်းဆိုနေတာပဲ"

ကျော်ဦးသည် တစ်လှမ်းချင်း ကပ်လာသည်။

"မခင်မြင့်ဟာ လှူကလည်းလှ၊ အသံကလည်း ကောင်းနော်"

မခင်မြင့်သည် တစ်လှမ်းချင်း နောက်သို့ဆုတ်သွား၏။

"အို ... ရှေ့က ဖယ်ပါ၊ ကျွန်မ အိမ်ထဲဝင်တော့မယ်"

"နေပါဦးလေ"

ကျော်ဦး တစ်လှမ်းချင်း လှမ်း၏။

မခင်မြင့်က တစ်လှမ်းချင်း ဆုတ်၏။

မတတ်သာပြီ၊ မခင်မြင့်သည် နောက်ထပ် ဆုတ်၍မရတော့။ ပန်းအိုးစင်ကြီး ခံနေလေပြီ။ ထို့ကြောင့် ရင်ခုန်လျက်ကပင် တတ်နိုင်သလောက် အကာအကွယ်ဖြစ်စေခြင်းငှာ ရေပန်းကရားကြီးကို ရှေ့တွင်ကိုင်၍ လက်ကို ရှေ့သို့ ခပ်ဆန့်ဆန့်ကလေး ထားလိုက်၏။

ကျော်ဦးသည် ဆတ်ခနဲ ရေပန်းကရားကို ရုတ်တရက် ပုတ်ထုတ်လိုက်ရာ ရေပန်းကရားသည် လွတ်၍ထွက်သွားလေတော့သည်။

ဆန့်လျက်သားကလေး ကျန်ရစ်သောလက်ကို လက်ကောက်ဝတ်မှ ဆုပ်ကိုင်ပြီး ဆောင့်ဆွဲယူလိုက်ရာ မခင်မြင့်သည် အရှိန်နှင့် ကျော်ဦး၏ရင်ခွင်ထဲကို ပုံကျလာသည်။

"လွှတ်နော်"

တစ်ချက်သာ အော်နိုင်၏။ ကျော်ဦးသည် လက်ကိုကိုင်ဆွဲထားရာမှ နေရာရွှေ့၍ မခင်မြင့်၏ကျောကို အတင်းဆွဲဖိလိုက်ရာ ရင်ချင်းအပ်၍ မျက်နှာကလေးမှာလည်း မော့လျက်သား ဖြစ်သွားရလေတော့သည်။

အဖြစ်အပျက်ကိုမြင်လိုက်ရသော ခင်မောင်ဆွေသည် ကျော်ဦး၏ကျောဘက်က လက်တစ်ဆန့်လောက်နေရာအထိပင် ရောက်လာပေပြီ။

ကျော်ဦး၏ပခုံးကို တစ်ချက်၊ နှစ်ချက် ခပ်ပြင်းပြင်း ပုတ်လိုက်လေတော့သည်။

အရေးကောင်းမှ အနှောင့်အယှက်ပြင်းစွာ တွေ့ရသဖြင့် အလွန်ပင် ဒေါပွသွားသော ကျော်ဦးသည် ချာခနဲ လှည့်ကြည့်တော့၏။ သူ့အာရုံပြောင်းသွားသဖြင့် လက်များပြေလျော့သွားရာ မခင်မြင့်သည် လွတ်ထွက်သွား၏။

ကျော်ဦးသည် လှည့်ကြည့်ကြည့်ချင်းပင် ဘယ်သူဘယ်ဝါမှန်း

မသိရသေးခင် ခင်မောင်ဆွေ၏လက်သီးသည် သူ၏ပါးချိတ်ပေါ်သို့ အရှိန်ပြင်းစွာဝင်ရောက်လာလေရာ ကျော်ဦးမှာ ခဏမျှလောက် လောက သုံးပါးစလုံးကို မေ့လျော့သွားပြီး မြေကြီးပေါ်သို့ ခွေကျသွားလေ၏။

အဖြစ်အပျက်မှာ မြန်ဆန်လှသဖြင့် ငေးကြောင်၍ ကြည့်နေ သော မခင်မြင့်ကို ခင်မောင်ဆွေသည် လက်ကလေး ဖမ်းဆွဲလိုက်ကာ "လာ ... တော်တော်ကြာ လူတွေ မြင်ကုန်မယ်" ဟု ပြော၍ ဆွဲပြေး လေ၏။ မခင်မြင့်သည်လည်း ကလေးပမာ တိတ်တိတ်ကလေး လိုက်ပါ လာလေသည်။

ဒန်းရှိသောနေရာသို့ရောက်သောအခါ ခင်မောင်ဆွေက ရပ်လိုက်၏။ ဤနေရာကား အိမ်ဆီမှ နည်းနည်းအလှမ်းဝေး၏။ သစ်ပင်ကြီးအောက်တွင်ဖြစ်၍လည်း ရုတ်တရက် မမြင်နိုင်ချေ။

"အို ..."

ယခုမှ သတိရသလို မခင်မြင့်သည် သူ့လက်ကို ခင်မောင်ဆွေ ၏ လက်ဆုပ်ထဲမှ ရုန်းထွက်ပြီး ဒန်းပေါ်တွင် ထိုင်လိုက်၏။

ခင်မောင်ဆွေသည် မတ်တတ်ရပ်ရင်း ဒန်းကြိုးကိုကိုင်၍ မခင်မြင့်ကို ငုံ့ကြည့်လိုက်၏။

"မခင်မြင့်"

မခင်မြင့်သည် မော့ကြည့်လိုက်သည်။

*သဘာဝအလင်းရောင် ဖြိုးဖြိုးဖြောက်ဖြောက်တွင် မခင်မြင့်သည် သဘာဝကျစွာ လှပလျက်ရှိသည်။*

"ကိုယ် ... အနှောင့်အယှက် ပေးမိတာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး အစ်ကို၊ သူက ခွေးကျင့်ကျင့်တာပါ"

"ဒါဖြင့် ကိုယ် အချိန်မီရောက်လာတာပေါ့"

မခင်မြင့်သည် ပြုံးပြုံးကြီးနှင့် လေးလေးပင်ပင် ခေါင်းကို ညိတ်

လိုက်သည်။ ခင်မောင်ဆွေ၏ အပြုအမူအားလုံးကို သူ ထောက်ခံသည်။

"မခင်မြင့်"

"ဘာလဲ အစ်ကိုရဲ့၊ အလကားပဲ ခေါ်ခေါ်နေတာပဲ"

"မခေါ်ရဘူးလား ဟင်"

"ခေါ်ရပါတယ်၊ ဘာပြောချင်လို့လဲ"

"ကိုယ် မင်းကို ချစ်တယ်"

တိတ်သွား၏။ မခင်မြင့်သည် ခေါင်းကို ပြန်ငုံ့လိုက်သည်။

"ကိုယ့်ကို မချစ်လို့လား ဟင်"

တိတ်မြဲ တိတ်နေ၏။

"ပြောပါဦးလေ၊ မင်း ကိုယ့်ကို မချစ်ဖူးလား"

"အစ်ကို၊ မဖြစ်နိုင်ပါဘူး အစ်ကိုရယ်"

"ဘာဖြစ်လို့လဲ ဟင်"

"အစ်ကို တက္ကသိုလ်ကျောင်းသား၊ ပညာတတ်ပဲ"

"အင်း ... ကိုယ် ပညာတတ်သလို မင်းလည်း ပညာတတ်ပဲ"

"မသရော်ပါနဲ့ အစ်ကိုရယ်"

"သရော်တာ မဟုတ်ဘူး၊ တကယ် ပြောတာ။ မင်းဟာ အိမ်ထောင်ထိန်းသိမ်းရေးကို တကယ် နိုင်နင်းတယ်။ အိမ်ရှင်မပညာကို မင်း ကောင်းကောင်းတတ်တယ်။ မိန်းကလေးဟာ မိန်းမ ပီသနေရုံနဲ့ပဲ တန်ဖိုးကြီးလှပါပြီ မခင်မြင့်ရယ်။ ဒါကြောင့်ပဲ မင်းကို ကိုယ်ချစ်တာ"

"အစ်ကိုကလည်း ရှမ်းကြိုက်တော့ နွားချောတာပေါ့"

မခင်မြင့်က မကျေနပ်သလို ပြောလိုက်သော်လည်း တကယ်တော့ သူ့ရင်ထဲတွင် ပီတိလှိုင်းအိကြီးများ ဘောင်ဘင်ခတ်နေကြလေသည်။

ဧည့်ခန်းတွင် ဝိုင်းထိုင်နေကြသူများကာ ဒေါ်အေးသာ၊ ဒေါ်စန်းရှင်၊ ဦးဒွေး၊ လှမင်းနှင့် မူမူသွယ်တို့ ဖြစ်ကြသည်။

ဖူးယားဖားယားပြေးဝင်လာသူက ကျော်ဦးပင် ဖြစ်လေတော့၏။

သူ့အမူအရာ မြင်ရသဖြင့် အားလုံးမှာ ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်ကြတော့သည်။

"ဖိုးဂျမ်း မသေသေးဘူး၊ မသေသေးဘူး"

ဒေါ်စန်းရှင်မှာ တထိတ်ထိတ် ဖြစ်သွားရတော့သည်။

"ဟင် ... ဘာဖြစ်လို့တုံး"

"ဟာ ... ကျွန်တော့်ကို လက်သီးနဲ့ ထိုးသွားတယ်။ အခုနက ခြံထဲမှာ လက်သီးနဲ့ ထိုးသွားတယ်"

ကျော်ဦးက အားရပါးရကြွေးကြော်၏။ ဦးဒွေးက မယုံသေးချေ။

"ဟကောင်ရ ... ပျားတုပ်တာများလားကွ"

"ဟ ... ဦးလေးကလည်း ကြံကြံဖန်ဖန်၊ ပျားက လက်သီးဆုပ်လောက် ကြီးပါမလားဗျ"

"ပိတုန်းဆိုရင်ရောကွ"

"ပိတုန်းကလည်း ဒီလောက် မကြီးနိုင်ပါဘူး။ သူ ထိုးလိုက်လို့ ကျွန်တော် မေ့လဲကျသွားတုန်း သူ ပြေးမှာပေါ့။ အခု သတိရတော့ မရှိတော့ဘူး"

"အေးကွာ ... တကယ်ဆို သတိပြန်ရအောင်တော့ စောင့်ဖို့ကောင်းတာပေါ့။ ဒီကောင် တယ်ရိုင်းတာပဲ"

လှမင်းက ဦးဒွေးကို ဝင်ဟန့်လိုက်သည်။

"ဦးလေးဒွေးကလည်း လူဆိုးပါဆိုမှ ..."

ဒေါ်အေးသာသည် ပျာပျာသလဲ သူ့တူ၏မေးစေ့ကို စမ်းကြည့်၏။

"မောင်ကျော်ဦး သွားတွေများ ကျိုးသွားသလား"

"သွားတော့ မကျိုးပါဘူး ဒေါ်ဒေါ်"

ဤတွင် ဒေါ်စန်းရှင်က ပြတ်သားစွာ ပြောလိုက်လေသည်။

"အားလုံး နားထောင်ကြပါ။ ဗိုးချမ်းကိစ္စဟာ တစ်နေ့ရွှေ တစ်နေ့ငွေ ဖြစ်နေတယ်။ ဒေါ်ဒေါ်တော့ စိတ်မအေးရဘူး။ ဒီတော့ ဒီသမီးလေးအတွက် နောင်ရေး စိတ်အေးချင်လို့ ခုလို လူစုံတက်စုံ ရှေ့မှာ ကြေညာပါရစေ၊ မှုမှုကို မောင်ကျော်ဦးနဲ့ စေ့စပ်လိုက်ပါပြီ"

ကျော်ဦးမှာ ဒေါ်အေးသာနှင့် မဆုံရသေးသဖြင့် ဘာမျှမသိသေးဘဲရှိနေရာ ယခုကဲ့သို့ မမျှော်လင့်သည်ကို ကြားရသည့် မျက်နှာကြီး ရှင်လန်းသွားကာ ဒေါ်အေးသာ၏မျက်နှာကိုကြည့်လိုက်မိ၏။

မှုမှုသွယ်ကား ညိုးငယ်သောမျက်နှာနှင့် လှမင်းကို လှမ်းကြည့်လိုက်လေသည်။ လှမင်းကား ကျော်ဦးကိုစိုက်ကြည့်နေ၍ တစ်စုံတစ်ခုကို ချိန်ဆနေသလို ငေးစိုက်စိုက်ကြီး ဖြစ်နေသည်။

ဦးဒွေးမှာ လှုပ်လှုပ်ရွရွ ဖြစ်သွား၏။

"နေပါဦးလေ၊ လူစုံတက်စုံဆိုတော့ လူမစုံသေးဘူး။ ခင်မောင်ဆွေ ကျန်နေတယ်။ သူ့ကိုပါ ခေါ်ပြီးမှ ထပ်ကြေညာရင် ကောင်းတာပေါ့။ ကဲ... ခေါ်လိုက်မယ်"

ဦးဒွေးသည် လက်ခေါက်ကို သုံးကြိမ် မှုတ်လိုက်သည်။

"ဟော ... ဦးလေး ခေါ်နေပြီ၊ ဘာအကြောင်းထူးသလဲ မသိဘူး"

ခင်မောင်ဆွေသည် မခင်မြင့်ကိုလက်ဆွဲ၍ ဒန်းဆီမှ အိမ်ဘက်သို့ ပြန်ပြေးလာခဲ့၏။ အိမ်နားသို့ရောက်သောအခါ မခင်မြင့်က နောက်ဖေးဘက်ဆီမှလှည့်ဝင်၍ ခင်မောင်ဆွေက အိမ်ရှေ့က လှည့်ဝင်လာလေသည်။

"ဟော့ ... ခင်မောင်ဆွေ၊ ထိုင်စမ်းပါဦးကွ။ မင်းကလည်း အရေးထဲ ဘယ်များသွား အလေလိုက်နေတယ် မသိပါဘူး"

ဦးချွေးက ရောက်ရောက်ချင်း ဆီး၍ အပြစ်တင်လိုက်၏။ ခင်မောင်ဆွေက နီးရာကုလားထိုင်တွင် ဝင်ထိုင်မိစဉ် မခင်မြင့်ကလည်း နောက်ဖေးဘက်က လှည့်၍ ညှော်ခန်းသို့ရောက်လာပြီး သင့်ရာ တစ်နေရာတွင် ရပ်ကြည့်နေလေသည်။

"ဘာအကြောင်းထူးလို့လဲ ဦးလေး"

"ဘာရမှာလဲကွ၊ ဖိုးဂျမ်း ပြန်ရှင်လာပြီ"

"ဗျာ"

ခင်မောင်ဆွေမှာ ကြောင်တောင်တောင် ဖြစ်သွားတော့၏။ ကျော်ဦးက ဝင်၍ ဦးချွေး၏စကားကို ပြင်လိုက်သည်။

"ဖိုးဂျမ်း မသေသေးဘူးဗျ"

"သံကြိုး လာပြန်ပြီလား"

"ဘယ်က ဟုတ်ရမှာလဲဗျ၊ ကျွန်တော့်ကို လက်သီးနဲ့ ထိုးသွားတယ်။ ခြံထဲမှာ ထိုးသွားတယ်။ ကျွန်တော် မှေ့သွားလို့ပေါ့ဗျ။ နို့မဟုတ်ရင် ဒီကောင်တော့ ဒီနေရာတွင် အသက်ထွက်တယ်။ ဖိုးဂျမ်းသော ဖိုးပျော့သော နားမလည်ဘူး။ ဒီကကောင်က နေရာရွေးတာ မဟုတ်ဘူး"

ခင်မောင်ဆွေသည် ကျော်ဦး၏ စကားဆုံးသောအခါ အားရပါးရ အော်၍ ရယ်လိုက်မိတော့သည်။

"ခင်ဗျားက ဘာရယ်တာလဲဗျ၊ ကျွန်တော်ပြောတာ မယုံဘူးလား"

"ယုံပါတယ်ဗျာ၊ ခင်ဗျား အထိုးခံရတယ်ဆိုတာ ယုံပါတယ်၊ ဒါပေမဲ့ ဖိုးဂျမ်း လာပြီး ခင်ဗျားကို လက်သီးနဲ့ဆိုတာတော့ မဟုတ်ဘူးဗျို့"

အားလုံးသည် ခင်မောင်ဆွေ၏မျက်နှာကို အာရုံပြင်းစွာနှင့် စိုက်ကြည့်လိုက်လေ၏။

*ဖိုးဂျမ်းသည် ဤတစ်သိုက် တစ်မြုံကြီးအကြားတွင် ဝင်၍ ရှုပ်နေ ထွေးနေသော ပုဂ္ဂိုလ်မဟုတ်ပါလော။*

"ဒါဖြင့် ကျုပ်ကိုထိုးတာ ဘယ်သူဖြစ်မလဲ"

"ခင်ဗျားကို ထိုးတာ ကျွန်တော်၊ ဘယ်ကမှ ဖိုးဂျမ်းမဟုတ်ဘူး"

ထိုစကားကြားလိုက်ရသောအခါ ဒေါ်အေးသာသည် ဆွေ့ဆွေ့ ခုန်သွားလေတော့သည်။

"ဟင် ... မင်းက ထိုးတယ်၊ မင်းက ငါ့တူကို ထိုးတယ်၊ ဟုတ်လား။ ဓော်ကားလှချည်းလား ဟင်။ ဘာလဲ မင်းက မှုမှုကို ကြံလို့မရလို့ ငါ့တူကို ထိုးသပေါ့လေ။ မှုမှုနဲ့ ကျော်ဦးနဲ့ စေ့စပ်မယ် ဆိုလို့ မင်းက ရမ်းကားသပေါ့လေ"

"အဒေါ် ဘာတွေလျှောက်ပြောနေသလဲ၊ ကျွန်တော် မှုမှုကို သူငယ်ချင်းလိုပဲ ချစ်တယ်။ မတော်မလျော်စိတ် မရှိဘူးဗျ"

"ဒါဖြင့် မင်း ဘာကြောင့် ငါ့တူကို ထိုးသလဲ"

ဒေါ်အေးသာ၏မေးခွန်းကို ခင်မောင်ဆွေ ဖြေနိုင်စွမ်းမရှိ တော့ပါ။ သူ ဖြေလိုက်လျှင် သူ ချစ်ရသော မခင်မြင့် အရှက်ရချေတော့ မည်။

သူ ရုတ်တရက် ပြောထိုက်၊ မပြောထိုက် ချိန်ဆဆုံးဖြတ်၍ မရသောကြောင့် ခေါင်းကိုသာငုံ့၍ အံကိုကြိတ်လိုက်မိတော့သည်။

ရဲရဲဝံ့ဝံ့ပင် မခင်မြင့်သည် ရှေ့သို့ တိုး၍ဝင်လာတော့သည်။

"ဒီမှာ ဒေါ်ဒေါ်၊ ဒေါ်ဒေါ်တူ့က ကျွန်မကို စော်ကားဖို့ ကြံတယ်။ ခြံထဲမှာ ကျွန်မ ပန်းပင်ရေလောင်းရာကို ဝင်လာပြီး မဟားတရား လုပ် တယ်။ ကိုခင်မောင်ဆွေ ဝင်ကယ်ပေလို့သာပဲ။ ဒေါ်ဒေါ်တူက လူမှ မဟုတ်တာ"

မခင်မြင့်သည် ပွင့်ပွင့်လင်းလင်း ပြောလိုက်၏။

မှုမှုသွယ်သည် ထိုင်ရာမှ ရုတ်တရက် မတ်တတ်ရပ်လိုက်လေသည်။

"ကိုကျော်ဦး မဟုတ်ရင်ငြင်းစမ်းပါ၊ ဟုတ်ရင်လည်း ဝန်ခံစမ်းပါ။ ယောကျ်ားပီပီပေါ့"

ကျော်ဦးသည် မှုမှုသွယ်ကို မဝံ့မရဲ တစ်ချက်ကြည့်လိုက်၏။

"သူတို့ လုပ်ကြံပြောတာ၊ တစ်ခုမှမဟုတ်ဘူး"

မခင်မြင့်သည် ကျော်ဦးကို ပါးရိုက်တော့မည်ကဲ့သို့ ရှေ့သို့ တိုးလာရာ ခင်မောင်ဆွေက ဝင်ဟန့်လိုက်၏။

ဦးခွေးသည် ကျော်ဦးကို ကြည့်၍ ပြောလိုက်သည်။

"ဟော့ ... ငါ့သမီးဟာ ဘယ်တော့မှ မလိမ်ဘူးကွ"

ဤတွင် လှမင်းကလည်း ဝင်၍ ပြောလိုက်သည်။

"တစ်နေ့ ညနေကလည်း မခင်မြင့် အိမ်ထဲအဝင် ကျွန်တော်ကအထွက်မှာ သူ ကျွန်တော့်ကိုဖက်မိတယ်။ ဒါကိုလည်း ကျွန်မလိုဖြစ်လို့ပါတွေ ဘာတွေနဲ့ဖြီးတယ်။ ကျွန်တော် ရိုပ်မိပေမဲ့ လက်ပူးလက်ကြပ် မမိသေးလို့ ကြည့်နေတာ"

ဒေါ်အေးသာမှာ တော်တော်ပင် နာသွားသည်။

"မင်းတို့တွေအားလုံး တစ်ဉာဏ်တည်းပဲ။ အားလုံး ငါ့တူကို ချောက်ချတာ"

လှမင်းက ကျော်ဦးကို သေချာစွာ ကြည့်လိုက်သည်။

"ဒါဖြင့် ခင်ဗျား ခြံထဲကို ဘာသွားလုပ်တာလဲ"

ကျော်ဦးသည် ရုတ်တရက် ဘာပြောရမှန်းမသိသဖြင့် ပါးစပ်ထဲရှိရာ ကောက်ပြောလိုက်သည်။

"ကျွန်တော် ခြံထဲကို မရောက်ပါဘူး။ သူတို့ သက်သက် လုပ်ကြံပြောတာပါ"

"ဘာဗျ ... ခင်ဗျား ခုနကပြောတော့ ခြံထဲမှာ အထိုးခံရတယ်ဆို။ ဒီမှာ ကိုကျော်ဦး၊ ခင်ဗျား သက်သက်လိမ်နေတာ။ ခင်ဗျားတို့ ယုတ်မာတာတွေကို ကျွန်တော် မသိဘူးများ မှတ်သလား။ မိုးဂျမ်း ကိစ္စတွေ အကုန်ရောထွေးပါလာကုန်တော့မယ်နော်။ ကျွန်တော် ဒီအိမ်မှာ မူမူနဲ့ ဒေါ်ဒေါ်တို့ စိတ်မချမ်းသာစရာတွေ ဖြစ်မှာစိုးလို့ ချိန်ချိန်ဆဆ လုပ်နေတာ"

ဒေါ်အေးသာသည် လှမင်းကိုကြည့်၍ ထိတ်ခနဲ ဖြစ်သွားလေသည်။

**"မိုးဂျမ်းကိစ္စ"** ဟု ပြောလိုက်ခြင်းသည် သူတို့ ထွင်နေကြသော မိုးဂျမ်းကိစ္စကို လှမင်း သိလေသလောဟု တွေးမိသည်။ ထို့ကြောင့် ကျော်ဦးကိုပင် ထပ်၍ စစ်ကြောလိုက်၏။

"ဟဲ့ ... ကျော်ဦး၊ မှန်မှန် ပြောစမ်း။ မခင်မြင့် ပြောတာတွေဟာ အမှန်တွေချည်းပဲလား"

ကျော်ဦးသည် ငြိမ်သွားလေ၏။

ဤအိမ်တွင် အရေးကြီးဆုံး ပုဂ္ဂိုလ်ဖြစ်သည့် ဒေါ်စန်းရှင်သည် ယခုမှစ၍ စကားဝင်ပြောလိုက်လေသည်။

"မောင်ကျော်ဦး ပြောစကားတွေဟာ ကသောင်းကနင်းနိုင်လှတယ်။ မူလည်း သိပ်ပျက်နေတယ်"

မူမူသွယ်ကလည်း ဝင်၍ ထောက်ခံလေသည်။

"ဟုတ်တယ်၊ ကိုကျော်ဦးဟာ အမူအကျင့် မကောင်းဆုံးဘဲ။ ဒီအိမ်မှာ သွေးမတော် သားမစပ် လာနေထိုင်ကြတာ ကိုခင်မောင်ဆွေနဲ့ ကိုလှမင်းတို့ဆိုရင် မူမူ့ကို လက်ဖျားနဲ့တောင် မတို့ဘူး။ ကိုကျော်ဦးဟာ ဟိုတစ်ညက မူမူတစ်ယောက်တည်း စာကျက်နေတဲ့အခန်းကို ချွတ်နင်းဝင်လာတယ်။ ကိုလှမင်း ကင်းအလှည့်နဲ့ တွေ့လို့သာ ..."

ပြန်လည်တွေးသော် တရေးရေး ပေါ်လာရတော့သည်။ ကျော်ဦးသည် မငြင်းသာတော့ပါ။ အမှန်တရားကို ဖုံးကွယ်ရသည်မှာ လွယ်ကူလှသည် မဟုတ်၊ ဆင်သေကောင်ကို ဆန်ကောနှင့် ဖုံးအုပ်ရဘိ၏သို့ မည်သို့ပင် နေရာပြောင်း၍ဖုံးဖုံး၊ မလုံသည် သာဖြစ်၏။

"ကျွန်တော် မှားပါတယ်လေ။ မခင်မြင့်ပြောတာ မှန်ပါတယ်"

"သေလိုက်ပါတော့ ကျော်ဦးရယ်"

ဒေါ်အေးသာ၏ ယူကျုံးမရသံသည် ကျယ်လောင်စွာ ပေါ်လာတော့သည်။

■

# ၁၅

## တစ်သိုက် တစ်မြုံ (သို့သော်) မထွေးတော့ပါ

*နောက်တစ်နေ့နံနက်သည် ဝေလီဝေလင်းနှင့် အိပ်မှုန်စုံမွှား ဖြစ်နေသည်။*

ထုံးစံအတိုင်း မဂ္ဂမ်းပုံသည် တစ်အိမ်လုံးတွင် အစောဆုံး နိုးသူဖြစ်ပေ၏။ ယနေ့တွင်ကား လွန်ခဲ့သောညက အိပ်ပျက်သွားသဖြင့် ခါတိုင်းထက် နောက်ကျသွားပေသည်။

အိပ်ရာမှ ကပျာကယာ လူးလဲထပြီးလျှင် နောက်ဖေးဘက်ဆီသို့ ထွက်လာခဲ့၏။ မီးဖိုဆောင်ကိုကူးသော စင်္ကြံလမ်းကလေးတွင် တံခါးပေါက်တစ်ခုရှိသည်။ မဂ္ဂမ်းပုံ၏ မျက်စိများသည် ထိုတံခါးပေါက်ဆီသို့ အမှတ်မထင်ရောက်သွားသောအခါ သူ့ပါးစပ်များသည် ဟသွားတော့သည်။

ထိုတံခါးရွက်များမှာ ယခုအခြေအနေတွင် ဖြစ်ပေါ်နေသော သူ့ပါးစပ်ကဲ့သို့ ဟနေသောကြောင့်ပင် ဖြစ်၏။

တံခါးနားသို့ အသာချဉ်းကပ်သွား၍ တံခါးရွက်တစ်ဖက်ကို လက်ဖြင့် အသာကလေး တွန်းကြည့်လိုက်ရာ ပွင့်သွားသည်။

ရင်ထဲတွင် ဒိတ်ခနဲဖြစ်သွား၍ ချာခနဲ ပြန်လှည့်ပြေးဝင်လာခဲ့၏။ သူ ပထမဆုံး ဦးခွေးတို့အိပ်ရာ အခန်းထဲသို့ ဝင်ပြေး၏။ ဦးခွေး အိပ်ပျော်နေရာ အခန်းကို ရောက်သောအခါ "ကိုရင် ... ကိုရင်" ဟုခေါ်၍ လှုပ်နှိုးလိုက်သည်။

ဦးခွေးသည် နိုးသည်နှင့်တစ်ပြိုင်နက် ရုတ်ခြည်းထထိုင်ကာ လူမရှိသည့်ထရံဘက်သို့ လှည့်ကြည့်လိုက်သည်။ မငွမ်းပုံက ပခုံးကို ထပ်လှုပ်မှ မငွမ်းပုံဘက်သို့ လှည့်ကြည့်သည်။

"ဘာလဲဟဲ့ မငွမ်းပုံ"

မငွမ်းပုံသည် "စကားမပြောနှင့်" ဟု အဓိပ္ပာယ်ပေါက်သော လက်ညှိုးကိုထောင်၍ နှုတ်ခမ်းကို ကပ်ပြ၏။

ထို့ကြောင့် ဦးခွေးသည် စကားပြောခွင့်မရတော့ဘဲ မျက်ခုံးများကို ဆတ်ခနဲမြှင့်၍ မျက်စပစ်ကာ မေးကိုလည်း ရှေ့သို့ ဆတ်၍ ဆတ်၍ ထိုးပြ၏။ "ဘာလဲ ... ဘာလဲ" ဟု မေးလိုခြင်းအတွက် အသံတိတ် ဘာသာစကားတည်း။

မငွမ်းပုံသည် လေသံနှင့် စကားတွေပြောလေရာ ဦးခွေးသည် ဘာကိုမျှ သဲသဲကွဲကွဲမကြားရဘဲ "ရှဲရှဲ ... ရှဲရှဲ" နှင့် ဖြစ်နေသည်။ ထို့ကြောင့် စိတ်မရှည်နိုင်တော့ဘဲ သူကလည်း ကြားဖြတ်မေးသော အခါ လေသံနှင့်ပင် မေးရသဖြင့် သူ့စကားများမှာလည်း "ရှဲရှဲ ... ရှဲရှဲ" သာ မြည်နေလေရာ မငွမ်းပုံကို လိုက်ပြောင်နေသလို ဖြစ်နေလေ၏။

"အို ... ကိုရင်ကလည်း အရေးထဲ ဘာဖြစ်လို့လိုက်ပြောင်ရတာလဲ"

"ပြောင်တာ မဟုတ်ဘူး၊ အခုလောက် အသံနဲ့ပြောမှ စကားလုံးကွဲတော့မှာပေါ့။ စောစောစီးစီး နင်က ဘာလာပြီးပြူးတူးပြဲတဲ ဖြစ်နေရတာတုံး"

"အိမ်ထဲကို လူဝင်နေတယ်"

"ဘယ်က လူဝံလဲ၊ တိရစ္ဆာန်ရုံက လွတ်လာတာလား"

"မဟုတ်ပါဘူးလေ၊ ဒီအိမ်ထဲကို လူဝင်နေတာ ထင်တယ်"

"ဘယ်သူတွေ ဝင်လာလို့လဲ"

"သိဖူးလေ၊ တံခါးပွင့်နေတယ်"

"ဘယ်အပေါက်လဲ"

"နောက်ဖေးဘက်သွားတဲ့ စင်္ကြံလမ်းကအပေါက်"

"ဖိုးဂျမ်းလည်း သေပါပြီလေ"

"သူ့တပည့်တွေ ဖြစ်နေရင်ကော"

ဦးခွေးသည် အိပ်ရာမှ ထလိုက်ပြီး ခုတင်အောက်မှ ဒုံးလေးကြီးကို ယူလိုက်၏။ မြားတံများကို ခါးကြားထိုးလိုက်သည်။ ထို့နောက် အခန်းတစ်ခန်းထဲတွင် အိပ်နေသော ကွပ်ပျစ်ပေါ်မှ လှမင်းကို နှိုးလိုက်၏။

ဦးခွေးသည် ဘာမှမပြောဘဲ လက်ယပ်ခေါ်ပြီး အခန်းပြင်သို့ ထွက်သွားရာ မငွမ်းပုံလိုက်သွားသလို လှမင်းမှာလည်း ဘုမသိ ဘမသိနှင့် လိုက်သွားရလေ၏။ ဦးခွေးသည် ခင်မောင်ဆွေ၏ဘေးတွင် ရပ်လိုက်သည်။

"ဟဲ့ကောင် ... ထ ... ထ"

ခင်မောင်ဆွေ၏ မျက်စိများသည် ရုတ်တရက် ပွင့်လာကာ ... ဦးခွေးကို မမြင်သလို မြင်သလိုနှင့်ကြည့်ပြီး အားရပါးရ ပြုံးပြကာ တစ်ဖက်သို့ ချာခနဲလှည့်ပြီး ပြန်အိပ်နေလေတော့သည်။ ထိုအခိုက်တွင် မခင်မြင့်သည်လည်း ရောက်လာခဲ့၏။

"ဩော် ... သောက်ရေးထဲ ငနဲက ယောင်နေသေးတယ်"

"ဟကောင် ... ထ ... ထ"

နောက်တစ်ခါ ထပ်နှိုးလိုက်မှ ခင်မောင်ဆွေသည် အိပ်ရာမှ လူးလဲထလာလေတော့သည်။

"ဘာလဲ ... ဦးလေးရဲ့"

"ရှူး...တိုးတိုး၊ နောက်ဖေးဘက်က စင်္ကြံလမ်းတံခါး ပွင့်နေ

တယ်တဲ့။ ဒီတော့ ဒီအိမ်ထဲကို လူဝင်တယ်လို့ယူဆရတယ်။ ဖိုးဂျမ်းတပည့်တွေ ဖြစ်နိုင်တာပေါ့"

ဤတွင် လှမင်းက စိုးရိမ်သလို ဝင်ပြောလိုက်သည်။

"ဖိုးဂျမ်းကိုယ်တိုင်လည်း ဖြစ်နိုင်တာပေါ့"

"အို ... ဖိုးဂျမ်းက သေပြီပဲဟာ"

"မသေသေးပါဘူးလေ၊ ကိုင်း ... ဒါတွေ ထားလိုက်ပါဦး။ လူဝင်နေတော့ ဘာလုပ်မလဲ"

"အဲဒါကို ငါပြောမလို့၊ ဒီအိမ်ထဲမှာပဲ ရှိကောင်းရှိနေဦးမယ်။ ဒီတော့ တို့လိုက်ရှာမယ်လေ။ ဒါပေမဲ့ တစ်ယောက်တစ်ကွဲ မသွားကြနဲ့၊ ငါက ဒူးလေးနဲ့ မြားပစ်မိလိမ့်မယ်။ အားလုံး ငါ့နောက်က လိုက်ကြ"

သူ၏နောက်မှ လှမင်းသည်လည်း ခြေသံမကြားအောင် ဘောက်ဆတ်ဘောက်ဆတ်နှင့် ကြွနင်း၍ ကုန်းကုန်း ... ကုန်းကုန်းနှင့် လိုက်သည်။

လှမင်း၏နောက်မှ ခင်မောင်ဆွေကလည်း ထိုနည်းလည်းကောင်းပင် လိုက်ရလေသည်။ ခင်မောင်ဆွေ၏နောက်မှ မခင်မြင့်က ခင်မောင်ဆွေ၏ ခါးကိုဆွဲ၍လည်းကောင်း၊ နောက်မှ မဥမ်းပုံက မခင်မြင့်၏ ခါးကိုဆွဲ၍လည်းကောင်း ကုန်းကုန်း ... ကုန်းကုန်းနှင့် တရွရွသွားနေကြလေရာ လူကြီးများတန်မဲ့နှင့် မီးရထားစုတ်တမ်း ကစားနေကြသလို ဖြစ်နေကြလေသည်။

ရှေ့ဦးစွာ ဦးခွေးသည် ညှိခန်းစားပွဲကို ပိုင်း၍သွားရင်း ကုလားထိုင်များ အောက်ကိုကြည့်၏။ ကြည့်ရင်း ဆက်၍သွားလေရာ စာကြည့်ခန်း၊ မဥမ်းပုံတို့ အခန်းများပါ နှံ့သွား၏။ သူ့နောက်က လူတန်းကြီးမှာလည်း ဟိုကြည့်သည်ကြည့်နှင့် ကုန်းကုန်း ... ကုန်းကုန်း လိုက်လာကြသည်။

တစ်ဖန် ဦးခွေးသည် ဒူးလေးကြီးကိုချိန်၍ အပေါ်ထပ်သို့

တက်လေရာ တောင်တက်နေသော မီးရထားကြီးနှင့်တူလှအောင်ပင် လူတန်းကြီးသည် ခြေသံမကြားအောင် ပါလာလေသည်။

အပေါ်ထပ်သို့ရောက်သောအခါ ဦးဒွေးသည် ဘုရားခန်းဘက်သို့ ဦးတည်၍သွား၏။ ထိုအခိုက်တွင် မှူမှူသွယ်သည် အိပ်ခန်း တံခါးကို ဖွင့်၍ထွက်လာခဲ့သည်။ သူ့မျက်စိရှေ့မှာ လူတန်းကြီးကို ကုန်းကုန်း ... ကုန်းကုန်း၊ ရှရှ ... ရှရှနှင့် တွေ့သောအခါ အံ့အားသင့်သွား၏။

သို့သော် မငွမ်းပုံက အသံမထွက်ရန် လက်ရိပ်ပြလိုက်ပြီး သူ့နောက်က လိုက်ခဲ့ရန် လက်ဟန်ခြေဟန်ဖြင့် ပြ၏။

"တစ်စုံတစ်ခုတော့ဖြင့် အရေးကြီးနေပြီ" ဟု တွေးမိသဖြင့် မှူမှူသွယ်လည်း ဘာမှမပြောတော့ဘဲ မငွမ်းပုံ၏နောက်မှ ခါးကို ကိုင်၍ လေ၏။ နောက်က ရှေ့ဆင့်နောက်ဆင့် ထွက်လာသော ဒေါ်စန်းရှင်မှာလည်း သူ့သမီးက လိုက်လုပ်သည်ကိုမြင်သဖြင့် သူသည်လည်း ဘာမှ မစပ်စုံဘဲ သမီး၏ခါးကိုကိုင်ကာ ကုန်းကုန်း ... ရှရှနှင့် ဘောက်ဆတ် ဘောက်ဆတ် လိုက်နေရတော့သည်။

လူစီးရထားကြီးသည် ဂျုတ်ဂျုတ်သံမကြားရဘဲ ဘုရားခန်းထဲမှာပင် တစ်ပတ်လည်၍ ထွက်လာခဲ့ရာအထွက်တွင် ဦးခေါင်းပိုင်း ဦးဒွေးနှင့် နောက်မြီးပိုင်း ဒေါ်စန်းရှင်တို့မှာ ပခုံးချင်းပင် တိုက်မိကြသေးသည်။ ဒေါ်စန်းရှင်လည်း ဦးဒွေး၏မျက်နှာကို ကြည့်လိုက်၏။ ဦးဒွေး၏ မျက်နှာကြီးမှာ ကျားနှင့်ရင်ဆိုင်တွေ့ရတော့မည်ကဲ့သို့ တင်းမာပြီး သတိကြီးနေသည်။ လက်က ဒူးလေးကြီးကိုလည်း ရှေ့သို့ ချိန်ဆထားပြီး ကုန်းကုန်းကွကွ လျှောက်သွားသည်။ လူတန်းကြီးသည် တိတ်ဆိတ်စွာပင် ပါသွားလေသည်။

သူတို့သည် တံခါးဖွင့်ထားသော ဒေါ်အေးသာတို့ တူဝရီး အခန်းထဲသို့ အတွဲလိုက်၊ အပြုံလိုက် လျှောက်ကြည့်လိုက်သည်။

"ဟယ်"

ဦးဒွေးက ခါးကိုဆန့်၍ လွှတ်ခနဲ အော်လိုက်၏။

ပါလာသူ အားလုံးသည်လည်း လက်များ တေးချကာ မတ်မတ်ရပ်၍ ပတ်ဝန်းကျင်ကို လျှောက်ကြည့်လိုက်သည်။

ဒေါ်အေးသာရော ကျော်ဦးပါ မရှိချေ။

သူတို့တွင်သာမက သူတို့၏အဝတ်အစားများ၊ သေတ္တာများပင် မရှိတော့ချေ။

ဦးဒွေးသည် ကျယ်လောင်စွာ စုတ်သပ်လိုက်၏။

"ဟာ ... ကျွတ် ... ကျွတ် ... ကျွတ်၊ ကျော်ဦးတို့ တူဝရီးကို ပြန်ပေးဆွဲသွားကြပါပကောလား"

ဦးဒွေး၏စကားကြောင့် အားလုံး ကြက်သေသေသွားကြစဉ် လှမင်းက ပြုံးရယ်၍ ဝင်ပြောလိုက်လေသည်။

"ဘယ်က ပြန်ပေးဆွဲရမှာလဲဗျ၊ သူတို့ပြေးကြတာ"

ခင်မောင်ဆွေမှာ သဘောမပေါက်ပါချေ။

"ဘယ်သူက သူတို့ကို လုပ်လိုက်တုံးဗျ"

"ဟကောင်ရ ... ဖိုးဂျမ်း ဖြစ်မှာပေါ့။ ခုနက ဖိုးဂျမ်း မသေဘူးလို့ သူပဲ ပြောခဲ့သေးတယ်"

ဦးဒွေးက ဝင်၍ ဖြေရှင်းပြသည်။

"ဟင် ... ဖိုးဂျမ်း မသေဘူး၊ ဟုတ်လား၊ ဘယ်တုံးက ရှင်လာပြန်ပြီတုံးဟဲ့"

ဒေါ်စန်းရှင်က စိတ်ညစ်စွာ ညည်းလိုက်လေရာ လှမင်းက ရယ်လိုက်ပြီးသော် ...

"လာကြပါလေ၊ အောက်ထပ် သွားကြရအောင်၊ ကျွန်တော် အားလုံး ရှင်းပြပါ့မယ်လေ"

ဟု ပြောပြီး ရှေ့က ထွက်သွားကြသဖြင့် အားလုံးနောက်က လိုက်သွားကြလေသည်။ သို့သော် စောစောကကဲ့သို့ တစ်ယောက်၏ ခါးကို တစ်ယောက်က ဆွဲ၍တော့ တန်းစီမသွားကြတော့။

ညှော်ခန်းတွင် ကုလားထိုင်ကိုယ်စီနှင့် အားလုံး ထိုင်မိကြစဉ် လှမင်းက စကားစ၍ ပြောရန် ပြင်လိုက်၏။

"ဂရင် ... ဂရင်"

ငြိမ်သက်နေစဉ်ဖြစ်သဖြင့် လှခေါ်ဘဲလ်အသံမှာ ဗုံးကွဲသံ လောက်ကျယ်သည်ဟု ထင်မှတ်ရကာ အားလုံးလိုလိုပင် ကိုယ်များ တဆတ်ဆတ်တုန်သွားအောင် လန့်သွားမိကြလေ၏။

ပြီးမှ ဦးခွေးက ရှက်ရှက်နှင့် ပြောလိုက်သည်။

"သောက်ကျိုးနည်းမှပဲ၊ မြည်လိုက်တဲ့ ဘဲလ်ကလေးဟေ့၊ ခင်မောင်ဆွေ သွားဖွင့်ချည်ကွာ။ ဟာ ... နေဦး ... နေဦး"

စောစောက သွားစမ်းဆို၍ မြန်မြန်ထလိုက်သော ခင်မောင်ဆွေ မှာ နောက်မှပြန်၍ ဟန့်လိုက်သဖြင့် ဆန့်ငင်ဆန့်ငင် ဖြစ်သွားရလေတော့ သည်။

"ဘာတုံး ... ဦးလေးရဲ့"

"အခုလာတဲ့လူဟာ လူဆိုးဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ။ ဒီတော့ အားလုံး ကုလားထိုင်နောက်ဘက်မှာ ပုန်းနေကြဦး။ အခြေ အနေကြည့်ပြီး လူကောင်းဆိုမှ ထွက်ခဲ့ကြတာပေါ့"

ဦးခွေး၏ စကားအရပင် အားလုံးသည် ကုလားထိုင်များ နောက်တွင် အသီးသီး ထိုင်ချလိုက်ကြ၏။

ထိုအခါတွင် ခင်မောင်ဆွေသည် တံခါးမကြီးဆီသို့ သွား၍ အတွင်းမှ သစ်သားတံခါးကို ဖွင့်သည်။ သံဆွဲတံခါးကို မဖွင့်သေးဘဲ ကြည့်လိုက်၏။

"ဘာကိစ္စတုံး"

"ဒေါ်စန်းရှင်နဲ့ တွေ့ချင်လို့ပါ"

ခင်မောင်ဆွေသည် သံဆွဲတံခါးကိုပါ သော့ဖွင့်၍ ပေးလိုက်သည်။

"ကဲ … ဝင်ထိုင်ချည်ဦး"

ခင်မောင်ဆွေ သံဆွဲတံခါးကို ပြန်ပိတ်နေစဉ်တွင် ရဲသားလေးသည် ညှို့ခန်းကုလားထိုင်တစ်ခုတွင် ဝင်ထိုင်၍ ခင်မောင်ဆွေ ပြန်အလာကိုလည်းကောင်း၊ ဒေါ်စန်းရှင်ကိုလည်းကောင်း စောင့်ဆိုင်းနေ၏။

သူ့အမူအရာသည် အေးဆေးတည်ငြိမ်လွန်းသဖြင့် လူဆိုး မဟုတ်ကြောင်းမှာ ထင်ရှားလှပေသည်။

ထို့ကြောင့်ပင် အားလုံး စိတ်ချသွားကြ၏။

*သို့ဖြစ်လေရကား …*

ရဲသားကလေးမျာ အံ့ဩစွာ ဦးခေါင်း ချာလပတ်လည်နေရှာတော့သည်။

ဟိုကုလားထိုင် နောက်တစ်ယောက်ထလာ၊ သည်ကုလား ထိုင် နောက်တစ်ယောက်ထလာနှင့် လူများသည် ဟိုကရပ်လိုက်၊ သည်က ရပ်လိုက်နှင့် ပေါ်ပေါက်လာကြတော့ရာ ထိတ်ခနဲဖြစ်လိုက် လှည့်ကြည့် လိုက်ရ၊ လှုပ်ခနဲဖြစ်လိုက် လှည့်ကြည့်ရနှင့် ဖြစ်နေလေတော့သည်။

လှမင်းက အားနာစွာနှင့် တောင်းပန်လိုက်သည်။

"စိတ်မရှိပါနဲ့ ခင်ဗျာ၊ ဒီအိမ်မှာက ဖိုးဂျမ်းရန်ကို ကြောက် နေရတော့ သတိသိပ်ထားနေကြရပါတယ်လေ"

"ဩော် … ဟုတ်ကဲ့၊ အဲဒါ စိတ်မပူဖို့ ကျွန်တော်တို့ဆရာ ဦးဖေချစ်က လွှတ်လိုက်လို့ပါ။ ဒေါ်စန်းရှင်ဆိုတာ ဒေါ်ဒေါ် ထင်ပါရဲ့"

ဒေါ်စန်းရှင်က ခေါင်းကို ညိတ်ပြလိုက်သည်။ ညှော်ခန်းသို့ ပြန်ရောက်လာသော ခင်မောင်ဆွေကလည်း စိတ်ပါဝင်စားစွာ နားထောင်လိုက်၏။

"လူဆိုး ဖိုးဂျမ်းကို မိပြီခင်ဗျ"

"ဟယ်"

အားလုံးမှာ လွှတ်ခနဲ တစ်သံတည်း ထွက်သွားကြလေ၏။

"မနေ့ညနေက နယ်ကမိပြီး ခေါ်လာခဲ့ပြီ။ အခု ရဲစခန်း ရောက်နေပါပြီ။ အားလုံး စိတ်ချလက်ချနေပါတော့"

ရဲသားကလေးသည် နှုတ်ဆက်၍ ထပြန်သွားလေတော့သည်။

"ငါတော့ ဦးနှောက်တွေ လည်ကုန်ပါပြီလေ"

ဒေါ်စန်းရှင်က ညည်းတွားလိုက်ရာ လှမင်းက ပြုံး၍ ပြောလိုက်သည်။

"ကျွန်တော် ရှင်းပြပါ့မယ်၊ ဖိုးဂျမ်းဟာ ဝရမ်းပြေးနေတာ သူ့ဘာသာသူ ပြေးနေတာပဲ။ ဒီကို စာတွေရေးနေတာက ကျော်ဦး ရေးတာ။ ကျွန်တော် သူ့ကို မြို့ထဲမှာ လက်နှိပ်စက်ရိုက်တဲ့ဆီက ထွက်လာတာ တွေ့ခဲ့ရတယ်။ ဒါနဲ့ သေချာအောင်ဆိုပြီး သူက စာတစ်စောင် ရေးပြီး လှန့်လိုက်၊ ကျွန်တော်က ဒေါ်ဒေါ် စိတ်ချမ်းသာ စာတစ်စောင် ရေးပြီး ပြန်ဖြေလိုက်လုပ်နေတာ။ နောက်ဆုံး သူတို့ လမ်းပိတ်သွားအောင် ဖိုးဂျမ်း ဆုံးပြီဆိုတဲ့သံကြိုးကို ကျွန်တော် ရိုက်လိုက်တာ"

မှုမှုသွယ်သည် ငေး၍ လှမင်းကို ကြည့်လိုက်မိသည်။ နားထဲ တွင်လည်း *"အိမ်ရှင်က မနှစ်သက်ဘူးဆိုရင် ပြန်ရမှာပါလေ၊ ဒါပေမဲ့ မှုမှုရဲ့အထင်လွဲတာကိုတော့ မခံချင်ဘူး။ ကိုယ်ဟာ ဒီမှာ နေတဲ့ ရက်ကလေးမှာ မှုမှုတို့ စိတ်ချမ်းသာဖို့ အစဉ်ကြိုးစားခဲ့ တယ်"* ဟူသော စကားများကို ကြားယောင်လာသည့်အပြင်

သူတစ်ယောက်တည်းရှိသော စာဖတ်ခန်းသို့ ကျော်ဦး ဝင်လာခဲ့စဉ်က ကင်းစောင့်ရင်း ဟန့်တားမှုပြုခဲ့ခြင်းကို တွေးမိလေ၏။ ဤအတိုင်းဆိုလျှင် သူသည် ထိုစဉ်က မူမူကို ကင်းစောင့်ပေးနေခြင်း ဖြစ်ကောင်းပါ၏။

ခင်မောင်ဆွေသည် သံသယ မရှင်းသေးသလို မေးလိုက်သည်။

"သူတို့က ဘာကြောင့် ဒီစာတွေ ရေးနေရတာလဲ"

"စဉ်းစားကြည့်ရတာတော့ ဒေါ်ဒေါ်က ကြောက်ပြီး ကျော်ဦးကို မူမူနဲ့ အိမ်ထောင်ချပေးဖို့ ဖြစ်မှာပေါ့။ ဒါကြောင့် ညက မခင်မြင့်ကိစ္စဖြစ်တော့ ဒေါ်အေးသာက သေလိုက်ပါတော့ ကျော်ဦး ရယ်လို့ ယူကျုံးမရ ညည်းတာပေါ့"

"တော်တော် ယုတ်မာတဲ့ဟာတွေပဲ"

ဒေါ်စန်းရှင်က ပြောလိုက်သည်။ လှမင်းက တရားချသေး၏။

"အို ... သူတို့လည်း သူတို့အပြစ်နဲ့ ပြေးကုန်ကြပါပြီလေ။ ကျေနပ်လိုက်ပါတော့ ဒေါ်ဒေါ်"

ဤတွင် ဦးဒွေးကြီးက လွတ်ခနဲ ပြောလိုက်သည်။

"ဟာ ... ဒါဖြင့် မူမူ စေ့စပ်ကြောင်းလမ်းခြင်း ပျက်ပြီပေါ့"

လှမင်းက ဝင်၍ ပြောလိုက်သည်။

"မပျက်ပါဘူးလေ၊ မူမူနဲ့ ကျွန်တော် စေ့စပ်ကြောင်းလမ်းမှာပေါ့။ ဒေါ်ဒေါ် ကျေနပ်ပါတယ်နော်"

"ကျေနပ်ပါတယ်ကွယ်"

ဤတွင် ခင်မောင်ဆွေက ပျာပျာသလဲ ပြောလိုက်လေ၏။

"ဟာ ... မပျက်ရုံတင် မဟုတ်ဘူး၊ နောက်ထပ် စေ့စပ်ကြောင်းလမ်းခြင်းတစ်ခုတောင် ပိုလာတယ်။ ကျွန်တော်နဲ့ မခင်မြင့်နဲ့လေ။ ဦးလေး ကျေနပ်ပါတယ်နော်"

"တယ် ... ခွေးသား"

ဦးခွေးက ဒူးလေးကြီး ကောက်ကိုင်သဖြင့် ခင်မောင်ဆွေသည် သူ့အိပ်ရာဆီသို့ ပြေးလေ၏။

ဦးခွေးသည် ဒူးလေးကြီး ကိုင်ထားလျက်ကပင် ရယ်၍ လှမင်းကို ကြည့်ပြောလိုက်သည်။

"မင်းတို့တော့ အသီးသီး စွံကုန်ပြီ။ ငါတော့ တစ်ယောက်တည်း တောပြန်ရတော့မယ်"

လှမင်းက ဦးခွေးကို ဖျောင်းဖျလိုက်ပါသည်။

"ခြော် ... ဦးလေးခွေးရဲ့ ကုသိုလ်ကံပဲပေါ့ဗျာ၊ ကျွန်တော် စောစောက ဒေါ်အေးသာနဲ့ နေရာချပေးဖို့ စိတ်ကူးထားတာ၊ သူက ဦးခွေးကို ကြောက်တာနဲ့ ထွက်ပြေးတာကိုးဗျ"

"ဟယ် ... ဒီမသာဟာ"

ပြောပြောဆိုဆိုနှင့် ဦးခွေးသည် ဒူးလေးတွင် မြှားတံထည့်၍ လှမင်းကို ချိန်လိုက်လေသည်။

"အို ... မလုပ်ပါနဲ့၊ မတော် မြှားတွေထွက်လာမှ ..."

မှုမှုသွယ်သည် စိတ်ပူစွာနှင့် လှမင်း၏ရှေ့မှ [illegible] လှမင်းကိုဖက်၍ လည်တိုင်ကို ခို[illegible] ဖြစ်သွားလေသည်။

ဦးခွေးသည် ဒူးလေးကို ပြန်ချလိုက်ပြီး တဟားဟား ရယ်လိုက်လေသည်။

"အောင်မယ် ... မောင်တော်ကို ထိမှာ ပူပန်လိုက်တာ ကိန္နရီမလေးကျနေတာပဲ"

ဒေါ်စန်းရှင်ရော၊ မဂွမ်းပုံတို့ကပါ ပြုံးလိုက်မိကြရာ မှုမှုသွယ်သည် ရှက်စနိုးဟန်နှင့် လူချင်းခွာလိုက်၏။ သို့သော် ဝေးဝေးတော့ မသွားချေ။ လှမင်းနှင့်ယှဉ်၍ ရပ်နေသည်။

ထိုခဏ၌ သာယာသော မယ်ဒလင်သံ ထွက်ပေါ်လာသဖြင့်

အားလုံး လှမ်းကြည့်လိုက်မိကြလေသည်။

သံစုတင်လေးဘေးတွင် ခြေတွဲလောင်းချထိုင်ရင်းက ခင်မောင်မွေသည် မယ်ဒလင်ကို တီးနေသည်။

သူ့အနားက ခြေရင်းဘက်တွင် ခွေးခြေလေးနှင့် ထိုင်နေသော မခင်မြင့်သည် သီချင်းဆိုရန် ပြင်လိုက်၏။

*ချစ်သူတို့ ဆုံတွေ့ကြသောအခါ သာယာပုံကို ဖွဲ့နွဲ့သော သီချင်းတစ်ပုဒ်တော့ မုချ ဖြစ်ရလေတော့မည်။*

ကြပ်ကလေး

■